ခေ့ဝ်မြင့် (မြန်မာပြန်)

# မော့ဆက်

၁

နှင့်

## လျှို့ဝှက်ထောက်လှမ်းရေးအေးဂျင့်



# THE MOSSAD

THE EXPLOSIVE INSICLE STORY

DENNIS EISENBERG

## ဗမာ့ဒေသနာဝတ်ရွတ်စဉ်နှင့် သုတပဒေသာ

### ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ❖ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- ❖ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ပဉ္စ ဂုဏ် အဟံ ဝန္ဒာမိ

ဆွေမြင့် (မြန်မာပြန်) – မော့ဆက် နှင့်

လျှို့ဝှက်ထောက်လှမ်းရေးအေးဂျင့်

| | |
|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | – ၁၁၇၁/၂၀၀၄ (၁၁) |
| စာမူခွင့်ပြုချက်အမှတ် | – ၉၇၄/၂၀၀၄ (၉) |
| ထုတ်ဝေခြင်း | – ပထမအကြိမ်၊ ၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ |
| အုပ်ရေ | – ၅၀၀ |
| တန်ဖိုး | – ကျပ်၁၂၀၀ |
| အဖုံးနှင့် အတွင်းပုံနှိပ်သူ | – ဒေါ်မြင့်မြင့်တင် (မြင့်သီဂီ ပုံနှိပ်တိုက်)<br>အမှတ် (၂၀၇)လမ်း-၃၀၊ ပန်းဘဲတန်း။<br>ရန်ကုန်မြို့ ။ |
| ထုတ်ဝေသူ | – ဦးလှနိုင် (မြတ်စာပေ)<br>အမှတ် (၆၆)၊ ဗိုလ်ဥတ္တမလမ်း။<br>ကြည့်မြင်တိုင်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | – မြတ်စာပေ (ဖုန်း - ၇၀၄၄၉၀)<br>အမှတ် (၁၉၀)၊ ၃၁-လမ်း။ ရန်ကုန်။ |
| စီစဉ်သူ | – ကိုလှနိုင် (မြတ်) |
| အထက်မြန်မာပြည် | – နဂါးစာပေ၊ (မန္တလေး) |
| ဖြန့်ချိရေး | ထွန်းဦးစာပေ (မန္တလေး) |

# မော်ဆက်
## နှင့်
# လှို့ဝှက်ထောက်လှမ်းရေးအေးဂျင့်
ဆွေမြင့် (မြန်မာပြန်)

## အခန်း (၁)

အီဂျစ်ပြည်နယ် ကိုင်ရိုမြို့တော်၏ လူဂုဏ်တန် အသိုင်းအဝိုင်းများ နေထိုင်ရာ ရပ်ကွက်တွင် ခါတိုင်းလိုပင် အေးချမ်းတိတ်ဆိတ် ငြိမ်သက်နေသည်။ ထည်ဝါခန့်ညားသော စံအိမ်ကြီးတွင် အရှေ့အလယ် ပိုင်းဒေသဆိုင်ရာပြတိုက်သို့အတွင်းဝန် လော့ဒ်မွိုင်း နေထိုင်သည်။ လော့ဒ်မွိုင်းသည် ရာသီဥတုကြည်လင်သာယာနေသောကြောင့် စံအိမ်ရှေ့ခြံဝင်းထဲတွင် ဖြည်းညှင်းစွာ လမ်းလျှောက်နေသည်။ သူ့ပတ်ဝန်းကျင်ရှိ ခြံဝင်းထဲတွင် သံပုယိုပင်များ၏ ရနံ့က လတ်ဆတ်လန်းဆန်းစွာ ပြန့်လွင့်နေသည်။

လော့မွိုင်းနေထိုင်ရာ စံအိမ်နှင့် ခြံဝင်းကျင်ကို၊ လက်တစ်ဖောင်မြင့်သောအုတ်တံတိုင်းဖြင့် ကာယံထားသည်။ ခြံရှေ့အဝင်တံခါးမှာ ထုထည်ကြီးမားသောသံတိုင်များဖြင့် တည်ဆောက်ထားသည်။ အစဉ်သဖြင့် တံခါးရွက်နှင့် တံခါးတိုင်ကိုတွဲလျှက် သံကြိုးပတ်ကာသော့ခလောက်ကြီးနှင့် ခတ်ထားလေ့ရှိ

သည်။ တံခါးတိုင်ဘေးတွင် လုံခြုံရေးအစောင့်တစ်ယောက် ရှိနေသည်။

ကြည်ပြာရောင် မိုးကောင်းကင်တွင် တိမ်သားစိုင်အချို့က တည်ငြိမ်စွာရွေ့လျားနေသည်။ လော့ဒ်မွိုင်းသည် လမ်းလျှောက်နေရာမှ ရပ်နားလိုက်သည်။ သူနှင့်မလှမ်းမကမ်းတွင်ရှိသော ခုံတန်းလျားရှိရာသို့ လျှောက်သွားပြီး ခုံစွန်းတွင်ထိုင်လိုက်သည်။ ခုံတန်းလျားကို အဖြူရောင် သဘော်ဆေးသုတ်ထားသည်။ လော့ဒ်မွိုင်းကသူဝတ်ဆင်ထားသော ဘောင်းဘီအိတ်အတွင်းမှ ကုလားအုတ် သားရေအိတ်ရှည်မျောမျောလေးကို ထုတ်သည်။ အိတ်၏ဇစ်ကို ဆွဲဖွင့်လိုက်သောအခါ ဆေးတံတစ်ခုနှင့် မီးခြစ်တစ်လုံးကို တွေ့ရသည်။ အိတ်၏အကန့်တစ်ခုတွင် ဆေးတံဆေးများရှိသည်။ သူက ဆေးအိုးထဲသို့ ဆေးများထည့်သိပ်ကာ မီးခြစ်ဖြင့်မီးညှိလိုက်သည်။ နှစ်ဖွာသုံးဖွာမျှ ရှိုက်လိုက်ပြီးသောအခါ သူ၏နှာခေါင်းနှင့်ပါးစပ်ထဲမှ မီးခိုးများထွက်လာသည်။ သူ၏အတွေးများက မီးခိုးများနှင့်အတူ ပြန့်လွင့်နေသည်။

သူသည် ကိုင်ရိုမြို့တော်သို့ အတွင်းဝန်ရာထူးဖြင့် ရောက်ရှိနေသည်မှာသုံးနှစ် ပြည့်တော့မည် ဖြစ်သည်။ လော့ဒ်မွိုင်းစတင်ရောက်ရှိ ခဲ့သော ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း၌ ဂျူးအယူသည်းဂိုဏ်းတစ်ခုဖြစ်သော လယ်ရှီအဖွဲ့၏ ခေါင်းဆောင် အဘရာဟင်စတန်းကို ဗြိတိသျှတပ်များက ဖမ်းမိခဲ့သည်။ အဘရာဟင်စတန်းသည် ဗြိတိသျှတို့ အပေါ်တွင်မကျေနပ်သဖြင့်ဆန့်ကျင်တိုက်ခိုက်နေသော လယ်ရှီအဖွဲ့ကိုဦး ဆောင်နေသောသူဖြစ်သည်။

စင်စစ်အားဖြင့် ဗြိတိသျှအစိုးရသည် အပြောတစ်မျိုး၊ အလုပ်တစ်မျိုးဖြစ်ခဲ့သည်။ ဗြိတိသျှအစိုးရက ပါလက်စတိုင်းဒေသကို တစ်စတစ်စလွတ်လပ်ခွင့်ရေးပေးခဲ့သော်လည်း ၁၉၃၉ ခုနှစ်အတွင်းထုတ်ပြန်ခဲ့သော စက္ကူဖြူကြေငြာစာတန်းအရ ပထမငါးနှစ်အတွင်း ဂျူးလူမျိုး ၇၅၀၀၀ ကိုလက်ခံပြီး၊ ငါးနှစ်ကျော်လွန်သွားလျှင် ဒေသခံပါလက်စတိုင်းနှင့် အခြားအာရပ်နိုင်ငံများ၏သ

မြိတ်စာပေ

ဘောထားဆန္ဒအရ ဆောင်ရွက်ရန် ဖော်ပြထားသည်။ ထိုအချက်သည် ဂျူးနှင့် ပါလက်စတိုင်းအာရပ်များကို ဗြိတိသျှတို့က ပညာသားပါပါဖြင့် ရန်တိုက်ပေးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ၁၉၃၉ ခုနှစ်ဩဂုတ်လတွင် ဂျီနီဗာဇီယွန်ဆွေးနွေးပွဲ (၂၁) ကြိမ်မြောက်ကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲ၏ ဦးတည်ချက်မှာ ဗြိတိသျှအစိုးရ၏ ကြေငြာချက်ကို ကိုယ်ထိလက်ရောက်ဆန့်ကျင်ရန်ဆုံးဖြတ်ချက်ချလိုက်ခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ--- ဂျူးလူမျိုးများ၏ ဆန့်ကျင်တိုက်ခိုက်မှုကို ရေရေရာရာအကောင်အထည်မဖော်နိုင်မီ၊ ဒုတိယကမ္ဘာစစ် ဖြစ်ပေါ်လာသည်။ နာဇီများက ပိုလန်နိုင်ငံကို စီးနင်းတိုက်ခိုက်သိမ်းပိုက်လိုက်ပြီး၊ ဂျူးများကို နှိပ်ကွပ်ရန် အစီအစဉ်များ ချမှတ်ခဲ့ကြောင်း သိရှိခဲ့ကြရသည်။

ထို့ကြောင့် ဂျူးလူမျိုးများ၏ 'ယီရှု' အဖွဲ့ကြီးသည် နာဇီဝါဒီတို့ကို တိုက်ခိုက်ရန် ဗြိတိသျှတို့နှင့်အတူလက်တွဲ ဆောင်ရွက်ရန် ပြောကြားခဲ့သည်။ ထိုအခါဗြိတိသျှတပ်များသည် ၁၉၄၁ခုနှစ်နွေဦးပေါက်ရာသီတွင်အီဂျစ်နိုင်ငံသို့စစ်ဦးတည်လာသော နာဇီဗိုလ်ချုပ်ရွမ်းမဲလ်၏ တပ်များကိုတိုက်ခိုက်ရာ၌ ဂျူးလူမျိုးတို့၏ စစ်အင်အားဖြင့် အသုံးချခဲ့ကြသည်။ ဂျူးလူမျိုးများအနေနှင့် ဗြိတိသျှတို့အပေါ်တွင် မကျေနပ်ကြ သော်လည်း၊ ပါလက်စတိုင်းဒေသကို နာဇီတို့မလွှမ်းမိုးနိုင်စေရန် အပြင်းအထန်တိုက်ပွဲဝင်ခဲ့ကြသည်။ ၁၉၄၂ ခုနှစ်နွေဦးပေါက်ရာသီတွင် အယ်လ်မိန်းစစ်ပွဲကို အနိုင်တိုက်၍ နာဇီတို့အားပွဲသိမ်းပေးလိုက်သည်။

နာဇီတို့အား တိုက်ခိုက်ချေမှုန်းပြီးသောအချိန်တွင် ဗြိတိသျှတို့သည် တိုက်ရည်ခိုက်ရည်ပြည့်ဝသော ဂျူးလူမျိုးများနှင့်ပတ်သက်၍ စိတ်မချစရာဖြစ်လာသည်။ ထို့ကြောင့် ဂျူးစစ်တပ်မှ လက်နက်များကို ရုတ်တရက်ပြန်လည်သိမ်းဆည်းလိုက်ကြသည်။ ဂျူးတို့၏ အခွင့်အရေးများကို တားမြစ်ပိတ်ဆို့လိုက်ကြသည်။ ထို့နောက်ဥရောပတစ်ဝှမ်းလုံးရှိ ဟန်ဂေရီနိုင်ငံအပါအဝင်

နိုင်ငံအများအပြားမှဂျူးလူမျိုး ထောင်ပေါင်းများစွာကို နာဇီတို့က အမြစ်ဖြုတ်သုတ်သင်နေကြသည်။ထိုအကြောင်းကို ဗြိတိသျှတို့ကကြားသိနေကြသော်လည်း မည်သို့သောအရေးယူ ဆောင်ရွက်ချက်မှ မပြုလုပ်ခဲ့ကြပါချေ။

ဂျူးလူမျိုးများကို အသုံးချပြီးသည်နှင့် တပြိုင်နက် လုံးဝကျောခိုင်းလိုက်သည့်သဘောမျိုးဖြင့်ပြောင်းလဲသွားသော ဗြိတိသျှများအပေါ်တွင် ဂျူးလူမျိုးများက ခါးခါးသီး သီးနာကျည်းမုန်းတီးလာကြသည်။ ထိုအချိန်မှစ၍ဂျူးလူမျိုးများသည် ဗြိတိသျှတို့အား ဆန့်ကျင်တိုက်ခိုက် ကြသည်။ ဗြိတိသျှတို့ကဂျူးလူမျိုးများထိတ်လန့်သွားစေရန် လယ်ရီအဖွဲ့ ခေါင်းဆောင် အဘရာဟင်စတန်းကို ကြိုးပေးသတ်လိုက်သည်။ သို့ရာ တွင်ဗြိတိသျှအစိုးရ ထင်သလိုဖြစ်မလာပဲ၊ ဂျူးလူမျိုးများ၏ စိတ်ကိုဆွ ပေးလိုက်သည့်ပမာ ဖြစ်လာလေသည်။

❖ ❖ ❖ ❖

ဗြိတိသျှအတွင်းဝန် လော့ဒ်မွိုင်းသည် ဆေးတံတစ်ဆုံကုန်သွားသည် အထိခုံတန်းလျားပေါ်တွင် သက်တောင့်သက်သာထိုင်နေရာမှ ဖြည်းညှင်းစွာထလိုက်သည်။ ထိုနေ့သည် ၁၉၄၄ ခုနှစ်နိုဝင်ဘာလ၅ ရက်နေ့ ဖြစ်သည်။ လော့ဒ်မွိုင်းက စံအိမ်ထဲသို့ ပြန်ဝင်ရန် သူ၏ခန္ဓာကိုယ်ကို တစ်ပတ်လှည့်လိုက်သည်။ ထိုအခိုက်အတန့်တွင် ခြံဝင်းအုတ်တံတိုင်ပေါ်တွင် လှုပ်ရှားမှုတစ်ခုကို ရိပ်. . . ကနဲ မြင်လိုက်သည်။

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူနှစ်ယောက်၊. . .

သူတို့နှစ်ယောက်၏လက်ထဲတွင် သေနတ်ကိုယ်စီပါကြသည်။ မည်းနက်သောသေနတ်ပြောင်းဝနှစ်ခုသည် လော့ဒ်မွိုင်း၏ဦးခေါင်း နှင့်ရင်အုံကို တည့်မတ်စွာ ချိန်ထားလိုက်ကြသည်။ လော့ဒ်မွိုင်းက အန္တရာယ်ဟူသော

အသွင်ဏ္ဍာန်ကို ပီပီပြင်ပြင်၊ ထင်ထင်ရှားရှား မြင်နေရပြီ၊ ထို့ကြောင့်စံအိမ်ထဲသို့ ပြေးဝင်ရန် ခြေလှမ်းတစ်လှမ်းမျှသာ လှမ်းလိုက်ရသည်။ ကျည်ဆန်ထိပ် းနှစ်ခုက သူ၏ဦးခေါင်းနှင့် ရင်အုံကိုစူးဝင် ထိုးဖေါက်သွားကြသည်။ သူ၏ န္ဓာကိုယ်တစ်ခုလုံး တစ်ပတ်လည်ကာ မြေပြင်ပေါ်သို့ ပစ်ကျသွားသည်။

ခြံဝမှ လုံခြုံရေးအစောင့်သည် ရှေ့ဆင့်နောက်ဆင့် သေနတ်သံနှစ် ျက်ကြားလိုက်ရသည်။ ထို့ကြောင့် သေနတ်သံကြားရာသို့ ပြေးလာသည်။ တန်းလျားအနီးတွင် လဲကျနေသော လော့ဒ်မွိုင်းနှင့် ခြေနှစ်လှမ်းစာအကွာ သို့အရောက်၊ အုတ်တံတိုင်းပေါ်မှ ပစ်လိုက်သော ကျည်ဆန်ထိပ်ဖူးက အစောင့်၏ လည်တိုင်ကို ထွင်းဖေါက်ဖြတ်သန်းသွားသည်။ အစောင့်သည် ာုန့်. . . ကနဲ လှုပ်ရှားမှုအားလုံး ရုတ်တရက် ရပ်တန့် သွားသည်။ ထို့နောက် းညွတ်ပျော့ခွေလျက် ပုံလျက်သားကျသွားသည်။

သေနတ်သံများကြောင့် အိမ်သူအိမ်သားအချို့သည် စံအိမ်တွင်းမှ ပြေးထွက်လာ ကြသည်၊ ခုံတန်းလျားအနီး မြေပြင်ပေါ်တွင်ပက်လက် အနေအ ားဖြင့် အသက်ရှုရပ်သွားသော လော့ဒ်မွိုင်းနှင့်၊ မနီးမဝေးတွင် မှောက်လျက် ားဇီဝိန်ချုပ်ငြိမ်းနေသော အစောင့်ကို မြင်လိုက်ကြရသည်။

ထိုအချိန်တွင် အုတ်တံတိုင်းပြင်ဘက် ကားလမ်းပေါ်မှကား တစ်စီး က်သံပြင်းပြင်းနှင့်မောင်းထွက်သွားသံကို ကြားလိုက်ကြရသည်။

❖ ❖ ❖ ❖

ဗြိတိသျှအတွင်းဝန် လော့ဒ်မွိုင်း လုပ်ကြံခံရသော သတင်းသည်ချက် ျင်းပင် နိုင်ငံတကာသို့ ပြန့်နှံ့သွားသည်။ ကိုင်ရိုမြို့တွင် တာဝန်ထမ်းဆောင် နေကြသောဗြိတိသျှအမှုထမ်း၊ အရာထမ်းအားလုံး အကြီးအကျယ်တုန်လှုပ် ခြောက်ခြားသွားကြသည်။ သူတို့၏ အသက်အန္တရာယ်အတွက် လုံခြုံမှုအစီ အစဉ်ကိုပိုမိုတင်းကြပ်စွာစီစဉ်မပေးနိုင်ခဲ့ပါက၊ လက်ရှိထမ်းဆောင်နေကြ

ရသောတာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်ရန် ခက်ခဲသောအခြေအနေမျိုးဖြစ်နေကြသည်။

ဗြိတိသျှအစိုးရအား ဆန့်ကျင်တိုက်ခိုက်မှု အမြင့်မားဆုံးဖြစ်သွားသည်။

ဗြိတိသျှနိုင်ငံမှဗြိတိသျှလူမျိုးများနှင့် ပတ်သတ်ရာ ပတ်သတ်ကြောင်းနိုင်ငံအများအပြားက ထိုဖြစ်ရပ်ကို ပြင်းပြင်းထန်ထန် ပြစ်တင် ဝေဖန်ကြသည်။ ထို့ပြင်ပါလက်စတိုင်းနှင့် အီဂျစ်နိုင်ငံများတွင် နေထိုင် ကြသောဂျူးလူမျိုးအချို့သာမက၊ 'ယီရှု' အဖွဲ့အစည်းနှင့် 'အာရဂန်'. . . စသောဂျူးအဖွဲ့အစည်းကြီးများကလည်း ဗြိတိသျှစစ်ရဲအဖွဲ့နှင့် ပူးပေါင်း၍ တရားခံရှာကြသည်။

တရားခံလက်သည်မှာ 'လယ်ရှီ'အမည်ရှိ ဗြိတိသျှဆန့်ကျင်ရေးဂျူးအဖွဲ့အစည်းမှ ဖြစ်လိမ့်မည်ဟု ထင်မြင်ယူဆခဲ့ကြသည်။ ထိုသို့ ကိုင်ရိုမြို့ရှိအရှေ့အလယ်ပိုင်းဆိုင်ရာ အတွင်းဝန် လော့ဒ်မွိုင်းအသတ် ခံရသောဖြစ်ရပ်ကြောင့်၊ အီဂျစ်နိုင်ငံတစ်ဝှမ်းတွင် အခြေ စိုက်နေထိုင်ကြသော ဂျူးလူမျိုး ၃၀၀၀၀၀ကျော်တို့သည် အနေရကြပ်လာသည်။ အစကတည်းက ထိုဂျူးလူမျိုးများအပေါ်တွင်မကျေနပ်ကြသော ပတ်ဝန်းကျင်လူမျိုးများက ပိုမိုဆန့်ကျင်လာကြသည်၊ ထို့ကြောင့်ဗြိတိသျှအတွင်းဝန် လော့ဒ်မွိုင်းအားဇီဝန်ချွေခဲ့သော 'လယ်ရှီ'အဖွဲ့ဝင်များကို ဂျူးလူမျိုးအချင်းချင်းကပင်လျှင် ဘဝင်မကျ ဖြစ်လာကြသည်။

ထိုအချိန်ကာလအတွင်း ဂျူးလူမျိုးအေးဂျင့် တစ်ယောက်ဖြစ်သော 'ရှသ်'က လိုင်ဂျာ အမည်ရှိအမျိုးသမီးတစ်ယောက်က နာမည်ကြီးဂျူးကုန်သည်တစ်ဦး၏ အိမ်တွင်ဗြိတိသျှအ တွင်းဝန် လော့ဒ်မွိုင်းသေဆုံး ခဲ့ရသောဖြစ်ရပ်နှင့်ပတ်သက်၍ သဘောထားဆန္ဒကို ဆွေး နွေးကြည့်သည်။

'ကျုပ်တို့ ဂျူးတွေဟာအများပြည်သူတွေ မမြင်အောင် ပုန်းလျှိုးကွယ်လျှိုးနဲ့တိတ်တိတ်လေးနေဖို့ကောင်းတယ်၊ နောက်ပြီး. . . အဲဒီ လုပ်ကြံရေးသမားဂျူးအဖွဲ့ဝင်တွေအတွက် ကျုပ်တို့ဆီမှာ နောက်ထပ်အကူ အညီလာ

တောင်းဖို့ မကြိုးစားနဲ့တော့၊ နောက်တစ်ခါဆိုရင် ခွေးနဲ့ရှူးတိုက်လွှတ်လိုက်မယ်'

ဂျူးကုန်သည်ကြီးက ပြတ်ပြတ်သားသားပြောလွှတ်လိုက်သည်။

ဗြိတိသျှအတွင်းဝန်လော့ဒ်မို့ှင်းအား သေနတ်ဖြင့် ခြောင်းမြောင်းပစ်ခတ်သူလူငယ်နှစ်ဦးမှာ အီလီယာဟူဘိဇူရီနှင့် အီလီယာဟူဟာကင်တို့ဖြစ်ကြသည်။ သူတို့နှစ်ယောက်စလုံး'လယ်ရှီ'အဖွဲ့ဝင်များဖြစ်ကြသည်။ သူတို့နှစ်ယောက်ကို ကိုင်ရိုမြို့တရားရုံးသို့ခေါ်ဆောင် စစ်ဆေးကြသောအခါ၊ တရားရုံးတွင် အခြားအမှုများစစ်ဆေးစဉ်ကထက် အဆပေါင်းများစွာ စည်ကားပြည့်ကြပ်နေသည်၊ တရားရုံးခန်းအတွင်း၌နေရာလပ်မကျန်တော့ပဲ၊ ပြင်ပလူသွားစင်္ကြံသာမက၊ ရုံးအဆောက်အဦးပြင်ပတွင်လည်း နားထောင်လေ့လာကြသူများကို တွေ့ရသည်။

လူငယ်နှစ်ယောက်သည် တရားသူကြီး၏ မျက်မှောက်တွင် လုံးဝစိုးရိမ်ကြောက်လန့်သော အမူအရာမရှိပဲ၊ ပကတိတည်ငြိမ်နေကြသည်။ သူတို့ကျူးလွန်ခဲ့ကြသော ပြစ်မှုအတွက် သေဒဏ်မှတစ်ပါး အခြားစီရင်ချက်ချစရာအကြောင်းမရှိမှန်း သိနေပါလျက်နှင့် ရဲရင့်တည်ကြည်စွာ ပြတ်ပြတ်သားသားရင်ဆိုင်နေသည်။ တရားသူကြီးနှင့် တရားရုံးရှေ့နေကြီးတို့၏ မေးခွန်းများကိုလည်း အမှန်အတိုင်း ရှင်းလင်းစွာဖြေဆိုခဲ့သည်။

အရွယ်နှင့်မလိုက်အောင် ပြောင်မြောက်သော သူတို့၏လုပ်ရပ်အတွက်ဂုဏ်ယူနေကြသည်။ သူတို့နှစ်ယောက်အပေါ်တွင် ပြစ်တင်ဝေဖန်ရှုံ့ချခဲ့သူများပင်လျှင် လူငယ်နှစ် ယောက်၏ ရဲစွမ်းသတ္တိ နှင့်ပြည့် လျှမ်းသောအမူအရာများကို တွေ့ကြရသောအခါ အကြီးအကျယ် စိတ်လှုပ်ရှားလာကြရသည်။

ထိုအမှုနှင့်ပက်သက်၍ သတင်းရယူရန် ရုံးတော်သို့ ရောက်ရှိနေကြသော ပြည်ပသတင်းထောက်များအနေနှင့် အတွေ့အကြုံ ဝါရင့်သူများဖြစ်ကြသည်။ သူတို့က ထိုလူငယ်နှစ်ယောက်၏ စိတ်ဓါတ်ကြံ့ခိုင်မှုကို တစ်

အံ့တစ်သြချီးကျူးမိကြသည်။ထိုလူငယ်နှစ်ယောက် အကြောင်းကိုလည်း ကမ္ဘာ့နိုင်ငံများသို့ သတင်းပေးပို့ခဲ့ကြသည်။

တရားခွင်တွင် တရားသူကြီးနှင့် အစိုးရရှေ့နေကြီးတို့၏ မေးခွန်းများကိုဖြေကြားစဉ်အတွင်းမှာပင်၊ မိမိတို့ ဂျူးလူမျိုးများအပေါ်တွင် ဗြိတိသျှတို့ ကောက်ကျစ်စဉ်းလဲ ရက်စက် ကြမ်းကြုတ်မှုများကို ပြည့်ပြည့်စုံစုံ တင်ပြကြသည်။ ဂျူးလူမျိုးများ ခံစားနေကြရသော နာကျည်းမှုများကို ဖေါ်ထုတ်ကြသည်။ မိမိတို့၏လုပ်ဆောင်မှုသည် မျိုးချစ်စိတ်ထက်သန်စွာဖြင့် သမိုင်းပေးတာဝန်အရ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ ဂျူးလူမျိုးများအတွက် လွပ်လပ်သည့်နိုင်ငံအဖြစ် ဗြိတိသျှတို့၏ မတရားသဖြင့် လွှမ်း မိုးချယ်လှယ်မှု လက်အောက်မှလွတ်မြောက်ရန် နည်းလမ်းတစ်ခုသာရှိကြောင်း၊ ထိုနည်းလမ်းမှာဗြိတိသျှနယ်ချဲ့တို့ကို ကိုယ်ထိလက်ရောက် ပြင်းပြင်းထန်ထန် ဆန့်ကျင်တိုက်ခိုက်ခြင်းသာဖြစ်သည်ဟု ပြောပြကြသည်။

လေ့လာသူများနှင့် ဂျူးလူမျိုးများသည် ထိုလူငယ်နှစ်ဦး၏စိတ်အားထက်သန်စွာ ပြောဆိုမှုကို ကြက်သီးမွေးညင်းများထလျက် မျက်တောင်မခတ်အာရုံစိုက်နားထောင်နေကြသည်။ စိတ်ဓါတ်တက်ကြွလာကြသည်၊ တရားသူကြီးက လူငယ်နှစ်ယောက်၏ တစ်ယောက်တစ်လှည့်စီ ဟောပြောမှုကိုရပ်တန့်ရန်တူထု၍အချက် ပေးသော်လည်း သူတို့နှစ်ယောက်က လုံးဝပမာဏမပြုကြပါချေ။မကြာမီ သေဒဏ်စီရင်ချက် ချမှတ်ခြင်းခံရတော့မည့် အချိန်မျိုးတွင် သူတို့ရင်ထဲတွင် မချိမဆန့် ခံစားခဲ့ ရသော ဗြိတိသျှတို့အပေါ် မကျေနပ်မှုများကို အန်ထုတ်နေကြသည်။

'ကျွန်တော်တို့ ဂျူးလူမျိုးတွေဟာ ဗြိတိသျှတို့ဘက်ကနေ အသက်စွန့်ကူညီပြီး နာဇီတွေကို အသေခံတိုက်ခိုက်ခဲ့ကြရပါတယ်၊ ဒါပေမဲ့ ဗြိတိသျှတွေဟာ အဲဒီကျေးဇူးကိုမှ မထောက်ထားပဲ၊ နာဇီအကျဉ်းစခန်းမှာ ကျွန်တော်တို့ဂျူးလူမျိုးထောင်ပေါင်းများစွာ ရက်ရက်စက်စက် အသတ်ခံနေရတာကို လျစ်လျူရှုခဲ့ပါတယ်။ ဂျူးလူမျိုးတွေ ပါလက်စတိုင်းကို ပြောင်းရွှေ့နေထိုင်မှု

ပိတ်ပင်တားမြစ်ခြင်းဟာ ကျွန်တော်တို့ဂျူးလူမျိုး ထောင်ပေါင်းများစွာကို နာဇီအကျဉ်းစခန်းတွေထဲရောက်အောင် တွန်းပို့ပြီးအသတ်ခံခိုင်းလိုက်တာနဲ့ အတူတူပါပဲ၊ ဒါကြောင့်ဂျူးမိသားစုတွေ အသတ်ခံခဲ့ကြရတာဟာ ဗြိတိသျှတွေရဲ့ ပယောဂကြောင့်ဖြစ်ပါတယ်'

ထို 'လယ်ရှီ' အဖွဲ့ဝင်လူငယ်နှစ်ယောက်နှင့်ပက်သတ်၍ ဂျူးလူမျိုးများအချင်းချင်း သာမက၊ အာရပ်လူမျိုး မျိုးချစ်လူငယ်များပင်လျှင် နယ်ချဲ့ ဗြိတိသျှအစိုးရ၏ ရက်စက်မှုကို သဘောပေါက်လာကြသည်။ လူငယ်နှစ်ယောက်ကြောင့် မျက်စိပွင့် အမြင်ကျယ်လာကြသည်။ လူငယ် နှစ်ယောက်အပေါ်တွင် ရင်ထုမနာကိုယ်ချင်းစာမိလာကြသည်။ ထို့ ကြောင့်'လော့ဒ်မွိုင်း'ကို သတ်ခဲ့တဲ့လူသတ်သမားနှစ်ယောက် လွှတ်ပေးပါ' ဟူသော ပိုစတာများကို အာရပ်မျိုးချစ်များဦးဆောင်ကိုင်လျက် ကိုင်ရိုမြို့၏လမ်းမများတွင် စီတန်းလှည့်လည်ခဲ့ကြသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ကိုင်ရိုမြို့ရှိ ဗြိတိသျှလုံခြုံရေးတာဝန်ခံအရာရှိက. . .

'ဖမ်းဆီးခဲ့သမျှ အမျိုးသားတွေထဲမှာ သူတို့နှစ်ယောက်လောက် ရဲစွမ်းသတ္တိရှိတာတစ်ခါမှ မတွေ့ဖူးဘူး၊ သူတို့အသတ်ခံရတော့မယ့် အချိန်မှာတောင်မှ ကြောက်စိတ်မရှိဘူး၊ မာနရှိတဲ့လူငယ်တွေပဲ' ဟူ၍ ကောက်ချက်ချခဲ့သည်။ ဗြိတိသျှတရားသူကြီးက ထိုလူငယ်နှစ်ယောက်ကို ကြိုးဒဏ်စီရင်ချက်ချမှတ်လိုက်သည်။ ၁၉၄၅ ခုနှစ်၊မတ်လ (၁၅)ရက်နေ့တွင် ကြိုးပေးသတ်ရန် ကြိုးစင်သို့ခေါ်လာသည်။

သူတို့နှစ်ယောက်သည် နောက်ဆုံးအချိန်တိုင်အောင် ရဲရင့်မှုကို ပြသသည့်အနေဖြင့် သူတို့မျက်နှာကို ခေါင်းစွပ်စွပ်ခွင့်မပြုကြချေ၊ သေခြင်းကို ရဲရင့်စွာမြင်မြင်ထင်ထင်ရင်ဆိုင်ရန် အတွက်ဖြစ်သည်။ သူတို့နှစ်ယောက်၏ လည်ပင်းတွင် ကြိုးကွင်းမစွပ်မီ အချိန်ကာလအထိ'ဟာတစ်ခ်ဗာ' (မျှော်လင့်ချက်)သီချင်းများကိုတက်ကြွစွာ သီဆိုနေခဲ့ကြသေးသည်။ များမကြာမီ ထိုတေးသီချင်းသည် အစ္စရေးနိုင်ငံ၏ အမျိုးသားသီချင်းဖြစ်လာလေသည်။

ပြီတ်စာပေ

## အခန်း (၂)

အီလီယာဟူဘိဇူရီနှင့် အီလီယာဟူဟာကင်တို့ နှစ်ယောက်ကိုအများပြည်သူများမျက်မှောက်တွင် ကြိုးပေးသတ်လိုက်ခြင်းမှာ ဗြိတိသျှများအပေါ် နောက်ထပ်အန္တရာယ် မပေးရဲအောင် ခြိမ်းခြောက်လိုက်သောသဘောမျိုးဖြစ်သည်။ သို့ရာတွင် ဗြိတိသျှတို့၏ ရည်ရွယ်ချက်သည် လုံးဝမအောင်မြင်ခဲ့ပါချေ။

ဘိဇူရီနှင့် ဟာကင်တို့၏ ရင်ထဲမှထွက်ပေါ်လာသော ရဲရင့်ပြောင်မြောက်သည့် စကားလုံးများသည် အီဂျစ်နိုင်ငံတွင် ရှိရှိသမျှဂျူးများ အားလုံး၏ မျိုးချစ်စိတ်ကို နှိုးဆွလိုက်သလို ဖြစ်သွားသည်။ သူတို့အားလုံး ၏ရင်တွင်း၌ ငုပ်လျှိုးနေသော မျိုးချစ်စိတ်ကို ဆွဲငင်အားတစ်ခုဖြင့် ဆွဲ ထုတ်လိုက်သည့်ပမာ ဖြစ်သွားကြသည်။ ဗြိတိသျှတို့အပေါ်တွင် နာကျည်းစိတ်၊ ခံပြင်းစိတ်များ ဖြစ်ပေါ်လာလေသည်။

ပြိတ်စာပေ

လူငယ်လေးနှစ်ယောက်ကို မတရားသဖြင့် နိုင်ထက်စီးနင်း ရက်စက်စွာကြိုးပေးသတ်လိုက်ခြင်းကြောင့် နယ်ချဲ့ဗြိတိသျှအစိုးရအပေါ်တွင် ဂျူးလူမျိုးများအနေနှင့် ထိတ်လန့်ကြောက်ရွံ့စိတ်ဖြစ်မလာကြပဲ၊ လူငယ်နှစ်ယောက်၏ စိတ်ဓါတ်များ ကူးစက်သွားသည်။ ဂျူးလူငယ်များ အပေါ်တွင် ဗြိတိသျှမုန်းတီးစိတ်များ လွှမ်းမိုးလာလေသည်။

ဂျူးလူငယ်တစ်ယောက်ဖြစ်သော အယ်လီကိုဟာန်သည် သူနှင့်သက်တူရွယ်တူ ဂျူးလူငယ်နှစ်ယောက်အား ကြိုးပေးသတ်လိုက်ခြင်းကို မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ရသည်။ ထိုဂျူးလူငယ်နှစ်ယောက် နောက်ဆုံးအချိန်တွင် ရဲရင့်ထက်မြက်စွာ ပြောသွားသော စကားလုံးများသည် အယ်လီကိုဟာန်၏ တစ်ကိုယ်လုံးရှိ သွေးကြောများအနှံ့ စီးဝင်သွား ခဲ့သည်။ ကိုဟာန်၏ မိဘတို့က ဆီးရီးယားနိုင်ငံမှ အီဂျစ်နိုင်ငံသို့ ပြောင်းရွှေ့ရောက်ရှိနေထိုင်ကြသူများ ဖြစ်ကြသည်။

ကိုဟာန်၏မိသားစုတွင် သားသမီးရှစ်ယောက်ရှိသည်။ ပိုးနက်ကတိုင်များရောင်းချ၍ ရရှိသောဝင်ငွေတစ်ခုတည်းဖြင့် ရပ်တည်ရသော အိမ်ထောင်စုအဖို့ ချို့ငဲ့နွမ်းပါးစွာ နေခဲ့ကြရသည်၊ ကိုဟာန်သည် ဘာသာရေးကိုင်းရှိုင်းသူဖြစ်ပြီး၊ ကျောင်းတွင်ပညာထူးချွန်သူ ဖြစ်သည်၊ သင်္ချာနှင့် နိုင်ငံခြားဘာသာစကားတွင် အထူးချွန်ဆုံးဖြစ်သည်။ သူသည်ဟီဘရူးနှင့် ပြင်သစ်ဘာသာစကားကိုကျွမ်းကျင်စွာ ပြောနိုင်သည်။ ကျောင်းပညာ၏ ပြင်ပဝါသနာတစ်ရပ်အဖြစ် ဓါတ်ပုံရိုက်ခြင်း၊ ဓါတ်ပုံကူးဆေးခြင်းတို့ကိုလည်း ကိုယ်တိုင်လုပ်ကိုင်နိုင်သည်။ သူ့တွင်ကိုဒတ်အမျိုးအစား အပေါစားကင်မရာတစ်လုံးသာရှိသည်။ သို့ရာတွင်ထိုကင်မရာတစ်လုံးဖြင့် မြို့အနှံ့အပြားသို့ လျှောက်သွားသည်၊ သူစိတ်ဝင်စားသော သက်ရှိသက်မဲ့ တို့ကိုရိုက်ယူ၍ အိမ်ရှိအမှောင်ခန်းထဲတွင် ဖလင်ဆေးခြင်း၊ ပုံကူးခြင်းများကို ပြုလုပ်သည်။ ထို့ပြင်သူသည်ချို့ငဲ့နွမ်းပါးသောအိမ်ထောင်စုကို ကူညီသည့်အနေဖြင့် ကျောင်းပိတ်ရက်များတွင် ရရာအလုပ်ကို လုပ်ကိုင်လေ့ ရှိသည်။ ရရှိသော လုပ်အားခကို သူ့အတွက်မချန်ပဲ၊

မိခင်လက်သို့ အပြည့်အဝပေးအပ်သည်။

ကိုဟန်သည် သင်္ချာနှင့် ရူပဗေဒ စသောသိပ္ပံပညာကို အသက်ဆယ့် သုံးနှစ်ပြည့်ပြီးကတည်းက စိတ်ဝင်စားစွာ လိုက်စားခဲ့သည်။ ကိုဟန်တို့မိသားစု တက်သော ဘုရားရှိခိုးကျောင်းမှ ဂျူးဘာသာကြီးသည် ကိုဟန်ကို ဟာသာဖြစ်စေ ချင်သည်။

'ကိုဟန်က ပါရမီရှိတယ်၊ ဉာဏ်ကောင်းတယ်၊ တစ်နေ့နေ့တစ်ချိန် ချိန်မှာဂျူးဘာသာရေးဆိုင်ရာ စာပေပညာရှင် ဖြစ်နိုင်သူတစ်ယောက်ပါပဲ' ဟူ ၍ ချီးကျူးစကားပြောခဲ့ဖူးသည်။ ဒုတိယကမ္ဘာစစ်အတွင်း၌ ဆယ်ကျော်သက် ကျောင်းသားအရွယ် ဖြစ်နေသော ကိုဟန်နှင့် ပတ်သတ်၍ သူ့သူငယ်ချင်း အချို့က. . .

'ဒီကောင်ဟာ ဘယ်တော့မဆို တည်ငြိမ်တယ်၊ ဘာမဆိုအေးဆေးပဲ၊ ဂျာမန်ဗုံးကြဲလေယာဉ်တွေ ပျံသန်းလာတာတွေ့ရင်၊ ကြောက်နေတဲ့တခြား ကျောင်းသားကလေးတွေကို ဗုံးခိုကျင်းထဲအထိ လိုက်ပို့ပေးခဲ့တယ်။ သူကိုယ် တိုင်ကတော့ ဗုံးခိုကျင်းအပြင်ထွက်ပြီး၊ လေယာဉ်အချင်းချင်း ပစ်ခတ်တိုက် ခိုက်နေတာတွေကို လေ့လာကြည့်ရှုနေလေ့ရှိတယ်။ လုံးဝကြောက်စိတ် မရှိဘူး၊ အရမ်းထူးခြားတယ်' ဟူ၍ မှတ်ချက်ချ ကြသည်။

ကိုဟန်သည် အယ်လက်ဇန်းဒရီးယားမြို့ရှိ ဂျူးများနေထိုင်ရာ ရပ်ကွက်တွင် မွေးဖွားခဲ့ပြီး၊ ကလေးလူမမယ် အရွယ်ကတည်းက မိဘများ နှင့်အတူ အီဂျစ်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်သူဖြစ်သည်။ သို့ရာတွင် သူ့ကိုယ် သူအီဂျစ်လူမျိုးတစ်ယောက်ဟု မှတ်ယူထားသည်။ ၁၉၄၂ခုနှစ် နွေရာသီတွင် နာဇီဗိုလ်ချုပ် ရွမ်းမဲလ်၏ တပ်မဟာကြီးသည် အီဂျစ်နိုင်ငံ ကိုင်ရိုသို့ ဦးတည် လာသည်၊ ထိုအခါ ဗြိတိသျှမဟာမိတ်တပ်များက ဆုတ်ခွာသွားကြသည်။

ထိုအချိန်တွင် နယ်ချဲ့ ဗြိတိသျှအစိုးရ၏ နှိပ်ကွပ်သွေးစုပ် အမြတ် ထုတ်မှုကို မခံမရပ်နိုင်သော အီဂျစ်နိုင်ငံသားတို့သည် ဗြိတိသျှကိုတော်လှန်လို သော ဆန္ဒများတဖွားဖွားဖြစ်ပေါ်လာကြပြီး၊ နာဇီတို့နှစ်ပူးပေါင်း ချင်စိတ်များ

ဖြစ်ပေါ်လာကြသည်။ထိုအချိန်တွင် ကိုဟန်သည် ဗြိတိသျှတို့ ကိုဆန့်ကျင်သော အီဂျစ်လူထုလှုပ်ရှားမှုတွင် ပါဝင်ခဲ့ဘူးသည်။
ထို့ကြောင့်ဗြိတိသျှအာဏာပိုင်များ၏ လက်ချက်ဖြင့် အီလီယာဟူ ဘိဇူရီနှင့် အီလီယာဟူဟာကင် လူငယ်နှစ်ယောက် အသတ်ခံခဲ့သည်ကို မြင်ခဲ့ ရသော ကိုဟန်သည် ထိုလူငယ်နှစ်ဦးကို အားကျလာမိသည်၊ ထိုလူငယ်နှစ်ဦး နည်းတူ နယ်ချဲ့ဗြိတိသျှကို ဆန့်ကျင်ရာတွင်ကျော ထောက်နောက်ခံအင်အား တစ်ခုရှိနေမှုဖြစ်မည် ဟူ၍သဘောပေါက် မိသည်၊ သို့မှသာ ဗြိတိသျှတို့၏ အနိုင်ကျင့်ဂုတ်သွေးစုပ်မှုကို စနစ်တကျ ပြန်လည်လက်တုန့်ပြန်နိုင်မည်ဖြစ် ကြောင်းနားလည်ခဲ့သည်။

မော့ဆက်အဖွဲ့ကြီးသည် ဒေလီကိုဟန်အတွက် အားကိုးအားထား ပြုနိုင်သော အဖွဲ့အစည်းတစ်ခုအဖြစ် အသင့်ရှိနေလေပြီ။

မော့ဆက်အဖွဲ့ခွဲတစ်ခုသည် အီဂျစ်နိုင်ငံတွင် နှစ်ရှည်လများ လှုပ်ရှား နေခဲ့သည်။ မော့ဆက်၏ ပင်မအဖွဲ့ကြီးသည် ပါလက်စတိုင်းတွင် စတင်ဖွဲ့စည်း ခဲ့ပြီး၊ မော့ဆက်ပဓါနကျသော လုပ်ငန်းမှာ နာဇီတို့သိမ်းပိုက် ထားသောပိုလန်၊ ဟန်ဂေရီ စသောနိုင်ငံများမှ ဖမ်းဆီးခံရပြီး နာဇီအကျဉ်း စခန်းတွင်ရောက်ရှိ နေကြသော ဂျူးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ကယ်တင် ရန်. . . ဖြစ်သည်။ နောက်ပိုင်းတွင် နိုင်ငံတကာရှိဂျူး အကျဉ်းသားများကို ဗြိတိသျှများမသိရှိ မရိပ်စားမိစေပဲ၊ ပါလက်စတိုင်းသို့တိတ်တဆိတ် ပို့ဆောင်ခဲ့ ကြသည်။ ထိုသို့ပို့ဆောင်ရာတွင် ရေကြောင်းခရီးမှ ရေယာဉ်များဖြင့် ဖြစ်စေ၊ ကုန်းလမ်းခရီးအတွက် ထရပ်ကားများ သဲကန္တာရခရီးအတွက် ကုလားအုတ် များ. . . စသည်ဖြင့် အဆင်ပြေသလို စီစဉ်ဆောင်ရွက်ခဲ့ကြသည်။

မော့ဆက်ထောက်လှမ်းရေးအဖွဲ့ကြီး၏ အေးဂျင့်တစ်ဦးဖြစ်သော ရှသ်အမည်ရှိ အမျိုးသမီးသည် အီဂျစ်နိုင်ငံရှိ မော့ဆက်အဖွဲ့ခွဲတွင် လျို့ဝှက်စွာ ဦးဆောင်လှုပ်ရှားနေသူဖြစ်သည်။ ရှသ်သည် အီဂျစ်နိုင်ငံတွင်နေထိုင်သော ဂျူးလူမျိုးတို့ကို စည်းရုံးထားနိုင်သူဖြစ်သည်။ သူမ၏တာဝန်ကို ဆောင်ရွက်

ရာတွင် အထူးသဖြင့်တက်ကြွသွက်လက်သော လူငယ်လူရွယ်များကို ပိုမိုအသုံး ပြုလေ့ရှိသည်။

အလီကိုဟန်သည် အီဂျစ်နိုင်ငံရှိ မော့ဆက်ထောက်လှမ်းရေး အဖွဲ့ဝင် တစ်ယောက်နှင့် ကိုင်ရိုမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် အမှတ်မထင်ဆုံ စည်းမိကြသည်။ ရင်စစ်အားဖြင့် ကိုဟန်အနေနှင့် ဗြိတိသျှအာဏာပိုင်တို့၏ လုပ်ရပ်ကို မကျေမနပ်ဖြစ်နေသောကြောင့်၊ သူ၏အပေါင်း အသင်းများနှင့် စကားလက်ဆုံကျတိုင်း ဗြိတိသျှဆန့်ကျင်ရေးစကားလုံး များကို တီးတိုးပြောဆို ဆွေးနွေးလေ့ ရှိသူဖြစ်သည်။ ဘီဇူရီနှင့်ဟာကင် တို့၏နောက်ဆုံးအချိန်တွင် ပြောသွားသော စကားလုံးများကို လုံးစေ့ပတ်စေ့မှတ်မိသူ၊ အမှားအယွင်းမရှိ ပြန်ပြောနိုင်သူဖြစ်နေသည်။ ကိုဟန်သည် တစ်ခါတစ်ရံ အမှတ်မထင်လေချွန် လေ့ရှိသော တေးသွားအလိုက်သည်ပင်လျှင်၊ ဘီဇူရီနှင့်ဟာကင်တို့ ကြိုးစင်ပေါ် တွင်သီဆိုသွားကြသော ဟာတစ်ခ်ဗာ (မျှော်လင့်ချက်) တေးသွားဖြစ်နေလေ သည်။

ကိုဟန်၏အကြောင်းနှင့် ပက်သက်သောသတင်းကို အမျိုးသမီး အေးဂျင့်ရှည် လှုပ်ရှားသောမော့ဆက် ထောက်လှမ်းရေးအဖွဲ့ခွဲမှ ကြားသွား သည်။ ထိုအခါရှည်က သူမ၏မော့ဆက်ထောက်လှမ်းရေးတစ် ယောက်ကို တာဝန်ပေး၍ ကိုဟန်၏နောက်ကြောင်း၊ ကိုယ်ရေးမှတ်တမ်းကို လေ့လာစုံစမ်း ထောက်လှမ်းခိုင်းလိုက်သည်။ သူ၏ကိုယ်ရေးမှတ်တမ်းတွင် ပါရှိသောအချက် အလက်သည် မော့ဆက်ထောက်လှမ်းရေးအဖွဲ့ခွဲအတွက် ကျေနပ်စရာ ကောင်းနေလေသည်။

ထို့ကြောင့် ကိုဟန်ကို ရှည်၏လျှို့ဝှက်ရုံးခန်းသို့ ခေါ်ဆောင်ရန်စီစဉ် ခဲ့သည်၊ ထိုအစီအစဉ်အရ မော့ဆက်အဖွဲ့သားသည် ကိုဟန်ရောက်ရှိနေ သော စားသောက်ဆိုင်ထဲသို့ ဝင်ခဲ့လေသည်။ မော့ဆက်အဖွဲ့သားသည် ကိုဟန်ထိုင်နေသောစားပွဲတွင် မျက်နှာချင်းဆိုင်ဝင်ထိုင်လိုက်ပြီး စပျစ်ဖျော် ရည်တစ်ခွက်မှာလိုက်သည်၊ ကိုဟန်သောက်နေသည်မှာလည်း စပျစ်ဖျော်ရည်

မြတ်စာပေ

ပင်ဖြစ်ကြောင်း မော့ဆက်အဖွဲ့သားက သတိပြုမိသည်။

မော့ဆက်ထောက်လှမ်းရေးအဖွဲ့သားက ကိုဟန်ကိုတစ်ချက် ကြည့်၍ လေကိုမှုတ်ထုတ်ပြီး. . . .

'အား. . . ဒီနေ့ခါတိုင်းထက်ပိုပြီး ပူတယ်နော်' ဟူ၍စကားစလိုက်သည်။

'ကျွန်တော်ကတော့ ရာသီဥတုပူတာလောက်ကို ခံနိုင်ရည်ရှိနေပါပြီဗျာ' ကိုဟန်က အလိုက်သင့် ပြန်ပြောသည်။

'ခင်ဗျားကလည်း ဂျူးလူမျိုးတစ်ယောက်ပဲ ထင်တယ်၊ ဟုတ်ရဲ့ လား'

မော့ဆက်အဖွဲ့သားက ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီးမှ မေးလိုက်ခြင်းဖြစ်သည်။ ကိုဟန်ကခေါင်းတစ်ချက်ငြိမ့်ပြသည်။

'သိပ်ဟုတ်တာပေါ့ဗျာ၊ ကျွန်တော်အမေ၊အဖေ၊ အဖိုး၊ အဖွားတွေအားလုံး ဂျူးလူမျိုးစစ်စစ်တွေချည်းပါပဲ၊ ခင်ဗျားခုနပြောတဲ့ ရာသီဥတုနေပူရှိန်ထက် ကျွန်တော့်ရင်ထဲမှာ ဂျူးလူမျိုးတွေအတွက် ခံစားနေရတဲ့ အပူဒဏ်က ပိုပြီးပြင်းထန်နေတယ်ဗျာ'

ကိုဟန်က ငြီးတွားသောလေသံဖြင့် မကျေနပ်မှုကို ဖော်ထုတ်လိုက်သည်။

'ခင်ဗျား ဘာကိုဆိုလိုတာလဲဗျာ'

မော့ဆက်အဖွဲ့သားက နားမလည်ဟန်ဖြင့် မေးသည်။

ကိုဟန်က သူ့ကို စူးစူးရဲရဲ ကြည့်လိုက်သည်။

'ကျွန်တော်နာမည် အယ်လီကိုဟန်ပါ'

သူက လက်ကမ်းပေးသည်၊ ထောက်လှမ်းရေးအဖွဲ့ဝင်က ကိုဟန်လက်ကို ဆုပ်ကိုင်လှုပ်ရမ်းသည်။

'ကျွန်တော်လည်းဂျူးလူမျိုး အစစ်တစ်ယောက်ပါ၊ ကျွန်တော်နာမည်က အီဆာ ဖြစ်ပါတယ်'

ကိုဟန်ကလက်ကျန် စပျစ်ရည်ကို မော့ချလိုက်ပြီးမှ. . .

❧ မြိတ်စာပေ ☙

'ခင်ဗျား ဘိဇူရီတို့နှစ်ယောက် ကြိုးပေးစီရင်လိုက်တာကို သွားကြည့်သေးလား အီဆာ' ဟုမေးလိုက်သည်။ အီဆာက မျက်နှာထားတင်းတင်းဖြင့် ခေါင်းငြိမ့်ပြသည်။

'ကြည့်ရှုတင် ဘယ်ကမလဲဗျာ၊ ကျုပ်ရင်ထဲမှာ ပေါက်ကွဲပွင့်ထွက်လာမယ့် မခံချင်စိတ်ကို မနည်းမြိုသိပ်ခဲ့ရတယ်၊ တကယ်လို့ စိတ်မထိန်း နိုင်ရင် အဲဒီဗြိတိသျှအရာရှိနဲ့ လက်ပါးစေတွေကို အဲဒီနေရာမှာတင် အပြတ်ရှင်းမိမှာဗျ၊ ဒါပေမဲ့ အဲဒီလို ကွက်ကွက်ကလေး လက်တုံ့ပြန်တာထက် ပိုပြီးထိရောက်မယ့် အစီအစဉ်ကို စဉ်းစားမိလို့ ကြိုးစင်ရှေ့က လှည့်ထွက်ခဲ့ရတယ် ကိုဟန်'

ဘယ်လိုဗျာ၊ ပိုပြီး ထိရောက်မယ့် အစီအစဉ် ဆိုတာ ဘာများလဲ'

ကိုဟန်စိတ်ဝင်စား[illegible]မေးလိုက်သည်။

အီဆာ ဆိုသူထောက်လှမ်းရေးသမားက စပျစ်ဖျော်ရည်ကို ဆွဲယူမော့သောက်လိုက်သေးသည်။ သူကသောက်နေရင်းမှာပါ ကိုဟန်မျက်လုံးထဲတွင် ဖြစ်ပေါ်နေသော စိတ်ဝင်စားမှုအတိုင်းအတာကို ခန့်မှန်းနေသည်။ အီဆာဖန်ခွက်ကို စားပွဲပေါ်သို့ ပြန်ချသည်။

ကိုဟန်က စိတ်မရှည်ဟန်ဖြင့် စောင်းဆိုင်းနေသည်။

အီဆာက သူ၏ကိုယ်ကို ရှေ့သို့ကိုင်း၍ လေသံသဲ့သဲ့ဖြင့်. . .

'နယ်ချဲ့ဗြိတိသျှ အစိုးရရဲ့ ဖိနှိပ်ချုပ်ချယ်မှု လက်အောက်က ကျုပ်တို့ဂျူးလူမျိုးတွေ လွတ်မြောက်ဖို့အတွက် စိတ်ရောကိုယ်ပါ ဆောင်ရွက်ချင်ရင် ကျွန်တော်နဲ့ လိုက်ခဲ့ပါ'

အီဆာသည် ငွေသိမ်းကောင်တာဘက်သို့ လှမ်းကြည့်၍ ကျသင့်ငွေရှင်းရန် အချက်ပြလိုက်သည်။ သူတို့အနီးသို့ စားပွဲထိုးတစ်ယောက်ရောက်လာသည်၊ အီဆာက ကိုဟန်သောက်သော စပျစ်ရည်တစ်ခွက်ဖိုးကိုပါပေါင်း၍ ငွေရှင်းလိုက်သည်။

ကိုဟန်က တစ်စုံတစ်ရာလေးနက်စွာ စဉ်းစားနေသည်။

မြိတ်စာပေ

အီဆာသည် ထိုင်ရာမှထ၍ စားသောက်ဆိုင် အပေါက်ဝသို့ခြေလှမ်းလိုက်သောအခါ၊ ကိုဟန်လည်း နောက်မှ ခြေနှစ်လှမ်းစာခွါ၍ လိုက်လာသည်။ ရှေ့မှအီဆာသွားသည့်လမ်းအတိုင်း လိုက်သွားသည်၊ ကိုင်ရိုမြို့တော်၏ လမ်းကျယ်ကြီးမှ ခွဲထွက်၍ ရပ်ကွက်တွင်းရှိ လမ်းကျဉ်းလေးထဲသို့ ရောက်ခဲ့ကြသည်။ လမ်းချိုးလမ်းကွေ့ပေါင်း ဒါဇင်ဝက်မျှ လျှောက်ခဲ့သောအခါ ဟောင်းနွမ်းအိုမင်းသော ဖိုဒ့်ကားတစ်စီး ရပ်ထား သည့်နေရာသို့ ရောက်သွားသည်။ ကားထဲရှိစတီယာရင်နောက်တွင် ဂျူးအမျိုးသားတစ်ယောက် ထိုင်နေသည်။ မော့ဆက်အမျိုးသားအီဆာက ကားဘေးတွင် ခေတ္တရပ်၍ ကိုဟန်ကိုစောင့်သည်၊ သူ့အနီးသို့ ကိုဟန်ရောက်ရှိလာသောအခါ ကားကို မေးငေါ့ပြသည်။

'ခင်ဗျား ကျွန်တော်တို့နဲ့အတူ ဂျူးလူမျိုးတွေရဲ့ကိစ္စကို အသက်စွန့် ဆောင်ရွက်ချင်တဲ့ဆန္ဒမရှိရင် ဒီနေရာကနေ လှည့်ပြန်သွားနိုင်သေးတယ်။ အဲဒီလိုပြန်သွားရင်လည်း ကျွန်တော်နဲ့ခင်ဗျား မတွေ့ဖူးဘူးလို့ သဘောထားပြီး မေ့ပစ်လိုက်ပေါ့ဗျာ'

ကိုဟန်က အီဆာကို စူးစူးရဲရဲ ကြည့်သည်။

သူ၏မခံချင်စိတ်က ရင်ထဲတွင်ကြွတက်လာသည်။

'ခင်ဗျားတို့က ဂျူးလူမျိုးတွေအတွက် အသက်စွန့် ဆောင်ရွက်နေတယ်ဆိုရင်၊ အဲဒီအဖွဲ့အစည်းက ဘယ်လိုအဖွဲ့အစည်းလဲဆိုတာ သိခွင့်ရှိပါသလား'

ကိုဟန်ကစိတ်ကို ထိန်း၍မေးလိုက်သည်။

အီဆာက ခေါင်းခါပြသည်။

'အဖွဲ့အစည်းနာမည်ကတော့ အဖွဲ့ဝင်အချင်းချင်းသာ သိခွင့်ရှိတဲ့အတွက် မပြောနိုင်ပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့အစ္စရေး လူမျိုးတွေအားလုံး ဗြိတိသျှလက်အောက်က လွတ်မြောက်ရေးအတွက် လျှို့ဝှက်ဆောင်ရွက်နေတဲ့ အဖွဲ့တစ်ဖွဲ့ဆိုတာလောက်ပဲ ပြောချင်ပါတယ်၊ ဒါပါပဲ'

အီဆာက စကားအဆုံးတွင် သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်

သည်၊ ရပ်ထားသောကားဘေးတွင် ငူငူကြီးရပ်နေသော ကိုဟန်ကိုနောက်ဆုံးအကြည့်ဖြင့် ကြည့်လိုက်သည်။

ကိုဟန်က စိတ်ကိုယတိပြတ် သံဓိဋ္ဌာန်ချသည်။

'ဘာအဖွဲ့ဖြစ်ဖြစ်၊ ကျွန်တော်တို့ ဂျူးလူမျိုးတွေအတွက် အားကိုးအားထားပြုနိုင်မယ့်အဖွဲ့ဆိုရင် ကျွန်တော်ကျရာတာဝန်ကို အသက်စွန့်ဆောင်ရွက်ဖို့ ဆုံးဖြတ်လိုက်ပါပြီ'

ကိုဟန်လေးနက်တည်ငြိမ်စွာ ပြောလိုက်လေတော့သည်။

◆ ◆ ◆ ◆ ◆ ◆

ပြီတ်စာပေ

•

•

## အခန်း (၃)

အီဂျစ်နိုင်ငံကိုင်ရိုမြို့တွင် လှုပ်ရှားနေသောမော့ဆက်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ခွဲ၏ ရုံးခန်းမှာခမ်းနားထည်ဝါမှု လုံးဝမရှိပါချေ။ မြို့စွန်တစ်နေရာတွင် သာမန်နှစ်ခန်းတွဲ အုတ်တိုက်တစ်တိုက်မျှသာ ဖြစ်သည်။ ထိုအုတ်တိုက်၏ရှေ့တွင် ကားရပ်လိုက်သည်။

အီဆာက ကားတံခါးဖွင့်၍ ကားပေါ်မှဆင်းသည်။

'လာလေဗျာ၊ ကျွန်တော်တို့ အဖွဲ့ခေါင်းဆောင်နဲ့ တွေ့ဖို့အတွက် ခင်ဗျားကိုခေါ်လာခဲ့တာ၊ သူကခင်ဗျားကို မေးခွန်းနဲနဲလောက် မေးလိမ့်မယ်၊ သူကျေနပ်ရင်တော့ ခင်ဗျားကိုကျုပ်တို့အဖွဲ့အစည်းမှာ တာဝန်ပေးလိမ့်မယ်၊ ကဲ. . . ဆင်း'

ကိုဟာန်က ကားပေါ်မှဆင်းလိုက်သည်။

ထိုအချိန်အထိသူနှင့်တွေ့ရမည့် အဖွဲ့ခေါင်းဆောင်ဆိုသည်မှာ မည်သည့်အဖွဲ့ကိုဦးဆောင်လှုပ်ရှားနေသူဖြစ်ကြောင်း မသိရသေးချေ၊ ကိုဟာန်

မျက်နှာမူ၍ လျှောက်လာစဉ်၊အုတ်တိုက်၏အသွင်သဏ္ဌာန်မှာ အိုမင်းရင့်ယော်နေလေပြီ၊ အချို့နေရာတွင် အင်္ဂတေများကွာကျနေသောကြောင့် အောက်ခံငံကျောက်သားများပင် ကွက်တိကွက်ကြားပေါ် နေလေပြီ၊ အုတ်တိုက်၏မူလ ဆေးရောင်မှာနေဒဏ်ကြောင့်ဖြူဖတ်ဖြူ ရော်ကြီးဖြစ်နေသည်။ ဤအနေအထားကိုကြည့်၍လုံးဝအထင်ကြီးစရာမရှိပါချေ၊ ဖြိုတိသျှအစိုးရဝန်ထမ်းများ၏ရုံးခန်းနှင့်နေအိမ်များသည် အစဉ်သဖြင့်သားနားထည်ဝါနေကြသည်။ ကိုဟန်က ယခုရောက်ရှိနေသောအဖွဲ့အစည်း အဆောက်အဦးသည် သာမန်လူလတ်တန်းစားတစ်ယောက်၏ နေအိမ်ထက် မပိုပါချေ။

အတွင်းသို့ ဝင်လိုက်သောအခါ စားပွဲတစ်လုံးနောက်ရှိ လက်တန်းမပါသော ကုလားထိုင်ပေါ်မှ အမျိုးသမီးက ဖိုင်တွဲတစ်ခုကို လှန်၍ဖတ်ရှုနေရာမှ မျက်လုံးတစ်ချက်ပင့်ကြည့်သည်။ ထိုအကြည့်သည် ကိုဟန်၏ရင်ကို စူးဝင်သွားသလို ခံစားလိုက်ရသည်။

အမျိုးသမီး၏ အသက်မှာသုံးဆယ်နှစ်ကျော်ကျော်ဟု ခန့်မှန်းရသော်လည်း သေသေချာချာမပြောနိုင်ပါချေ၊ သုံးဆယ့်တစ်နှစ်လား၊ သုံးဆယ့်ကိုးနှစ်လား တိတိကျကျမသိနိုင်၊ အပြာနုရောင်ဝတ်စုံကို သေသေသပ်သပ်နှင့်တင်းရင်းပြည့်ဖြိုးသော ခန္ဓာကိုယ်ကို ချပ်ချပ်ယပ်ယပ် ဝတ်ဆင်ထားသည်။ အညိုဖျော့ရောင်ဆံပင်ကို သပ်သပ်ရပ်ရပ် ဖီးထားသည်။

စားပွဲရှေ့တွင် ကုလာထိုင်နှစ်လုံးချထားသည်။

အီဆာက ကိုဟန်ကို ထိုင်ရန်အချက်ပြသည်။

ထို့နောက် အီဆာနှင့် ကိုဟန်တို့ဝင်ထိုင်လိုက်ကြသည်။ အမျိုးသမီးနှင့်အဖွဲ့ခုံခြား၍ မျက်နှာချင်းဆိုင်နေရာယူလိုက်မိကြသည်၊ အမျိုးသမီးက ဖတ်လက်စဖိုင်တွဲကို ပြန်ပိတ်လိုက်သည်၊ ဖိုင်တွဲအဖုံးတွင် 'ကိုယ်ရေး မှတ်တမ်း' ဟူသောစာလုံးကို မှင်နီဖြင့်ရေးထားသည်ကို ကိုဟန်ကဖြတ်ကနဲ မြင်လိုက်ရသည်။

အမျိုးသမီးက ခါးကိုမတ်မတ်ပြင်ထိုင်သည်။

~ မြိတ်စာပေ ~

ကိုဟန်၏မျက်နှာကို စေ့စေ့ကြည့်နေသည်။

'မင်းနာမည် အယ်လီကိုဟန်၊ ၁၉၂၄ခုနှစ် ဒီဇင်ဘာလ(၁၆)ရက်နေ့မှာမွေးဖွားခဲ့တယ်၊ မွေးဖွားရာဒေသက အယ်လက်ဇန်းဒရီးယား၊ ဂျူးရပ်ကွက်ဖြစ်တယ်၊ မင်းအဖေရဲ့နာမည်က ရှောကိုဟန်၊ ပိုးထည်နက်ကတိုင်ရောင်းချခဲ့တယ်၊ အမေက ဆိုဖီ၊ မင်းတို့မိသားစုမှာ ညီအစ်ကိုမောင်နှမရှစ်ယောက်ရှိတယ် ၊ ဟုတ်ရဲ့လား'

အမျိုးသမီး ကရားရေလွှတ်ပြောသွားသည်။

ထို့နောက်မေးခွန်းထုတ်လိုက်သည်။

ကိုဟန်က ပါးစပ်အဟောင်းသားနှင့်ခေါင်းငြိမ့်ပြသည်။

မင်းဟာကျောင်းမှာ အထူးချွန်ဆုံးကျောင်းသားဖြစ်တဲ့အတွက်ပြင်သစ်နိုင်ငံကလစ်ဆီတက္ကသိုလ် ပညာသင်ဆုရခဲ့ဖူးတယ်၊ သင်္ချာနဲ့ နိုင်ငံခြားဘာသာစကား ကျွမ်းကျင်တတ်မြောက်တယ်၊ ဟီဘရူးဘာသာစကားနဲ့ပြင်သစ်စကားကို ရေရေလည်လည် ပြောနိုင်တယ်၊ အားကစားထူးချွန်တယ်၊ ဓါတ်ပုံရိုက်ကူးတဲ့ ဝါသနာပါတယ်၊ သိပ္ပံပညာကို လိုက်စားခဲ့တယ်၊ ဂျူးလူမျိုးတစ်ယောက်ဖြစ်နေပေမယ့် အီဂျစ်လူမျိုးတစ်ယောက်ရဲ့ အမူအကျင့်စရိုက်ရှိနေတယ်။

အမျိုးသမီး ဆက်လက်ပြောပြသော ကိုယ်ရေးမှတ်တမ်း အားလုံးမှန်ကန်တိကျနေသည်၊ တချို့အချက်အလက်များဆိုရင် ကိုဟန်ကိုယ်တိုင်ပင်မေ့လျော့နေသောကြောင့် ပြန်လည်စဉ်းစားနေရသေးသည်။ နောက်ဆုံးတွင်. . .

'ငါ့နာမည်ကို ရှသ်လို့ပဲသိထားဖို့လိုတယ်၊ မင်းလိုအရည်အချင်းမျိုးရှိတဲ့ တက်ကြွတဲ့လူငယ်တွေ၊ မျိုးချစ်စိတ်ရှိပြီးစွန့်စားတတ်တဲ့ လူငယ်တွေကိုတို့ရဲ့ဂျူးနိုင်ငံတည်ထောင်ရေးအတွက် အမြဲတမ်းလိုအပ်နေတယ်၊ အဲဒီကိစ္စအတွက် တို့အဖွဲ့အစည်းကို အီဂျစ်နိုင်ငံမှာတိုးချဲ့ အင်အားစုနေ ချိန်ဖြစ်တယ်၊ တို့အဖွဲ့အစည်းက မော့ဆက်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ ဖြစ်တယ်၊ မော့ဆက်အတွက်မင်းကို တာဝန်ပေးရင် အသက်စွန့် ဆောင်ရွက်နိုင်ပါ့မလား'

ရှည်ဆိုသောအမျိုးသမီးက စူးစူးရဲရဲ ကြည့်၍မေးသည်။

ကိုဟာန်ကသွက်လက်စွာ ခေါင်းငြိမ့်ပြလိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော်တို့ရဲ့ ဂျူးလူမျိုးတွေအပေါ်မှာ နှိပ်ကွပ်နေတဲ့ ဗြိတိသျှတွေနဲ့ နာဇီတွေကို ဆန့်ကျင်တိုက်ခိုက်ဖို့ဆိုရင်၊ အသက်စွန့်ပြီးဆောင်ရွက်ပါ့မယ်လို့ ဂတိပြုပါတယ်'

ကိုဟာန်က လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။

ရှည်၏မျက်နှာက ဝင်းထိန်သွားသည်။

'အေး. . . အဲဒီလိုမျိုးစိတ်ဓါတ်ပြင်းပြတဲ့ လူငယ်တွေကို တို့ကလိုချင်နေတာ၊ လောလောဆယ် မင်းကိုပေးမယ့်တာဝန်နဲ့ ပတ်သတ်ပြီး နဲနဲလောက်ပြောပြမယ်၊ ပိုလန်နိုင်ငံနဲ့ ဟန်ဂေရီနိုင်ငံမှာ နေထိုင်ကြတဲ့ တို့ရဲ့ဂျူးမိသားစုတွေကို နာဇီတွေက အကျဉ်းစခန်းတွေပို့ပြီး၊ ရက်ရက်စက်စက် သတ်ဖြတ်နေကြတယ်၊ အဲဒီနိုင်ငံတွေမှာရှိနေကြတဲ့ တို့လူမျိုးတွေဆီကို မင်းနဲ့တို့အဖွဲ့သားတစ်ချို့သွားတွေပြီး၊ ဆက်သွယ်ကြရမယ်၊

နောက်ပြီးသူတို့ကို ပါလက်စတိုင်းရောက်အောင်ပို့ဆောင်တဲ့နေရာမှာ ပါဝင်ကူညီရမယ်၊ အဲဒီနယ်မြေတွေမှာ တို့ရဲ့ဒေသခံအဖွဲ့သားတွေလည်းရှိနေကြတယ်၊ နာဇီတွေဟာ ရှေ့တန်းစစ်မျက်နှာတွေမှာ အရေးနိမ့်နေကြ ပြီ၊ ဒါကိုအဲဒီနာဇီတွေ့ကိုယ်တိုင်သိနေကြတယ်၊ ဒါကြောင့်အဲဒီနာဇီစစ်ဗိုလ်တစ်ချို့ကိုလာဘ်ထိုးပြီးအကျဉ်းစခန်းမှာ ရောက်နေတဲ့ ဂျူးတွေကို ပြန်ခေါ်လာကြလိမ့်မယ်၊ အဲဒီဂျူးတွေနဲ့ တခြားဂျူးတွေကိုဗြိတိသျှတွေ မသိအောင်သတ်မှတ်ထားတဲ့နယ်မြေအထိ တိတ်တဆိတ်လျှို့ဝှက်ခေါ် ဆောင်ခဲ့ရမယ်။ ဒါ. . . ပထမတာဝန်တစ်ရပ်ဖြစ်တယ်၊ ဒုတိယတာဝန်ကတော့ ဗြိတိသျှတွေလက်အောက်ကလွတ်မြောက်တဲ့ သီးခြားနိုင်ငံ တစ်ခုတည်ထောင်ဖို့အတွက် လွပ်လပ်ရေးတိုက်ပွဲ ဆင်နွှဲရလိမ့်မယ်'

မော့ဆက်အဖွဲ့ခွဲ ခေါင်းဆောင်ဖြစ်သောရှည်၏ စကားလုံးတိုင်းသည် ကိုဟာန်၏ရင်ထဲသို့နက်နက်ရှိုင်းရှိုင်းစူးဝင်သွားခဲ့သည်၊ ပေးအပ်သည့်တာဝန်ကို

တာဝန်ကျေယုံသာမက ရွှပ်ရွှပ်ချွန်ချွန် ဆောက်ရွက်လိုစိတ် များတဖွားဖွားဖြစ်ပေါ်လာခဲ့သည်။

ထိုအချိန်မှစ၍ ကိုဟန်သည်မော့ဆက်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ဝင်တစ်ယောက်ဖြစ်သွားလေတော့သည်။ သူသည်နာဇီများ သိမ်းပိုက်ထားသော နိုင်ငံအတွင်းသို့ ခိုးကြောင်ခိုးဝှက် သက်စွန့်ဆံဖြားဝင်ခဲ့ပြီး၊ အဆက်အသွယ်များနှင့် တွေ့ဆုံ၍ဂျူးမိသားစုများကို ခေါ်ဆောင်ခြင်း၊ တစ်ခါတစ်ရံထိုသို့လွတ်မြောက်ရေးနှင့် ပတ်သတ်သော သတင်းများကိုရယူ၍ တစ်ဆင့်ပို့ပေးခြင်း စသောလုပ်ငန်းများကို အလျှဉ်းသင့်သလို ဆောင်ရွက် ခဲ့သည်။ ၁၉၄၄ခုနှစ် နောက်ပိုင်းတွင်ဗြိတိသျှတို့ ၏သွေးထိုးမှုကြောင့် အီဂျစ် နိုင်ငံတွင် ဂျူးမုန်းတီးမှုကြီးထွားလာသည်၊ ထို့ကြောင့် အီဂျစ်နိုင်ငံပြင်ပသို့ ဂျူးမိသားစုများတိတ်တဆိတ် ပြောင်းရွှေ့ ခြင်းများကိုလည်း ကူညီဆောင် ရွက်ခဲ့ရသည်။ ဂျူးလူမျိုးလွတ်မြောက်ရေးအတွက် မော့ဆက်၏အခန်းကဏ္ဍ ကတစ်စတစ်စအရှိန်မြင့်တိုးချဲ့လာရသည်။ အီဂျစ်နိုင်ငံတွင် ဗြိတိသျှမဟာ မိတ်တပ်များအတွက် စုဆောင်းထားသောလက်နက်များသည် ဂျူးလျှို့ဝှက် ထောက်လှမ်းရေးမော့ဆက်အတွက် မျက်စိကျစရာဖြစ်လာသည်။

အီဂျစ်နိုင်ငံကိုင်ရိုမြို့သည် အရှေ့အလယ်ပိုင်းဆိုင်ရာ ဗြိတိသျှဌာနချုပ်တည်ရှိသည်။ ထို့ကြောင့် ထိုဒေသဆိုင်ရာဗြိတိသျှတို့၏ လုပ်ငန်းအစီအစဉ်နှင့်ပတ်သတ်သော သတင်းများကို ထောက်လှမ်းရန်မော့ဆက်တို့၏ ပဓါနကျသော တာဝန်တစ်ရပ်ဖြစ်လာသည်။ ထို့ပြင် ဂျူးလူမျိုးတို့၏သီးခြားနိုင်ငံတည်ထောင်ရေးနှင့်စပ်လျှဉ်း၍ အာရပ်အကြီးအကဲများ၏ ဆန္ဒသဘောထားကိုလည်း သိထားမှဖြစ်မည်၊ ထို့ကြောင့်ဤသတင်းကိုလည်း ထောက်လှမ်းရဦးမည်။

ထိုကိစ္စနှင့်ပတ်သတ်၍ အီဂျစ်နိုင်ငံအတွင်းသို့ မော့ဆက်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့မှ ထိပ်သီးအေးဂျင့်တစ်ယောက်ကို စေလွှတ်လိုက်သည်။ သူ့အမည်က လယ်ဗီအဗရာဟာမီ ဖြစ်သည်။ သူ့ကို ပါလက်စတိုင်းတွင်

မွေးဖွားသည်၊ ၁၉၄၄ ခုနှစ်နွေဦးပေါက်ရာသီတွင် လယ်ဗီ အဗရာဟာမီသည် ဗြိတိသျှအရာရှိတစ်ဦးအဖြစ် ဖန်တီး၍ အီဂျစ် နိုင်ငံသို့ရောက်ခဲ့လေသည်။

လယ်ဗီက အီဂျစ်နိုင်ငံရှိ ယိုလန်ဒေဂါဘေး ဆိုသောအမျိုးသမီးတစ်ယောက်နှင့်ဆက်သွယ်ခဲ့သည်၊ သူမသည် အယ်လက်ဇန်းဒရီးယားတွင် ချမ်းသာကြွယ်ဝသောဂျူးမျိုးရိုးမှ ပေါက်ဖွားလာသူဖြစ်သည်။ အီဂျစ်နိုင်ငံတွင် အီဂျစ်အမျိုးသမီးတစ်ယောက်အဖြစ်၊ အထက်တန်းကျကျနေထိုင်ပြီး အီဂျစ်စစ်အရာရှိကြီးများ၊ အီဂျစ်နိုင်ငံရေးသမားများနှင့် ရင်းနှီးကျွမ်းဝင်သူ ဖြစ်သည်။ ယိုလန်ဒေဂါဘေးသည် ငွေကြေးချမ်းသာကြွယ်ဝပြီး ရုပ်ရည်ချောမောသူဖြစ်သည်။ သူမအနေနှင့်စိတ်လှုပ်ရှားရသော ခံစားမှုအရသာကို ရှာဖွေရာမှ စပိုင်တစ်ယောက်အဖြစ်သို့ရောက်ရှိနေသူဖြစ်သည်၊ အပျော်တမ်းစပိုင်လုပ် ရသည်ကို နှစ်သက်မက်မောနေသူ ဖြစ်သည်။

ထို့ကြောင့် ယိုလန်ဒေဆိုသော အမျိုးသမီးသည် မော့ဆက်လျှို့ဝှက်ထောက်လှမ်းရေး၏ ထိပ်သီးအေးဂျင့်တစ်ယောက်ဖြစ်သော လယ်ဗီနှင့်တွဲမိကြသွားသည်။ အယ်လစ်ဇန်းဒရီးယား မြို့ပြင်ဘက်ဆိပ်ငြိမ်သော ရပ်ကွက်တွင် သားနားသောတိုက်တစ်တိုက်ကိုငှားရမ်းသည်။ ထိုတိုက်ကို မွမ်းမံပြင်ဆင်ပြီးနောက်ဗြိတိသျှမဟာမိတ်တပ်သားများအတွက် အပန်းဖြေရိပ်သာတစ်ခုဖွင့်လှစ်လိုက်သည်။ ၎င်းနေရာကို ဂျူးလူမျိုးများ အားအီဂျစ်နိုင်ငံပြင်ပသို့ပို့ဆောင်ရန်စီစဥ်သော မော့ဆက်ဌာနချုပ်အဖြစ်နှင့်လည်း အသုံးပြုရန် ရည်ရွယ်ခဲ့သည်။

ကိုဟန်သည် မော့ဆက်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့၏ အရေးကြီးသောတာဝန်များကို ဆောင်ရွက်လှုပ်ရှားရန် လယ်ဗီထံသို့ရောက်ရှိလာသည်။ ကိုဟန်နှင့်ပတ်သတ်သော အရည်အချင်းကို အခြားမော့ဆက် အကြီးအကဲများထံမှ သတင်းရရှိထားသော လယ်ဗီက. . .

'လောလောဆယ်တို့အနေနဲ့ အီဂျစ်နိုင်ငံသားဂျူးတွေကို ပါလက်စတိုင်းအရောက်ပို့ဆောင်နိုင်မယ့် ဂရန်းဘက်ခရီးသွားအေဂျင့်စီတစ်ခုဖွင့်

လုစ်ထားတယ်၊ အဲဒီအဂျေင်စီဟာ ဂျူးတွေအတွက် ဗီဇာကိစ္စ၊ ပြည်ပထွက်ခွင့်၊ ရဲတပ်ဖွဲ့က ထုတ်ပေးတဲ့ပါမစ်၊ အမြတ်ခွန်ကင်းလွတ်ခွင့်ကိစ္စတွေကို ဆောင်ပေးဖို့ဖြစ်တယ်၊ မင်းရဲ့အရည်အသွေးကိုဒီကိစ္စတွေမှာ ပြဖို့လိုလာပြီ၊ အခုဆိုရင် မင်း. . . အီတလီစကား၊ ဂျပန်စကား၊ ပြင်သစ် စကားနဲ့ အာရပ်စကားတွေကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်တယ်လို့ သိရတယ်၊ ဟုတ်ရဲ့လား'

. . . ဟူ၍ကိုဟန်ကိုမေးလိုက်သည်။

'ဟုတ်ပါတယ်ခင်ဗျာ'

ကိုဟန်က လေးလေးစားစား ဖြေလိုက်သည်။

လယ်ဗီသည် ထိပ်သီးအေးဂျင့်တစ်ယောက်ဖြစ်နေသည်ကို သူသိထားသည်။ ကိုဟန်အနေနှင့်တစ်နေ့နေ့ တစ်ချိန်ချိန်တွင် လယ်ဗီကဲ့သို့သော ထိပ်သီးအေးဂျင့်တစ်ယောက်အဖြစ်၊ မော့ဆက်လျှို့ဝှက် ထောက်လှမ်းရေးအဖွဲ့ကြီး၏ အရေးပါသောကဏ္ဍတွင် လှုပ်ရှားဆောင်ရွက်နိုင်ရန် ရည်မှန်းထားသည်။

'ဒါဆို သိပ်ဟန်ကျတာပေါ့ကွာ၊ လူမှန်နေရာမှန်ဖြစ်သွားပြီ။ မင်းလှုပ်ရှားရမယ့်တာဝန်က အီဂျစ်နိုင်ငံမှာ ရှိနေကြတဲ့နိုင်ငံခြား သံအမတ်တွေနဲ့ ဆက်သွယ်ရမယ်၊ အီဂျစ်အာဏာပိုင်တွေကိုလည်း အဆင်ပြေအောင်ဆက်ဆံရမယ်၊ ငါတို့ဂျူးလူမျိုးတွေ ပြည်ပထွက်ခွင့်ရဖို့အတွက် အဲဒီသံရုံးအမှုထမ်းတွေနဲ့ အီဂျစ်အကြီးအကဲအရာရှိတွေကို ငွေကြေးဖေါဖေါသီသီပေးပြီး ဆောင်ရွက်ရမယ်၊ အရေးကြီးဆုံးက မင်းကိုမင်းမော့ဆက်လျှို့ဝှက် ထောက်လှမ်းရေးက. . . ဆိုတဲ့အကြောင်းကို လုံးဝမရိပ်မိစေနဲ့၊ ရှင်းရှင်းပြောရရင် မင်းဟာ မော့ဆက်စပိုင်ဆိုတာကို မေ့ပစ်ထားလိုက်တော့၊ ငါပြောတာသဘောပေါက်လား'

'ဟုတ်ကဲ့၊ ကျွန်တော်ဟာ ကိုယ့်ကိုကိုယ် အီဂျစ်အမျိုးသားတစ်ယောက်လို သဘောထားပြီး ဆောင်ရွက်ပါ့မယ်'

'ကောင်းပြီ၊ ဒီနေ့ကစပြီး မင်းကိုတာဝန်ပေးလိုက်ပြီ၊ လိုသမျှငွေကို

ငါ့ဆီမှာလာယူ၊ သူတို့နဲ့ဆက်ဆံတဲ့နေရာမှာ ငွေကိုမနှမြောနဲ့၊ တို့ရည်ရွယ်ချက်အောင်မြင်ဖို့က ငွေနဲ့ဆက်ဆံရေးပြေလည်မှုက အရေးကြီးတယ်၊ နားလည်လား'

ကိုဟန်သည်တစ်ထွာပြလျှင် တစ်တောင်မြင်သူ

အရိပ်ပြလျှင် အကောင်ထင်သော အကင်းပါးသူဖြစ်သည်။

ထို့ကြောင့် ရက်ပိုင်းလပိုင်းအတွင်း ကိုဟန်နှင့်ဆက်ဆံမိကြသော ပြည်ပနိုင်ငံအချို့မှ သံရုံးဝန်ထမ်းများနှင့် အင်္ဂလိပ်အရာရှိများက ကိုဟန်အား ယုံကြည်စိတ်ချလာကြသည်။ ရင်းရင်းနှီးနှီးဆက်ဆန်လာကြသည်။ ကိုဟန်ကလည်းသူဆက်သွယ်ရမည့် အမှုထမ်းများအား ငွေကိုရက်ရက်ရောရောပေးကမ်းလေ့ရှိသည်။ ထို့ကြောင့်ဂျူးလူမျိုးများပြည်ပ ပို့ဆောင်ရေးအတွက် လိုအပ်သော စာရွက်စာတန်းများကို လျောလျောလျူလျူ ဆောင်ရွက်ပေးကြသည်။ မမှန်မကန်ဆောင်ရွက်ရသောကိစ္စများကိုပင် မသိလိုက် မသိဖာသာလုပ်ဆောင်ပေးကြသည်။ မည်သို့ပင်ဖြစ်စေ ကိုဟန်ကိုသူတို့က ဂျူးလူမျိုးတစ်ယောက်ဖြစ်နေသော်လည်း ငွေကိုမတွန့်တိုပဲ ရက်ရက်ရောရော ပေးကမ်းလေ့ရှိသည့် အင်္ဂလိပ်မျိုးရိုးကောင်းတစ်ယောက်ဟု သတ်မှတ်ထားလိုက်ကြသည်။

သို့ဖြင့်ဂျူးလူမျိုးများကို ပြည်ပသို့ပို့ဆောင်ရေးဖြစ်သော 'ဂိုရှန်အော်ပရေးရှင်း' လုပ်ငန်းကြီးတစ်ခုလုံးတွင် အဓိကဆောင်ရွက်သူ ကိုဟန်၏စွမ်းရည်ကြောင့် ၁၉၄၈ခုနှစ်တွင် ဂျူးလူမျိုးထောင်ပေါင်းများစွာကို ပါလက်စတိုင်းသို့ အဆင်ပြေပြေ ပို့ပေးနိုင်ခဲ့လေသည်။

၁၉၄၇ခုနှစ်အစပိုင်းတွင် ဗြိတိသျှအစိုးရသည် ပါလက်စတိုင်းကို ကုလသမဂ္ဂအဖွဲ့ကြီးမှ ဆောင်ရွက်ပေးရန်တာဝန် လွှဲပြောင်းပေးခဲ့သည်။ ကုလသမဂ္ဂအဖွဲ့ကြီးက နိုဝင်ဘာလထဲတွင် အထွေထွေညီလာခံတစ်ရပ်ခေါ်ယူပြီး မဲခွဲဆုံးဖြတ်ချက်ဖြင့် ပါလက်စတိုင်းဒေသ၏ တစ်ဝက်ကို ဂျူးလူမျိုးများနေထိုင်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ထို့ကြောင့် ဂျူးလူမျိုးများကို

မှန်းတီးမှုများ ပိုမိုသည်းထန်လာသည်။ အီဂျစ်နိုင်ငံတစ်ဝှမ်းတွင်လည်း ဂျူးနိုင်ငံဖြစ်ပေါ်လာလျှင် စစ်ပွဲနွှဲမည့် အရိပ်အယောင်များ ပေါ်ပေါက်လာခဲ့သည်။

ထိုကိစ္စနှင့်ပတ်သတ်၍ ပိုဟန်၏မိတ်ဆွေ အီဂျစ်လူမျိုးအချို့က ရှောင်နေရန်ကိုဟန်ကို သတိပေးခဲ့ကြသည်။ သို့ရာတွင် ကိုဟန်က. .

'ကျွန်တော်ဟာ အီဂျစ်နိုင်ငံသား ဂျူးလူမျိုးတစ်ယောက်ပါ၊ အီဂျစ်ပြည်သူတွေအတွက် ဗြိတိသျှအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသူ ဖြစ်ပါတယ်။ အီဂျစ်နိုင်ငံသားအချင်းချင်းဖြစ်နေပဲ့ ကျွန်တော့ကိုဘယ်[illegible] အကြောင်းမရှိပါဘူး'

ဟုအခိုင်အမာ ပြောခဲ့သည်။

၁၉၄၈ခုနှစ် မေလ (၁၄)ရက်နေ့တွင် ဝန်ကြီးချုပ် ဒေးဗစ်ဘင်ဂူရီယံသည် အစ္စရေးနိုင်ငံတည်ထောင်လိုက်ပြီ ဖြစ်ကြောင်း၊ တယ်လ်အဗီမြို့၏ ပြတိုက်ခန်းမအတွင်း၌ အတိအလင်းကြေငြာခဲ့လေသည်။ ထိုနေ့သည် အာရပ်တပ်ပေါင်းစုများက အစ္စရေးနိုင်ငံကို စတင်တိုက်ခိုက်ကြသော နေ့ဖြစ်သည်။ သို့ရာတွင်မော့ဆက်လျှို့ဝှက်ထောက်လှမ်းရေး၏ ကြိုတင်သတင်းရရှိထားသောကြောင့်၊ အစ္စရေးနိုင်ငံသည် စစ်ရေးအတွက် ကြိုတင်ပြင်ဆင် ထားနိုင်ခဲ့သည်။ ထို့ကြောင့်အာရပ်တပ်ပေါင်းစု၏ တိုက်ခိုက်မှုကို တွန်းလှန်တိုက်ခိုက်နိုင်ခဲ့ပြီးအစ္စရေးကအောင်ပွဲခံနိုင်ခဲ့သည်။ နောက်ဆုံးတွင်အာရပ်တပ်ပေါင်းစုနိုင်ငံများနှင့် အစ္စရေးနိုင်ငံတို့သည် ၁၉၄၉ ခုနှစ်ဇန်နဝါရီလတွင် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြသည်။ နှစ်ဦးနှစ်ဘက်သဘော တူညီချက်စာချုပ်ကို ဇူလိုင် လအတွင်း၌ အပြီးသတ်လက်မှတ်ရေးထိုးခဲ့ကြလေသည်။ ထိုစာချုပ်တွင် ပထမဆုံးစတင် လက်မှတ်ရေးထိုးသောနိုင်ငံမှာ အီဂျစ်နိုင်ငံဖြစ်သည်။ အစ္စရေးတပ်ဖွဲ့များ၏ ပိတ်ဆို့ထားမှုကို ဖွင့်ပေးလိုက်သောအခါ တပ်မှူး အပ္ပူနက်ဆာဦးဆောင်သော အီဂျစ်တပ်ဖွဲ့များက ဦးစွာဆုတ်ခွါသွားခဲ့ကြသည်။

ထိုသို့ဆုတ်ခွာပြီးနောက် အီဂျစ်နိုင်ငံအတွင်းရှိ ဂျူးလူမျိုးအများ

အပြား အနှိပ်အစက်ခံကြရသည်။ အသက်အိုးအိမ်များ ဆုံးရှုံးကြသည်။ ထို့ကြောင့်ဂျူးလူမျိုးများသည် အီဂျစ်နိုင်ငံအတွင်းမှ ယခင်ကထက်ပိုမို ထွက်ခွါရန် ကြိုးစားကြသည်။ ၁၉၅၀ ခုနှစ်တွင် ကိုဟာန်၏မိသားစုသည်လည်း အီဂျစ်နိုင်ငံမှ ထွက်ခွါရန် ပြင်ဆင်ကြသည်။ ကိုဟာန်က သူ့မိသားစုအတွက် လိုအပ်သောစာရွက်စာတမ်းများ ရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့သည်။ ကိုဟာန်၏မိသားစုသည် ပါလက်စတိုင်းသို့မထွက်ခွါမီ နောက်ဆုံးအချိန်အထိ ကိုဟာန်လိုက်ပါရန် အတင်းအဓမ္မခေါ် ဆောင်ကြသေးသည်။ သို့ရာတွင် ကိုဟာန်ကသူလိုက်ပါသွားလျှင် အခြားဂျူးလူမျိုး များအီဂျစ်နိုင်ငံမှ ထွက်ခွါရေးတွင် အခက်အခဲ နှောင့်နှေးမည်စိုးသောကြောင့် နေရစ်သည်။ မည်သို့ပင်ဖြစ်စေ၊ မကြာမီ သူလိုက်ခဲ့မည်ဟု ကတိပေးလိုက်သည်။

၁၉၄၈ ခုနှစ် စစ်ပွဲပြီးဆုံးသည့်အချိန်ကာလတွင်၊ အီဂျစ်နိုင်ငံ၌ ဂျူးလူမျိုး၃၀၀၀၀၀ နေထိုင်ခဲ့ကြသော်လည်း ၁၉၅၁ခုနှစ်တွင် အီဂျစ်နိုင်ငံရှိဂျူးလူမျိုးဦးရေမှာ တစ်သန်းမျှသာ ကျန်တော့သည်။

၁၉၅၁ခုနှစ်တွင် အီဂျစ်မှ ဂျူးလူမျိုးများများစားစား ပြည်ပသို့ အလျင်အမြန် ပို့ဆောင်နိုင်ရေးအတွက် အစ္စရေးနိုင်ငံမှ အကူအညီတစ်ယောက် ထပ်မံရောက်ရှိလာပြန်သည်။ ထိုသူသည်မော့ဆက်၏ ထိပ်သီးအေးဂျင့် အဗရာဟာင်ဒါဆိုသူဖြစ်လေသည်။

♦ ♦ ♦ ♦ ♦

~ မြိတ်စာပေ ~

## အခန်း (၄)

အဗရာဟင်ဒါသည် မော့ဆက်လျှို့ဝှက်ထောက်လှမ်းရေးအတွက် အီဂျစ်တွင်နေထိုင်ကြသော ဂျူးအမျိုးသား လူငယ်လူရွယ်များကို ရွေးချယ်ခဲ့သည်။ ထိုလူငယ်များထဲတွင်ကိုဟန်ကို ထိပ်ဆုံးနေရာတွင်သတ်မှတ်ထားသည်။ ထိုအချိန်အခါ၌ ကိုဟန်၏အသက်မှာ (၂၇)နှစ်မျှရှိနေလေပြီ။ အဗရာဟင်ဒါ ရွေးချယ်ခဲ့သော လူငယ်များထဲတွင် မာစယ်လီ နီနီယို ဆိုသော အမျိုးသမီးတစ်ယောက်လည်း ပါဝင်ခဲ့သည်။မာစယ်လီ၏အသက်မှာ(၂၄)နှစ်ဖြစ်ပြီး၊ အိုလံပစ်အားကစားမယ် တစ်ဦးဖြစ်သည်။

မာစယ်လီသည် ကိုဟန်၏တိတ်တခိုး ချစ်သူဖြစ်သည်။ သူမသည် ကိုင်ရိုမြို့တော်၏ ပါတီပွဲများတွင် ထင်ရှားသောမိန်းမချောလေး တစ်ယောက်ဖြစ်သည်။ အားကစားမယ်တစ်ဦးလည်း ဖြစ်သောကြောင့် ကိုယ်လုံးကိုယ်ပေါက်က ကြန့်ခိုင်ဖွံ့ဖြိုး၊ အချိုးအဆစ် ကျနပြေပြစ်သည်။ ကိုင်ရိုမြို့ရှိ အီဂျစ်သူဌေးသူကြွယ်များသည် ပါတီပွဲများ မကြာခဏကျင်းပလေ့ရှိသည်။ ထိုပါတီ

ပွဲများသို့ ပါတီကျင်းပသူများက မာစယ်လီကို အရေးပေးဖိတ်ကြားတတ်သည်။ မာစယ်လီသည် ပါတီပွဲတွင် ရေပန်းစားသူဖြစ်သည့်အလျောက်၊ အီဂျစ်အရာရှိများနှင့်ရင်းနှီးနေသည်။ ကိုဟန်သည် ဂျူးလူမျိုးများကို အီဂျစ်နိုင်ငံမှ ပါလက်စတိုင်းသို့ ရွှေ့ပြောင်းပို့ဆောင်ရေး လှုပ်ရှားမှုများကို ဆောင်ရွက်စဉ်ကာလအတွင်း ငွေကြေးဖေါဖေါသီသီသုံးစွဲ၍ အီဂျစ်အရာရှိကြီးများကို ရင်းရင်းနှီးနှီး ပေးကမ်းပေါင်းသင်းခဲ့ဖူးသည်။

ထိုအီဂျစ်အရာရှိကြီးများထဲတွင် အချို့က ပါတီပွဲသို့တက်ရောက်လာသောမာစယ်လီနှင့်ကိုဟန်ကို မိတ်ဆက်ပေးခဲ့သည်။ထိုအချိန်မှစ၍ ကိုဟန်သည်မျက်လုံးနက်နက်၊ ဆံပင်နက်နက်ဖြစ်သော မာစယ်လီကို မြင်မြင်ချင်း စွဲလန်းခဲ့ရသည်။ မာစယ်လီကလည်း ဖေါ်ရွေပြီးမွန်မွန်ရည်ရည်နှင့် သိမ်သိမ်မွေ့မွေ့နှစ်လိုဖွယ်ရာ ကောင်းသောကိုဟန်နှင့် မကြာခဏစကားလက်စုံကျရာမှ သံယောဇဉ်တွယ်လာကြသည်။

ပါတီပွဲတစ်ခုအတွက် မာစယ်လီကိုဖိတ်ကြားခဲ့သည်နှင့် တပြိုင်နက် မာစယ်လီက ကိုဟန်ဆီသို့ဖုန်းဆက်လေ့ရှိသည်။

'ဒီနေ့ည ဒရီးမ်ဂါးဒင်းမှာ ကျင်းပမဲ့ အန်ကယ်မောရစ်ရဲ့ ပါတီပွဲမှာ တွေ့ကြရအောင်'

'ဒါပေမယ့် . . မစ္စတာမောရစ်က တို့ကိုမဖိတ်ပဲနဲ့ သွားလို့ကောင်းပါ့မလား' ကိုဟန်က မတင်မကျ ပြောလိုက်သည်။

'သူမေ့နေလို့ဖြစ်မှာပေါ့။ ဘာပဲဖြစ်ဖြစ် မာစယ်လီရဲ့ အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်အဖြစ်နဲ့ ကိုဟန်ကိုမာစယ်လီကိုယ်တိုင် ခေါ်သွားမှာပေါ့။ ဘာလဲ ကိုဟန်ကမလိုက်ချင်လို့လား'

ဖုန်းထဲမှ မာစယ်လီ၏ မကျေမနပ်သံ၊

'အရမ်းလိုက်ချင်တာပေါ့မာစယ်လီ၊ မင်းနဲ့ဆိုရင် ကမ္ဘာ့အပြင်ဘက်ကို သွားရမယ်ဆိုရင်တောင် ကိုဟန်မငြင်းဘူး သိလား'

ကိုဟန်က အလွန်အကျွံ တင်စားလိုက်သည်။

'ဟင်း. . . သူပိုပြီ၊ ဒါဆို. . . ညခုနှစ်နာရီတိတိ မာစယ်လီ ကားနဲ့ လာခေါ်မယ်နော်၊ ကိုဟန်အဆင်သင့် စောင့်နေ . . . ဟုတ်လား'

'စိတ်ချ၊ မာစယ်လီ စိတ်တိုင်းကျဖြစ်စေ့ရမယ်'

မာစယ်လီသည် ကိုင်ရိုမြို့တော်ရှိ အရာရှိကြီးများ၊ လူချမ်းသာကြီးများ၏ သားများ၏ ရင်းနှီးကျွမ်းဝင်စေရန် ကြိုးစားချဉ်းကပ်မှုကို ပါးပါးနပ်နပ် ရှောင်တိမ်းခဲ့ဖူးသည်။ ကိုဟန်နှင့်တွေ့သောအခါတွင် စိတ်လှုပ်ရှားစရာ အကောင်းဆုံး အမျိုးသားတစ်ယောက်အဖြစ်၊ တတွဲတွဲဖြစ်သွားသည်။ သူမ၏ ပင်ကိုယ်စိတ်အနေနှင့် စိတ်လှုပ်ရှားမှုကို ခံစားတတ်သူဖြစ်သည်။ ကိုဟန်နှင့် တွေ့ဆုံဆက်ဆံမိသည့် အခါတိုင်း၊ သည်းထိပ်ရင်ခုန်စရာ ကောင်းသောအမျိုးသားတစ်ယောက်ဟူ၍ ယုံကြည်မိသည်။ ထို့ကြောင့်ကိုဟန်နှင့်စုံတွဲကသည့် အခါမျိုးတွင် အထိအတွေ့များနှင့် သိမ်မွေ့သောစကားသံများကို သာယာမိသည်။ စင်စစ်အားဖြင့် မာစယ်လီနှင့်ကိုဟန်သည် သာမန်မိတ်ဆွေအဆင့်ကို ကျော်လွန်၍ ချစ်သူအဆင့် မကျတကျအခြေအနေမျိုးသို့ ရောက်ရှိနေကြသူများဖြစ်သည်။ မော့ဆက်ထိပ်သီးအေးဂျင့် အဗရာဟင်ဒါ၏ အစီအစဉ်အရ ထက်မြက်တက်ကြွသော လူငယ်လူရွယ်များကို ထောက်လှမ်းရေးလုပ်ငန်းအတွက် စည်းရုံးနေချိန်တွင် ကိုဟန်ကမာစယ်လီကို နှစ်ယောက်ချင်းချိန်းတွေ့၍ သိမ်းသွင်းခဲ့သည်။

ဒါဆို. . . . ကိုဟန်နဲ့အတူတူတွဲပြီး မော့ဆက်လျှို့ဝှက်ထောက်လှမ်းရေး တာဝန်ကို လှုပ်ရှားရမှာပေါ့နော် ဟုတ်လားဟင်. . .'

'ဟုတ်တယ်မာစယ်လီ၊ တို့အဲဒီတာဝန်ကို လျှို့ဝှက်ထမ်းဆောင်နေခဲ့တာ ကြာပြီ' ကိုဟန်က အမှန်အတိုင်းဝန်ခံလိုက်သည်။

မာစယ်လီ၏ အပြုံးကတောက်ပလာသည်။

'ကျွန်မ. . . ကိုဟန်ကို စတွေ့ကတည်းက သိပ်သိပ်သည်းသည်း ကျစ်ကျစ်လစ်လစ်နေတတ်တဲ့ ကိုဟန်ဟာ စပိုင်တစ်ယောက်များဖြစ်နေမလား လို့ထင်မိတယ်၊ ကိုဟန်စကားပြောတဲ့အခါတိုင်းမှာလည်း ဘယ်တော့မှ လက်

လွတ်စပယ် ပြောလေ့မရှိဘူး၊ ထိန်းထိန်းသိမ်းသိမ်း ဆင်ဆင်ခြင်ခြင်ပြောလေ့ ရှိတာကို သတိထားမိတယ်။ ဒါကြောင့် ကျွန်မအမြင်အာရုံထဲမှာ ကိုဟန်ကတ ခြားလူငယ် အမျိုးသားတွေထက် ပိုပြီးထူးခြားနေတယ်'

'ဒါဆို. . . တို့နဲ့အတူတွဲပြီး မောင်ဆက်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ ကြီးက ပေးတဲ့တာဝန်မှန်သမျှ ဆောင်ရွက်ဖို့ စဉ်းစားနော်၊ အဖြေရရင် တို့ကို ပြောပြ. . . ဟုတ်လား'

ကိုဟန်က သူမကိုအကဲခတ်ရင်း ပြောသည်။

မာစယ်လီ ဦးခေါင်းခါပြသည်။

'စဉ်းစားစရာ မလိုတော့ပါဘူး ရှင်ရယ်'

'ဘာဖြစ်လို့. . . . '

ကိုဟန်က ပြာပြာသလဲ မေးလိုက်သည်။

'အဲဒီလိုမျိုး စပိုင်အလုပ်ကို ကျွန်မငယ်ငယ်ကတည်းက အရမ်းစိတ်ဝင် စားနေတာပါ'

ဒါဆို. . . မာစယ်လီရဲ့ အဖြေက. . . '

ကိုဟန်စကားမဆုံးမီ၊ မာစယ်လီက အပြုံးသဲ့သဲ့ဖြင့် ဖြတ်ပြောသည်။

'ဟောဒီ ကိုဟန်နဲ့လက်တွဲပြီး လှုပ်ရှားရမယ်ဆိုရင် ကမ္ဘာအပြင်ကို သွားဖို့တောင် ဝန်မလေးဘူး၊ ရှင်းလား'

မာစယ်လီက ချစ်စဖွယ်အမူအရာလေးနှင့် ပြောသည်။

ကိုဟန်ကသူမ၏ ပုခုံးနှစ်ဘက်ကို ငြင်သာစွာကိုင်၍ ကိုယ်ချင်းထိ ကပ်လိုက်သည်။ မာစယ်လီက သူမရင်ခွင်ကို မှီတွယ်လျက် မျက်နှာလေးမော့ လာသည်။ ထို့နောက်ညင်သာသော အနမ်းပွင့်ကလေးများ ဖြစ်ပေါ်လာတော့ သည်။ ထိုအချိန်မှစ၍ ကိုဟန်၏ထောက်လှမ်းရေး တာဝန်တချို့တွင် လျှို့ဝှက် စွာ ပါဝင်ဆောင်ရွက်ခဲ့သည်။

နောက်ထပ်လ အနည်းငယ်အတွင်း၌ ကိုဟန်နှင့်အတူ၊ အီဂျစ်အမျိုး သားငါးယောက်တို့ကို ထောက်လှမ်းရေးဆိုင်ရာနှင့်၊ လက်နက်ကိုင်တွယ်အသုံး

ပြုနည်းသင်တန်းကို တက်ရောက်ရန်၊ အစ္စရေးနိုင်ငံသို့ ပို့လိုက်သည်။ သုံးလ ပြည့်မြောက်သောအခါ အီဂျစ်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသည်။ ထို အခါတွင် သူသည် မော့ဆက်အေးဂျင့်တစ်ယောက်ဖြစ်သော ကက်ပတိန် မတ်ခ်ဘင်းနက်၏ လက်အောက်သို့ ရွှေ့ပြောင်းအမှုထမ်းရသည်။

မတ်ခ်ဘင်းနက်သည် ကိုဟန်တို့သင်တန်းတက် နေချိန်အတော အတွင်း၊ အီဂျစ်တန်ပြန် ထောက်လှမ်းရေးသမားများလက်မှ လွတ်မြောက်ရေး အတွက် ရှောင်တိမ်းပုန်းအောင်းနေခဲ့ရသေးသည်။ သို့ရာတွင်ကိုဟန် အစ္စရေး မှပြန်ရောက်လာသည့်အခါတွင်၊ မတ်ခ်ဘင်းနက်သည် အီဂျစ်နိုင်ငံတွင် ဖွင့်လှစ် ထားသော ဖို့ဒ်မော်တော်ကားအေးဂျင့်တွင် အတိုင်ပင်ခံတစ်ယောက်အဖြစ် ဆောင်ရွက်နေသည်ကို တွေ့ရကြသည်။ ကိုဟန်သည် မော့ဆက်၏တာဝန် ပေးချက်အရ ရေဒီယိုအသံဖမ်း၊ အသံလွှင့်သူတစ်ယောက်အဖြစ် တာဝန်ထမ်း ဆောင်ခဲ့ရသေးသည်။ သူ၏သတင်းပို့ချက်များမှာ တစ်ကြိမ်နှင့်အမှားအယွင်း မရှိ တိကျသေချာသည်။ နောက်တစ်ကြိမ် အမှား ပြင်ဆင်ချက် ထပ်မံသတင်း ပို့စရာ မလိုပါချေ။ ထို့ကြောင့် အစ္စရေးနိုင်ငံရှိ မော့ဆက်ထောက်လှမ်းရေး အကြီးအကဲများ၏ ချီးကျူးခြင်းကို ခံခဲ့ကြရသည်။

ထိုအတောအတွင်းတွင် အီဂျစ်နိုင်ငံတွင် နိုင်ငံရေးအခြေအနေ အ ပြောင်းအလဲများဖြစ်လာသောကြောင့် မော့ဆက်လုပ်ငန်းများကို ရပ်ဆိုင်း ထားလိုက်ရသည်။ ၁၉၅၂ခုနှစ် ဇူလိုင်လအတွင်းတွင် အီဂျစ်ဂျင်နရယ်တစ်ဦး ဖြစ်သော မိုဟာမက်နီဂစ်က အာဏာယူလိုက်သည်။ ဖာရိုးဘုရင်ကို ဖယ်ရှားလိုက်ပြီး သက်ဦးဆံပိုင်စနစ်ကို ဖျက်သိမ်းကာ အီဂျစ်သမတနိုင်ငံ အဖြစ် ကြေငြာခဲ့သည်။ အီဂျစ်အစိုးရသစ်အနေဖြင့် သက်တမ်း၂နှစ်မပြည့်မီ ၁၉၅၄ခုနှစ် အောက်တိုဘာလတွင် ဂျင်နရယ် မိုဟာမက်နီရွှမ်ထံမှ အာဏာကို လက်ဖတင်နင် ကာနယ်ဂမားအပ္ပဒူလ်နက်ဆာက သိမ်းပိုက်ခဲ့သည်။ ဗြိတိသျှ အစိုးရသည် အီဂျစ်အစိုးရသစ်နှင့် ချစ်ကြည်မှု ရရှိစေရန် အီဂျစ်လေတပ်အ တွက် တိုက်လေယာဉ်သစ်များ ဖြည့်တင်းပေးခဲ့သည်။ အမေရိကန်နိုင်ငံခြား

ရေးဝန်ကြီး ဒါးလက်စ်က အာရပ်တို့ကို ထောက်ခံသည့် ပေါ်လစီကျင့်သုံးရန် သမတအိုက်ဆင်ဟာဝါကို တွန်းအားပေးနေသည်။

ထိုအတောအတွင်း အစ္စရေးထောက်လှမ်းရေးတာဝန်ခံမှာ ကာနယ် ဘင်ယာမင် ဂစ်ဘလီ ဖြစ်သည်။ သူသည် ဗြိတိသျှတို့နှင့် အီဂျစ်နိုင်ငံတို့၏ ဆက်ဆံရေးသည် အစ္စရေးနိုင်ငံအပေါ်တွင် ခြိမ်းခြောက်မှု ဖြစ်စေသည် ဟူ၍ နားလည်ထားသည်။ ထိုဖြစ်ရပ်ကိုဖယ်ရှားရန် စီမံကိန်းတစ်ခုကို ကာနယ် ဘင်ယာမင် ကိုယ်တိုင်ရေးဆွဲလိုက်လေသည်။

စင်စစ်အားဖြင့် ထိုစီမံကိန်းမှာ ရက်စက်ကြမ်းကြုတ်ပြီး တရားဥပဒေ နှင့် မသိလျော်ပါချေ။ ကိုင်ရိုမြို့နှင့်အယ်လက်ဇန်းဒရီးယားမြို့များတွင် ရှိနေ သော ဗြိတိသျှ၊ အမေရိကန်ပိုင် အဆောက်အဦးများကို ဖျက်စီးစေပြီး၊ လန်ဒန် နှင့်ဝါရှင်တန် အစိုးရအနေနှင့် အီဂျစ်ဆန့်ကျင်ရေးသဘောထားများ ပေါ် ပေါက်လာစေရန်၊ သွေးထိုးမှုဖြစ်သည်။ ထိုစီမံချက်ကို နာဇီအက်စ်၊ အက်စ် အရာရှိဟောင်း ဟန်ဆောင်ထားသူ ပေါလ်ဖရင့်နှင့်မိုဒီရှိုင်းတို့က အကောင်အ ထည်ဖော်ရန်တာဝန်ယူခဲ့ကြသည်။ ပေါလ်ဖရင့်က အီဂျစ်နိုင်ငံသားဂျူးလူ ငယ်များကိုစေခိုင်းရာ၊ပထမတွင်ဂျူးလူငယ်များက ခါးခါးသီးသီးငြင်းဆန်ခဲ့ ကြသေးသည်။ သို့ရာတွင်နောက်ဆုံးတွင် လိုက်နာလုပ်ဆောင်ကြရသည်။ ထိုအခါ အယ်လက်ဇန်းဒရီးယားမြို့နှင့် ကိုင်ရိုမြို့များရှိ အမေရိကန်ပြန်ကြား ရေးဌာနဆိုင်ရာ အဆောက်အဦးများ ဗုန်းဖေါက်ခွဲခံရသည်။ အဖျက်လုပ်ငန်း လုပ်ဖူးသောကြောင့် အမှားအယွင်းများ ဖြစ်ပေါ်လာခဲ့သည်။ ဂျူးလူငယ်အုပ်စု ထဲမှ ဖီးလစ်နာဆန်ဆင် အဖမ်းခံရသည်။ အသေးစားဗုန်းများကို သူ၏ဂျာကင် အကျီအတွင်းအိတ်ထဲတွင်တွေ့ရှိရသောကြောင့်ကိုင်ရိုရဲတပ်ဖွဲ့ကဖမ်းဆီးခြင်း ဖြစ်သည်။ ဖီးလစ်နေထိုင်ရာ အိမ်ခန်းကို ရှာဖွေကြသောအခါ၊ စာရွက်စာတန်း များနှင့်ဗုန်းလုပ်သော ပစ္စည်းများ ဖမ်းမိသည်။ ထို့ပြင်ဆက်လက်ဖေါက်ခွဲမည့် ပစ်မှတ်အဖြစ်ရထားသောနေရာ၊ အဆောက်အဦးဓါတ်ပုံများလည်း သိမ်း ဆည်းခဲ့သည်။ အီဂျစ်တန်ပြန်ထောက်လှန်းရေးသမားများက ဖီးလစ်ကိုနှိပ်စက်

စစ်ဆေးသောအခါ ဖီးလစ်ကသူ့ကိုယ်သူ ကွန်မြူနစ်တစ်ယောက်ဖြစ်ကြောင်း နှင့်မော်စကိုတွင် လေ့ကျင့်ခဲ့ပြီး၊ စပိုင်အဖွဲ့တစ်ဖွဲ့၏ ညွှန်ကြားချက်အရ ဆောင် ရွက်ခြင်းဖြစ်သည်ဟု လမ်းလွှဲဖြေဆိုခဲ့လေသည်။ သို့ရာတွင် အီဂျစ်တန်ပြန် ထောက်လှမ်းရေးများက ဖီးလစ်၏အမေကို ဖမ်းဆီးထားပြီး၊ မကြာမီအတော အတွင်းပစ်သတ်တော့မည်ဖြစ်ကြောင်း ပြောပြလိုက်ကြသည်။ ထိုအခါကျမှ ဖီးလစ်က. . . သူနှင့်ပတ်သတ်ဆက်နွယ်ခဲ့သမျှ မော့ဆက်လျှို့ဝှက်ထောက် လှမ်းရေး၏ တာဝန်ပေးစေခိုင်းမှုအရ လှုပ်ရှားရမည့် ဂျူးလူငယ်စာရင်းကို ပြည့်ပြည့်စုံစုံ ဖေါ်ထုတ်ပြောပြလိုက်သည်။

အီဂျစ်ရဲတပ်ဖွဲ့သည်ထိုစာရင်းကို မိတ္တူပွားလိုက်ပြီးရဲတပ်ဖွဲ့အင်အား ဖြန့်လိုက်သည်။ ထို့နောက် မော့ဆက်ထောက်လှမ်းရေး အီဂျစ်နိုင်ငံအတွင်း၌ လှုပ်ရှားကြမည့် ဂျူးလူငယ်များ၏ စာရင်းအရ ရှာဖွေဖမ်းဆီးရန် စုံစမ်းလေ တော့သည်။

ကိုဟန်၏ချစ်သူ မာစယ်လီသည် အီဂျစ်အုပ်ချုပ်ရေး အရာရှိကြီးများ၊ ရဲအရာရှိကြီးများနှင့် အကျွမ်းတဝင် ရင်းနှီးနေသူတစ်ယောက်ဖြစ်သည်။ ထိုအ ရာရှိကြီးများက မာစယ်လီကို အရိပ်အမြွက်မျှ သတိပေးခဲ့ကြသည်။ ထို့ကြောင့် မာစယ်လီသည် ရက်သတ္တပတ် အတော်ကြာကြာ အဖမ်းမခံရပဲ လွတ်မြောက် နေခဲ့သည်။

မည်သို့ပင်ဖြစ်စေ၊ သူမသည် လျှို့ဝှက်စွန့်စားမှုနှင့် စိတ်လှုပ်ရှားမှုကို ဝါသနာပါသောကြောင့် မော့ဆက်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ဝင် ကိုဟန် နှင့်ပူးတွဲဆောင်ရွက်မှုများ ရှိခဲ့သည်။ သို့ရာတွင် စပိုင်များတန်ပြန်ထောက်လှမ်း ရေးများနှင့် ပတ်သတ်သောလှုပ်ရှားမှုများကို အတွေ့အကြုံ မရှိခဲ့ပါချေ။

ထို့ကြောင့် တစ်နေ့တွင် စတိုးဆိုင်တစ်ဆိုင်သို့ သွားစဉ်၊ အီဂျစ်တန် ပြန်ထောက်လှမ်းရေးအဖွဲ့ဝင်တို့၏ နောက်ယောင်ခံလိုက်နေကြခြင်းကို သတ် မထားမိပါချေ။ တန်ပြန်ထောက်လှမ်းရေးသမားများက မာစယ်လီကို ချက်ချင်း ဖမ်းဆီးနိုင်သော အခြေအနေတွင် ရှိနေသော်လည်း၊ အရေးမပါသောသူတစ်

ယောက် ဖြစ်နေသောကြောင့် လွှတ်ထားသည်။ သူမမှတစ်ဆင့် (တန်ပြန်ထောက်လှမ်းရေးအတွက်) သူလျှိုတစ်ယောက်ကို ဆက်သွယ်သောအခါကျမှ ဖမ်းဆီးရန် အခွင့်အရေးပေးထားခြင်းဖြစ်သည်။

မာစယ်လီသည် သူတို့မျှော်လင့်ထားသည့်အတိုင်း၊ အီဂျစ်တွင် အဓိကကျသော မော့ဆက်လျှို့ဝှက်ထောက်လှမ်းရေး တာဝန်ခံ မတ်ခ်ဘင်နက်နှင့် သွားတွေ့သည်။ ထိုအခါအီဂျစ်တန်ပြန်ထောက်လှမ်းရေးများက မတ်ခ်ဘင်းနက်၏ဌာနချုပ်ကို လျှပ်တစ်ပြက် ဝင်ရောက်စီးနင်းလိုက်ကြသည်။

ထိုအချိန်တွင် မတ်ခ်ဘင်းနက်သည် မာစယ်လီရရှိလာသော လျှို့ဝှက်သတင်းများကို အစ္စရေးနိုင်ငံ တယ်လ်အဗီသို့ ရေဒီယိုအသံလွှင့်စက်ဖြင့် သတင်းပို့ရန် စီစဉ်နေဆဲဖြစ်သည်။ ထို့ကြောင့် မတ်ခ်ဘင်းနက်နှင့်အတူ မာစယ်လီကိုပါ ဖမ်းဆီးမိသွားသည်။ ပေါလ်ဖရန်နှင့် အဗရာဟင်ဒါတို့သည် ထိုသတင်းကို ကြားသိခဲ့သည်နှင့် တပြိုင်နက် အီဂျစ်နိုင်ငံပြင်ပသို့ ထွက်ပြေးလွတ်မြောက်သွားကြသည်။

ကိုဟန်သည် သူတို့နှင့်အတူ ထွက်ပြေးနိုင်ခွင့်ရရှိသော်လည်း သူ၏ချစ်သူ မာစယ်လီဖမ်းမိသွားသောကြောင့်၊ အီဂျစ်နိုင်ငံအတွင်း၌သာ ပုန်းအောင်းလျက် မာစယ်လီလွတ်မြောက်ရေးအတွက် ကယ်တင်နိုင်ရန် အကြံထုတ်နေခဲ့သည်။

အီဂျစ်တန်ပြန်ထောက်လှမ်းရေးတပ်ဖွဲ့သည် အီဂျစ်နိုင်ငံအတွင်း၌ လှုပ်ရှားကြမည့် လူငယ်စုစုပေါင်း(၁၁)ယောက်ကို ဖမ်းဆီးနိုင်ခဲ့သည်။ ထို (၁၁) ယောက်နှင့်အတူ မတ်ခ်ဘင်းနက်နှင့် မာစယ်လီတို့ကို နည်းမျိုးစုံဖြင့် ကမ်းကုန်အောင်နှိပ်စက် စစ်ဆေးကြသည်။ မခံမရပ်နိုင်သည့်အဆုံးတွင် မတ်ခ်ဘင်းနက်က သူ့လက်ကောက်ဝတ်သွေးကြောကို ဖြတ်တောက်၍ လွတ်လမ်းရှာသွားသည်။

ကိုဟန်၏ချစ်သူ မာစယ်လီသည် ၁၉၅၄ခုနှစ် နွေရာသီကာလတစ်လျှောက်လုံး ညှင်းပမ်းနှိပ်စက်၍ စစ်ဆေးမှုဒဏ်မှ လွတ်မြောက်ရေးအတွက်

နည်းလမ်းရှာဖွေခဲ့သည်။ အီဂျစ်တန်ပြန်ထောက်လှမ်းရဲတပ်ဖွဲ့ဝင်များက ပြူတင်းပေါက်ဖွင့်ထားသော နှစ်ထပ်အဆောက်အဦး၏ အပေါ်ထပ်ရုံးခန်းတွင် မာစယ်လီကိုစစ်မေးနေကြသည်။ စာပွဲရှည်ကြီးတစ်လုံး၏ နောက်တွင် စစ်မေးသူအီဂျစ်တန်ပြန်ထောက်လှမ်းရေး ရဲအရာရှိလေးဦးက ဘေးချင်းတန်းလျက်ထိုင်နေကြသည်။ သူတို့စားပွဲရှေ့တွင် မာစယ်လီကို လက်နောက်ပစ်၍ လက်ထိပ်ခတ်ထားသည်။ ရုံးခန်းတံခါးပေါက်တွင် လက်နက်ကိုင်အစောင့်ချထားသည်။

'မင်းကို ငါတို့အရမ်းအံ့ဩတယ်။ ချမ်းချမ်းသာသာ စည်းစိမ်နဲ့နေနိုင်ရဲ့သားနဲ့၊ ဘယ်သူကသွေးဆောင်လို့ မှော့ဆက်လူငယ်အဖွဲ့ စာရင်းဝင်ဖြစ်သွားရတာလဲ၊ မင်းကိုသွေးဆောင်တာဘယ်သူလဲ'

အရာရှိတစ်ဦးက ခပ်ပြုံးပြုံးမေးသည်။

မာစယ်လီက ကိုဟန့်မျက်နှာကို မြင်ယောင်မိသည်။

သို့ရာတွင် ဘာတစ်ခွန်းမှ မဖြေ၊ နှုတ်ခမ်းကိုတင်းတင်းစေ့ထားသည်။

'မင်း မဖြေရင် ဖြေအောင်လုပ်တဲ့နည်းလမ်းတွေ တို့မှာအများကြီးရှိတယ်နော်၊ ဖြေလိုက်ရင် မင်းကို သက်သက်ညှာညှာ စဉ်းစားပေးမယ်'

မာစယ်လီက မေးမြန်းသူကို စူးစူးရဲရဲ ပြန်ကြည့်နေသည်။

'ပါတီပွဲတွေမှာ မင်းနဲ့တွဲနေတဲ့ အယ်လီကိုဟန်လား'

သူမက ခပ်သွက်သွက်ခေါင်းခါပြသည်။

'အဲဒီကိုဟန် ဘယ်ရောက်နေလဲ၊ သူဘယ်မှာရှိမလဲ'

'ကျွန်မ မသိဘူး၊ သိရင်လည်းမပြောဘူး'

မာစယ်လီက တင်းမာစွာ ပြောလိုက်သည်။

'ဒါဆိုရင် မင်းဝေဒနာတွေ ခံစားဖို့ ဆုံးဖြတ်ထားလိုက်ပြီပေါ့ ဟုတ်လား'

သူမက ဦးခေါင်းငုံ့ထားလိုက်သည်။ နက်မှောင်အိထွေးသော ဆံပင်နက်များက သူမ၏မျက်နှာကို ဖုံးကွယ်သွားသည်။ စစ်ဆေးနေသူအရာရှိက

သူမထံသို့ အေးဆေးတည်ငြိမ်စွာလျှောက်လာသည်။ ထိုသူက. . . .

'မင်းတို့ ခေါင်းဆောင်မတ်ခ်ဘင်းနက်ကို မင်းကဘာသတင်းတွေ ပေးခဲ့သလဲ' ဟူ၍ နီးနီးကပ်ကပ် မေးလိုက်သည်။

မာစယ်လီက ဆက်လက်၍ ခေါင်းငုံ့နေဆဲပင်၊

'ငါမေးနေတာကိုဖြေစမ်း မာစယ်လီ၊ အခုအချိန်မှာ မင်းဟာ အထက်တန်းလွှာမှာ ကျင်လည်နေတဲ့၊ မိန်းမချောတစ်ယောက် မဟုတ်တော့ဘူး။ တစ်နေ့နေ့ တစ်ချိန်ချိန် သေဒဏ်ပေးခံရတော့မယ့် သူလျှိုအကျဉ်းသားဖြစ်နေပြီ မင်းရဲ့ ရှိရှိသမျှ မာနတွေကို ခဝါချလိုက်တော့၊ ငါမေးတာဖြေရင် သက်သာမယ် နားလည်လား'

မာစယ်လီ မတုန်မလှုပ်။

'မတ်ခ်ဘင်းနက်ကို မင်းဘာသတင်းတွေ ပေးခဲ့သလဲ၊ အဲဒီသတင်းတွေကို မင်းဘယ်သူဆီက ရလာတာလဲ'

ထိုအရာရှိက တစ်ခွန်းချင်းပီပီသသ မေးသည်။

မာစယ်လီက ဦးခေါင်းငုံ့လျက်သား ငြိမ်နေသည်။

အရာရှိက မချင့်မရဲဖြစ်လာသည်။ မာစယ်လီ၏ မေးစေ့ကိုကိုင်၍ မျက်နှာကိုပင့်မလိုက်ရင်း. . . . 'ငါ့ကို သေချာကြည့်ပြီး ဖြေစမ်း' ဟု ဝေါက်လိုက်သည်။ မာစယ်လီသည် အရာရှိနှင့်မျက်နှာချင်းဆိုင်မိသည်နှင့် တပြိုင်နက် အရာရှိ၏မျက်နှာကို တံတွေးဖြင့် ပက်. . . . ကနဲ ထွေးလိုက်သည်။ ထိုနောက် ရုတ်တရက် သွက်လက်သောခြေလှမ်းများဖြင့် ပြတင်းပေါက်ရှိရာသို့ တစ်ဟုန်ထိုး ပြေးသွားသည်။

'ဟေး. . . ဟေး မိန်းကလေး မလုပ်နဲ့'

နောက်မှ တစ်စုံတစ်ယောက်က လှမ်းအော်သည်။ရုံးခန်းတံခါးပေါက်တွင်စောင့်နေသော လုံခြုံရေးအစောင့်က မာစယ်လီထံသို့ ပြေးလာသည်။ သို့ရာတွင် အစောင့်နောက်ကျသွားသော်။ မာစယ်လီသည် ပြတင်းပေါက်ဘောင်ပေါ်သို့တက်၍ တစ်ရှူးထိုး ခုန်ချလိုက်လေသည်။

မြိတ်စာပေ

မထင်မှတ်ပဲ ဖြစ်သွားသော ဖြစ်ရပ်တစ်ခုပင်။

မာစယ်လီသည် အောက်ထပ်ပြူတင်း၌ မိုးရေကာဖျင်နှင့်အမိုးနိမ့်လျှောလုပ်ထားသော အမိုးပေါ်သို့ ကျပြီးမှ၊ သံမံတလင်း ပလက်ဖောင်းသို့ လျှောကျသွားသည်။ ထို့ကြောင့် မသေနိုင်ပဲ ဆေးရုံသို့ ချက်ချင်းပို့လိုက်ကြသည်။ အချိန်မီ အီဂျစ်ဆရာဝန်များ၏ ကုသမှုကြောင့် ပြန်လည်ကောင်းမွန်ခဲ့သည်။

မာစယ်လီနှင့်အတူ မော့ဆက်မှ တာဝန်ပေးခြင်းခံခဲ့ကြရသောလူငယ် (၁၁)ယောက်ကို ၁၉၅၄ခုနှစ် အောက်တိုဘာလအတွင်း၌ ခုံရုံးတင်၍ စစ်ဆေးခဲ့ကြသည်။ အမှန်အကန်ထွက်ဆိုကြသူများအား ပြစ်ဒဏ်လျှော့မပေးမည်ဟု အီဂျစ်ရဲထောက်လှမ်းရေးက လှည့်ဖြားခဲ့သည်။ ထို့ကြောင့် တရားသူကြီးထံတွင် သူတို့ကသိသမျှ မထိန်မချန်ပဲ အမှန်အတိုင်း ထွက်ဆိုခဲ့ကြသည်။

မာစယ်လီတစ်ယောက်သာလျှင် တရားသူကြီးနှင့် ခုံရုံးအဖွဲ့ဝင်များကို မချေမငံပြန်ပြောသည်။ သူမကို မော့ဆက်လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့ဝင်များနှင့်ထိပ်သီးအေးဂျင့်များ အကြောင်းနှင့် ပတ်သက်၍ သိသမျှဖြေဆိုရန် တရားသူကြီးက သတိပေးသည်။

'ကျွန်မ ကိုယ်တိုင်က မော့ဆက်ထိပ်သီးစပိုင်တစ်ယောက်ပဲ၊ ရှင်တို့ ကြိုက်သလိုစီရင်နိုင်တယ်။ အခုလို ကျွန်မကိုမော့ဆက်တစ်ယောက် အဖြစ်နဲ့ သေဒဏ်ပေးခံရတာကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါတယ်။ ကျွန်မတို့ရဲ့ ဂျူးလူမျိုးတွေအတွက် ဆောင်ရွက်ခဲ့လို့ ရရှိလာတဲ့ ဆုလာဘ်တစ်ခုလို့ ခံယူပါတယ်'

မာစယ်လီက ရဲရဲရင့်ရင့် ပြောလိုက်သည်။

၁၉၅၅ခုနှစ် ဇန်နဝါရီ (၁)ရက်နေ့တွင်၊ သူတို့အားလုံးကို ဘတ်-အယ်လ်-ဟယ်လက် အကျဉ်းထောင်အပြင်ဘက် မြေကွက်လပ်တွင် တည်ဆောက်ထားသော ကြိုးစင်တွင် ကြိုးဒဏ်စီရင်ခဲ့လေသည်။ ထိုသို့ကြိုးဒဏ်စီ

ရင်ခြင်းကို ပရိသတ်နှစ်ရာကျော်က စိတ်ထိခိုက်စွာဖြင့် လာရောက်ကြည့်ရှုခဲ့ကြသည်။ ထိုပရိသတ်အထဲတွင် ရုပ်ဖျက်ထားသော ကိုဟန်လည်း ပါဝင်နေသည်။ သူသည်မာစယ်လီအတွက် ကြေကွဲဝမ်းနည်းမှုကို ဆို့နင့်စွာ ခံစားခဲ့ရသည်။

* * *

❧ ပြီတ်စာပေ ❧

## အခန်း (၅)

အယ်လီကိုဟန်သည် သူ့အဆက်အသွယ်များထံမှ စုံစမ်းရရှိသော သတင်းများကို အစ္စရေးနိုင်ငံ တယ်လ်အဗီရှိ မော့ဆက်လျှို့ဝှက်ထောက်လှမ်း ရေးအဖွဲ့သို့ ဆက်လက်ပေးပို့နေဆဲ ဖြစ်သည်။ ယခုအခါတွင် သူသည်သူ၏ ချစ်သူသေဒဏ်ခံရပြီးသည့် နောက်ပိုင်း၌ ကိုင်ရိုမြို့မှ ပြောင်းရွှေ့ခဲ့ပြီး၊ အယ်လက်ဇန်းဒရီးယားမြို့တွင် လျှို့ဝှက်စွာ အခြေချ၍သတင်းပေး တာဝန်ကို ဆောင်ရွက်နေခြင်းဖြစ်သည်။ သူ့ထံတွင် အစ္စရေးနိုင်ငံမှ ရရှိ ထားသောရေဒီယိုအသံလွှင့်၊ အသံဖမ်းစက်ကလေးတစ်လုံးဖြင့် လှုပ်ရှားဆောင်ရွက်နေသည်။ သူပေးပို့သော သတင်းများအနက် အီဂျစ်နိုင်ငံထဲသို့ ရောက်ရှိနေကြသော နာဇီအက်စ် အက်စ် အရာရှိဟောင်းများ၏ အကြောင်းမှာ စိုးရိမ်စရာဖြစ်နေသည်။

ဂျာမန်ဂျင်နရယ် ရွမ်းမဲလ်၏ တပ်မဟာမှ ဂျာမန်စစ်သားများသည် ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင်၊ အီဂျစ်နိုင်ငံသို့ ပြောင့်ရွှေ့ နေထိုင်ကြသည်။

ထိုဂျာမန်များထဲတွင် နာဇီအရာရှိဟောင်းများလည်း ရောနှော ပါလာခဲ့ကြသည်။ သူတို့ကို အီဂျစ်နိုင်ငံများမှ တရားဝင်ခိုလှုံခွင့်ပေးထားသည်။ ကိုဟန်ပေးပို့ခဲ့သော သတင်းများထဲတွင် ထိုနာဇီအရာရှိဟောင်းများသည် အီဂျစ်အစိုးရအဖွဲ့အား ဩဇာသက်ရောက်မှု ရှိနေသည်ဟူ၍ပါရှိခဲ့သည်။ မကြာမီအချိန်ကာလအတွင်း ထိုနာဇီများက အီဂျစ်အစိုးရအဖွဲ့တွင် ချယ်လှယ်လွှမ်းမိုးနိုင်ရန်ကြိုးစားလာကြသည်။ အထူးသဖြင့် နာဇီဂက်စတာပို များသည် ထောက်လှမ်းရေးနှင့်ပြည်တွင်းလုံခြုံရေးဌာနကို ဖွဲ့စည်း၍ နက်ဆာအစိုးရ၏ ' နိုင်ငံတော်လုံခြုံရေးအဖွဲ့ ' တွင် ပါဝင်လာကြသည်။

တစ်ချိန်က ဟစ်တလာ၏ ကိုယ်ရံတော်တပ်ဖွဲ့နှင့် ဝါဆောဂက်စတာပိုအဖွဲ့၏ ခေါင်းဆောင်ဖြစ်ခဲ့သော လီယိုပိုးဂလိန်းသည် 'အလီနက်ရှာ' ဟုအမည်ပြောင်းခဲ့သည်။ သူသည် မာစယ်လီအပါအဝင် ကြီးဒဏ် စီရင်ခံခဲ့ရသော မော့ဆက်လူငယ်များကို နှိပ်စက်ညှင်းပမ်း စစ်ဆေးသူ များထဲတွင် ဦးဆောင်သူဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းကဆိုလျှင် ဂလိန်းသည် ဂတ်စတာပိုဂျင်နရယ် ဟိန်းနရစ် ဟင်းမလား၏ ညာလက်ရုံးတစ်ယောက်ဖြစ်ခဲ့ဘူးသည်။ နောက်ပိုင်းတွင် အီဂျစ်နိုင်ငံအတွင်း၌ အကျဉ်းစခန်းများ တိုးချဲ့ဖြစ်ပေါ်လာခဲ့သောအခါ၊ နာဇီအက်စ်၊ အက်စ် တပ်ဖွဲ့၏မေဂျာ ဖြစ်ခဲ့ဘူးသော ဂျိုအာချင်မ်ဒါအမ်လင်းက နာဇီသုံ့ပန်းစခန်းများ၏ ပုံစံအတိုင်းဦးဆောင် တည်ဆောက်ခဲ့သည်။ ၁၉၅၄ခုနှစ်အတွင်းက ထိုအကျဉ်းစခန်တစ်ခုအတွင်း၌ ကိုဟန်ကို ခေါ်ဆောင်စစ်ဆေး မေးမြန်းခဲ့ဖူးသည်။ သို့ရာတွင် ကိုဟန်သည် ထိုအချိန်တွင် အဆက်အသွယ်ကောင်း၍ ပေါက်ရောက်နေသူဖြစ်သောကြောင့် အီဂျစ်အရာရှိများ၏ ထောက်ခံချက်ဖြင့် လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။ ထိုအကျဉ်းစခန်းများ တည်ဆောက်နေမှုနှင့်ပတ်သတ်၍ အနောက်ဘာလင်မှ အလုပ်သမားသမဂ္ဂ ခေါင်းဆောင်တစ်ဦးက. . . .

'နက်ဆာဦးဆောင်နေတဲ့ အီဂျစ်ဟာ နာဇီလက်သစ်တွေ မွေးဖွားပေးတဲ့ နိုင်ငံဖြစ်နေပြီ' ဟူ၍ ထောက်ပြခဲ့သည်ကို မည်သူမျှ မငြင်းခဲ့ကြပါချေ။

၁၉၅၆ခုနှစ် အောက်တိုဘာလထဲတွင် စူးအက်စစ်ပွဲ ကာလအတွင်း၊ အစ္စရေးနိုင်ငံသည် ဗြိတိသျှနှင့် ပြင်သစ်တို့ကို အခြေအနေအရ ပူးပေါင်း၍ အီဂျစ်တို့နှင့် စစ်ဖြစ်ခဲ့ရသည်။ ထို့ကြောင့် အီဂျစ်နိုင်ငံတွင်ကျန်ရှိနေသော ဂျူးလူမျိုး ၄၅၀၀၀ ၏အခြေအနေမှာ ဆိုးရွားလာလေသည်။ ဂျူးလူမျိုးများကို ရပ်ကွက်သီးသန့်ထားပြီး ဒုက္ခအမျိုးမျိုးပေး၍ စိတ်ဆင်းရဲစရာ ဖန်တီးခဲ့ကြသည်။ ထိုလုပ်ရပ်သည် နာဇီတို့၏ ခေတ်အတွင်းက ဂျူးလူမျိုးများခံခဲ့ရသည့် အတိုင်းပင်ဖြစ်နေသည်။

ထို့ကြောင့် စူးအက်စစ်ပွဲပြီးဆုံးသည်နှင့် တပြိုင်နက် အီဂျစ်နိုင်ငံရှိ ဂျူးလူမျိုးများကို အစ္စရေးနိုင်ငံသို့ အသည်းအသန်ပို့ဆောင်ကြသည်။ ထိုအချိန်တွင် ဂျူးလူမျိုးတစ်သောင်းနီးပါး ပြောင်းရွှေ့ရောက်ရှိသွားကြသည်။ သို့ရာတွင် အီဂျစ်နိုင်ငံတွင် မွေးဖွားခဲ့ပြီး သက်ကြီးရွယ်အို ဖြစ်နေကြသော ဂျူးများသာ ကျန်နေသည်။

စူးအက်စစ်ပွဲ အဆုံးသတ်ပြီးနောက် တစ်လအကြာတွင် ကိုဟန် အဖမ်းခံရပြန်သည်။ သူ့အနေနှင့် ဇီယွန်ဝါဒကို ဘာသာရေးအရ ယုံကြည်သူဖြစ်ကြောင်း၊ စစ်ဆေးသူများကို တည်ငြိမ်စွာ ရှင်းပြခဲ့သောကြောင့် လက်ခံသွားသည်။ ကိုဟန်၏ကိုယ်တိုင်လှုပ်ရှားဆောင်ရွက်မှုကို သက်သေအထောက်အထားခိုင်မာစွာ မတွေ့ရှိရသောကြောင့် အကျဉ်းစခန်းတွင် သုံးပတ်ကြာ နေထိုင်ခဲ့ရသည်။

ဖမ်းဆီးစစ်ဆေးသူများက ကိုဟန်ကို ပြည်နှင်ဒဏ်ပေးမည်ဖြစ်ကြောင်း ပြောပြခဲ့ကြသည်။ သို့ရာတွင်သူသည် အခြားဂျူးလူမျိုးများကဲ့သို့ ဝမ်းမြောက်ဝမ်းသာ လက်မခံ၊ အီဂျစ်နိုင်ငံတွင် ဆက်လက်နေထိုင်ခွင့်တောင်းခဲ့သည်။ ထိုအခါ သက်ဆိုင်ရာအီဂျစ်အရာရှိများက အံ့ဩသွားကြသည်။ မည်သို့ပင်ဖြစ်စေ၊ သူ၏တောင်းဆိုချက်ကို ပယ်ချလိုက်ကြသည်။ ၁၉၅၆ခုနှစ်ဒီဇင်ဘာလ(၂၀)ရက်နေ့တွင် ကိုဟန်ကို အယ်လက်ဇန်းဒရီးယားမြို့၏ ဆိပ်ကမ်းတွင်ဆိုက်ကပ်ထားသော ကြက်ခြေနီအဖွဲ့၏ သင်္ဘောသို့ တင်ပေးလိုက်လေ

သည်။ သူ့တွင်ခရီးဆောင်သေတ္တာတစ်ခုနှင့် အီဂျစ်သုံးငွေကြေး နည်းနည်းပါ
လာသည်။ ကိုဟန်၏ပတ်စ်ပို့တွင် 'အီဂျစ်နိုင်ငံသို့ ပြန်လာခွင့်မပြု' ဟူသော
တံဆိပ်ရိုက်နှိပ်ထားသည်။ သူသည်ချစ်သူမာစယ်လီ သေဆုံးကျန်ရစ်ခဲ့သော
အီဂျစ်မြေနှင့် ခွဲခွါခဲ့ရသောကြောင့် လွမ်းမောကြေကွဲခဲ့ရသည်။ သူလိုက်ပါ
လာသော သင်္ဘောသည် အီတလီပြည် နေပယ်လ်မြို့သို့ ရောက်ရှိသွားခဲ့သည်။

သင်္ဘောပေါ်မှ ဆင်း၍ထိုမြို့တွင် ခေတ္တစောင်းဆိုင်းနေရသည်။ အစ္စ
ရေးနိုင်ငံသို့သွားကြမည့် ခရီးသည်တို့မှာ များပြားလှသည်။ အစ္စရေးအစိုးရ၏
ခွင့်ပြုချက်အရ ရောက်လာမည့်သင်္ဘောများကို ကိုဟန်နီးတူစောင့်ဆိုင်းနေ
ကြခြင်းဖြစ်သည်။

ကိုဟန်က အညံ့စားဟိုတယ် တစ်ခုဖြစ်သော ဂျီနိုအာဟိုတယ်တွင်
တည်းခို၍ ရက်သတ္တတစ်ပတ်ကြာအောင် စောင့်ဆိုင်းခဲ့ရသည်။ သို့ရာတွင်
သူ့အနေနှင့် စိတ်ပျက်ငြီးငွေ့ခြင်း မဖြစ်ပေါ်မိ၊ တစ်ခါတစ်ရံမှသာ အတွေးတစ်ခု
ပေါ်လာတတ်သည်။ အကယ်၍မာစယ်လီနှင့် အတူအစ္စရေးနိုင်ငံသို့ ပြန်ရခြင်း
ဖြစ်ပါက အလွန်ပျော်စရာကောင်းမည်. . . ဟူသော အတွေးမျိုးဖြစ်သည်။
မည်သို့ပင်ဖြစ်စေ ကိုဟန်သည် အစ္စရေးနိုင်ငံသို့ရောက်လျှင် ကွဲကွာနေခဲ့ရ
သော မိဘ၊ ညီအစ်ကိုမောင်နှမနှင့် ပြန်လည်ဆုံတွေ့ရတော့မည်. . . . ဟု
စိတ်ချမ်းသာစရာ အတွေးသို့ ပြောင်းလဲပစ်လိုက်သည်။ သေသူကို မှန်းဆ၍
နွမ်းလျနေခြင်းမှာ အဓိပ္ပါယ်မရှိ. . . . ဟူသော အယူအဆဖြင့် ကြိုးစားဖယ်
ရှားလိုက်ရသည်။ ထိုအခါကျမှသာ သူ၏စိတ်က လွတ်လပ်ပေါ့ပါးသွားသည်။

ရက်သတ္တပတ်တစ်ပတ်မျှ အကြာတွင် ကိုဟန်သည် အီတလီနိုင်ငံ၏
ကုန်တင်သင်္ဘော 'ဖီးလစ် ဂရင်မ်မွန်နီ'နှင့် လိုက်ပါလာခဲ့သည်။ ထိုသင်္ဘော
သည် 'ဟစ်ဖာ'ဆိပ်ကမ်းသို့ ဖေဖဝါရီလ (၁၂)ရက်နေ့ကျမှ ရောက်ရှိခဲ့သည်။
ကိုဟန်၏ကြိုးပမ်းစွမ်းဆောင်မှုကြောင့် အီဂျစ်နိုင်ငံမှ ဂျူးလူမျိုးထောင်ပေါင်း

များစွာသည် ယခုအခါတွင် အစ္စရေးနိုင်ငံသို့ ရောက်ရှိနေကြပြီ ဖြစ်သည်။ သူတို့က ကိုဟန်ကိုကျေးဇူးတင် ဝမ်းမြောက်စွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။ သူတို့နှင့်ပြန်လည် ဆုံတွေ့ရခြင်းသည် ကိုဟန်အဖို့ ဝမ်းမြောက်ဝမ်းသာ ပီတိ ဖြစ်ရသည်။

သို့ရာတွင် သူ၏ကြီးကျယ်သောလုပ်ရပ် ဖြစ်ပေါ်မလာသေးချေ။

* * *

ကိုဟန်အနေနှင့် ကုန်တင်သင်္ဘောနှင့် လိုက်ပါလာကြသော အခြား ဂျူးများနည်းတူ ဟိုင်ဖါဆိပ်ကမ်းသို့ ဆင်းသက်ကြသောအခါကျမှ အစ္စရေးနိုင် ငံသားတစ်ယောက်အဖြစ် ကြေငြာသည့် စာရွက်စာတမ်းများ ရရှိခဲ့သည်။ ကိုဟန်သည် အသက် ၃၂နှစ်ပြည့်သောအခါကျမှ အစ္စရေးနိုင်ငံသား ဖြစ်ခဲ့ ရသည်။

ရောက်ရောက်ချင်း သူ့အနေနှင့် အထာမကျသေးချေ။ ပြည်ပနိုင်ငံ တစ်ခုသို့ ရောက်ရှိနေသူတစ်ယောက်ပမာ ဖြစ်နေသည်။ အီဂျစ်နိုင်ငံတွင် ရှိနေစဉ်က သူ၏မိသားစုနှင့် စာချင်းအဆက်မသွယ် မရှိခဲ့ပါချေ။ အစ္စရေးနိုင်ငံ နှင့် စာအဆက်မသွယ်ပြုသူများကို အီဂျစ်အစိုးရက သေဒဏ်အပြစ်ပေးသည်။ ထို့ကြောင့် ကိုဟန်သည် သူ့မိသားစုနှင့် ခြောက်နှစ်ကြာသည့်တိုင် စာအဆက် အသွယ်မရှိခဲ့သဖြင့် သူ့မိသားစု နေထိုင်ရာရပ်ကွက်ကို ရှာဖွေရန် မလွယ်ကူပါ ချေ။

သို့ရာတွင် သူ့ညီ မောရစ်၏လိပ်စာ သူ့မှာရှိသည်။

တယ်လ်အဗီမြို့၏ ဆင်ခြေဖုံးရှိ ရမ်မက်ဂင်ရပ်ကွက်သို့ ကိုဟန် ရောက်သွားသောအခါ သူ့ညီအိမ်တွင် မရှိခဲ့ပါချေ၊ အိမ်နီးချင်းတစ်ဦးက ကိုဟန်ကို စူးစမ်းသော အကြည့်ဖြင့်ကြည့်သည်။

'မောရစ် ဘယ်သွားလဲဗျာ'

ကိုဟန်လှမ်းမေးသည်။

'ဘယ်သွားလဲ မသိဘူးဗျ၊ ခင်ဗျားက မောရစ်ရဲ့ အစ်ကိုထင်တယ် ဟုတ်လား'

အိမ်နီးချင်းက ဇဝေဇဝါဖြင့် မေးသည်။

'ဟုတ်ပါတယ်၊ ကျွန်တော်နာမည် ကိုဟန်ပါ၊ အယ်လီကိုဟန်'

'ထင်တော့ ထင်သားပဲ၊ ခင်ဗျားကမောရစ်နဲ့ ရုပ်ချင်းနဲနဲ ဆင်တယ်၊ အီဂျစ်ကရောက်လာတာကြာပြီလား' အိမ်နီးချင်းက အားရပါးရ မေးသည်။

'ဒီနေ့ပဲရောက်တာပါ၊ ကျွန်တော့မိဘတွေ ဘယ်မှာနေလဲ မသိလို့

မောရစ်ကို မေးမလို့လာခဲ့တာ'

'ဒါဆို ကျွန်တော်သိတယ်၊ ခင်ဗျားတို့မိသားစုက ဘက်ယမ်ရပ်ကွက်မှာနေတယ်၊ အဲဒီရပ်ကွက်က တယ်လ်အဗီမြို့ရဲ့ တောင်ဘက်မှာ၊ ခင်ဗျား ဒီကနေ တောင်စူးစူးကို လျှောက်သွား၊ ဘယ်မှမချိုးမကွေ့နဲ့၊ လုံးဝ မမှားနိုင်ဘူး။ ဘက်ယမ်ရက်ကွက် ရောက်တာနဲ့ 'ကိုင်ရိုအာဇာနည်လမ်း'ကိုမေးပြီး ဝင်သွား၊ ခင်ဗျားဂရဲ့အမေနဲ့အဖေ နာမည်ပြောလိုက်ရင် လူတိုင်းသိတယ်၊ သူတို့က ဆက်ပြီးညွှန်ပြလိမ့်မယ်'

သူညွှန်ပြသည့်အတိုင်း ကိုဟန်ဆက်သွားခဲ့သည်။

ကိုဟန်၏လက်ထဲတွင် ခရီးဆောင်သေတ္တာတစ်လုံးသာပါသည်။

အိမ်နီးချင်း ပြောလိုက်သော ဘက်ယမ်ရက်ကွက်ကို ခက်ခက်ခဲခဲမရှာခဲ့ရပါချေ၊ သဲကုန်းပြင်ပေါ်မှရက်ကွက်တစ်ခုဖြစ်သည်။ 'ကိုင်ရိုအာဇာနည်လမ်း' ၏ အဆုံးလမ်းထိပ်ရှိ သူ့မိဘများနေထိုင်သော တိုက်ကလေးမှာ အဖြူရောင် ခေတ်မီပုံစံဖြစ်သည်။ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ကြိုးပေးအသတ်ခံခဲ့ရရှာသော ကိုဟန်၏ သူငယ်ချင်း လုပ်ဖော်ကိုင်းဖက်များကို 'ကိုင်ရိုအာဇာနည်လမ်း'ဟု အမည်ပေးထားခြင်း ဖြစ်သည်။ ထိုသူငယ်ချင်းများထဲတွင် သူ၏ချစ်ဦးသူ မာစယ်လီ လည်းတစ်ယောက် အပါအဝင်ဖြစ်ခဲ့သည်။ ဤလမ်းတွင် နေထိုင်သမျှကာလပတ်လုံး ကိုဟန်အတွက် အတိတ်တစ္ဆေ ခြောက်လှန့်သလိုမျိုး ခံစားရလေ့ရှိသည်။ ဤလမ်းသို့ ပထမဆုံးရောက်ရှိစဉ် ကိုဟန်က တိုက်ဖြူလေးရှေ့တွင် ရပ်တည်လိုက်သည်။ သူသည်အိမ်ထဲသို့ ချက်ချင်းမဝင်သေးချေ။

တိုက်ရှေ့မှ အိမ်ထဲသို့ ရပ်ကြည့်လိုက်နေသည်။

သူ၏ညီအငယ်ဆုံး အဘရာဟင်က အိမ်ထဲမှ ထွက်လာသည်။

'ခင်ဗျား ဘယ်သူလဲ၊ ဘယ်သူ့ကိုတွေ့ချင်လို့လဲ'

ဟူ၍ အကဲခတ်သော အကြည့်ဖြင့် မေးသည်။

သူ၏ညီအငယ်ဆုံးနှင့် သူသည် အသက်(၂၀)နှစ်မျှကွာသည်။ ကိုဟန် က အဘရာဟင်ကို မမှတ်မိသည့်နည်းတူ၊ အဘရာဟင်ကလည်း

ကိုဟန်ကို မမြင်ဘူးသည့် အကြည့်ဖြင့် ခပ်စိမ်းစိမ်းကြည့်နေသည်။

'ငါတွေ့ချင်တာ ဒေါ်ဆိုဖီ ဆိုတဲ့အမျိုးသမီးကြီး တစ်ယောက်ပါ'

ကိုဟန်ကပြောင်ချော်ချော်ဖြင့် ဖြေလိုက်သည်။

အဘရာဟင်က ကိုဟန်ကိုမျက်တောင်မခတ်ကြည့်နေလျက်ဖြင့် အိမ်တွင်းသို့လှမ်းအော်ပြောလိုက်သည်။ အဘရာဟင်၏အသံကြောင့် ကိုဟန်၏မိခင်က အိမ်ရှေ့သို့ထွက်လာသည်။ စူးရှတောက်ပသော နေရောင်ကို လက်ဖြင့်ကွယ်၍ ကြည့်လိုက်သည်။ ထို့နောက် သူမ၏မျက်နှာတစ်ခုလုံး ဝင်းထိန်သွားသည်။

'သား. . . သား ကိုဟန်'

ဝမ်းမြောက်ဝမ်းသာ လှိုက်လှဲစွာဖြင့် သူမ၏လက်နှစ်ဘက်ကို ဆန့်တန်းလိုက်သည်။ ကိုဟန်က သူ့အမေထံသို့ အပြေးသွားသည်။ အနီးသို့အရောက်တွင် သူ၏လက်ထဲမှ ခရီးဆောင်သေတ္တာကို လွှတ်ချလိုက်ပြီး၊ အမေ့ရင်ခွင်ထဲသို့ တိုးဝင်သွားသည်။

ကိုဟန်အမေက ပီတိဟုန် တစ်သိမ့်သိမ့်ဖြင့် သားဖြစ်သူကိုဟန်ကို အားရပါးရဖက်ထားရှာသည်။ ပီတိမျက်ရည်များကျလျက်၊ သူမ၏တစ်ကိုယ်လုံး တုံယင်နေသည် ။

'ရှော . . . ဒီမှာ ဘယ်သူရောက်နေသလဲ မြန်မြန်လာကြည့်စမ်းပါဦး'

ကိုဟန်အမေက အိမ်တွင်းသို့ လှမ်းပြောသည်။

ညီအငယ်ဆုံး အဘရာဟင်က ကိုဟန်နှင့် သူ့အမေ ဖြစ်အင်ကို ကြောင်တက်တက်ဖြင့် ငေးကြည့်နေသည်။ ထိုအခိုက်အတန့်တွင်၊ ကိုဟန်၏အမေ အိမ်အတွင်းမှာ ထွက်လာသည်။ သူဇနီး၏ ရင်ခွင်တွင်း၌ မျက်ရည်များနှင့် ကိုဟန်ကိုတွေ့လိုက်ရသောအခါ အတိုင်းမသိ ဝမ်းသာနေသည်။

အဖေဖြစ်သူက သားအမိအနီးသို့ လျှောက်သွားသည်။

သား၏ကျောကို ယုယစွာ ပွတ်သပ်ပေးသည်။

'လာ. . . အိမ်ထဲသွားကြစို့၊ အိမ်ထဲကျမှ အေးအေးဆေးဆေး ပြော

ကြတာပေါ့ကွာ'

ထိုအခါကျမှ အမေနှင့်သား ကိုယ်ချင်းခွာလိုက်သည်။ ဖခင်က သား၏ပုခုံးကို ဖက်၍အိမ်ထဲသို့ဝင်ရန် ခြေလှမ်းပြင်ရင်း၊ ငေးကြည့်နေလျက်ပင်ရှိသေးသော သားအငယ်ဆုံးကို သတိပြုမိလိုက်သည်။

'ဟေး. . . အဘရာဟင်၊ ဒါ မင်းအစ်ကို ကိုဟန်လေကွာ၊ မမှတ်မိတော့ဘူးလား'

အဖေ့စကားသံကြောင့် အဘရာဟင်က ပြေးဖက်သည်။

အိမ်ထဲမှ ညီအစ်ကိုမောင်နှမများ ကိုဟန်အနီးသို့ ဝိုင်းအုံလာကြသည်။ စုပြုံ၍ကိုဟန်ကို ကြည့်ကြသည်။ တစ်ယောက်တစ်ခွန်းပေါက် ဝမ်းသာအားရမေးခွန်းသောင်းခြောက်ထောင် မေးကြသည်။ ကိုဟန်က အလိုက်သင့် ဖြေနေရသည်။

'ကဲ. . . သားတို့ သမီးတို့ မေးချင်တာတွေ ခဏရပ်ထား၊ သားကြီး ခရီးပန်းလာတယ်၊ ခဏနားပြီး ရေချိုးပါစေဦး၊ ရေချိုးပြီးရင် အဆင်သင့်စားဖို့ အမေတို့ခူးခပ် ပြင်ဆင်ထားပေးမယ်နော်'

အမေက လူစုခွဲလိုက်သည်။

ထိုအခါကျမှ ကိုဟန် သက်သာရာရသွားသည်။

xxxxxxxxxxx

ကိုဟန်သည် မိဘများအိမ်သို့ ရောက်ရှိနေထိုင်စဉ်ကာလ တစ်လျှောက်လုံး စကားများများမပြောခဲ့ပါချေ။ မိဘများ အစ္စရေးနိုင်ငံသို့ ရောက်နေစဉ်အတောအတွင်း သူဘာတွေလှုပ်ရှားဆောင်ရွက်ခဲ့သည်။ ဘယ်လိုဖြစ်ရပ်မျိုးများနှင့် ကြုံတွေ့ရခဲ့ရသည်၊ ဘာ့ကြောင့် ချက်ချင်းကြီး အစ္စရေးသို့ ပြန်ရောက်လာသည် စသောအကြောင်းများကို ပြည့်ပြည့်စုံစုံ ပြောမပြခဲ့ပါချေ။

သူ၏ အနေအထိုင်၊ အပြောအဆိုသိပ်သည်း ကျစ်လစ်နေသည်။ မိဘအနေနှင့်လည်း ကိုဟန်မပြောလိုသော အကြောင်းအရာများနှင့် အဖြစ်အပျက်များကို မရမကမမေးမြန်းကြတော့ချေ၊ အလိုက်သိစွာဖြင့်နေထိုင်ဆက်

ဆံကြသည်။ ကိုဟန်နှင့်ပက်သက်၍ သူ၏ညီဖြစ်သူ မောရစ်က. . .

'ကျွန်တော်အစ်ကို အခြေအနေက ဘာနဲ့တူသလဲဆိုရင် ဘဝ. . ဆိုတဲ့စာမျက်နှာတွေကို ပိတ်ထားတဲ့ စာအုပ်တစ်အုပ်ဖြစ်နေတယ်။ သူလုပ်ခဲ့တဲ့ အေးဂျင့်ကိစ္စတွေကို ဘယ်လိုမှ စပ်စုလို့မရဘူး၊ သူ့အတွေးအခေါ် အကြံအစည်တွေ အားလုံးကို မီးခံသေတ္တာလိုမျိုး သူ့ရင်ထဲမှာပဲ လျှို့ဝှက်သိမ်းဆည်းသော့ခတ်ထားလိုက်တယ်'

. . . . . ဟူ၍မှတ်ချက်ချခဲ့ဘူးသည်။

မိဘညီအစ်ကို မောင်နှမများ အသိုင်းအဝိုင်းသည် တစ်ကိုယ်တည်း အချိန်ကာလကြာမြင့်စွာ နေလာခဲ့သော ကိုဟန်အတွက် တစ်ခါတစ်ရံ ဘောင်မဝင်၊ အံမကျသလို ဖြစ်နေတတ်သည်။ သို့ရာတွင် သူသည် အားလပ်ရက်များကို အကျိုးမဲ့ဖြုန်းတီးသူ မဟုတ်ပါချေ။ ဟီဘရူးဘာသာစကား နှင့်ဂရိစကားများကို လေ့ကျင့်ဆည်းပူးခဲ့သည်။ ယခင်ကကျွမ်းကျင်ခဲ့ဖူးသောဂျာမန်စကားနှင့်အီတာလျံစကားများလည်း ပိုမိုကျွမ်းကျင်စေရန် လေ့ကျင့်သည်။ ကျောင်းနေစဉ်က ဝါသနာထုံခဲ့သော သင်္ချာနှင့် အီလက်ထရွန်းနစ်ဘာသာရပ်ဆိုင်ရာ စာအုပ်များကို ရှာဖွေဖတ်ရှုဆည်းပူးခဲ့သည်။ တစ်ခါတစ်ရံ ကင်မရာတစ်လုံးဖြင့် အစ္စရေးနိုင်ငံရှိ နေရာအနှံ့အပြားသို့ ခရီးထွက်လေ့ရှိသည်။ သူ့မိဘများအိမ်၏ ထောင့်ခန်းတွင် ဓါတ်ပုံကူးဆေးရန် အမှောင်ခန်းတစ်ခုကို ဖန်တီးပြီး သူရိုက်ခဲ့သော ဓါတ်ပုံများကို ကိုယ်တိုင်ကူးဆေးလေ့ရှိသည်။

မိဘနှင့်ညီအစ်ကို မောင်နှမများသည် ကိုဟန်နှင့်လပေါင်းများစွာ အတူနေထိုင်လာခဲ့ကြသောအခါ၊ သူ၏အထာကို သိလာကြသည်။ သူ့ဝါသနာနှင့်သူ လွတ်လွတ်လပ်လပ် လုပ်နေခြင်းကိုခွင့်လွှတ်ထားလိုက်ကြသည်။ ထို့ကြောင့်. . . ကိုဟန်၏မိသားစုသည် ကိုဟန်အတွက် စိတ်အနှောက်အယှက် ဖြစ်စရာအကြောင်း မရှိပါတော့ချေ။

တစ်ချိန်က အီဂျစ်နိုင်ငံတွင် ပုန်းလျှိုးကွယ်လျှိုးနေခဲ့ရသည်။ တယ်လ်ဗီသို့ သတင်းပေးပို့ရသော မော့ဆက်လျှို့ဝှက် ထောက်လှမ်းရေးတာဝန်များကို

ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ အထက်အဖွဲ့အစည်းမှ ခေါင်းဆောင်များ၏ ချီးကျူးခြင်းကို ခံခဲ့ရသောကိုဟန်သည် ယခုအခါလွပ်လပ်နေလေပြီ။

♦ ♦ ♦ ♦

မြိတ်စာပေ

## အခန်း (၆)

အစ္စရေးနိုင်ငံသို့ ကိုဟန်ရောက်ခဲ့သည်မှာ တစ်နှစ်ပြည့်လုပြီ။

၁၉၅၇ခုနှစ်ကုန်ဆုံးကာနီး အချိန်ဖြစ်သည်။ ထိုအချိန်ကာလတွင် မောဆက်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့အစည်းကို အီဆာဟာရယ်က တာဝန်ခံဆောင်ရွက်နေသည်။ အီဂျစ်နိုင်ငံတွင် ကိုဟန်၏လှုပ်ရှားမှုများကို မောတက်အဖွဲ့ဝင်များက ကိုဟန်၏မိသားစုများထက် ပိုမိုသိထားကြသည်။ သူ၏စွမ်းရည်များကိုလည်း အလေးအနက် အသိအမှတ်ပြုထားကြသည်။

ထို့ကြောင့် ကိုဟန်အား တန်ပြန်ထောက်လှမ်းရေး အလုပ်တစ်ခုအတွက် ဆောင်ရွက်ရန်အစ္စရေးနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ရာထားခဲ့သည်။ ထို့နောက်ကိုဟန်ကို လုပ်ငန်းနှင့် ပက်သတ်၍ကြိုတင်လေ့လာ ခိုင်းထားသည်။ အာရပ်နိုင်ငံထုတ် သတင်းစာများကို ဟီဘရူးဘာသာသို့ ပြန်ဆိုစေသည်။ အာရပ်ခေါင်းဆောင်များ၏ ဝါဒသဘောထားများကို လေ့လာသုံးသပ်သော စာတန်းများကို ပြုစုခိုင်းသည်။ ထိုအလုပ်များကို ကိုဟန်ကဝါသနာမပါ

ချေ၊ စာပွဲ ကုလားထိုင်နှင့် ထိုင်၍ ရေးသားပြန်ဆိုနေရသော အလုပ်ကိုငြီးငွေ့လာသည်။

ထို့ကြောင့်သူက အထက်အရာရှိနှင့် သွားတွေ့သည်။

'ကျွန်တော် ရုံးထိုင်ရတဲ့ အလုပ်ကို မလုပ်ပါရစေနဲ့တော့'

ကိုဟန်ကို သူ၏အထက်အရာရှိက အံ့ဩနေသည်။

'မင်းဟာ တစ်ချိန်က အီဂျစ်နိုင်ငံမှာ ထိပ်တန်းစပိုင်တစ်ယောက်လို သက်စွန့်ဆံဖြား‌ဆောင်ရွက်ခဲ့ဖူးတာ တို့သိတယ်။ ဒါကြောင့် အခုလို ရုံးခန်းတစ်ခုနဲ့ အေးအေးဆေးဆေး အန္တရာယ်ကင်းကင်းနေရာ ပေးထားတာကွ၊ ဒါထက် မင်းက ဘာဖြစ်ချင်တာလဲ၊ မင်းဆန္ဒက ဘာများလဲ'

'ကျွန်တော် အီဂျစ်မှာတုန်းကလို စွန့်စားရတဲ့ ထောက်လှမ်းရေးအလုပ်မျိုးပဲ လုပ်ချင်ပါတယ်'

ကိုဟန်က တဲ့တိုးပြောချလိုက်သည်။

အထက်အရာရှိက ခတ္တမျှ စဉ်းစားနေသည်။

'မင်းသိထားဖို့ တစ်ခုပြောပြမယ်၊ တို့ရဲ့မော့ဆက်အဖွဲ့အစည်းကြီးမှာ လိုက်နာကျင့်သုံးနေရတဲ့ မူဝါဒရှိတယ်၊ အဲဒီအချက်က . . . . ကိုယ့်ဟာကိုယ် ဘာလုပ်ချင်ပါတယ် ဆိုတဲ့ တောင်းဆိုချက်မှန်သမျှကို ဘယ်တော့မှ မလိုက်လျောရဘူး. . . ဆိုတဲ့ အချက်ပဲ၊ တို့ပေးတဲ့ တာဝန်ကိုသာ ထမ်းဆောင်ရမယ်၊ မလုပ်နိုင်ရင် ထွက်ပေတော့ ဒါပဲ'

အထက်အရာရှိက ပြတ်သားတင်းမာစွာပြောသည်။

ကိုဟန်ရှက်စိတ်ကြောင့် မျက်နှာတစ်ခုလုံးထူပူသွားသည်။ ထို့ကြောင့် အရာရှိရုံးခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ အပြန်လမ်းတစ်လျှောက်လုံး တစ်ချိန်က အစ္စရေးနိုင်ငံအတွက် မော့ဆက်အတွက်သာ အသက်ရှင်နေသူတစ်ယောက်ဟူ၍ သူ့ကိုယ်သူ သတ်မှတ်ထားပြီး ၊ အီဂျစ်နိုင်ငံတွင် ကြိုးစင်နှင့်နီးနီးကပ်ကပ်လှုပ်ရှားခဲ့ရသည်များကို ပြည်လည်စဉ်းစားမိသည်။ သူ၏ဘဝသက်တမ်းတစ်လျှောက်လုံး စပိုင်အလုပ်ဖြင့် အချိန်ဖြုန်းခဲ့မိသည်. . . . ဟုခံပြင်း

စိတ် ဖြစ်ပေါ်လာသည်။

ထို့ကြောင့် သူသည်မောဆက်အဖွဲ့မှ ထွက်စာတင်ခဲ့သည်။

ကူးသန်းရောင်းဝယ်ရေးဆိုင်ရာနှင့် ပတ်သတ်၍ ဒီပလိုမာရရှိသည် အထိ လေ့လာလိုက်စားခဲ့သည်။ ဒီပလိုမာရရှိပြီးနောက် စားကုန်သောက်ကု ရောင်းဝယ်ရေးဆိုင်များတွင် စာရင်းကိုင်အလုပ်လုပ်ခဲ့သည်။ စီးပွားရေးလု ငန်းနှင့်ပတ်သတ်၍ ထူးချွန်လာသော ကိုဟာန်ကို သက်ဆိုင်ရာမှ စားသောက် ကုန်အရောင်းဆိုင်များတွင် စစ်ဆေးရသည့် စစ်ဆေးရေးအရာရှိ တစ်ယောက် အဖြစ်သို့ ခန့်ထားလိုက်သည်။ တစ်နိုင်ငံလုံးရှိ စားသောက်ဆိုင်များသို့ သွာ ရောက်စစ်ဆေးခြင်း၊ ငွေကြေးနှင့်ပတ်သတ်သော ကိစ္စများကိုလည်း စည်းကမ် စနစ်တကျဖြစ်စေရန် ဆောင်ရွက်ခြင်း . . . . စသဖြင့် လုပ်ကိုင်ခဲ့ရာမှာ နာ မည်ရလာသည်။ သူသည်အလုပ်တာဝန်မှလွဲ၍ မည်သူကိုမှ တရင်းတနှီးဆက် ဆံလေ့မရှိပဲ၊ အလုပ်သဘောအရသာ ပေါင်းသင်းဆက်ဆံခဲ့သည်။ ထို့ကြောင့် သူ့ကို အလုပ်ခန့်သော ကုမ္ပဏီကြီးအတွက် အကျိုးသက်ရောက်လာသည်။ ထိုအခါကိုဟာန်အတွက်လည်း အခြေအနေကောင်းမွန်လာသည်။

ထိုအတောအတွင်း ကိုဟာန်အတွက် မေတ္တာဇာတ်လမ်းတစ်ခု အစ ပျိုးလာလေသည်။ တစ်ချိန်ကသူ၏ နှလုံးသားတွင် ကမ္ပည်းထိုးခဲ့သော မာစယ် လီသည် ယခုအခါတွင် ပျောက်ကွယ်စ ပြုနေလေပြီ။ မာစယ်လီနှင့် ရုပ်ရည်သဏ္ဍာန်ချင်းတူသော ချစ်စဖွယ်မိန်းမပျိုတစ်ယောက်နှင့် ဆုံစည်းခဲ့ရ သောအခါ၊ အိပ်မောကျနေခဲ့သော သူ၏အချစ်စိတ်က ပြည်လည်နိုးထလာ သည်။ ထိုမိန်းမပျိုလေး၏ အမည်က နေဒီယာဖြစ်သည်။ သူမသည် ဟက်ဒပ် ဆာဆေးရုံတွင် သူနာပြုဆရာမ တစ်ယောက်အဖြစ် အမှုထမ်းနေသော အီရတ်အမျိုးသမီးဖြစ်သည်။ နေဒီယာကို စတွေ့ခဲ့သော နေရာမှာ ရဲရင့်သူ ညကလပ်တွင်ဖြစ်သည်။

ထိုညကလပ်သည် အစွဲရေးစစ်ဘက်အရာရှိများနှင့် လူဂုဏ်တန် အသိုင်းအဝိုင်းတို့ တက်ရောက်လေ့ရှိသော နေရာတစ်ခုဖြစ်သည်။ ကိုဟာန်အား

သူ၏ကုမ္ပဏီပိုင်ရှင်က ကျွေးမွေးပြုစုရန် ခေါ်ဆောင်သွားသောကြောင့် လိုက်ပါခဲ့ရခြင်းဖြစ်သည်။ ကိုဟာန်တစ်ယောက်တည်းအနေဖြင့် သွားလေ့သွားထမရှိပါချေ။ ညကလပ်အတွင်း၌သာယာသော ဂီတသံတစ်ခုက ငြိမ့်ငြောင်းစွာထွက်ပေါ်နေသည်။ ကလပ်အတွင်း၌ ရောင်ပြန်မီးကိုသာ မှိန်ပြပြထွန်းညှိထားသည်။ ထို့ကြောင့် အလင်းရောင် ခတ်ပြေပြေကျရောက်နေသည်။

ကိုဟာန်နှင့်သူ၏ကုမ္ပဏီပိုင်ရှင်တို့က စားပွဲလွတ်တစ်ခုတွင် ဝင်ရောက်နေရာယူလိုက်ကြသည်။ ကလပ်အတွင်း၌ လူအနည်းငယ်သာရှိသည်။ အဖြူရောင်ဇင်သား ဝတ်စုံဝတ်ဆင်ထားသော စားပွဲထိုးက ကိုဟာန်တို့စားပွဲရှိရာသို့ချဉ်းကပ်လာသည်။

'ဘာများသုံးဆောင်ကြမလဲ. . . ခင်ဗျား'

စားပွဲထိုးက ချိုသာစွာ မေးလိုက်သည်။

ကုမ္ပဏီပိုင်ရှင်ကြီးက ကိုဟာန်၏ဘက်သို့ မျက်နှာမူ၍. . . .

'မင်း. . . ဘာသောက်မလဲ၊ ဝှစ်စကီလား၊ ဖြန်ဒီလား'

ဟုမေးလိုက်သည်။

ကိုဟာန် ရုတ်တရက်ကြောင်သွားသည်။ သူကညကလပ်အတွင်း၌ မှန်းမံချယ်သထားခြင်းကို ငေးမောကြည့်ရှုနေဆဲ ဖြစ်သောကြောင့် သူ့ကိုဘာမေးလိုက်မှန်းမသိချေ။

'ခင်ဗျား'

သူက အူကြောင်ကြောင် ပြန်ကြည့်နေသည်။

'ဘယ်လို ယမကာမျိုး သောက်မလဲ လို့မေးတာပါ'

'အချိုရည် တစ်ခုခုဆိုရင် တော်ပါပြီ'

'ဘယ်လိုဟာမျိုးလဲ၊ စပြစ်ဝိုင်လား'

ကုမ္ပဏီပိုင်ရှင်ကြီးက ထပ်မေးသည်။

'ကျွန်တော်တစ်ခါမှ အဲဒီအရက်မျိုးတွေ မသောက်ဖူးပါဘူး၊ မကြိုက်လို့မသောက်တာပါ'

~ မြိတ်စာပေ ~

ကိုဟန်က ရှင်းရှင်းလင်းလင်း ပြောပြလိုက်သည်။

ကုမ္ပဏီပိုင်ရှင်ကြီးသည် ကိုဟန်ကို လူထူးဆန်းတစ်ယောက်ပမာ အံ့ဩစွာကြည့်လိုက်သည်။ သူတွေ့သမျှ ကိုဟန်တို့အရွယ် လူလတ်ပိုင်းများသည် သူတို့ကိုယ်တိုင် အဖိုးတန်ယမကာများကို ဝယ်မသောက်နိုင်ကြသော်လည်း တကာခံမည့်သူက တိုင်လျှင် အားရပါးရ ဇိမ်ခံ၍ သောက်လေ့ရှိကြသူများသာ ဖြစ်နေသည်။ ထို့ကြောင့်သူက စားပွဲထိုးကို

'ကျုပ်အတွက် ရေခဲစိမ်ဘီယာ တစ်ဗူးနဲ့ သူ့အတွက် လင်မနစ်တစ်ပုလင်း' . . . ဟုမှာလိုက်သည်။ ထို့နောက်အစာအတွက် မီနူးကဒ်ကိုကြည့်ပြီးမှ သင့်လျော်သည့် ဖွယ်ဖွယ်ရာရာမှာကြားရန် ဖတ်ရှုနေသည်။

'ကျွန်တော့်အတွက် ဂျုံခေါက်ဆွဲတစ်ပွဲဆိုရင် တော်လောက်ပါပြီ'

ကိုဟန်က လှမ်းပြောသည်။

ကုမ္ပဏီပိုင်ရှင်က ဒုတိယအကြိမ် အံ့ဩသွားပြန်သည်။ ထို့ကြောင့် သူ့အတွက် အသားကင်တစ်ပွဲကိုသာ မှာလိုက်ရသည်။ စင်စစ်အားဖြင့် ယခုစားသောက်ရာတွင် ကုန်ကျမည့်ငွေကို မိမိက တာဝန်ယူ၍ပေးရန် ဆုံးဖြတ်ထားသည်။ သို့ရာတွင် မိမိကုန်ကျမည့်ငွေကို ကိုဟန်က အားနာသည့်စိတ်ဖြင့် အကုန်အကျ သက်သာအောင် ချွေချွေတာတာ ပြုလုပ်နေသည်။ သူ၏ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများထဲတွင် ကိုဟန်လိုလူစားကို တစ်ကြိမ်တစ်ခါမှ မတွေ့ဘူးခဲ့ပါချေ။ ထို့ကြောင့် ကျေနပ်သောအပြုံးဖြင့် ဦးခေါင်းတစ်ငြိမ့်ငြိမ့် ကြည့်နေသည်။

စားပွဲထိုးလာချပေးသော အစားအစာများကို စားသောက်နေကြစဉ် ကိုဟန်က အုပိုစကားတစ်ခွန်းမှ မပြောပဲ သူ့ခေါက်ဆွဲကိုသာ ဇွန်းခက်ရင်းနှင့် ငုံ့စားနေသည်။ ကုမ္ပဏီပိုင်ရှင်က အသားကင်ကို ခက်ရင်းနှင့် ထိုး၍ဝါးလိုက် ဘီယာတစ်မြုံစုပ်သောက်လိုက်ဖြင့် ဇိမ်ခံနေသည်။

ထိုအခိုက်အတန့်တွင် သင်းမြမြ ရနံ့တစ်ခု ထွက်ပေါ်လာသည်။

မွှေးပြန့်သောရနံ့သည် သူတို့စားပွဲအနီးသို့ ရောက်ရှိရပ်တည်လိုက်

သော အမျိုးသမီးတစ်ယောက်၏ ကိုယ်ခန္ဓာမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

'ဟာ. . . အန်ကယ်ယာကုပ်ပါလား၊ လူကြီးမင်းရဲ့ ကျန်းမာရေး အခြေအနေတော်တော် ကောင်းသွားပြီနော်'

အမျိုးသမီး၏ သာယာချိုမြသော နှုတ်ဆက်သံဖြစ်သည်။

ကုမ္ပဏီပိုင်ရှင်က မော့ကြည့်လိုက်သည်။

'ဟား. . . နေဒီယာ၊ မမျှော်လင့်ပဲ တွေ့လိုက်ရတာ ဝမ်းသာတယ်။ ထိုင်လေ၊ တစ်ခုခုကျွေးပါရစေ'

ကုမ္ပဏီပိုင်ရှင်က ဖိတ်ခေါ်သည်။

အမျိုးသမီးက ကိုဟာန်တို့စားပွဲတွင် သိမ်မွေ့စွာ ဝင်ထိုင်လိုက်သည်။ သူမသည် မိုးပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ သူမက ကိုဟာန်ဘက်သို့ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။ ကိုဟာန်က သူမကိုအကဲခတ်သည့်အကြည့်ဖြင့် ကြည့်လိုက်သောကြောင့် အကြည့်ချင်းဆုံသွားသည်။ ကိုဟာန်ရင်ခုန်သွားမိသည်။ သည်လိုအနက်ရောင် ဆံပင်နှင့် နက်မှောင်တောက်ပသော မျက်လုံးအစုံမျိုးသည် တစ်ကြိမ်တစ်ခါက ချစ်ဦးသူမာစယ်လီနှင့် တူနေသောကြောင့်ဖြစ်သည်။

'ကိုဟာန်. . . . ဒီမိန်းကလေးက နေဒီယာတဲ့၊ ကျုပ်လွန်ခဲ့တဲ့နှစ်လလောက်တုန်းက အစာအိမ်ဝေဒနာဖြစ်လို့ ဟာက်ဒပ်ဆာဆေးရုံကြီးကို တက်ခဲ့ရသေးတယ်။ နေဒီယာက အဲဒီဆေးရုံမှာ သူနာပြုဆရာမပေါ့။ လူနာတစ်ယောက်ကို ပြုစုတဲ့အခါမှာ အင်မတန်မှ စေတနာကောင်းထားတတ်တဲ့ မိန်းကလေးပဲ'

ကုမ္ပဏီပိုင်ရှင်ကြီးက အားရပါးရ ပြောလိုက်ပြီး. . . .

'ဒီအမျိုးသားရဲ့ နာမည်က အယ်လီကိုဟာန် ပါ။ ကျုပ်ကုမ္ပဏီမှာ အင်မတန်စိတ်ချရတဲ့ လူတော်တစ်ယောက်ပဲ'. . . . . . ဟူ၍ နေဒီယာနှင့် ကိုဟာန်ကို မိတ်ဆက်ပေးသည်။

သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

မြိတ်စာပေ

'ကဲ. . . နေဒီယာ ဘာသောက်မလဲ'

ကုမ္ပဏီပိုင်ရှင်ကြီးက မေးသည်။

'စပျစ်ဝိုင်. . . ဆိုရင် ဖြစ်ပါတယ်'

သူမက တည်ငြိမ်စွာ ပြောလိုက်သည်။ ကုမ္ပဏီပိုင်ရှင်ကြီးက စားပွဲထိုးကို လှမ်းခေါ်၍ နေဒီယာအတွက် စပျစ်ဝိုင်တစ်ခွက်နှင့် အားလူးကြော်တစ်ပန်းကန်ကို မှာသည်။

ကိုဟန်သည် စားလက်စ ခေါက်ဆွဲကို ဆက်စားပြီးနောက် လင်မနစ်ကို တစ်မြုံ့စုပ်သောက်နေသည်။

နေဒီယာအတွက် စားသောက်စရာ ရောက်လာသောအခါ၊ သူမက အာလူးကြော်ကို ကောက်ဝါးလိုက်၊ ဝိုင်တစ်မြုံ့စုပ်လိုက်ဖြင့် ကိုဟန်ကို အကဲခတ်နေသည်။

ကိုဟန်က မျက်လွှာချထားသော်လည်း၊ သူ၏အာရုံထဲတွင် နေဒီယာ၏ရုပ်သွင်ကို ဆက်လက်၍ထင်ထင်ရှားရှား မြင်နေရဆဲ ဖြစ်သည်။ ကျန်းမာလန်းဆန်း၍ နှစ်လိုဖွယ်ရာ မိန်းမပျိုတစ်ယောက်ဖြစ်ကြောင်း သိသာနိုင်သည်။

'ကျုပ်အမြင်ပြောရရင် နေဒီယာနဲ့ ကိုဟန်က သဘာဝချင်းအရမ်းတူတယ်။ အလုပ်ကိုကြိုးကြိုးစားစား လုပ်လေ့ရှိပြီး စကားကို တတ်နိုင်သမျှ နဲနဲပဲ ပြောတတ်ကြတယ်၊ အခုကြည့်လေ ကျုပ်က မင်းတို့ချင်း ငင်ခင်မင်မင်ရင်းရင်းနှီးနှီးနဲ့ ဆက်ဆံနိုင်အောင် မိတ်ဆက်ပေးပြီးပြီ၊ ဒါပေမယ့်. . . တိတ်ဆိတ်နေတာပဲ'

ကုမ္ပဏီပိုင်ရှင်ကြီးက ပြုံး၍ ကောက်ချက်ချသည်။

ကိုဟန်နှင့် နေဒီယာပါ ရောယောင်၍ ပြုံးလိုက်ကြသည်။

'တစ်ယောက်နဲ့ တစ်ယောက် စကားလက်ဆုံကျတယ်ဆိုတာ၊ စိတ်ဝင်စားတဲ့ အကြောင်းအရာချင်းတူမှ ပြောလို့ကောင်းတာဗျ၊ ကျွန်တော်က ကုးသန်းရောင်းဝယ်ရေးနဲ့ စီးပွားရေး လုပ်ငန်းကို ဆောင်ရွက်နေသူ မစ်နေဒီယာက ဆေးဝါးကုသရေးမှာ ဆောင်ရွက်နေတဲ့သူ ဆိုတော့. . . ဘာကစပြီး

ပြောရမှန်းတောင် မသိပါဘူး'

ကိုဟာန်က သူ့အမြင်ကို ရှင်းပြလိုက်သည်။

'အယ်လီကိုဟာန်ပြောတာ မှန်တယ်၊ ကျွန်မက ဆေးဝါးအကြောင်း လူတွေနဲ့ ပတ်သတ်တဲ့ အကြောင်းတွေ ပြောနေလို့ အယ်လီကိုဟာန်က စိတ်ဝင်စားမှာမှ မဟုတ်ပဲ'

နေဒီယာက ထောက်ခံတင်ပြသည်။

'အေး. . မင်းတို့နှစ်ယောက်ရဲ့ အတွေးအခေါ်အယူအဆချင်းလည်း ဒီနေရာမှာလာပြီးတူနေကြပြန်ပြီ၊ ကျုပ်တွေ့ဘူးတဲ့စုံတွဲတွေကတော့၊ ဘာပြောသလဲ မမေးနဲ့ မနားတမ်းကို ပြောနေကြတော့တာပဲ၊ ဘယ်လို ပြောစရာစကားတွေ ဖြစ်လာကြလဲ မသိဘူး'

'ကျွန်မနဲ့ ကိုဟာန်က စုံတွဲမှ မဟုတ်ပဲ'

နေဒီယာက ရုတ်တရက်လွှတ်ကနဲ ပြောလိုက်ပြီးမှ သူမ၏စကားမှားသွားသည်ကို သတိပြုမိလိုက်သည်။ ထို့ကြောင့်သူမ၏မျက်နှာတစ်ခုလုံး ပန်းရောင်အသွေးကြွသွားသည်။ သို့ရာတွင် ချက်ချင်းက္ကန္ဒြေဆည်၍ ဖန်ခွက်ထဲမှ လက်ကျန်ဝိုင်ကို မော့သောက်လိုက်သည်။ နဖူးပေါ်သို့ ဝေ့ဝိုက်ကျနေသော ဆံနွယ်များကို လက်ချောင်းဖြင့် အသာအယာသပ်တင်သည်။

ကိုဟာန်သည် နေဒီယာ၏ရှက်သွေးကြွသွားသော မျက်နှာလေးကို အမှတ်မထင် သတိပြုမိလိုက်သည်။ ထိုအမူအရာလေးနှင့် သူမ၏မျက်နှာပြင်တွင်ဖြစ်ပေါ်သွားသော ပန်းနုရောင် မရင့်တရင့်မှာ သူမြင်ဖူးသမျှ မိန်းမပျိုများထဲတွင် စွဲမက်စရာအကောင်းဆုံး ဟူ၍ ထင်မြင်ယူဆလိုက်မိသည်။ စင်စစ်အားဖြင့် ကိုဟာန်သည် ဒီအသက်အရွယ်အထိ မာစယ်လီမှလွဲ၍ တခြားမည်သည့်မိန်းကလေးကိုမှ စကားဆယ်ခွန်းပြည့်အောင် မပြောဖူးပါချေ။

ထို့ကြောင့် သူ့ဘဝတွင် မာစယ်လီက ပထမ. . .

ယခု ဒုတိယစွဲမက်စရာ မိန်းမပျိုမှာ နေဒီယာ. . .

'ဒါပေါ့ကွာ၊ စတွေ့တွေ့ချင်းတော့ ချက်ချင်းကြီး ရင်းနှီးမှာ မဟုတ်

ပါဘူး။ တစ်စတစ်စနဲ့ မကြာခဏတွေ့ဆုံ ကြရာက တစ်ယောက်အကြောင်း တစ်ယောက်သိသွားကြတော့မှ အကျွမ်းတဝင် သံယောဇဉ်တွေ ဖြစ်လာတတ်ကြတာမျိုးပဲ'

ကုမ္ပဏီပိုင်ရှင်ကြီးက စဉ်းစဉ်းစားစားဖြင့် ပြောလိုက်သည်။

xxxxxxxxxxxxxxx

သည့်နောက်ပိုင်းတွင် ကိုဟန်သည် အားလပ်သောအချိန်များတွင် နေဒီယာရှိနေသော ဟက်ဒပ်ဆာဆေးရုံကြီးသို့ အကြောင်းမရှိ အကြောင်းရှာ၍ ဖုန်းဆက်လေ့ရှိသည်။ နေဒီယာကလည်း ကိုဟန့်ကို လိုလိုလားလား အရေးတယူပြန်ဆက်ဆန်ခဲ့သည်။ သူတို့သိခဲ့ကြသည်မှာ နှစ်ပတ်လည်ပြည့်ခဲ့ပြီ၊ နှစ်ယောက်စလုံး အားလပ်သောအချိန်အခါများတွင် ဟာဇလီယာကမ်းခြေသို့ သွားရန် ချိန်းဆိုလေ့ရှိသည်။ သဲပြင်ပွပွပေါ်တွင် အတူတူလမ်းလျှောက်နေရာမှ ကိုဟန်က သူတွေးမိသော အကြောင်းအရာကို အဆက်အစပ်မရှိပဲ ပြောချလိုက်သည်။

'ဒါဆို. . . အခုအချိန်မှာ တို့နှစ်ယောက် စုံတွဲဖြစ်သွားကြပြီပေါ့နော်'
နေဒီယာက သူ့ကို ပါးစပ်အဟောင်းသားဖြင့် ပြန်ကြည့်နေသည်။
'ဟုတ်တယ်နော်၊ မင်းကိုယ့်ကို ချစ်သူအဖြစ်လက်ခံနိုင်မလားဟင်'
ကိုဟန်က သွယ်ဝိုက်မနေတော့ပဲ တဲ့တိုးကြီးမေးသည်။
'သူ. . . ကျွန်မကို ချစ်တယ်လို့ တစ်ခါမှဖြင့် မပြောဖူးသေးပဲနဲ့'
နေဒီယာက စူးစူးရဲရဲ ကြည့်၍ပြောသည်။

'တို့ မင်းနဲ့နိုက်ကလပ်မှာ စတွေ့ခဲ့တဲ့အချိန်ကစပြီး မင်းဟာတို့ရဲ့ ချစ်သူဖြစ်ရင် အရမ်းကြည်နူးစရာကောင်းမှာပဲလို့ အမြဲတန်းစဉ်းစားခဲ့တယ်။ မင်းကိုတို့ရဲ့ချစ်သူအဖြစ် စိတ်ကူးယဉ်အတွေးတွေထဲမှာ စွဲစွဲမြဲမြဲ ချစ်နေမိခဲ့တယ်'

ကိုဟာန်က ချိုသာစွာ ပြောဆိုက်သည်။

သူတို့နှစ်ယောက်၏ ပတ်ဝန်းကျင်ကလည်း သာယာနေသည်။ ဖြူဆွတ်သောလှိုင်းများက သဲသောင်စပ်သို့ တစ်လိမ့်လိမ့် ရောက်လာလိုက်၊ ပြန်လိမ့်ဆင်းသွားလိုက်ဖြင့် ကြည်နူးစရာ ရှုခင်းဖြစ်နေသည်။

'အန်ကယ်ယာကုပ်ပြောတာ အရမ်းမှန်တာပဲနော်'

နေဒီယာက စဉ်းစဉ်းစားစား ပြောလိုက်သည်။

'ဘာအကြောင်းလဲ နေဒီယာ'

ကိုဟာန်က ပြန်မေးသည်။

'ကိုဟာန်နဲ့ စတွေ့တဲ့ညက ပြောတာလေ၊ တစ်ယောက်နဲ့တစ်ယောက် စတွေ့တွေ့ချင်းတော့ ချက်ချင်းကြီး ရင်းနှီးမှာ မဟုတ်ဘူးတဲ့။ မကြာခဏတွေ့ဆုံကြတော့မှ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ် ဖြစ်လာတယ်. . . ဆိုတာလေ၊ အဲဒီအချိန်တုန်းက ကိုဟာန်နဲ့ ကျွန်မ ဘယ်စကားက စပြီးပြောရမလဲ ဆိုတာစဉ်းစားလို့ မရဘူး၊ ဟော. . . အခုကြည့်လေ၊ ကိုဟာန်လဲစကားတွေ အများကြီးပြောတတ်နေပြီ၊ ကျွန်မတို့မှာ ပြောစရာတွေ မကုန်နိုင်အောင်ဖြစ်လာပြီနော်'

'သိပ်ဟုတ်တာပေါ့ အချစ်ရယ်'

ကိုဟာန်က လေးလေးနက်နက် ထောက်ခံလိုက်သည်။ ထို့နောက် သူကဆက်လက်၍. . . .

'အဲဒီ စကားတွေထဲမှာ တို့အပြောချင်ဆုံးစကားတစ်ခွန်း ရှိတယ်၊ အဲဒါ ဘာလဲနေဒီယာသိလား'

'ဟင့်အင်း သိဘူး'

နေဒီယာက ခေါင်းခါပြသည်။ ကျောက်နီကို ငွေကွပ်ထားသည့် နားဆွဲလေးက သူမ၏ပါးပြင်ပေါ်သို့ လှုပ်ခါသွားသည်။

'တို့ကို မင်းနဲ့ လက်ထပ်ခွင့် ပြုပါလားကွယ်'

ကိုဟာန်က တောင်းပန်သော လေသံဖြင့် လှိုက်လှဲစွာ ပြောသည်။

'ကျွန်မ ကိုဟာန်ကို ချစ်ပါတယ်၊ ကိုဟာန်အခုလို လက်ထပ်ခွင့်တောင်း တာကို အရမ်းကြည်ကြည်နူးနူးခံစားမိပါတယ်'

'ဒါဖြင့် . . . . မင်းအဖြေက ဘယ်လိုလဲနေဒီယာ'

ကိုဟာန်က စိတ်လှုပ်ရှားစွာ မေးလိုက်သည်။

'ကိုဟာန်ကို ကျွန်မငြင်းစရာ မရှိပါဘူးရှင်ရယ်၊ ရှင့်ကိုစတွေ့ခဲ့တဲ့ ညဦး ကစပြီး ကျွန်မ အမြဲတန်း သတိရနေခဲ့တယ်။ ဒါကြောင့် 'ကိုဟာန်ကိုချစ်နေမိ ပြီလား' လို့ ကိုယ့်ဟာကိုယ် ပြန်မေးမိခဲ့တယ်'

နေဒီယာက စဉ်းစဉ်းစားစား ပြောနေသည်။

ကိုဟာန်က သူမ၏ ပုခုံးနှစ်ဘက်ကို ဆုပ်ကိုင်သည်။

'အဲဒီတော့ မင်းကိုယ်မင်း ဘယ်လိုဖြေလိုက်လဲဟင်'

'ရှင့်ဟာရှင် စဉ်းစားကြည့်ပေါ့'

နေဒီယာက ရှက်စနိုးဖြင့် ပြောလိုက်ပြီးနောက် ရှန်းထွက် သွားသည်။ သဲဖြူလွလွပေါ်တွင် သွက်လက်သော ခြေလှမ်းများဖြင့် ပြေးနေ သည်။ ကိုဟာန်က နောက်မှ အမီလိုက်သည်။

xxxxxxxxxxxxxx

များမကြာမီ ဩဂုတ်လအတွင်း၌ သူတို့နှစ်ယောက်၏ ဘဝသည် ချစ်သူစုံတွဲ အဖြစ်မှ လင်မယားဘဝသို့ ပြောင်းလဲရောက်ရှိသွားကြသည်။ ဂျူးလူမျိုးတို့၏ ဓလေ့ထုံးစံနှင့်အညီ မင်္ဂလာလက်ထပ်ပွဲကို ကြီးကြီးကျယ်ကျယ် ကျင်းပ‌ပေးခဲ့ ကျွေးမွေးကြသည်။ ဧည့်ပရိတ်သတ်ထဲတွင် ပါဝင်သော ကုမ္ပ ဏီပိုင်ရှင်ယာကုပ်သည် ကိုဟာန်နှင့် နေဒီယာတို့နှစ်ယောက်ကို စတင်မိတ်ဆက် ပေးခဲ့သူဖြစ်သည်။ ထို့ကြောင့် သူက အရမ်းပျော်ရွှင်ကြည်နူးနေလေသည်။

ကိုဟာန်နှင့်နေဒီယာတို့ လက်ထပ်ကြပြီးနောက် ပင်လယ်နီမြောက် ဖျားရှိ အေလက်အပန်းဖြေ ကမ်းခြေဒေသသို့ ဟန်းနီးမွန်း ခရီးထွက်ခဲ့ကြ သည်။ သူတို့လင်မယားနှစ်ယောက် လွတ်လပ်ပျော်ရွှင်စွာ နေ့စဉ်ရေကူးခဲ့ကြ သည်။ ဟန်နီးမွန်းအချိန်ကာလသည် ကြည်နူးဖွယ်ရာ အမှတ်တရအချိန်များ

အဖြစ်နှင့် ကုန်ဆုံးသွားခဲ့သည်။

ပင်လယ်နီ၏ နေဝင်ချိန်မှာ ပိုမိုလှပသည်။

နေဝန်းနီနီကြီးက ရေပြင်အောက်သို့ ငုပ်လျှိုးသွားတော့မည့် အချိန်ကာလတွင် ဇင်ယော်ငှက်ကလေးများ လူးလာခေါက်ပြန် ပျံဝဲနေကြသည်။ ကြည့်ရသည်မှာ လွမ်းမောဆွတ်ပြန့်ဘွယ်ရာ ကောင်းသည်။ ချစ်စ၊ ကြင်နာစ လင်မယားနှစ်ယောက်သည် ကမ်းခြေတွင် နီးနီးကပ်ကပ်ထိုင်၍ သာယာမှုအရသာကို ခံစားနေလေ့ရှိသည်။

အခိုက်တိုင်းသည် သူတို့နှစ်ယောက်အဘို့ ပျော်ရွှင်ရာချူသော ဖြစ်နေသည်။ သာယာသောအချိန်များက ကုန်လွယ်သည် ဟူသောဆိုရိုးစကားအတိုင်း ဟန်နီးမွန်းအတွက် သတ်မှတ်ထားသော ရက်များက ပျော်ရွှင်မှုအပြည့်အဝဖြင့် ပြီးဆုံးသွားသည်။ သူတို့လင်မယား နေထိုင်ရန် သူတို့၏မိသားစုများက တိုက်ခန်းဝယ်ပေးခဲ့ကြသည်။

ကိုဟန်သည် အိမ်ထောင်သည်ဘဝဖြင့် အခြေတကျ နေနိုင်ခဲ့သည်။ အစ္စရေးနိုင်ငံတွင် အသက်ရှင်သန်စဉ် အတောအတွင်း နိုင်ငံအတွက် ရေရာသော ဆောင်ရွက်ချက်ကို စတင်လုပ်ကိုင်ရန် ရည်ရွယ်ခဲ့လေသည်။ သူ၏ စီးပွားရေးလုပ်ငန်းမှာ အရှိန်မှန်မှန် တိုးတက် အခြေခိုင်လာခဲ့သည်။ ထို့ကြောင့် သူ၏ဝင်ငွေမှာလည်း တိုးတက်ကောင်းမွန်လာခဲ့သည်။

ကိုဟန်နှင့် ဇနီးဖြစ်သူ နေဒီယာတို့သည် သာယာပြည့်စုံသော မိသားစုဘဝတည်ဆောက်ရန် ကြိုတင်စီစဉ်ခဲ့လေသည်။ အားလပ်ချိန်များတွင် ကိုဟန်သည် ဘောလုံးပွဲကြည့်ရှုခြင်းနှင့် ရွက်လှေစီးခြင်းတို့ကို ပြုလုပ်ခဲ့လေသည်။ ကိုဟန်သည် ပြည့်ပြည့်ဝဝနှင့် အဆင်ပြေနေသော အစ္စရေးနိုင်ငံသားတစ်ယောက် ဖြစ်နေလေပြီ။

××××××××××××××××××××××

## အခန်း (၇)

၁၉၆၀ခုနှစ် အစောပိုင်းတွင် တယ်လ်အဗီမြို့ သူ့အိမ်ဝန်းကျင်ဝရှိ လမ်းလျှောက်လာစဉ် ယခင်ကတွေ့ခဲ့ဘူးသော လူတစ်ယောက်နှင့် မျက်နှာချင်းဆိုင် တွေ့မိသည်။ သူကာကွယ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်စဉ်က မျက်မှန်းတန်းခဲ့ဖူးသည်။ ထိုသူက ကိုဟန်ကို ရင်းနှီးစွာ နှုတ်ဆက်သည်။ ထိုသူသည် မော့ဆက်ထောက်လှမ်းရေးအဖွဲ့ကြီးတွင် ဝါရင့်အရာရှိတစ်ဦး ဖြစ်သည်။ သူ၏အမည်မှာ အိုက်ဇက်ဇယ်လ်မန်းဖြစ်ကြောင်း ပြောပြသည်။

ကိုဟန်နှင့်အိုက်ဇက်သည် နှစ်ကြိမ်မျှ ပြန်လည်တွေ့ဆုံပြီးနောက် ဒုတိယအကြိမ်တွင် ကမ်းခြေသို့လမ်းလျှောက်ရင်း စကားစမြည်ပြောကြရန်၊ ထိုသူက ဖိတ်ခေါ်ခဲ့သည်။ တိုက်ခန်းတွင် သူ့ဇနီးနေဒီယာမရှိချိန် ဖြစ်သောကြောင့် ကိုဟန်က လိုက်သွားခဲ့သည်။ သူတို့နှစ်ယောက်တည်း နေသားတကျ ရှိနေချိန်တွင် အိုက်ဇက်က ကိုဟန်နှင့် လာရောက်တွေ့ဆုံရခြင်း အကြောင်းရင်းကို ဖွင့်ပြောလိုက်သည်။

'မင်းကို တို့အဖွဲ့အစည်းက စောင့်ကြည့်နေခဲ့တာကြာပါပြီ၊ မင်း. . .

တစ်ချိန်က အီဂျစ်နိုင်ငံမှာ ဘယ်လောက်စွမ်းစွမ်းတမန် ဆောင်ရွက်ခဲ့တယ် ဆိုတာ မော့ဆက်အဖွဲ့ကြီးက အသိအမှတ်ပြုထားပါတယ်။ အခု မင်းနဲ့လာတွေ့ ရတာလည်း မော့ဆက်အတွက် အလုပ်လုပ်ပေးဖို့ အတွက်ပါပဲ၊ တစ်ချိန်က ထောက်လှမ်းရေးအလုပ်ကို မင်းလုပ်ချင်ပေမယ့် တို့က လက်မခံခဲ့ဘူး။ ဘာ ကြောင့်လဲဆိုတာ မင်းသိပြီးသား မဟုတ်လား။ ဒါပေမယ့် မင်းကိုတို့စောင့် ကြည့်နေခဲ့တယ်။ အခုအချိန်မှာတော့ မင်းဟာတို့လိုချင်တဲ့ အရည်အချင်းတွေ ပြည့်ဝနေပြီ၊ မော့ဆက်ထောက်လှမ်းရေးသမား အစစ်တစ်ယောက်ရဲ့ တာဝန် ကို ထမ်းဆောင်နိုင်ပြီလို့ တို့ယုံကြည်တယ်'

အိုက်ဇက၏ စကားလုံးများသည် ကိုဟာန်ရင်ထဲကို နက်နက်ရှိုင်းရှိုင်း စူးဝင်သွားခဲ့သည်။ သူ့အနေနှင့် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား သည်။ ရုတ်တရက်စကားပြန် မပြောနိုင်ပဲ ဖြစ်နေမိသည်။

'ကျွန်တော်နိုင်ငံအတွက် ဘယ်တာဝန်မျိုးမဆို အသက်စွန့် ဆောင် ရွက်ဖို့ အသင့်ပါပဲ' ကိုဟာန်က အလေးအနက် ပြောလိုက်သည်။

စင်စစ်အားဖြင့်'လောလောဆယ် အခြေအနေတွင် ကိုဟာန်၏ အိမ် ထောင်ရေးသည် ပြည့်စုံသာယာလျက်ရှိနေဆဲပင်၊ အိမ်ထောင်သက်တမ်း တစ်နှစ်မျှရှိပြီး၊ သူ့ဇနီးနေဒီယာတွင် ကိုယ်ဝန်အရင့်အမာ ရှိနေလေပြီ။

'ကောင်းပြီလေ၊ လောလောဆယ် မော့ဆက်လျှို့ဝှက်ထောက်လှမ်း ရေးဆိုင်ရာ သင်တန်းတွေကိုတက်ရဦးမယ်၊ သင်တန်းတွေပြီးဆုံးသွားချိန်မှာ မော့ဆက်ရဲ့ အေးဂျင့်အဖြစ် ဆက်လုပ်ချင်စိတ်ရှိ၊ မရှိ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်။ အဲဒါက ကျုပ်တို့ အေးဂျင့်တစ်ယောက်ဖြစ်သွားတာနဲ့ တပြိုင်နက် မင်းဘာအ လုပ်လုပ်နေတယ်ဆိုတာ ဘယ်သူ့ကိုမှ ပြောခွင့်မရှိဘူး၊ အဲဒီထိပ်တန်းလျှို့ဝှက် ချက် ဖေါက်ဖျက်ကျူးလွန်တယ်လို့ မင်းအပေါ်မှာ သံသယဝင်တာနဲ့၊ တစ်ခါ တည်း ထုတ်ပယ်ပစ်လိုက်မှာပဲ'

ထိုသူက ပြတ်သားစွာ ပြောသည်။

ကိုဟာန်က ထိုစည်းကမ်းအတိုင်း ကျင့်သုံးသည်။

ပြီတ်စာပေ

သူ့ဇနီးနေဒီယာကို သူစာရင်းကိုင်အလုပ်မှ နုတ်ထွက်ခဲ့ကြောင်း စီးပွားရေးလုပ်ငန်းများဆိုင်ရာ ဝန်ထမ်းဌာနတွင် ဝင်ရောက်လုပ်ကိုင်နေခြ ဖြစ်ကြောင်း. . . . မျှသာ သာမာန်ပြောရိုးပြောစဉ်ဖြင့် အသိပေးခဲ့သည နေဒီယာသည် ကိုဟာန်၏ အလုပ်သစ်အကြောင်းနှင့် ပတ်သက်၍ ဆက်လ စပ်စု ခြင်း မပြုခဲ့ပါချေ။ ကိုဟာန်ပြောသင့်ပြောထိုက်သော ပြောပြချက်ကိုသ နား ထောင်ထားလိုက်သည်။ သို့ရာတွင် သူ့လင်ယောကျ်ားဖြစ်သူသည် ပိုမိုဂ ကျယ်သော လုပ်ငန်းတစ်ခု မဟုတ်ပဲနှင့်၊ လုပ်ငန်းပြောင်းလဲ လုပ်ကိုင်မည့် မဟုတ်ကြောင်း သဘောပေါက်ထားသည်။ ကိုဟာန်အပေါ်တွင် လုံးဝယုံကြ စိတ်ချထားသူဖြစ်သည်။ တစ်နေ့တွင် . . . .

'တို့ ခရီးထွက်စရာရှိတယ်။ အလုပ်ကိစ္စနဲ့သွားရမှာပါ၊ တော်တေ လေးကြာမယ် နေဒီယာ' ဟု ပြောသည်။ နေဒီယာမျက်နှာပေါ်တွင် ပေါ်ထွ လာမည့် အမူအယာကို အကဲခတ်လိုက်သည်။

'ရှင့်အပေါ်မှာ ယုံယုံကြည်ကြည်နဲ့ ကျွန်မ ဘဝတစ်ခုလုံးပုံပြီး ချစ်မြ နိုးနေခဲ့တာပါ ရှင်ရယ်၊ အခုဆိုရင် ကျွန်မတို့ လင်မယားအတွက် ရင်သွေးလေ တစ်ယောက် ထပ်တိုးလာတော့မယ်ဆိုတာ၊ ရှင်သိပါတယ်။ ရှင်ဘယ်ကိုပဲသွ သွား ကျွန်မနဲ့ မကြာခင်မွေးဖွားလာတော့မယ့် ရင်သွေးလေးကို မမေ့မလေ ရင် ကျေနပ်ပါတယ်'

. . . . . . ဟူ၍ စိတ်ချလက်ချ ပြောလိုက်သည်။

အလိုက်သိသော ဇနီးသည်ကို ကိုဟာန်ပိုမိုမြတ်နိုး သွ လေသည်။

xxxxxxxxxx

မော့ဆက်ထောက်လှမ်းရေး သင်တန်းကျောင်းတည်ရာဌာနမှာ တယ်လ်အဗီမြို့တွင်း၌သာ ဖြစ်သည်။ သို့ရာတွင် ကိုဟန်သည် သင်တန်းကာလ(၆)လတိုင်တိုင် ပြင်ပသို့ထွက်ခွင့်မရပဲ သတ်မှတ်ထားသော တိုက်ခန်းတွင်သာနေခဲ့ရသည်။ အကယ်၍ ခေတ္တခဏ အနီးပတ်ဝန်းကျင်သို့ လမ်းလျှောက်ထွက်လျှင်၊ ဒါးဗစ်ရှ်. . . ဟုလျှို့ဝှက်အမည်ပေးထားသော မော့ဆက်ထောက်လှမ်းရေးအရာရှိ ပါနေသည်။

သင်တန်းကာလအတွင်း နည်းပြဆရာများက ကိုဟန်ကို လက်နက်ငယ် အသုံးပြုနည်းမှအစ လက်ဖြောင့်သေနတ်သမားအဆင်းသို့ ရောက်ရှိသည့်တိုင်အောင် သင်ကြားပေးကြသည်။ ထို့နောက် လက်နက်ကြီးများစစ်သင်္ဘောများ၊ တိုက်လေယာဉ်များကို မြင်ယုံနှင့် ဆိုဗီယက်ဖြစ်လား၊ အမေရိကန်ဖြစ်လား၊ စသဖြင့် ချက်ချင်းသိနိုင်စေရန် သင်ယူခဲ့ရသည်။ သော့ဖွင့်နည်းမျိုးစုံ၊ သတင်းထောက်လှမ်းခြင်း၊ ရရှိသောသတင်းကို စီစစ်ခြင်း၊ စကားဝှင်ဖြင့် သတင်းပို့ခြင်း. . . စသောပညာများ၊ အသံဖမ်းစက် အသေးစားနှင့်ပတ်သတ်သောကိစ္စ၊ လျှို့ဝှက်စာများထိန်းသိမ်းခြင်း၊ မိုက်ခရိုဖလင်နှင့်ပတ်သတ်သော ဆောင်ရွက်မှု. . . စသောပညာရပ်များကို သင်တန်းဆရာများက အံ့သြချီးကျူးရလောက်အောင် ကိုဟန်က အချိန်တိုတိုအတွင်း သဘောပေါက်မှတ်မိနေသည်။

ထို့ကြောင့် သင်တန်းပြီးဆုံးချိန်တွင် နည်းပြချုပ်က ကိုဟန်နှင့်ပတ်သတ်၍ သူလျှိုတစ်ယောက်တွင် ရှိသင့်ရှိထိုက်သော အရည်အချင်းအားလုံးပြည့်စုံသူဖြစ်သည်. . . ဟူသောမှတ်ချက်ကို ရေးသားခဲ့လေသည်။ အခြေခံသင်တန်းပြီးဆုံးခဲ့သောအခါတွင် မိမိကို နောက်ယောင်ခံလိုက်သူများအားခြေရာဖျောက်ခြင်း၊ တစ်စုံတစ်ယောက် မရိပ်မိစေရန် မိမိကခြေရာခံခြင်း. . . စသောလေ့ကျင့်ခန်းကို လက်တွေ့ဆောင်ရွက်စေသည်။ ကိုဟန်က ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

သင်တန်းကာလအဟောအတွင်း ဒါးဗစ်ရှ် ဟုအမည်ဝှက် ပေးထား

သောအိုက်ဇက်နှင့် ကိုဟန်တို့သည် ဆရာနှင့်တပည့် ဖြစ်သော်လည်း၊ မိတ်ဆွေ အရင်းပမာ အပြန်အလှန် ချစ်ခင်လေးစားမှုများ ဖြစ်ပေါ်လာလေသည်။

ကိုဟန်အား ကွင်းဆင်းဆောင်ရွက်မှုအတွက် ထိပ်တန်းဦးစားပေး အဆင့်သတ်မှတ်ရန် နောက်ဆုံးစာမေးပွဲ သဘောမျိုးစမ်းသပ်ခဲ့သည်။ မာစယ်လ် ကိုဝမ် ဆိုသော ပြင်သစ်လူမျိုး ကုန်သည်ကြီးသည် အီဂျစ်နိုင်ငံတွင် မွေးဖွားခဲ့ပြီး၊ ပြင်သစ်နိုင်ငံ ပရိုဗင့်စ်ဒေသတွင် နေထိုင်သူဖြစ်သည်။ ၁၉၆၀ ခုနှစ် နွေရာသီကုန်ဆုံးကာနီးအချိန်တွင် အလုပ်ကိစ္စအတွက် အစ္စရေးနိုင်ငံသို့ ရောက်ရှိခဲ့သည်။ တယ်လ်အဗီမြို့တော်၏ ဟိုတယ်တစ်ခု၌ အခန်းငှားနေထိုင် စဉ် ထိုအခန်းထဲ၌ သူ၏ပတ်စ်ပို့ ပျောက်ဆုံးသွားသည်။ ထိုကိစ္စနှင့်ပတ်သတ်၍ မာစယ်လ်ကိုဝမ်က ရဲတပ်ဖွဲ့နှင့် ပြင်သစ်ကောင်စစ်ဝန်ထံသို့ သတင်းပို့ခဲ့ သည်။

ကောင်စစ်ဝန်က သူ့ကို ယာယီပတ်စ်ပို့ တစ်ခုထုတ်ပေးသည်။ ထို ပတ်စ်ပို့ဖြင့် မြောက်အာဖရိကသို့ ခရီးထွက်မည့် အစီအစဉ်ကို ဆက်လက် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

သို့ရာတွင် မာစယ်လ်ကိုဝမ်သည် အခြားတိုးရစ်များကဲ့သို့ ဂျေရုဆ လင်၏ လူစည်ကားသော လမ်းများတွင် အချိန်ကြာမြင့်စွာ လျှောက်သွားနေ သည်။ ဘာသာရေးဆိုင်ရာနတ်ကွန်းများ၊ သမိုင်းဝင်နေရာများသို့ ရောက်ခဲ့ သည်။ အဝတ်အထည်များနှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်များသို့လည်း ရောက်သွားခဲ့သည်။

ထိုအရောင်းဆိုင်ပိုင်ရှင်များကို မာစယ်လ်ကိုဝမ်က သူသည်မာ ဆေးလ်အနီးတွင် နေထိုင်သူဖြစ်သော်လည်း အီဂျစ်နိုင်ငံတွင် အရွယ်ရောက် လာခဲ့ရသူဖြစ်၍ အာရေဗျဘာသာစကားနှင့် ပြင်သစ်စကားတို့ကို ရေရေလည် လည်ပြောနိုင်ကြောင်း ပြေပြခဲ့သည်။

မြိတ်စာပေ

မာစယ်လ်ကိုဝမ်သည် သူတည်းခိုနေထိုင်ရာ ခရောင်းဟိုတယ်၏ ညွှန်ကြားရေးမှူး ကိုမှ စီးပွားရေးကိစ္စနှင့် ပတ်သက်၍ ဂျေရူဆလင်တွင် အဆက်အသွယ်ရလိုကြောင်း ပြောဆိုသည်။ ဟိုတယ်ညွှန်ကြားရေးက ကုန်သည်များ လာရောက်၍ နေ့လည်စာစားသောက်လေ့ရှိသော စားသောက်ခန်းကိုညွှန်ပြခဲ့သည်။ မာစယ်လ်ကိုဝမ်သည် ထိုစားသောက်ခန်းတွင် ဘဏ်သဌေးတစ်ယောက်နှင့် အဆက်အသွယ်ရခဲ့ပြီး စီးပွားရေးဆိုင်ရာ လုပ်ငန်းများအကြောင်းကိုဆွေးနွေးခဲ့သည်။ မာစယ်လ်ကိုဝမ်က ဘဏ်သဌေးကြီးကို နောက်ထပ်တစ်ကြိမ် လာတွေ့ပါမည်. . . ဟု ပြောဆိုခဲ့သေးသည်။

သို့ရာတွင် ထိုဘဏ်သဌေးကြီးသည် မာစယ်လ်ကိုဝမ်ဆိုသော ကုန်သည်ကြီးကို နောက်ထပ်တွေ့ရာ အကြောင်းမရှိတော့ပါချေ။

မာစယ်လ်ကိုဝမ်သည် တယ်လ်အဗီမြို့သို့ ပြန်လည်ရောက်ရှိခဲ့သောအခါ မြို့တော်၏အချက်အခြာကျသော အယ်လင်ဘိုင်လမ်းရှိ အခန်းကျဉ်းကလေးတစ်ခန်းထဲသို့ ဝင်သွားသည်။ ထိုအခန်းထဲသို့ ကြိုတင်ရောက်ရှိနေသူအချို့က မာစယ်လ်ကိုဝမ်ကို နွေးထွေးပြုံးရွှင်စွာ ဩဘာပေးကြသည်။

မာစယ်လ်ကိုဝမ်က သူ၏ယာယီပတ်စ်ပို့ကို စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။ ထို့နောက်ရုပ်ဖျက်ထားသည်တို့ကို ဖယ်ရှားလိုက်သောအခါ မူလပင်ကိုယ်ရုပ် အစစ်အမှန်ပေါ်လာလေသည်။ ထိုပင်ကိုယ်ရုပ်မှာ. . . . .

မော့ဆက်အေးဂျင့်. . . အယ်လီကိုဟာန်ဖြစ်သည်။

ထောက်လှမ်းရေးအရာရှိ ဒါးဗစ်ရှိက ကိုဟာန်နှင့် မျက်နှာချင်းဆိုင်ထိုင်လျက် မာစယ်လ်ကိုဝမ်အဖြစ်နှင့် သွားလာလှုပ်ရှား လုပ်ကိုင်ဆောင်ရွက်ဆက်ဆန်ခဲ့သမျှ အကြောင်းအရာများကို ရေးသားထားသည့် ထောက်လှမ်းရေးအစီရင်ခံစာကို ပြသလိုက်သည်။ ခါတ်ပုံနှင့်တစ်ကွ မှတ်တမ်းတင်ထားပြီး သူ၏ အသုံးစာရင်းများထဲတွင် ကော်ဖီဆိုင်နှင့်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်တွင် သုံးစွဲခဲ့သည်များကို ဖော်ပြထားသည်။

မြိတ်စာပေ

ဒါးဗစ်ရှ်နှင့် ကိုဟန်တို့ နာရီအနည်းငယ်ကြာအောင် ဆွေးနွေးခဲ့ကြသည်။

ပြင်သစ်လူမျိုး မာစယ်လ်ကိုဝမ် အစစ်သည် ခရီးထွက်နေရာမှ တယ်လ်အဗီမြို့သို့ ပြန်လည်ရောက်ရှိလာသောအခါ ရဲစခန်းသို့လာရန် အကြောင်းကြားစာ ရရှိခဲ့သည်။ ထို့ကြောင့်မာစယ်လ်ကိုဝမ် အစစ်က ရဲစခန်းသို့သွားသည်။ ရဲအရာရှိက ပတ်စ်ပို့ကို ပြန်ပေးပြီး. . .။

'နောက်တစ်ခါပိုပြီး သတိထားပါ၊ ခင်ဗျားရဲ့ ခရီးသွားမှုနဲ့ ပတ်သတ်တဲ့ စာရွက်စာတန်းတွေကို ခင်ဗျားကိုယ်ပေါ်မှာ ဆောင်ထားမှဖြစ်မယ်။ ဟိုတယ်ခန်းထဲမှာ ဖြစ်သလိုထားခဲ့ဖို့ မသင့်ဘူး' ဟူ၍ သတိပေးစကား ပြောခဲ့သည်။

မာစယ်လ်ကိုဝမ်က အံ့ဩသွားသည်။

မာစယ်လ်ကိုဝမ် အယောင်ဆောင်ခဲ့သော ကိုဟန်အားနောက်ယောင်ခံလိုက်ခဲ့ကြသော 'ရှဒိုး' ထောက်လှမ်းရေး လူသစ်နှစ်ယောက်ကို နည်းပြများက ချီးကျူးကြသည်။ သို့ရာတွင် ထိုနှစ်ယောက်သည် ကိုဟန်နှင့်ဘဏ်သဌေးကြီးတို့ အချိန်ကြာမြင့်စွာ စကားလက်စုံကျခဲ့ရာတွင်၊ မည်သည့်အကြောင်းအရာများကို ပြောဆိုခဲ့ကြောင်း လုံးဝမသိရှိခဲ့ရပါချေ၊ ထိုဖြစ်ရပ်သည်သူတို့နှစ်ယောက်၏ ပေါ့ဆမှုမဟုတ်ပဲ ကိုဟန်၏ပါးနပ်ကျွမ်းကျင်မှုကို ဖော်ပြလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့်ဒါးဗစ်ရှ်က အစီရင်ခံစာထဲတွင်. . .

အယ်လီကိုဟန်သည် အခြားသူတစ်ယောက်အသွင်ဖြင့် လှုပ်ရှားရာမှုတွင် အလွန်ပါးနပ်သွက်လက်သည်။ လျှို့ဝှက်ထောက်လှမ်းရေးပညာတွင် ဘက်စုံထူးချွန်သည်။ မည်သည့်လူတန်းစားအလွှာမဆို ဝင်ရောက်ဆက်ဆံနိုင်သည်။ ရောက်ရှိသော ပတ်ဝန်းကျင်တိုင်းတွင် ပြေပြေလည်လည် ချောချောမောမော ရေရေလည်လည် ဆောင်ရွက်နိုင်သူဖြစ်သည်။ အခက်အခဲနှင့်ကြုံတွေ့သည့် အခါမျိုးတွင် သူ၏စိတ်ကို တည်ငြိမ်အောင် ထိန်းသိမ်းနိုင်စွမ်း... ရုတ်တရက်ပြောင်းလဲသွားသော အခြေအနေမျိုးတွင် လျှပ်တစ်ပြက်

ဆုံးဖြတ်ဆောင်ရွက်နိုင်စွမ်းရှိသည်။

ထို့ကြောင့် အယ်လီကိုဟာန်အတွက် တာဝန်ပေးရန် ရည်မှန်းထား သော လုပ်ငန်းကို အထူးအောင်မြင်စွာ ဆောင်ရွက်နိုင်သော အလားအလာ ရှိကြောင်း အစီရင်ခံပါသည်. . . . ဟုဖေါ်ပြထောက်ခံခဲ့သည်။

သင်တန်းပြီးဆုံးပြီးနောက် ကိုဟာန်အိမ်သို့ပြန်ခွင့်ရသည်။

အိမ်သို့ပြန်ရောက်သောအခါ သူ၏ဇနီးဖြစ်သူနှင့်အတူ၊ မကြာသေး မီကမွေးဖွားခဲ့သော သမီးငယ်ကို တွေ့လိုက်ရသည်။ ကိုဟာန်၏ရင်ထဲတွင် အတိုင်းမသိကြည်နူးသွားရသည်။ သမီးကလေးကို ချီပွေ့ထားပြီး အနမ်းမိုး ရွာချလိုက်သည်။

'မင်းနဲ့ သမီးလေး အခုလို ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်းတွေ့ ရတာ တို့အရမ်းဝမ်းသာတယ်'

ကိုဟာန်ကလှိုက်လှဲစွာ ပြောလိုက်သည်။

သူပြန်ရောက်လာသည့်အတွက် သူ့မိဘများပါ ဝမ်းသာအားရ ကြို ဆိုကြသည်။

'သမီးလေးနာမည်ကို ရှင့်အမေနဲ့ ဆင်တူဆိုဖီလို့ နာမည်ပေးလိုက် တယ်' သူ့ဇနီး နေဒီယာက ပြောပြသည်။

စင်စစ်အားဖြင့် ကိုဟာန်ခရီးထွက်နေသော 'ခြောက်လအတွင်း ကလေးမွေးဖွားခဲ့ရသောကြောင့် ကိုဟာန်၏ အမေက အချိန်ပြည့်လာရောက် အကူအညီပေးခဲ့သည်။ နေဒီယာ၏ မိဘများသည် သူတို့အလုပ်နှင့်သူတို့ အားလပ်ချိန် မရကြပါချေ။

ကိုဟာန်၏မိခင်ဆိုဖီသည် သားသမီးရှစ်ယောက်ကို မွေးဖွားခဲ့သူဖြစ် ပြီး ကိုဟာန်အပါအဝင် ထိုသားသမီးရှစ်ယောက်စလုံး အရွယ်ရောက်နေကြ သူများ ဖြစ်နေကြလေပြီ။ ထို့ကြောင့် ကိုဟာန်၏သမီးလေးသည် မြေးဦးတစ် ယောက်အဖြစ် သူတို့မိသားစုအတွင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။ နေဒီယာ အနေနှင့် အိမ်တွင်လင်ယောက်ျား ကိုဟာန်မရှိခြင်းမှတပါး အရာခပ်သိမ်း

အဆင်ပြေနေသည်။

ကိုဟန်နှင့်နေဒီယာ၊ သမီးလေးဆိုဖီတို့သည် ကိုဟန်၏ခွင့်ရက်ရှည်အတွင်း၌ ရာခိုင်နှုန်းပြည့် ပျော်ရွှင်သာယာခဲ့ကြသည်။ ကိုဟန်ခြောက်လမျှခွဲခွာနေခဲ့ရသော ဇနီးနှင့်သမီးဦးကို အချိန်ပြည့်ကြင်နာပြုစုခဲ့သည်။ နေဒီယာကလည်း အလိုက်သိသော ဇနီးကောင်းတစ်ယောက်ပီပီ၊ ကိုဟန်မည်သည့်လုပ်ငန်းခွင်သို့ သွားခဲ့သည်။ မည်သည့်နေ့တွင် ခွင့်ရက်စေ့မည်။ မည်သည့်အခါတွင် ပြန်သွားရမည်။ မည်မျှကြာကြာခွဲသွားဦးမည်. . . . စသောအကြောင်းအရာများကို တစ်ခွန်းတစ်စမှ မမေးခဲ့ဖူးပါချေ။

လင်မယားနှစ်ယောက် ခွင့်ရက်အတောအတွင်း နေ့စဉ်ရက်ဆက်အချိန်ပြည့်နေရသမျှ ကိုဟန်စိတ်ချမ်းသာစေရန် ဖန်တီးဆောင်ရွက်ခဲ့သည်။ တစ်နေ့တွင်ကိုဟန်က. . . .

'ရက်ပေါင်း(၁၈၀)လုံး တို့ဘယ်သွားနေလဲ၊ ဘာတွေလုပ်နေသလဲ ဆိုတာမင်းကို မပြောပြတဲ့အတွက် ဘယ်လိုမှ အလွဲမထင်ဘူးလား နေဒီယာ'

ကိုဟန်က စကားစသည်။

သမီးလေးဆိုဖီ အိပ်နေချိန်ဖြစ်သည်။

ကိုဟန်နှင့်နေဒီယာ လွတ်လွတ်လပ်လပ် စကားပြောနေချိန်ရသည်။ နှစ်ယောက်သားနီးနီးကပ်ကပ် တည်ရှိနေသောကြောင့် တစ်ယောက်၏ထွက်သက်လေက တစ်ယောက်မျက်နှာကို ထိတွေ့နေသည်။

'ကိုဟန် ဘာမှမပြောတာဟာ ကျွန်မ မသိစေချင်လို့၊ ဒါမှမဟုတ် မသိသင့်လို့ မပြောတာပဲဆိုတာ၊ ကျွန်မနားလည်ပါတယ်ရှင်၊ နောက်ပြီးကိုဟန်ဟာကျွန်မနဲ့ သမီးလေးကို ဘယ်လောက်အထိ ချစ်မြတ်နိုးတယ် ဆိုတာ ကျွန်မကိုယ်တွေ့ပဲ၊ ဒါကြောင့် ကျွန်မမေးစရာ မလိုပါဘူးရှင်'

နေဒီယာက မျက်နက်ဝန်းကြီးတစ်စုံကို ရှည်သွယ်ကော့လျားသောမျက်တောင်များဖြင့် တစ်ဖြတ်ဖြတ် ခတ်လျက် ပြောလိုက်သည်။ မျက်ရည်ကြည်များက မျက်ဝန်းထဲတွင် ပြည့်လျှံမလာမီ ကြိုတင်ထိန်းသိမ်းလိုက်သော

သောမျိုးဖြစ်သည်။

'အရမ်း အလိုက်သိတတ်တဲ့ အချစ်ကလေးရယ်'

သူမ၏ ပြေစင်သောနဖူးပြင်ကို သူကဖွဖွသာသာ နမ်းလိုက်သည်။

'တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ အချစ်သိလာရပါလိမ့်မယ်၊ တို့ကိုယ်တိုင်ပြောစရာ မလိုပဲနဲ့ အလိုအလျောက် သိလာမှာပါ၊ ဘာပဲဖြစ်ဖြစ် လောကမှာ တို့သံယောဇဉ်အရှိဆုံးနဲ့ အမြတ်နိုးဆုံးဟာ နေဒီယာနဲ့ သမီးလေး ဆိုဖီပါပဲကွယ်'

ကိုဟန်က တုန်ယင့်လှိုက်လှဲစွာ နှလုံးသားမှ ဖြစ်ပေါ်လာသော စကားလုံးများဖြင့် ပြောပြလိုက်လေသည်။

xxxxxxxxxxxxxxxxxx

## အခန်း (၈)

ခွင့်ရက် စေ့ခဲ့လေပြီ။

ဤတစ်ကြိမ်တွင် မော့ဆက်ထောက်လှမ်းရေးသမား ကိုဟန်သည် ကျွမ်းကျင်စွာဖြင့် သူ၏အသွင်သဏ္ဌာန်ကို ပြောင်းလဲခဲ့ရသည်။ ဂျေရုဆလင် တက္ကသိုလ်မှ ကျောင်းသားတစ်ယောက်အဖြစ်နှင့် ဘာသာရေးစာပေများကို လေ့လာဆည်ပူးရန် ရှိတ်မိုဟာမက် ဆယ်လ်မန်းထံသို့ ရောက်ရှိခဲ့ရသည်။ သူသည်စပိုင်တစ်ယောက်နှင့် ပီယိသေသပ်စွာ လှုပ်ရှားခဲ့သည်။ ကျမ်းစာများ ဖတ်ရှုခြင်းနှင့် တစ်နေ့လျှင် ငါးကြိမ်ဝတ်ပြုခြင်းတို့ကို အချိန်မှန်မှန် ပြုလုပ်ခဲ့သည်။ သူ့ကို မည်သူကမှ မော့ဆက်ထောက်လှမ်းရေးတစ်ယောက်ဟူ၍ မရိပ်မိကြပါချေ။

သတ်မှတ်ထားသော နေ့ရက်တွင် တယ်လ်အဗီသို့ ပြန်ခဲ့သည်။

သူ၏နည်းပြဆရာက အံ့သြစရာ ဆီးကြိုပြောသည်။

'ဒီနေ့ဟာ ငါတို့အတွက် အားလပ်တဲ့နေ့ပေါ့ကွာ၊ မင်းနဲ့ငါ ဆီးရီးယား နယ်ခြားကို သွားကြမယ်'

နည်းပြဆရာက ဂျစ်ကားကို သူကိုယ်တိုင်မောင်းသည်။ ကိုဟန်က သူ့ဘေးတွင် လိုက်ပါလာသည်။ ဂျစ်ကားကို မြောက်အရပ်သို့ ဦးတည်မောင်း

သွားသည်။ ဂိုလန်ကုန်းမြင့်ဒေသသို့ရောက်ခဲ့သည်။ လွန်ခဲ့သောရက်သတ္တပတ် အနည်းငယ်က ဆီးရီးယားတို့၏ အမြောက်များက အထက်စီးမှ ပစ်ခတ်ခဲ့သဖြင့် ဂျူးလူမျိုးများ နေထိုင်ကြသော ဂါလီလီ အထက်ပိုင်းရှိ တယ်လ်ကက်ဇီယာ စုပေါင်းဘုံလယ်ယာမြေထဲသို့ ကျည်ဆန်များ ကျရောက်ခဲ့သည်။ ထိုအကြောင်းကို ကိုဟန်က သတင်းစာထဲတွင် ဖတ်ခဲ့ပြီးဖြစ်သည်။ ဘုံလယ်ယာမြေထဲမှ သီးနှံများနှင့် အဆောက်အဦးအချို့ ပျက်စီးဆုံးရှုံးခဲ့ရသည်။ လယ်သမားအချို့သေဆုံးခြင်း ထိခိုက်ဒဏ်ရာ ရခြင်းများ ဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အစ္စရေးဂိုလန်နီ တပ်မဟာသည် မှောင်ပိန်းနေသောညဦးအချိန်တွင် ဆီးရီးယားနယ်မြေထဲသို့ လျှို့ဝှက်စွာ ဝင်ရောက်သွားသည်။ အစ္စရေးရပ်ကွက်များပေါ်သို့ အထက်စီးမှ ချိန်ထားသော အမြောက်ကြီးများ ရှိရာသို့ ချဉ်းကပ်ခဲ့ကြသည်။ ထိုအမြောက်ကြီးများကို တာဝါဖစ်တောင်ထွတ်ပေါ်တွင် နေရာချထားခြင်းဖြစ်သည်။ ဂိုလန်နီတပ်မဟာသည် သတ်မှတ်ထားသောနေရာသို့ ရောက်သွားသည်နှင့် တပြိုင်နက် အမြောက်များကို ဖျက်ဆီးဖေါက်ခွဲကြသည်။ ဆီးရီးယားတပ်သားများနှင့် ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားပြီး ဆီးရီးယားတို့ အိမ်ခြေငါးဆယ်ကျော် ပျက်စီးသွားသည်။ တိုက်ပွဲပြီးဆုံးချိန်တွင် ဆီးရီးယားတပ်သားများ ကျဆုံးခဲ့သည်။ ဂိုလန်နီတပ်မဟာသည် ဆီးရီးယားတို့၏ တင့်ကားနှင့် သံချပ်ကာယာဉ်များ၊ လက်နက်ငယ်နှင့် လက်နက်ကြီးမျိုးစုံကို သိမ်းဆည်းယူဆောင်ခဲ့ကြသည်။

နည်းပြဆရာ ဒါးဗစ်ရှိက ကိုဟန်ကို စစ်ပွဲဒဏ်ရာစ၏ဒဏ်ချက် အပျက်အစီးများကို ပြသသည်။ ထို့နောက်ဆီးရီးယားတို့၏ သိပ္ပံနည်းကျ တည်ဆောက်မှု အနေအထားနှင့် ပစ္စည်းများနေရာချခြင်း စသောအကြောင်းအရာများကို တိုင်ပင်ဆွေးနွေးကြသည်။

'ဂိုလန်နီတပ်မဟာရဲ့ အနိုင်ရမှုက မော့ဆက်ထောက်လှမ်းရေးက ရတဲ့ သတင်းတွေပေါ်မှာ အခြေပြုခဲ့တာပဲ၊ ဒါ့ကြောင့် နောင်လာမယ့် စစ်ပွဲတွေရဲ့ အနိုင်(သို့မဟုတ်) အရှုံးဟာ မင်းဆီကရမယ့် သတင်းတွေပေါ်မှာ

မူတည်လာနိုင်စရာ အကြောင်းရှိတယ်'

ကိုဟန်က ဒါးဗစ်ရှ်ကို အံ့သြစွာကြည့်သည်။

'မင်းဆိုးရီးယားနိုင်ငံကို သွားရလိမ့်မယ်'

ဒါးဗစ်ရှ်က ထပ်ပြောသည်။

ကိုဟန်က ဘာမှပြန်မမေးမိ။

'ဆိုးရီးယားနိုင်ငံကို သွားပြီး လှုပ်ရှားရမယ့် တာဝန်ဟာ မင်းနဲ့အသင့်တော်ဆုံးပဲ၊ မင်းကလွဲလို့ တခြားဘယ်သူမှ အောင်မြင်အောင်စွမ်းဆောင်နိုင်မယ့် အလားအလာမရှိဘူး၊ ငါပြောတာရှင်းလား'

စင်စစ်အားဖြင့် မော့ဆက်လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့ကြီးအနေနှင့် သူသင်တန်းတက်စဉ်အတွင်းမှာပင်၊ သူ့ကိုအထူးချွန်ဆုံး အေးဂျင့်တစ်ယောက်အဖြစ် သတ်မှတ်ထားပြီးဖြစ်သည်။ မော့ဆက်၏ အရေးကြီးသောတာဝန်များကို အမှားအယွင်းမရှိ အရည်အချင်းပြည့် လုပ်ဆောင်နိုင်ရန် သင်တန်းတွင် ထပ်မံဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်သည်။ သင်တန်းတွင် သူလျှိုတို့ တတ်သင့်တတ်ထိုက်သော အတတ်ပညာများကို သင်ကြားပေးခဲ့သည်။ နည်းပြဆရာများကလည်း ကိုဟန်ကို ထိပ်သီးအေးဂျင့်တစ်ယောက် ဖြစ်နိုင်ကြောင်း ရာခိုင်နှုန်းပြည့် ထောက်ခံခဲ့ကြသည်။

၁၉၅၆ခုနှစ် စူးအက်စစ်ပွဲတွင် အီဂျစ်တို့ အရေးနိမ့်ခဲ့ကြသည်။ ထို့ကြောင့်နောက်တစ်ကြိမ် စစ်ပွဲဆင်နွှဲရန် မပြင်ဆင်နိုင်သေးချေ။ သို့ရာတွင် ဆီးရီးယားသည် အစ္စရေးနယ်စပ်တွင် စစ်အင်အားကို တိုးချဲ့နေသည်။ သို့ဖြစ်ရာ အစ္စရေးဝန်ကြီးချုပ် ဘင်ဂူရီယံက မော့ဆက်လျှို့ဝှက်ထောက်လှမ်းရေးတာဝန်ခံကို ခေါ်ယူတွေ့ဆုံခဲ့သည်။ ဆီးရီးယားမြို့တော် ဒမတ်စကပ်စ်တွင် ထောက်လှမ်းရေးကို အားဖြည့်ရန် ညွှန်ကြားခဲ့သည်။ ထို့ပြင် 'အမှုမဲ့အမှတ်မဲ့နေခြင်းသည် အမျိုးသားလုံခြုံရေးအတွက် အဆိုးရွားဆုံးရန်သူဖြစ်သည်'. . . ဟု မော့ဆက်တာဝန်ခံကို သတိပေးခဲ့သည်။

မော့ဆက်တာဝန်ခံ အကြီးအကဲဖြစ်သူ ဟာရယ်က ဆီးရီးယားနိုင်ငံ

မှ သတင်းများထောက်လှမ်းရန် အသင့်တော်ဆုံးအေးဂျင့်မှာ ကိုဟန်ဖြစ်ကြောင်းသိထားသည်။ အဘယ့်ကြောင့်ဆိုသော် ထိပ်တန်းမော့ဆက်အေးဂျင့်များထဲတွင် ကိုဟန်သည် အာရပ်လူမျိုးတစ်ယောက်နှင့် အတူဆုံးဖြစ်နေသည်။ အာရပ်ဘာသာစကားကိုလည်း မွေးကတည်းက ပြောလာသော အာရပ်လူမျိုးအစစ်နှင့် ထပ်တူထပ်မျှ ပြောနိုင်သူဖြစ်သောကြောင့်ပင်။

မော့ဆက်ခေါင်းဆောင်က ကိုဟန်ကိုရွေးချယ်ခဲ့သည်။

ကိုဟန်တစ်ယောက်တည်း လွှတ်ရမည်ဖြစ်သည်။

လောလောဆယ် မော့ဆက်အဖွဲ့တွင် ဘဏ္ဍာရေးအခြေအနေ သိပ်မကောင်းပါချေ။ မကြာသေးမီက နာဇီအရာရှိ အိုက်ဘခန်းကို အာဂျင်တီးနားနိုင်ငံမှ ဖမ်းဆီးခေါ်ဆောင် လာရာတွင် ကုန်ကျစရိတ် အလွန်တရာများပြားခဲ့သည်။ ထို့ကြောင့် နောက်ထပ်များများစားစား အကုန်မခံနိုင်တော့ပါချေ။

ထို့ပြင် ကိုဟန်သည် တစ်ကိုယ်တော်လှုပ်ရှားနိုင်သူ။

ပြင်သစ်လူမျိုးမာစယ်လ်ကိုဝမ် အဖြစ်အယောင်ဆောင်၍တစ်ယောက်တည်း လှုပ်ရှားနိုင်ကြောင်း သိထားကြသည်။ ကိုဟန်အနေနှင့် တခြားတစ်စုံတစ်ယောက်နှင့် တွဲ၍လှုပ်ရှားခဲ့ပါက၊ ထိုသူ၏ အမှားကြောင့်ကိုဟန်ပါ အန္တရာယ်ဖြစ်စေလိမ့်မည်။ သို့ဖြစ်ရာ တစ်ကိုယ်တော်လှုပ်ရှားရန် ကိုဟန်က သဘောတူလိုက်သည်။ သူသင်တန်းတက်စဉ်က သင်တန်းဆရာများကသူ့ကို ဆီးရီးယားနိုင်ငံ၏အနေအထား၊ အကျယ်အဝန်းနှင့် လူဦးရေ၊ အစိုးရပြောင်းလဲမှု၊ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှု. . . စသည်တို့ကိုသည်းသည်းမည်းမည်း သင်ကြားပေးခဲ့သည်။ ထိုမျှမကသေးပဲ ဆီးရီးယားလူမျိုးတို့ပြောသောအာရပ်စကားနှင့် လေယူလေသိမ်းကို ဆီးရီးယားမြို့တော်ဖြစ်သောဒမတ်စကပ်တွင် မွေးဖွားကြီးပြင်းခဲ့သည့် ပါမောက္ခတစ်ဦးက ကိုဟန်ကိုလုံးစေ့ပတ်စေ့ သင်ကြားပေးခဲ့သေးသည်။ ကိုဟန်သည် အဂျစ်လူမျိုးတို့ ပြောကြသော အာရပ်စကားကို ကျွမ်းကျင်ပြီးသား ဖြစ်သော်လည်း၊ ဆီးရီးယားလူမျိုးတို့ဆိုကြသော အာရပ်စကားနှင့် အတော်အတန်ကွဲပြားခြားနားနေသည်။ ထို့

ကြောင့်ကိုဟန်အား ဦးစားပေးသင်ခဲ့ခြင်းဖြစ်သည်။ ဆီးရီးယားနိုင်ငံမှ လွှင့်ထုတ်သော ရေဒီယိုသတင်း အစီအစဉ်ကိုလည်း နေ့စဉ်မပြတ်နားထောင်ခဲ့ရသည်။ ထိုအခါဆီးရီးယား လေယူလေသိမ်းနှင့် ပစ္စုပ္ပန်ကာလ ဆီးရီးယားနိုင်ငံ၏အခြေအနေကိုလည်း လေ့လာသိရှိနိုင်သည်။

ထို့နောက် သင်တန်းကာလအတွင်း ကိုဟန်ကို အာဂျင်တီးနားနိုင်ငံနှင့်ပတ်သတ်သမျှဖြစ်ရပ် အလုံးစုံကိုလည်း သင်ကြားပေးခဲ့ကြသေးသည်။ သူတတ်မြောက်ထားသော စပိန်စကားကိုလည်း ရေရေလည်လည် ပြောနိုင်စေရန်လေ့ကျင့်ခဲ့ရသေးသည်။ သင်တန်း၏ နောက်ဆုံးပတ်တွင် နည်းပြဆရာတစ်ယောက်က ကိုဟန်အား နှစ်ယောက်ချင်းတွေ့ဆုံခဲ့သည်၊ နည်းပြဆရာက

'မင်း. . . မော့ဆက်အဖွဲ့ကြီးထဲ မဝင်ချင်ရင် အခုအချိန်မှာထွက်လို့ရသေးတယ်၊ မင်းဆန္ဒအတိုင်းဖြစ်စေရမယ်၊ ဆန္ဒမပါဘဲနဲ့ အန္တရာယ်တွေပြည့်နေတဲ့ သူလျှိုအလုပ်ကို မလုပ်ချင်လဲ ရပါတယ်၊ ဘယ်လိုသဘောရလဲ ကိုဟန်ထွက်ချင်ရင်ပြော. . . . .' ဟု မေးလိုက်သည်။

စင်စစ်အားဖြင့် နည်းပြဆရာက သွေးထိုးစမ်းခြင်းပင်။

ကိုဟန်က တွေ့ဝေခြင်းမရှိပဲ၊ ပြတ်သားစွာပြောသည်။

'ကျွန်တော်. . . မော့ဆက်အဖွဲ့ရုံးမှာ အာရပ်သတင်းစာတွေကို ဘာသာပြန်တဲ့အလုပ်က ထွက်ခဲ့တာကို ဆရာသိမှာပါ၊ အဲဒီလို ရုံးထိုင်ရတဲ့ အလုပ်ထက် အန္တရာယ်ကြားမှာ လှုပ်ရှားသွားလာရတဲ့ အလုပ်ကိုလုပ်ခွင့်ပြုဖို့ အထက်အရာရှိကို ပြောပြခဲ့ပါတယ်။ သူခွင့်မပြုနိုင်လို့ ကျွန်တော်ထွက်စာတင်ခဲ့တာပါ။ အခုကျွန်တော့ဆန္ဒအတိုင်း၊ နိုင်ငံတော်အတွက် အသက်စွန့်ပြီး လုပ်ရတော့မှာမို့ ကျွန်တော်ပျော်နေပါတယ်။ မော့ဆက်က ပေးတဲ့တာဝန်ကို ကျွန်တော်နောက်ဆုံးထွက်သက်အထိ အောင်မြင်စွာ ဆောင်ရွက်ချင်ပါတယ်။

xxxxxxxxxxxxxx

ဆွစ်ဇာလန်နိုင်ငံပိုင် လေကြောင်းကုမ္ပဏီမှာ ခရီးသည်တင် လေယာဉ်တစ်စီးသည် (၁. ၃. ၆၁)နေ့တွင်၊ ဇူးရစ်မြို့မှ ထွက်ခွာပြန်သန်းလာသည်။ အချိန်တိကျစွာဖြင့် ဖြူနိုစ်အေရိစ်၏ အဇစ်ဖာ လေယာဉ်ကွင်းသို့ ဆင်းသက်လိုက်သည်။ လေယာဉ်ပြေးလမ်းအတိုင်းသွားနေရာမှ တက်ဆီလမ်းကြောင်းသို့ ကူးပြောင်းရောက်ရှိခဲ့ပြီး လေဆိပ်ရှိ ခရီးသည်များနားနေရာ အဆောင်ရှေ့တွင် ရပ်တန့်လိုက်သည်။

လေယာဉ်ပေါ်မှ ဆင်းလာကြသော ခရီးသည်များထဲတွင် သပ်သပ်ယပ်ယပ် ဝတ်စားထားသော လုပ်ငန်းရှင်တစ်ယောက်လည်း ပါလာသည်။ သူသည် ပထမတန်းစား ခရီးသည်တစ်ယောက်ဖြစ်ပြီး၊ သူ၏ကက်ဘင်ထဲတွင် ဘာသာမျိုးစုံဖြင့် ရေးသားထားသော စီးပွားရေးသတင်းများကို တိတ်တိတ်ဆိပ်ဆိပ် ဖတ်ရှုနေခဲ့သူဖြစ်သည်။

လေဆိပ်တွင် သူ့ကိုစောင့်ကြိုသူ လုံးဝမရှိ။

သူက လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ကပ်စတန်နည်းလမ်းများအတိုင်း လုပ်ရိုးလုပ်စဉ် စစ်ဆေးမှုများအပြီးတွင် လေဆိပ်အဆောက်အဦးပြင်ပသို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။ အဆောက်အဦးပြင်ပတွင် အသင့်ရှိနေသောအငှားယာဉ်တစ်စီးကို လက်ပြခေါ်ယူလိုက်သည်။

အငှားယာဉ်က သူ့အနီးသို့ ချဉ်းကပ်လာသည်။

သူက ကားတံခါးဖွင့်၍ တက်ပြီး၊ တံခါးပြန်ပိတ်သည်။

'ဘယ်ကိုပို့ပေးရမှာလဲ. . . ဆရာ'

အငှားယာဉ်မောင်းသူက ကားဘီးလိမ့်ထွက်လာရင်း မေးလိုက်သည်။

'ငါကဒီမြို့မှာ လူစိမ်းတစ်ယောက် ဖြစ်နေတယ်ကွ၊ ဒါကြောင့်ဘယ်ဟိုတယ်မှာတည်းရင် ကောင်းမလဲဆိုတာ မင်းပဲလိုက်ပို့ပေးပေတော့'

ယာဉ်မောင်းသူက မြို့၏အချက်အခြာနေရာတွင် ရှိသော အေဗင်နီခါညူဒီ ဂျူလီယိုမှ ထင်ရှားသည့် ဟိုတယ်ကြီးသို့ မောင်းပို့ပေးခဲ့သည်။ လုပ်ငန်းရှင်ကြီးသည် ဟိုတယ်တွင်းသို့ ရောက်ရှိသွားသောအခါ မှတ်ပုံတင်စာအုပ်ထဲ

တွင် စာရင်းသွင်း လက်မှတ်ရေးထိုးလိုက်သည်။

'သူ၏အမည်ကား. . . . ကမဲလ် အမ်မင် တာအက်ဘေးစ်'

အလုပ်အကိုင်. . အိပ်စ်ပို့ ထုတ်ကုန်ဆိုင်ရာ ကုန်သည် ဟူ၍ဖော်ပြခဲ့သည်။ သူ၏ပတ်စ်ပို့အရ ဆီးရီးယားနိုင်ငံသားတစ်ယောက် ဖြစ်နေသည်။ ဟိုတယ်တွင် သူတည်းခိုနေထိုင်သည့် ရက်သတ္တပတ် အနည်းငယ်အတောအတွင်း၊ ဖြူနိုအေရီမြို့တွင် အလုပ်များနေပုံရသည်။ မိုးလင်းသည်နှင့်ဟိုတယ်မှထွက်သွားလေ့ရှိပြီး ညဥ့်နက်ချိန်ကျမှ ပြန်လည်ရောက်ရှိလာတတ်သည်။ ထို့နောက်ပိုင်းတွင် သူက တည်းခိုနေထိုင်ရန် တိုက်ခန်းတစ်ခန်းရရှိကြောင်း ဟိုတယ်ဝန်ထမ်းကို ပြောပြခဲ့သည်။

ထို့နောက် သူသည်ဟိုတယ်နှင့် မနီးမဝေးရှိ တာကွာရားလမ်း၊ တိုက်အမှတ် ၁၄၁၅ တွင် တိုက်ခန်းငှား၍ နေထိုင်သည်။ ထိုတိုက်ခန်းမှာပင် သူ၏စီးပွားရေးဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းဖွင့်လှစ် ဆောင်ရွက်ခဲ့လေသည်။

သူသည် အရှေ့အလယ်ပိုင်းဒေသမှ လူမျိုးများဖြစ်သော ဆီးရီးယား၊ လက်ဘနွန်စသည့် လူမျိုးများအပါအဝင် အာရပ်တို့နှင့် အပေါင်းအသင်းဖြစ်သွားသည်။ အာရပ်လူမျိုးများသည် မူလစိတ်နေစိတ်ထားအားဖြင့် ဖော်ရွေသည်။ သို့ဖြစ်ရာ ကမဲလ်အမ်မင်တာ အက်ဘေစ်က သူ့အကြောင်းကိုပြောပြသည်။

'ကျုပ်အဖေနာမည်က အမ်မင်၊ အမေနာမည်က ဆက်ဒါဖြစ်ပါတယ်။ သူတို့ဟာ ဆီးရီးယားက ထွက်လာပြီး၊ ဘီရုမြို့မှာ အလုပ်လုပ်ရင်းနဲ့ စီးပွားတက်လာတယ်။ ကျုပ်နဲ့ ကျုပ်နှမကို ဘီရုမှာမွေးခဲ့ပြီး၊ နှမက ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားတယ်။ နောက်တော့ ကျုပ်တို့သားအမိ သားအဖသုံးယောက်ဟာ အီဂျစ်နိုင်ငံ အလက်ဇန်းဒရီးယားမြို့မှာပဲ လူလားမြောက်ခဲ့တာပေါ့ဗျာ၊ အဖေကဆီးရီးယားနိုင်ငံကို အရမ်းသံယောဇဥ်ကြီးတယ်။ ဆီးရီးယားလူမျိုးတွေကိုလည်းချစ်တယ်။ ဒါကြောင့် အဖေ သေကာနီးအချိန်မှာ ကျွန်တော်က ကတိတစ်ခုပေးခဲ့ရတယ်။ အဲဒီကတိက ကျွန်တော်တစ်နေ့ကျရင် ဆီးရီး

ယားကို သွားနေပါမယ် ဆိုတဲ့ကတိဖြစ်ပါတယ်' ဟုပြောခဲ့သည်။

ထို့နောက်ဆက်လက်၍ ၁၉၄၇ခုနှစ် သူ့အသက်(၁၇)နှစ်အရွယ်တွင် ဦးလေး၏ကူညီမှုဖြင့် ဖြူနိုစ်အေရီစ်မြို့သို့ ရောက်လာခဲ့ပြီး အထည်ရောင်းချသည့်လုပ်ငန်း လုပ်ကိုင်ခဲ့ကြောင်း သို့ရောတွင် အခြေအနေ မပေးသဖြင့် စီးပွားပျက်ခဲ့ကြောင်း ပြောပြသည်။

'ကျုပ်မိဘတွေ ဆုံးသွားတော့ ဥရောပမှာ ပို့ကုန်လုပ်ငန်းကို ကျုပ်ကိုယ်တိုင်ဦးစီးပြီး လုပ်ခဲ့ရာက တိုးတက်ကြီးပွားလာတယ်၊ ဒါကြောင့် အခုဒီမြို့မှာ အခြေချပြီး ဆက်လက်လုပ်ကိုင်ဖို့ ဆုံးဖြတ်ထားပါတယ်'

ကမဲလ်က နိဂုံးချုပ် ပြောပြလိုက်သည်။

ထို့နောက်မိသားစု ဓါတ်ပုံအချို့ပြသသည်။

သူ့တိုက်ခန်းသို့ အလည်လာရန်ဖိတ်ခေါ်သည်။ သို့ဖြင့်ကမဲလ်အမ်မင်တာအက်ဘေးစ် အရေခြုံထားသော ကိုဟာန်၏ စည်းရုံးမှုက အောင်မြင်ခဲ့လေသည်။ နောက်ပိုင်းတွင် ကမဲလ်သည် လူတန်းစားအသီးသီးနှင့် အလွှာအမျိုးမျိုးနှင့် အပေါင်းအသင်းဝင်ဆန့်သွားပြီး၊ သံရုံးအချို့၏ ညှိခံပွဲတချို့ကိုပါတက်ရောက်နိုင်ခဲ့သည်။ ထိုညှိခံပွဲတစ်ခုတွင် ဆီးရီးယားစစ်သံမှူး မေဂျာအမ်မင် အယ်လ်ဟာဖက်ဇ်နှင့် စကားလက်ဆုံကျရာမှ ဆီးရီးယားနိုင်ငံနှင့် ဆီးရီးယားလူမျိုးများအပေါ်တွင် ချစ်ခင်မြတ်နိုးလျက်ရှိသော ကမဲလ်အမည်ခံကိုဟာန်ကို စစ်သံမှူးက နှစ်သက်သွားသည်။ ယုံကြည်သွားသည်။

'ဒီနှစ်ကုန်ရင် ကျွန်တော်ဒမတ်စကပ်ပြန်ရတော့မယ်၊ ခင်ဗျားလိုက်ခဲ့ရင် အဆင်ပြေမှာပါ၊ ခင်ဗျားလိုပညာတတ်ပြီး မျိုးချစ်စိတ်ရှိတဲ့လူတစ်ယောက်ကို ကျွန်တော်တို့ရဲ့ ဘာအပ်သ်ပါတီက လိုအပ်တယ်ဗျ၊ ခင်ဗျား ဘာအပ်သ်ပါတီကို ဝင်ဖို့ကောင်းတယ်'

စစ်သံမှူးက ကိုဟာန်ကိုစည်းရုံးလိုက်သည်။

ကိုဟာန်က သူ့ကိုယ်သူနှိမ့်ချစွာဖြင့်. . . .

'ခင်ဗျားလို ပုဂ္ဂိုလ်ရဲ့ ဦးဆောင်မှုကို လိုက်နာဖို့ သတ္တိမွေးရဦးမှာပေါ့

ဂျင်နရယ်' ဟုပြောလိုက်သည်။ စင်စစ်အားဖြင့် စစ်သံမှူး၏အဆင့်မှာ မေဂျာတစ်ယောက်မျှသာ ဖြစ်ကြောင်း သူသိထားသော်လည်း မသိဟန်ဆောင်၍ဂျင်နရယ် ဟူ၍မြှောက်ပင့်တင်စားလိုက်သည်။ ကမဲလ်အမည်ခံ ကိုဟန်ကို ဆီးရီးယားစစ်သံမှူးက စိတ်ချယုံကြည်သွားသော်လည်း ဆီးရီးယားထောက်လှမ်းရေးအဖွဲ့က အလွယ်တကူ မယုံကြည်ခဲ့ပါချေ။

ထို့ကြောင့် သူတို့က ကမဲလ်အာမင်တာအက်ဘေး ဆိုသူ၏ နောက်ကြောင်းကို တိတ်တဆိတ် စုံစမ်းထောက်လှမ်းခဲ့ကြသည်။ ထိုအခါ ကိုဟန်က သူ့အပေါင်းအသင်းများကို ပြေပြခဲ့ဖူးသော ဖြစ်ရပ်များအားလုံး အလွဲမသွေ မှန်ကန်နေကြောင်းတွေ့ရှိရသည်။ ဆီးရီးယားထောက်လှမ်းရေးအဖွဲ့ကကိုဟန်၏တိုက်ခန်းကို မွှေနှောက်ရှာဖွေသော အခါ၌လည်း တွေ့ရှိရသမျှစာရွက်စာတမ်းများ မိသားစုဓါတ်ပုံများသည် အမှန်အကန် ဖြစ်နေသည်။

စင်စစ်အားဖြင့် မော့ဆက်ထောက်လှမ်းရေးအနေနှင့် ကိုဟန်ကို အာဂျင်တီးနားနိုင်ငံသို့ စေလွှတ်ခြင်း မပြုမီကတည်းက ပိယိသေသပ်စွာ ကြိုတင်ဆောင်ရွက်ထားခဲ့ပြီး ဖြစ်သည်။ တစ်ချိန်က ကမဲလ် အမ်မင်တာအက်ဘေးစ် ဆိုသောဆီးရီးယားလူမျိုးတစ်ယောက်သည် အမှန်တကယ်ရှိခဲ့ပြီး၊ ထိုသူသည် လက်ဘနွန်တွင် အဖေအမ်မင်၊ အမေ ဆက်ဒါတို့က မွေးဖွားခဲ့ခြင်း၊ သူ၏နှမသည် ကလေးဘဝအရွယ်တွင် သေဆုံးခဲ့ခြင်းမှအစ၊ ထိုသူ၏ဖြစ်ရပ်တစ်ခုလုံးကို ကိုဟန်က လူစားဝင်၍ အယောင်ဆောင်လိုက်ခြင်း ဖြစ်သည်။ ထိုသူနှင့် ကိုဟန်သည် အသက်ချင်း အသွင်ဏ္ဍာန်ချင်းလည်း ထပ်တူထပ်မျှ ဖြစ်နေလေသည်။ ကိုဟန်က အာရပ်နှင့် အရှေ့အလယ်ပိုင်းဒေသလူမျိုးများဖြစ်ကြသော ဆီးရီးယား၊ လက်ဘနွန်စသည့် အပေါင်းအသင်းများကို စကားလက်စုံကျရင်း ပြောပြခဲ့သော ဖြစ်ရပ်များနှင့် တစ်လုံးတစ်ပါဒ မလွဲတူညီနေသည်။

ကိုဟန်၏ပုံတူ သရုပ်ဆောင်မှုက ပီပြင်ခဲ့သည်။

သူကြိုတင် ပြောပြခဲ့သော ဖြစ်ရပ်များက တိကျခဲ့သည်။

ထို့ကြောင့်ကိုဟန်သည် ကမဲလ်အမ်မင်း အစစ်အမှန်ဖြစ်ကြောင်း

ဆီးရီးယားထောက်လှမ်းရေးအဖွဲ့က ယုံကြည်စိတ်ချစွာဖြင့် ရာနှုန်းပြည့် ထောက်ခံလိုက်လေသည်။ ၁၉၆၁ခုနှစ် မေလအတွင်း၌ ကိုဟန်သည် ဒမတ်စကပ်သို့ သွားတော့မည်ဖြစ်ကြောင်း၊ အပေါင်းအသင်းများကို သွားရောက်နှုတ်ဆက်ခဲ့သည်။ ထိုအခါ စီးပွားရေးလောကနှင့် အစိုးရ အရာရှိအပေါင်းအသင်းများက ဒမတ်စကပ်ရှိ သူတို့မိတ်ဆွေ စီးပွားရေးသမားများ၊ အစိုးရ အရာရှိများ၏ လိပ်စာများနှင့် မိတ်ဆက်စာများကို ပေးလိုက်လေသည်။

ကိုဟန်သည် မော့ဆက်ထိပ်သီးအေးဂျင့် တစ်ယောက်ဖြစ်သည်။ ထို့ကြောင့်ဗြူနိုစ်အေရိစ်. . . သို့ သူရောက်သည့်နေ့မှစ၍ နောက်ဆုံးအချိန်အထိ၊ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်ဆောင်ရွက်မှုများကို အကျဉ်းချုပ်စကားဝှက်များဖြင့် တယ်လ်အဗီရှိ မော့ဆက်လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့အစည်းသို့ ပေးပို့ခဲ့သည်။ မော့ဆက်ဦးဆောင်သူများက ထိုအစီရင်ခံစာများကို လေ့လာသုံးသပ်ခဲ့ကြသည်။ ကိုဟန်၏ ရက်ပေါင်း(၉၀)အတွင်း ဆောင်ရွက်လှုပ်ရှားမှုများသည် သူတို့ရည်မှန်းခဲ့သည့်အတိုင်း အပြည့်အဝ အကောင်အထည်ဖော်နိုင်ခဲ့သည်ဟု မှတ်ချက်ချလိုက်ကြသည်။

ကိုဟန်လိုအပ်သော ဗီဇာနှင့် စာရွက်စာတမ်းများကို အာရပ်ပြည်ထောင်စု သမတ္တနိုင်ငံနှင့် ကောင်စစ်ဝန်ရုံးတို့မှ ရရှိထားပြီးဖြစ်သည်။ အာဂျင်တီးနားနိုင်ငံမှ သူမထွက်ခွါမီ (၁. ၈. ၆၁) ခုနှစ်တွင် သူ့မိတ်ဆွေ အပေါင်းအသင်းများကို ရုတ်တရက် ဖိတ်၍နှုတ်ဆက်ပွဲ ညစာတစ်ခုကျင်းပလိုက်သည်။ သူ၏နှုတ်ဆက်ပွဲတွင် တက်ရောက်လာသော အပေါင်းအသင်းများက အံ့သြနေကြသည်။ ထိုနှုတ်ဆက်ပွဲတွင် ကိုဟန်ကလှိုက်လှဲစွာ ပြောလိုက်သည်။

'ကျွန်တော် ဒီမြို့ကို စရောက်တဲ့နေ့မှာ မိတ်ဆွေအပေါင်းအသင်း တစ်ယောက်မှ မရှိခဲ့ပါဘူး၊ ဒါပေမယ့် ခင်ဗျားတို့ရဲ့ နွေးထွေးတဲ့ ပေါင်းသင်းမှု၊ ရင်းနှီးတဲ့ ဆက်ဆံမှုတွေကြောင့် ကျွန်တော့ဘဝမှာ သာယာစိုပြေခဲ့ရပါတယ်။ အခုလို အခြေအနေအရ ခွဲခွာရတာကို ကျွန်တော်တစ်သက်လုံး တသသနဲ့ သတိရနေမှာပါ'

## အခန်း (၉)

စင်စစ်အားဖြင့် ကိုဟန်သည် ဖြူနိုစ်အေရိစ်မှ မြူးနစ်သို့ တစ်ဆင့် သွားပြီး ဘီရူသို့ခရီးထွက်ရန်ဖြစ်သည်။ သို့ရာတွင် သူသည်မြူးနစ်မြို့သို့ ရောက်သောအခါ၊ အခြားလေကြောင်းမှ လေယာဉ်ဖြင့် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့သို့ ခရီးသွားခဲ့သည်။ ထိုမြို့တွင် မော့ဆက်အေးဂျင့်တစ်ဦးဖြစ်သော ဆယ်လင်ဂျာက သူ့ကိုကြိုဆိုခဲ့သည်။ ဆယ်လင်ဂျာကို လိုအပ်သောသတင်းများပေးလိုက်ပြီးနောက် လက်ဆောင်ပစ္စည်းအချို့ ဝယ်ယူခဲ့သည်။ လော့လေဆိပ်မှလေကြောင်းခရီးဖြင့် တစ်မျိုး၊ ကုန်းလမ်းခရီးဖြင့်တစ်သွယ် သူ၏နေအိမ်သို့ ရောက်ရှိခဲ့သည်။

လက်ဆောင်များနှင့် ရောက်လာသောကိုဟန်ကို ဇနီးဖြစ်သူ နေဒီယာနှင့် သမီးလေးဆိုဖီက နွေးထွေးစွာ ဆီးကြိုကြသည်။ တွေတွေချင်းသမီးလေးဆိုဖီသည် ကိုဟန်ကိုလုံးဝမမှတ်မိပါချေ။ သို့ရာတွင် သွေးကပြောသည့်

အတိုင်း နာရီပိုင်းအတွင်း အဖေမှန်းသိသွားခဲ့သည်။

ကိုဟန်သည် အစ္စရေးနိုင်ငံတွင် ဆက်လက်ရှိနေစဉ် အတောအတွင်း စကားဝှက်ဖြင့် သတင်းပို့ရာတွင် လိုက်နာရမည့် နောက်ဆုံးပေါ်နည်းစနစ်များကို ထပ်မံသင်ကြားခဲ့သည်။ စကားဝှက်ဖြင့် သတင်းပို့ရာတွင် အေးဂျင့်သဘောအတိုင်းပေးပို့ချက်နှင့်၊ အခြားတစ်စုံတစ်ယောက်က အကြပ်ကိုင်၍ သတင်းပို့ရခြင်းများကို ခိုင်းသူမရိပ်မိစေအောင် ပြောင်းလဲနည်းများ၊ ဆီးရီးယားတွင် ခေတ်စားနေသော လက်နက်ငယ်ကိုင်တွယ် ပစ်ခတ်နည်းများ၊ မိုက်ခရိုဖလင်နှင့်အခြားအရေးပါသော ပစ္စည်းများကို လျှို့ဝှက်ထိန်းသိမ်းနည်း၊ လေယာဉ်နှင့်လက်နက်များကို အမြင်ဖြင့်ခွဲခြားနည်း. . . . စသည်ဖြင့် ထိပ်သီးအေးဂျင့်တစ်ယောက်အတွက် လိုအပ်သော ကျွမ်းကျင်မှုများကို ဖြည့်ဆည်းပေးခဲ့ကြသည်။ ကိုဟန်အတွက် ကမ္ဘာတစ်ဝှမ်းလုံးတွင် အင်အားအကောင်းဆုံး ခေတ်မီအံသံလွှင့်စက် အသေးစားတစ်ခု ထုတ်ပေးထားသည်။ လျှပ်စစ်သုံးအဖျော်ယမကာဗူးအောက်တွင်ရှိသော အဖုံးထဲသို့ ထိုဒ သံလွှင့်စက်ကို ဝှက်၍သယ်ဆောင်နိုင်သည်။ လျှပ်စစ်မုတ်ဆိတ်ရိပ် ကရိယာမှကြိုးသည် အသံလွှင့်စက်အတွက် အလှမ်းဝေးအင်တင်နာအဖြစ် အသုံးပြုနိုင်သည်။ အကယ်၍ရန်သူက သူ့ကိုဖမ်းသွားပါက ညှဉ်းပမ်းစစ်ဆေးမှုကို မခံမရပ်နိုင်သော အချိန်တွင်အသုံးပြုရန် စိုင်ယာနိုက်ဆေးပြားလည်း ပါသည်။ ထိုဆေးပြား၏ အသွင်သဏ္ဍာန်မှာ အကိုက်အခဲပျောက်ဆေးနှင့် ဆင်ဆင်တူသည်။ စွမ်းအားပြင်းသောဗုံးများပြုလုပ်ရန်အတွက် ဓါတုဗေဒဆေးများကို သွားတိုက်ဆေးဗူးနှင့်၊ မုတ်ဆိတ်သုတ်လိမ်းသည့် ဆေးရည်ဗူးများနှင့်ထည့်ထားသည်။ ဂျပန်ဖြစ် အကောင်းစားကင်မရာပစ္စည်းများထဲတွင် မိုက်ခရိုဖလင် နက်ကတစ်ပြုလုပ်ရန်ပစ္စည်းများလည်းပါသေးသည်။

ဤတစ်ကြိမ်တွင် ခရီးထွက်တော့မည့်အတွက်၊ သူ့ဇနီးနေဒီယာနှင့်သမီးကလေးကို ခွဲခွါခဲ့ရသည့်အခါတွင်၊ ခါတိုင်းနှင့်မတူပဲ ကိုဟန်၏ရင်ထဲတွင် လေးလေးပင်ပင်ကြီး ဖြစ်နေသည်။ သူ့အနေနှင့် အသက်နှင့်ရင်း၍ ဆောင်

ရှက်ရသည့် တာဝန်များကို ထူးချွန်စွာဖြင့် အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ဖူးသည်။ သို့ရာတွင် ဤတစ်ကြိမ်သည် ယခင်အခါများနှင့် တူလိမ့်မည်မဟုတ်ကြောင်း အလိုအလျောက် သိထားသောကြောင့် ဖြစ်သည်။

xxxxxxxxxxxxxx

မြူးနစ်မှ တစ်ဆင့် အီတလီနိုင်ငံ ဂျီနိုအာသို့ ရောက်ခဲ့သည်။

ဇန်နဝါရီ နှစ်ဆန်းတစ်ရက်အလိုတွင်၊ အော့ဆိုနီးယား ခရီးသည်တင်သင်္ဘောကြီးနှင့် ဘေရွတ်မြို့သို့ ခရီးထွက်လာခဲ့သည်။ သူသည်ဆီးရီးယားလူဂုဏ်တန် ကမဲလ်အမ်မင် တာအက်ဘေးစ် အဖြစ်နှင့် ပထမတန်းစားကာဘင်ခန်းမှ လိုက်ပါလာခြင်းဖြစ်သည်။

သူ့ကိုအခြားခရီးသည်အားလုံးက ချမ်းသာကြွယ်ဝသူအဖြစ် ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့သည်။

ကိုဟန်နှင့် သင်္ဘောပေါ်တွင် စကားပြောဖော်အဖြစ် ခင်မင်ရင်းနှီးခဲ့သူတစ်ယောက်မှာ ဆီးရီးယားလူမျိုး သူဌေးတစ်ယောက်ဖြစ်သည်။ ထိုသူ၏ အမည်မှာ ရှိတ်စ်မက်အယ်လ်အာဒ် ဖြစ်သည်။ ရှိတ်စ်သည်ဩဇာရှိသော ပုဂ္ဂိုလ်ဖြစ်သောကြောင့် သူနှင့်သိကျွမ်းရသည့်အတွက် ကိုဟန်အကျိုးဖြစ်ထွန်းသည်။ ရှိတ်စ်က ကိုဟန်အား ထက်မြက်သော အာဏာရှိအခြား ဆီးရီးယားများနှင့် မိတ်ဆက်ပေးခဲ့သည်။

ကိုဟန်လိုက်ပါလာသော သင်္ဘောသည် ဒမတ်စကပ်သို့ ရောက်ခဲ့သည်။

ရှိတ်စ်က ကိုဟန်အား. . .

'ခင်ဗျားကို လာကြိုမယ့်သူ ရှိလား ကမဲလ်' ဟူ၍မေးလိုက်သည်။

ကိုဟန်က ခေါင်းခါပြသည်။

'ကျွန်တော် ရောက်မယ့်ရက်ကို တိတိကျကျ မခန့်မှန်းနိုင်ဘူးဗျ၊ ဒါ

ကြောင့် ဘယ်သူကိုမှ လာကြိုဖို့ မှာမထားခဲ့ဘူး'

ဒါဆို. . . ကျွန်တော့်ကို လာကြိုတဲ့ကားနဲ့ လိုက်ခဲ့ပါလား'

'ရပါတယ်၊ ဒါဆိုပိုပြီး အဆင်ပြေတာပေါ့ဗျာ'

ကိုဟန်သည် ရှိတ်စ်နှင့်အတူ သဘော်ဆိပ်တွင် စောင့်နေသော ကား နှင့်လိုက်ပါသူ ဖြစ်သောကြောင့် ဆိပ်ကမ်းကပ်စတန်များက လွယ်လွယ်ကူကူ လွှတ်ပေးလိုက်ကြသည်။ ကိုဟန်အနေနှင့် ပထမဆုံးဆောင်ရွက်ရမည့် တာဝန်မှာ လုပ်ငန်းအတွက် သင့်လျော်မည့် တိုက်ခန်းတစ်ခန်းငှားရန် ဖြစ်သည်။ ထို့ကြောင့် သူသည်အဘူရုန်မန်နာ ရပ်ကွက်၌ ခေတ်မီအမ[illegible]ခန်းကြီး တစ်ခုကို သူရွေးချယ်ရခြင်း အကြောင်းတစ်ခုမှာ မျက်နှာချင်းဆိုင်တွင် ဆီးရီးယားစစ်တပ်ဌာနချုပ် တည်ရှိသည်။

ဒုတိယတာဝန်အဖြစ် ကိုဟန်ဆောင်ရွက်ရမည်မှာ သွင်းကုန်၊ ထုတ်ကုန် ကုမဏီတစ်ခု ဖွင့်လှစ်တည်ထောင်ရေး ဖြစ်သည်။ သူသည်တစ်ချိန်က စီးပွားရေး၊ ကုန်သွယ်ရေးလုပ်ငန်းကို ထူးချွန်စွာ လုပ်ကိုင်ခဲ့ဖူးသည်။ ထိုလက်စလက်နများကြောင့် မကြာမီရက်သတ္တပတ် အနည်ငယ်အတွင်း ဖြစ်မြောက်အောင်မြင်လာလေသည်။

ကိုဟန်၏စီးပွားရေးလုပ်ငန်း အောင်မြင်ခြင်းမှာ မော့ဆက်အဖွဲ့ကြီးအတွက် အောင်မြင်မှုဖြစ်သည်။ လုပ်ငန်းနှင့် ပတ်သတ်သူများအတွက်လည်း အကျိုးအမြတ်များ ဖြစ်ထွန်းလာခဲ့သည်။ ဆီးရီယားရှေးဟောင်း ပရိဘောဂများ၊ ကြွေအံပစ်၍ အကွက်ရွေ့ရသော ကျားကစားခုံးများ၊ အဖိုးထိုက်တန်သော ကျောက်မြတ်ရတနာပစ္စည်းများ၊ အနုပညာလက်ရာများကို ကိုဟန်က ဈေးကောင်းပေး၍ လက်ငင်းငွေချေ၍ ဝယ်ယူခဲ့သည်။ သူ့ထံမှ တစ်ဆင့်ဥရောပနိုင်ငံများသို့ ပြန်လည်တင်ပို့ရောင်းချခဲ့ရာ ဈေးကွက်ဝင်သွားပြီး မကြာမီအချိန်အတောအတွင်း ရောင်းမလောက်အောင် ဖြစ်သွားခဲ့သည်။

ဒမတ်စကပ်မှ ပစ္စည်းရောင်းချသူများသည် ကိုဟန်ထံတွင် ရောင်းချရခြင်းကို ကျေနပ်ကြသည်။ ကိုဟန်က ဈေးကောင်းပေး၍ ချက်ချင်းငွေချေ

ခြင်း၊ သူတို့၏ချက်လက်မှတ်များကို ဆွစ်ဇာလန်နိုင်ငံမှ ဘဏ်အချို့တွ
ငွေစာရင်းဖွင့်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးသည်။ စီးပွားရေးသမာ
များသည် ဒမတ်စကပ်မြို့၏ စီးပွားရေး အချက်အချာကျသော ဟမ်ဒီးယာ
ဈေးကွက်တွင် တူရကီလက်ဖက်ရည်ကို သောက်ရင်း ကိုဟန်နှင့် စကားလက်
ဆုံကျရင်း၊ စီးပွားရေး သတင်းများကို ပြောကြသည်။ ထိုသတင်းများကို ကိုဟ
က မိုက်ခရိုဖလင်ဖြင့် ဖေါ်ပြ၍ ဥရောပသို့ ပို့လိုက်သော ရှေးဟောင်းပစ္စည်
များ၏ လျှို့ဝှက်အဖုံးထဲတွင် ထည့်သွင်းပေးပို့လေ့ရှိသည်။ ကိုဟန်ထိုသို့ လျှို
ဝှက်ဆောင်ရွက်မှုများကို မည်သူမှ မရိပ်မိကြပါချေ။

ကိုဟန်သည်နေ့ဘက်တွင် ကမဲလ်အမ်မင်တာအက်စ်ဘေး ဟူသော
ချမ်းသာကြွယ်ဝသည့် ကုန်သည်ကြီးတစ်ယောက် အဖြစ်လှုပ်ရှားခဲ့သည်။ သ
ာတွင် ညဘက်သို့ရောက်သောအခါ ထိပ်တန်းမော့ဆက်လျှို့ဝှက်ထောက်
လှမ်းရေး အေးဂျင့်တစ်ယောက် ဖြစ်သွားသည်။ ထို့ကြောင့်သူသည် လူတစ်
ကိုယ်နှင့် ဘဝနှစ်မျိုးကို နေ့တစ်လှည့်၊ ညတစ်လှည့်ပြောင်းလဲ လုပ်ဆောင်နေ
သူဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကိုဟန်သည် သွင်းကုန်ထုတ်ကုန် လုပ်ငန်း
ပိုင်ရှင်သူဌေးကြီးတစ်ယောက်အဖြစ်နှင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်
ထိုနည်းတူ မော့ဆက်ထိပ်သီးအေးဂျင့် တစ်ယောက်ဘဝတွင်လည်း ထူးချွန်သူ
တစ်ယောက်ဖြစ်နေသည်။

ညဥ့်အချိန်တွင် သူပေးပို့မည့်သတင်းများကို မှုကြမ်းရေး၍ စကား
ဝှက်ဖြင့် ပြန်ဆိုသည်။ ထို့နောက်အသံလွှင့်စက်ဖြင့် ပို့လွှတ်သည်။ မည်သည့်အ
ခါမှ အမှားအယွင်းမရှိ တစ်ကြိမ်တည်းနှင့် ပြီးပြည့်စုံသွားသည်။ နေ့ဘက်တွင်
ရိုက်လာခဲ့သော နက်ကတစ်များကို ညဥ့်ဘက်၌ မိုက်ခရိုဖလင်အဖြစ် ပြောင်း
လဲသည်။ ထိုမိုက်ခရိုဖလင်များကို ဥရောပနိုင်ငံများသို့ ပေးပို့မည့် အံဝှက်ပြု
လုပ်ထားသော ရှေးဟောင်းပစ္စည်း တစ်ခုခု အတွင်းသို့ ထည့်သွင်းလိုက်သည်။

ကိုဟန်၏ သတင်းများနှင့် မိုက်ခရိုဖလင်များသည် မော့ဆက်ဦး
ဆောင်သူများက အကြီးအကျယ် စိတ်ဝင်စားစရာ ဖြစ်နေသည်။ သူပေးပို့

[illegible]

ကိုဟာန်သည် အစ္စရေးနိုင်ငံတွင် ဆက်လက်ရှိနေစဉ် အတောအတွင်း စကားဝှက်ဖြင့် သတင်းပို့ရာတွင် လိုက်နာရမည့် နောက်ဆုံးပေါ်နည်းစနစ်များကို ထပ်မံသင်ကြားခဲ့သည်။ စကားဝှက်ဖြင့် သတင်းပို့ရာတွင် အေးဂျင့်သဘောအတိုင်းပေးပို့ချက်နှင့်၊ အခြားတစ်စုံတစ်ယောက်က အကြပ်ကိုင်၍ သတင်းပို့ရခြင်းများကို ခိုင်းသူမရိပ်မိစေအောင် ပြောင်းလဲနည်းများ၊ ဆီးရီးယားတွင် ခေတ်စားနေသော လက်နက်ငယ်ကိုင်တွယ် ပစ်ခတ်နည်းများ၊ မိုက်ခရိုဖလင်နှင့်အခြားအရေးပါသော ပစ္စည်းများကို လျှို့ဝှက်ထိန်းသိမ်းနည်း၊ လေယာဉ်နှင့်လက်နက်များကို အမြင်ဖြင့်ခွဲခြားနည်း. . . . စသည်ဖြင့် ထိပ်သီးအေးဂျင့်တစ်ယောက်အတွက် လိုအပ်သော ကျွမ်းကျင်မှုများကို ဖြည့်ဆည်းပေးခဲ့ကြသည်။ ကိုဟာန်အတွက် ကမ္ဘာတစ်ဝှမ်းလုံးတွင် အင်အားအကောင်းဆုံး ခေတ်မီအံသံလွှင့်စက် အသေးစားတစ်ခု ထုတ်ပေးထားသည်။ လျှပ်စစ်သုံးအဖျော်ယမကာဗူးအောက်တွင်ရှိသော အဖုံးထဲသို့ ထိုအံ သံလွှင့်စက်ကို ဝှက်၍သယ်ဆောင်နိုင်သည်။ လျှပ်စစ်မုတ်ဆိတ်ရိပ် ကရိယာမှကြိုးသည် အသံလွှင့်စက်အတွက် အလှမ်းဝေးအင်တင်နာအဖြစ် အသုံးပြုနိုင်သည်။ အကယ်၍ရန်သူက သူ့ကိုဖမ်းသွားပါက ညှဉ်းပမ်းစစ်ဆေးမှုကို မခံမရပ်နိုင်သော အချိန်တွင်အသုံးပြုရန် စိုင်ယာနိုက်ဆေးပြားလည်း ပါသည်။ ထိုဆေးပြား၏ အသွင်သဏ္ဌာန်မှာ အကိုက်အခဲပျောက်ဆေးနှင့် ဆင်ဆင်တူသည်။ စွမ်းအားပြင်းသောဗုံးများပြုလုပ်ရန်အတွက် ဓါတုဗေဒဆေးများကို သွားတိုက်ဆေးဗူးနှင့်၊ မုတ်ဆိတ်သုတ်လိမ်းသည့် ဆေးရည်ဗူးများနှင့်ထည့်ထားသည်။ ဂျပန်ဖြစ် အကောင်းစားကင်မရာပစ္စည်းများထဲတွင် မိုက်ခရိုဖလင် နက်ကတစ်ပြုလုပ်ရန်ပစ္စည်းများလည်းပါသေးသည်။

ဤတစ်ကြိမ်တွင် ခရီးထွက်တော့မည့်အတွက်၊ သူ့ဇနီးနေဒီယာနှင့် သမီးကလေးကို ခွဲခွာခဲ့ရသည့်အခါတွင်၊ ခါတိုင်းနှင့်မတူပဲ ကိုဟာန်၏ရင်ထဲတွင် လေးလေးပင်ပင်ကြီး ဖြစ်နေသည်။ သူ့အနေနှင့် အသက်နှင့်ရင်း၍ ဆောင်

အလိုအလျောက် သိထားသောကြောင့် ဖြစ်သည်။

xxxxxxxxxxxxxxx

မြူးနစ်မှ တစ်ဆင့် အီတလီနိုင်ငံ ဂျီနိုအာသို့ ရောက်ခဲ့သည်။

ဇန်နဝါရီ နှစ်ဆန်းတစ်ရက်အလိုတွင်၊ အော့ဆိုနီးယား ခရီးသည်တင် သင်္ဘောကြီးနှင့် ဘေရွတ်မြို့သို့ ခရီးထွက်လာခဲ့သည်။ သူသည်ဆီးရီးယား လူဂုဏ်တန် ကမဲလ်အမ်မင် တာအက်ဘေးစ် အဖြစ်နှင့် ပထမတန်းစား ကေဘင်ခန်းမှ လိုက်ပါလာခြင်းဖြစ်သည်။

သူ့ကိုအခြားခရီးသည်အားလုံးက ချမ်းသာကြွယ်ဝသူအဖြစ် ပီပြင်စွာ ပရုပ်ဆောင်နိုင်ခဲ့သည်။

ကိုဟန်နှင့် သင်္ဘောပေါ်တွင် စကားပြောဖေါ် အဖြစ် ခင်မင်ရင်းနှီးခဲ့ သူတစ်ယောက်မှာ ဆီးရီးယားလူမျိုး သူဌေးတစ်ယောက်ဖြစ်သည်။ ထိုသူ၏ အမည်မှာ ရှိတ်စ်မက်အယ်လ်အာဒ် ဖြစ်သည်။ ရှိတ်စ်သည်ဩဇာရှိသော ပုဂ္ဂိုလ်ဖြစ်သောကြောင့် သူနှင့်သိကျွမ်းရသည့်အတွက် ကိုဟန်အကျိုးဖြစ်ထွန်း သည်။ ရှိတ်စ်က ကိုဟန်အား ထက်မြက်သော အာဏာရှိအခြား ဆီးရီးယား များနှင့် မိတ်ဆက်ပေးခဲ့သည်။

ကိုဟန်လိုက်ပါလာသော သင်္ဘောသည် ဒမတ်စကပ်သို့ ရောက်ခဲ့ သည်။

ရှိတ်စ်က ကိုဟန်အား. . . .

'ခင်ဗျားကို လာကြိုမယ့်သူ ရှိလား ကမဲလ်' ဟူ၍မေးလိုက်သည်။

ကိုဟန်က ခေါင်းခါပြသည်။

'ကျွန်တော် ရောက်မယ့်ရက်ကို တိတိကျကျ မခန့်မှန်းနိုင်ဘူးဗျ၊ ဒါ

~ မြပ်စာပေ ~

သော သတင်းအချက်အလက်များသည် မော်ဆက်ထောက်လှမ်းရေးအဖွဲ့ ကြ
အတွက် အထူးအသုံးဝင်ခဲ့သည်။

ကိုဟန်သည် ဒမတ်စကပ်တွင် နေထိုင်စဉ်အတောအတွင်း စီးပွား
ရေးလောကရှိ ကုန်သည်များ၊ ရှေးဟောင်းပစ္စည်းရောင်းချသူများနှင့် ခင်မ
ရင်းနှီးခဲ့ရသည်။ ထို့နည်းတူ စစ်ဘက်၊ နယ်ဘက်အရာရှိကြီးများနှင့်လည်
အရင်းနှီးဆုံးဖြစ်သည်အထိ ပေါင်းသင်းနိုင်ခဲ့သည်။

စစ်ဘက်ဆိုင်ရာ အရာရှိကြီးများထဲတွင် စစ်ဦးစီးချုပ် အပွဒူကရင်မ်
ဟာ အယ်လ်ဒင်၏တူ လက်ဖတင်နင် မားဇီဇဟာ အယ်လ်ဒင်၊ ရေဒီယိုဒမတ်
စကပ်မှ အစိုးရ၏ သတင်းဖြန့်ချိရေးတာဝန်ခံ ဂျော့ချ်ဆစ်ဖ်၊ ဆီးရီးယားလေထီ
တပ်၏ ဦးစီးမှူး ကာနယ် ဆလင်မ်ဟာတွမ်း တို့ပါဝင်ကြသည်။

ကာနယ်ဟာတွမ်းသည် ဇီယွန့်ဝါဒ ဆန့်ကျင်ရေးသမား တစ်ယောက်
ဖြစ်သည်။ စိတ်ဓါတ်အခဲလွန်ပြင်းထန်သည်။ သူကဆီးရီးယားနိုင်ငံရေးသမား
များကို အစွဲရေးနှင့် စစ်မတိုက်ရဲသော သူရဲဘောကြောင်သူများ အဖြစ်အပြစ်
တင်လေ့ရှိသည်။ ထိုသို့ ကာနယ်ဟာတွမ်က အာပေါင်အာရင်းသန်သန်နှင့်
ပြောနေသည်ကို ကိုဟန်က သက်သက်ညှာညှာ နားထောင်လေ့ရှိသည်။
ဟာတွမ်း၏ စကားဆုံးသည်နှင့် တစ်ပြိုက်နက် အားရပါးရ ဩဘာပေးလေ့
ရှိသည်။

ကိုဟန်က မော်ဆက်အေးဂျင့်လုပ်ငန်းကို လျှို့ဝှက်စွာ လုပ်ကိုင်နိုင်
မည့် အရေးကြီးသည့်တိုက်ခန်းကို စနစ်တကျ ရွေးချယ်ခဲ့သည်။ ထို့နည်းတူ
အပေါင်းအသင်းများကိုလည်း ရွေးချယ်၍ပေါင်းသင်းတတ်သူ ဖြစ်သည်။
သူနေထိုင်ရာတိုက်ခန်း မျက်နှာချင်းဆိုင်စစ်ဌာနချုပ် ထွန်းထားသောမီးလုံးအ
ရေအတွက်ကို မြင်ယုံမျှနှင့်၊ စစ်ရေးစစ်ရာနှင့် ပတ်သတ်၍ အရေးကြီးသော
အနေအထားမျိုး ဖြစ်နေကြောင်း သိနိုင်သည်။

စစ်ဌာနချုပ် အဆောက်အဦးဝန်းကျင်တွင် ခန့်ညားထည်ဝါသော
ကားကြီးများနှင့် စစ်ဗိုလ်များစီးလေ့ရှိသော ကားများအဝင်အထွက် များနေ

သည်ကို တွေ့လျှင်၊ အစ္စရေးနိုင်ငံကို တိုက်ခိုက်ရန်အတွက် စီမံချက်အသစ်တစ်ခုဆောင်ရွက်နေကြောင်း သတိပေးချက်မျိုး ဖြစ်သည်ဟု ကဟန်သိနေသည်။

သူနေထိုင်ရာ အခန်းတည်ရှိသော အဆောက်အဦး ဝန်းကျင်တွင် သံရုံးအချို့နှင့် ကုလသမဂ္ဂငြိမ်းချမ်းရေး မစ်ရှင်အဖွဲ့၏ ရုံးခန်းလည်းရှိနေသည်။ သို့ဖြစ်ရာ ရေဒီယိုဖြင့် သတင်းလွှင့်ထုတ်ခြင်း၊ သတင်းဖမ်းခြင်းတို့နှင့် ပတ်သတ်၍ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများ ဖြစ်နေလေ့ရှိသည်။ ထို့ကြောင့် သတင်းပေးပို့နေသော ကိုဟန်ကို ထူးထူးခြားခြား သတိပြုနိုင်စရာ အကြောင်းမရှိပါချေ။ အများအားဖြင့် သူပို့သောသတင်းများသည် လိုရင်းကို ဖြတ်၍ပို့လေ့ရှိသည်။ သတင်းတစ်ပိုဒ်နှင့် တစ်ပိုဒ်ကြားတွင် အချိန်ပိုင်းတစ်ခုခွါပြီးမှ ပို့ခြင်းဖြစ်သောကြောင့် အခြားသူများ ရိပ်မိခြင်း မရှိနိုင်ချေ။

ထိုတိုက်ခန်းတွင် ကိုဟန်ရောက်ရှိပြီး နှစ်လကြာမြင့်သောအခါ၊ သူ့အနေနှင့် နေရာမှန်ကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ဟုတ်မဟုတ် စိတ်တထင့်ထင့် ဖြစ်လာခဲ့သည်။

သူသည် တယ်လ်အဗီသို့ ပထမဆုံး အမှန်တကယ် အရေးကြီးသည့် သတင်းပို့ရာတွင် . . . . .

'စစ်တပ်ဌာနချုပ်မှာ သုံးညဉ့်လုံးလုံး မနက်အာရုဏ်တက်အချိန်အထိ မီးလုံးတွေ အတန်းလိုက်ထွန်းထားတယ်၊ အာဏာလုပ်ပွဲအတွက် မဟုတ်၊ အစ္စရေးစစ်တပ်ကို တိုက်ခိုက်ဖို့ ဖြစ်နိုင်စရာ ရှိပါတယ်။ လွန်ခဲ့တဲ့ ရက်အနည်းငယ်ကတည်းက ဇီယွန်ဆန့်ကျင်ရေးနဲ့ ပတ်သတ်ပြီး သတင်းစာနဲ့ ရုပ်သံတွေမှာ ဖေါ်ပြခဲ့တယ်။ လမ်းမတွေပေါ်မှာလည်း စစ်ကားတွေ လှုပ်ရှားမှု များပြားလာပါတယ်' ဟူ၍ဖြစ်သည်။

ကိုဟန်ပေးပို့လိုက်သော အရေးကြီးသတင်း ဖြစ်နေသည်။

ဆီးရီးယားနယ်စပ်မျဉ်းရှိ အစ္စရေးတပ်များကို တပ်လှန့်လိုက်သည်။ ဂါလိလဲ ကမ်းခြေတစ်ဝိုက်ရှိ အစ္စရေးစစ်တပ်များက အသင့်အနေအထား

ဖြစ်နေလေပြီ။ ၂၄နာရီအတွင်း ကိုဟန်၏သတင်းမှန်ကန်ကြောင်း သိသာထင်ရှားခဲ့သည်။ တင့်ကားကြီးများက ဒမတ်စကပ်မြို့မှာ ထွက်ခွါသွားသည်ကို တွေ့လိုက်ကြရသည်။ ဆီးရီးယားစစ်တပ်များ၏ လှုပ်ရှားမှု အရှိန်ကိုရပ်တန့်သွားစေရန် နေ့ခက်ဗ်စခန်းရှိ ဆီးရီးယားလေယာဉ်များနှင့် အမြောက်တပ်ကို ရှုတ်တရက် ဝင်ရောက်ဖျက်စီး ပစ်လိုက်သည်။

ဆီးရီးယားသံချုပ်ကာ ကားတပ်သည် အစွရေးတပ်များ အကြီးအကျယ် သတိထားနေကြောင်းသိလိုက်ရသောကြောင့် ပြန်လည်ထွက်ခွါသွားကြသည်။

'အေးဂျင့်လူတစ်ယောက်သည် တဂ်မတစ်ခုလုံး၏ လူအင်အားနှင့် တန်ဖိုးချင်းတူသည်' ဟူသော သုတေသန အဆိုအမိန့်မှန်ကန်ကြောင်း အခိုင်အမာ သာဓကပြနိုင်ခဲ့သည်။

ကိုဟန်က နိုင်ငံရေး၊ စစ်ရေးသတင်းများကို ထောက်လှမ်းသည်။

ရရှိသောသတင်းများနှင့် သူ့ယူဆချက်ကိုပါ ပေးပို့ခဲ့သည်။

ထိုထင်မြင်ယူဆချက်များ အမှန်တကယ် ဖြစ်ပေါ်လာသည်။ ထို့ကြောင့်မော့ဆက်က ဝန်ကြီးချုပ်ထံသို့ ဆက်လက်ပေးပို့သည်။ ဘင်ဂူရီယန်သည်အရေးကြီးသော ပေါ်လစီဆိုင်ရာ ဆုံးဖြတ်ချက်များကို မကြာခဏပြုလုပ်ရလေ့ရှိသည်။ သူ၏ဆုံးဖြတ်ချက်သည် စစ်နှင့်ငြိမ်းချမ်းရေး အကြားတွင် ရွေးချယ်၍ ဆုံးဖြတ်ချက်ချရခြင်းဖြစ်သည်။ ထိုအခါသူသည် ကိုဟန်၏ယုံကြည်စိတ်ချရသော သတင်းပို့ချက်များအပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ခဲ့လေသည်။

ဒမတ်စကပ်မြို့သို့ ကိုဟန်ရောက်ပြီး ၆လအကြာခဲ့သည်။

မော့ဆက်ထောက်လှမ်းရေးက သူ့ကိုပြန်ခေါ်လိုက်သည်။

ကိုဟန်သည်၁၉၆၂ခုနှစ် ဇူလိုင်လထဲတွင် တယ်လ်အဗီသို့ ပြန်ရောက်ရှိလာသောအခါ မော့ဆက်သို့ သတင်းပို့ရန်မလိုပဲ အိမ်သို့တောက်လျှောက်ပြန်၍ အနားယူခွင့် ပြုလိုက်သည်။ ရန်သူ့နိုင်ငံတွင် လျှို့ဝှက်လုပ်ငန်းကို အား

သွန်ခွန်စိုက် လုပ်နေသော သူတစ်ယောက်အတွက် စိတ်ဖိစီးမှု ဖြစ်ပေါ်နေလေ့ ရှိသောကြောင့် စိတ်လွတ်ကိုယ်လွတ် အနားယူခွင့် ပေးလိုက်ခြင်းဖြစ်သည်။ စင်စစ်အားဖြင့် ကိုဟန်အား တယ်လ်အဗီသို့ ပြန်ခေါ် ရခြင်း အကြောင်းအရင်း တစ်ခုမှာ ကိုဟန်ပေးပို့ခဲ့သော သတင်းများနှင့် ပတ်သတ်၍ မော့ဆက်ခေါင်း ဆောင်များက အကျယ်တဝင့် သိလိုကြသည်။ သို့ရာတွင် ထိုကိစ္စကို ခွင့်ရက် စေ့မှ ခေါ်ယူတွေ့ဆုံ မေးမြန်းရန် စီစဉ်ထားခဲ့သည်။

ကိုဟန် တယ်လ်အဗီသို့ ရောက်ရောက်ချင်း သူ၏ဆန္ဒမှာ ခြောက်လ တိုင်တိုင်ခွဲခွါနေရသော ချစ်ဇနီးနှင့် သမီးလေးကိုတွေ့ရန် ဖြစ်သည်။ ထို့ ကြောင့် သူ၏တိုက်ခန်းသို့ ရှေးဦးစွာ သွားရန်ဆုံးဖြတ်လိုက်သည်။

စင်စစ်အားဖြင့် သူသည် ဒမတ်စကပ်တွင် သွင်းကုန်ထုတ်ကုန် လု ငန်းဖြင့် ကြီးပွားချမ်းသာနေသော စီးပွားရေးသမား တစ်ယောက်၏ဘဝနှ မော့ဆက်အေးဂျင့်ဘဝ တစ်ခုကိုပေါင်းစပ်၍ တာဝန်ကျေပွန်စွာ ဆောင်ရွ ခဲ့ရသူဖြစ်သည်။ ထိုခြောက်လလုံးလုံး သူ၏ဇနီးနှင့်သမီးကို လုံးဝမေ့လျော့ထာ ရသည်။ တစ်ခါတစ်ရံ သတိရလာလေ့ရှိသော်လည်း ကြိုးစား၍ ဖျောက်ဖျ ပစ်ပြီး၊ တာဝန်ဝတ္တရားကိုသာ အချိန်ပြည့် လှုပ်ရှားဆောက်ရွက်ခဲ့ရသည်။ တယ်လ်အဗီမြို့၏ မြေပြင်ပေါ်သို့ ရောက်လျှင်ရောက်ချင်း သူ၏စိတ်အာ ထဲတွင် ဇနီးဖြစ်သူနေဒီယာနှင့် သမီးဆိုဖီ၏ အသွင်သဏ္ဍာန်က ပီပီပြင်ပြ ပေါ်လာသည်။

ကိုဟန်ကိုတွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက်၊ နေဒီယာက အကြီး ကျယ်အံ့အားသင့်သွားသည်။ မော့ဆက်တာဝန်ခံများက ကိုဟန်ရောက်လ မည့်အကြောင်းကို နေဒီယာအားကြိုတင်၍ အကြောင်းကြားထားခြင်း မရှိ ချေ။

နေဒီယာက တိုက်ခန်းရှေ့တံခါးပေါက်မှ ပြေးထွက်လာသည်။ ကိုဟ နှင့်နေဒီယာတို့လင်မယား တစ်ယောက်နှင့်တစ်ယောက် တင်ကြပ်စွာဖက်ထ မိကြသည်။ စင်စစ်အားဖြင့် ကိုဟန်သည်မော့ဆက်လျှို့ဝှက်ထောက်လှမ်းရေ

ထိပ်တန်းအဆင့်သို့ ရောက်ရှိသွားချိန်မှစ၍ နေဒီယာကို ခွဲခွါလိုက်၊ ဆုံစည်းလိုက်ဖြင့် လင်မယားဘဝမှာ ပြန်လည်၍အသစ်ဖြစ်နေသည်။

'ရှင်ပြန်လာမယ်ဆိုတာ . . . ဘာဖြစ်လို့ကြိုပြီး အကြောင်းမကြားတာလဲ ကိုဟန်' နေဒီယာက သူ့ရင်ခွင်ကိုမှီလျက် မျက်နှာလေးမော့၍ မေးသည်။

'တို့လည်း ဒီကိုထွက်လာခါနီးမှ သိရလို့ပါအချစ်ရယ်၊ ကြိုတင်မသိပဲရောက်လာတော့ ပိုပြီးပျော်စရာကောင်းတာပေါ့ ဟုတ်လား'

ကိုဟန်က အလိုက်သင့် ဖြေသည်။

ထို့နောက်ကိုယ်လုံးချင်း ခွါလိုက်သည်။ နှစ်ယောက်သား ဘေးချ[illegible] ယှဉ်တွဲလျက် တိုက်ခန်းထဲသို့ ဝင်လာကြသည်။

'သမီးလေးဆိုဖီယာရော. . . .'

'အိပ်နေတယ်ရှင့်'

သမီးအိပ်နေသော အခန်းတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ မိခင်၏ပြုစုမှုကြောင့် ကျန်းမာပြည့်ဖြိုးသော သမီးငယ်လေးသည် အိပ်ရာပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။ ပြူတင်းမှ တစ်ချက်တစ်ချက် တိုးဝင်လာသော လေကြောင့် သမီးလေး၏ နဖူးပြင်ပေါ်မှ ဆံနွယ်များက လှုပ်ရှားနေသည်။

ကိုဟန်က ကုတင်ဘေးတွင် ရပ်ကြည့်နေရာမှ ကိုယ်ကိုရှေ့သို့ ကိုင်းညွတ်လိုက်သည်။ သမီးလေးကို နမ်းတော့မည့် အနေအထားမှ စိတ်ပြောင်းသွား၍ ခါးကိုပြန်မတ်လိုက်သည်။ သမီးလေးနိုးသွားမည်ကို စိုးရိမ်သောကြောင့် မနမ်းတော့ပဲ၊ နေဒီယာဘက်သို့ ပြည်လှည့်၍ ပြုံးပြသည်။

'ရှင်. . . ဘာမှ မစားရသေးဘူး မဟုတ်လားဟင်'

ကိုဟန်ခေတ္တမျှ တွေ. . . ကနဲ ဖြစ်သွားသည်။

'အေး. . . တို့အခုမှ စဉ်းစားမိတယ်၊ ဟုတ်တယ် မင်းနဲ့သမီးလေးကို တွေ့ချင်စိတ်က များနေတော့၊ တစ်ခုခု စားဖို့တောင် မေ့နေတယ်'

ကိုဟန်က သူ့ဟာသူ ပြောပြီးရယ်နေသည်။

'လာ. . . ဒါဆိုအတော်ပဲ၊ ကျွန်မစိတ်ထဲမှာ ဒီနေ့ရှင်ရောက်လာလားလို့ထင်နေမိတယ်။ ရောက်ရင်အဆင်သင့်ဖြစ်စားနိုင်အောင် ကျွန်မကြိုဟင်စီစဉ်ထားတယ်'

နေဒီယာတက်ကြွစွာ ပြောလိုက်လေသည်။

* * * * *

## အခန်း (၁၀)

ကိုဟန်နှင့်မိသားစုတွေ့ဆုံမှုမှာ ပြည့်ပြည့်ဝဝ လွတ်လပ်ပျော်ရွှင်စွာ ကုန်ဆုံးခဲ့လေသည်။သူ့အတွက် အနားယူခွင့်ပြည့်ပြီး နောက်တစ်နေ့တွင် ကိုဟန်သည် တယ်လ်အဗီရှိ မော့ဆက်တာဝန်ခံ၏ ရုံးခန်းသို့သတင်းပို့လိုက်သည်။ ရုံးခန်းထဲတွင် မော့ဆက်ထောက်လှမ်းရေးအဖွဲ့ခေါင်းဆောင်များက သူ့ကိုစောင့်နေကြသည်ကို တွေ့ရသည်။

ဒမတ်စကပ်တွင် နေထိုင်စဉ် အတောအတွင်း၊ သူပို့ခဲ့သမျှ သတင်းများ၊ မိုက်ခရိုဖလင်များနှင့် ပတ်သက်သော အချက်အလက်များအပေါ်တွင် အခြေတည်၍ ကျယ်ကျယ်ပြန့်ပြန့် ဖြေရှင်းပြခဲ့ရသည်။ ကိုဟန်သည်သူပို့ခဲ့သော သတင်နှင့်ဆက်နွယ်နေသော အကြောင်းအရာ၊ အချက်အလက်များအားလုံးကို ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောဆိုနိုင်စွမ်းရှိသည်။

စင်စစ်အားဖြင့် အာရပ်နိုင်ငံများထဲတွင် အထူးသဖြင့် ဆီးရီးယားသည် အစ္စရေးနိုင်ငံကို ဆန့်ကျင်ဆုံးဖြစ်သည်။ ထို့ပြင် အခြားနိုင်ငံများမှ နိုင်

းခြားသားတိုင်းကို အယုံအကြည် မရှိကြပါချေ၊ ထို့ကြောင့် ကိုဟာန်လှုပ်ရှားရ ၁၁ နယ်မြေတွင် အထူးသတိဝိရိယထားရန်နှင့်၊ မလိုအပ်ပဲ အရဲစွန့်ခြင်း လုပ်ရန်သတိပေးကြသည်။

အကယ်၍ ကိုဟာန်အတွက် အန္တရာယ်ဖြစ်မည်ဟု ထင်မြင်ယူဆပါက ထိုသတင်းကို ပေးပို့ခြင်းမပြုပဲ ဆိုင်းငံ့ထားနိုင်သည်ဟု အခွင့်အရေးပေးခဲ့ကြ သည်။ စင်စစ်အားဖြင့် ဒမတ်စကပ်တွင် ကိုဟာန်၏ထမ်းဆောင်နေသော တာ ၁ည် အသက်အန္တရာယ်နှင့် အလွန်နီးကပ်နေကြောင်း မော့ဆက်အကြီး များက သိကြသည်။ အကယ်၍မော့ဆက်အေးဂျင့် ကိုဟာန်ကို ဖမ်းမိသွား မော့ဆက်အဖွဲ့ကြီးအတွက် ကြီးမားသောဆုံးရှုံးမှုတစ်ရပ် ဖြစ်နိုင်သည်။

ကိုဟာန်ကဲ့သို့သော အရည်အချင်းပြည့် ထူးချွန်သည့် အေးဂျင့်တစ် ယာက်အဆင့်ဖြစ်ရန် လုံးဝမလွယ်ကူပါချေ၊ ထို့ကြောင့်ကိုဟာန်ကို မော့ဆက် အကြီးအကဲများက တန်ဖိုးထားခဲ့ကြသည်။ အဆုံးရှုံး မခံနိုင်သော ရှားရှားပါး ပါး မော့ဆက်အေးဂျင့်များထဲတွင် ကိုဟာန်သည် ထိပ်ဆုံးမှဖြစ်နေသည်။

'အရေးအကြီးဆုံးအချက်က မင်းကိုယ်မင်း လိုအပ်တာထက်ပိုပြီး အထင်မကြီးမိပါစေနဲ့၊ မိုက်ရူးရဲဆန်တာဟာ မင်းအတွက်ရော နိုင်ငံအတွက် ပါ အကျိုးမရှိနိုင်ဘူးဆိုတာ သဘောပေါက်'

'ဒါပေမယ့် ကျွန်တော်ဘယ်သူလဲဆိုတာကို သူတို့လုံးဝ မသိကြပါဘူး' ကိုဟာန်က ပြန်လည်ရှင်းပြလိုက်သည်။

xxxxxxxxxxxxxx

ဒမတ်စကပ်သို့ ကိုဟာန်ပြန်လည်ရောက်ရှိခဲ့သည်။

ယခင်က အတိုင်းပင် လုပ်ရိုးလုပ်စဉ် လှုပ်ရှားသည်။

ကိုဟာန်၏ မိတ်ဆွေတစ်ဦးဖြစ်သူ ရှိတ်ခ်မက်အယ်လ်အာ့ဒ် ကိုယ်တိုင်

မောင်းလာသော ကားသည် ကိုဟန်၏တိုင်ခန်းရှိရာ အဆောက်အဦးရှေ့တွင် ရပ်လိုက်သည်။ ကားပေါ်မှ ရှိတ်ခ်က ဆင်းလာပြီးကိုဟန်နှင့် တွေ့သည်။

'ထိုင်ဗျာ၊ အေးဆေးပေါ့ ဘာသောက်မလဲ'

ကိုဟန်က ပြုံးပြုံးရွှင်ရွှင်ဖြင့် ကြိုဆိုသည်။

'ခင်ဗျား အားလားကိုဟန်'

ရှိတ်ခ်က မေးလိုက်သည်။

'အားပါတယ်၊ ဘာကိစ္စရှိလို့လဲ'

ကိုဟန်က အကဲခတ်ရင်းမေးလိုက်သည်။

'ဒါဆိုရင် ကျွန်တော်နဲ့ လိုက်ခဲ့ပါလား၊ ဒီမြို့မှာ အရေးပါတဲ့ ပုဂ္ဂိုလ် တစ်ယောက်နဲ့ ခင်ဗျားကို မိတ်ဆက်ပေးမယ်'

ရှိတ်ခ်က ပြုံးပြုံးရွှင်ရွှင် ပြောသည်။

'ကောင်းတာပေါ့ဗျာ၊ လိုက်ပါမယ်။ ခဏလေးစောင့်နော်'

ကိုဟန်က ဆောင်ရွက်စရာ ကိစ္စအနည်းငယ်ကို လက်စသတ်လိုက်သည်။ ရှိတ်ခ်သည် တစ်ခါတစ်ရံ သူထံသို့ ရောက်လာလေ့ရှိသည်။ ရှိတ်ခ်၏ ဝါသနာတစ်ခုမှာ သူ့ကိုယ်သူ ဒမတ်စကပ်မြို့တွင် မြို့မျက်နှာဖုံး ဖြစ်နေခြင်းနှင့် ဤမြို့ရှိ အရေးပါသောပုဂ္ဂိုလ်များနှင့် သိကျွမ်းရင်းနှီးနေခြင်းကို ဂုဏ်ယူလေ့ ရှိသည်။ မည်သို့ပင်ဖြစ်စေ ကိုဟန်အနေနှင့် ရှိတ်ခ်နှင့် ပတ်သတ်၍ သိကျွမ်း ခင်မင်ခွင့် ရရှိသောပုဂ္ဂိုလ်၏ အဆင့်အတန်းအလိုက် တစ်နည်းနည်းနှင့် သ ကင်းများရရှိနိုင်သည်။

ကိုဟန်သည် ရှိတ်ခ်၏ကားပေါ်တွင် လိုက်ပါခဲ့သည်။

'အဲဒီပုဂ္ဂိုလ်က အာရပ်အမျိုးသားတစ်ယောက်ပဲလား'

ကားနှင့်သွားနေရင်း ကိုဟန်က စကားစသည်။

'မဟုတ်ဘူးဗျ၊ အဲဒီပုဂ္ဂိုလ်ဟာ တစ်ချိန်ကနာဇီ ခေါင်းဆောင်တစ် ယောက်ဖြစ်ခဲ့ဖူးတယ်'

ရှိတ်ခ်၏စကားကြောင့် ကိုဟန်စိတ်လှုပ်ရှားသွားသည်။

သို့ရာတွင် သူကချက်ချင်း အိန္ဒြေဆည်လိုက်သည်။

နာဇီခေါင်းဆောင် ဟုတ်လား၊ သူ့နာမည်က ဘယ်သူတဲ့လဲ'

ကိုဟာန်က သာမန်သဘောမျိုးဖြင့် မေးသည်။

'ဖရန့်ဇ် ရက်ဒ်မက်ရှား . . . ဗျ'

ရှိတ်ခ်သည် ဝင့်ကြွားစွာ ပြောလိုက်သည်။

ကိုဟာန်၏ ရင်ထဲတွင် ဗုန်းတစ်လုံးဖေါက်ခွဲလိုက်သလို မြည်ဟိန်းသွားသည်ဟု ထင်မှတ်လိုက်ရသည်။ ကိုဟာန်အနေနှင့် နာဇီခေါင်းဆောင် အတော်များကို မှတ်မိနေသည်။ သူကိုယ်တိုင် ကိုယ်ကျလေ့လာဖတ်ရှုမှတ်သားာကြောင့် ဖြစ်သည်။

တစ်ချိန်က မော့ဆက်ထောက်လှမ်းရေး အေးဂျင့်များသည် အာဂျင်းနားနိုင်ငံတွင် နေထိုင်သောအိုက်ခမန်းကို တိတ်တဆိတ် လျှို့ဝှက်ဖမ်းဆီးခေါ်ဆောင်၍ အစ္စရေးနိုင်ငံတွင် ရုံးတင်စစ်ဆေး အပြစ်ပေးခဲ့ကြသည်။

ထိုသို့စစ်ဆေးစဉ်က ဘယ်လ်ဂျီယန်၊ ယူဂိုစလားဗီးယားနှင့် ဟန်ဂေရီ ပိုလန်စသော နိုင်ငံများမှ ဂျူးပေါင်းထောင်ပေါင်းများစွာကို ဖမ်းဆီး၍အကျဉ်းစခန်းတွင် ရက်စက်စွာ သတ်ဖြတ်ခဲ့ရာတွင် အိုက်ခမန်း၏ညာလက်ရုံးအဖြစ် ဆောင်ရွက်ခဲ့သူမှာ ဖရန့်ဇ် ရက်ဒ်မက်ရှား ဖြစ်ကြောင်း၊ အိုက်ခန်းကိုယ်တိုင် တရားရုံးတွင် ထွက်ဆိုခဲ့ဖူးသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ကိုဟာန်အနေနှင့် မှတ်မှတ်ရရ ဖြစ်ခဲ့ရသည်။

'ခင်ဗျား သူ့နာမည်ကို ကြားဖူးလား ကမဲလ်'

ရှိတ်ခ်က ကားမောင်းနေရင်း လှမ်းမေးသည်။

'ကြားတော့ကြားဖူးတယ်ဗျ၊ ဒါပေမယ့် တစ်ခါမှ မတွေ့ဖူးဘူး'

ကိုဟာန်က အသံကိုထိန်း၍ ဖြေလိုက်သည်။

ကားလမ်းဘေး တစ်ဖက်တစ်ချက်ရှိ အဆောက်အဦးများကို ဖြတ်သန်းလာခဲ့သည်။ ကိုဟာန်က ထိုအဆောက်အဦးများကို ငေးကြည့်ရင်း လိုက်ပါလာသည်။

ပြိတ်စာပေ

'ဒီလူက ဒမတ်စကပ်မှာ အင်မတန်အရေးပါတယ်ဗျ၊ နှယ်နှယ်ရရ မဟုတ်ဘူး'

ရှိတ်ခ်က အားရပါးရ ဆက်ပြောသည်။

စင်စစ်အားဖြင့် ရှိတ်ခ်သည် ကိုဟာန်အား ဂျူးလူမျိုးတစ်ယောက်ဟု လုံးဝမထင်ခဲ့သောကြောင့်၊ နာဇီတစ်ယောက်အကြောင်းကို အမွှန်းတင်ပြောဆိုနေခြင်း ဖြစ်သည်။ ထို့ကြောင့် ကိုဟာန်က သူ့မျက်နှာတွင် မည်သို့သော အမူအရာမှ မပေါ်လွင်အောင် ထိန်းသိမ်းထားနိုင်ခဲ့လေသည်။

'ဟုတ်လား . . . သူကဒီမြို့မှာ ဘာတာဝန်ယူထားပါ'

ကိုဟာန်ကစိတ်ဝင်စားစွာ မေးလိုက်သည်။

သူသည် အမှန်တကယ်စိတ်ဝင်စားနေသည်။ ထို့ကြောင့် ရှိတ်ခ်ဘက်သို့ မျက်နှာလှည့်၍ မေးလိုက်ခြင်းဖြစ်သည်။ ရှိတ်ခ်က ကားရှေ့သို့ မျက်နှာမူ၍ ကားလမ်းကို ကြည့်ရင်းမောင်းနေသူဖြစ်သည်။

'ဂျူးဇီးမ်ဗျူရိုမှာ အဓိကအကြံပေး ပုဂ္ဂိုလ်ပေါ့ဗျာ'

ထိုစကားကို ရှိတ်ခ်က ဂုဏ်ယူသောလေသံဖြင့် ပြောသည်။

'ခင်ဗျားနဲ့ တော်တော်ရင်းနှီးမှာပေါ့နော်၊ ကျုပ်က ဒီလိုလူတွေကို တွေ့ချင်နေတာ ကြာပြီဗျ'

ကိုဟာန်က တက်ကြွသော လေသံဖြင့်ပြောလိုက်သည်။

'ကျုပ်နဲ့ ဖရန့်ဇ်နဲ့ ဘယ်လောက်ရင်းနှီးတယ်ဆိုတာ ခင်ဗျားသူ့အိမ်ရောက်ရင်သိရမှာပေါ့ဗျာ၊ ကျုပ်က ဂျူးလူမျိုးတွေကို အရမ်းမုန်းတာဗျ၊ ဟစ်တလာ ဒုတိယကမ္ဘာစစ်ကို အနိုင်ရပြီး အသက်ရှင်နေသေးရင်၊ ဂျူးတွေ အပြတ်ရှင်းရေး အစီအစဉ်ကို ဆက်လုပ်မှာ သေချာတယ်၊ ဟစ်တလာကို ကျုပ်ကအရမ်းလေးစားခဲ့တယ်။ ဒါကြောင့် ဖရန့်ဇ်နဲ့ ကျုပ်ရင်းနှီးသွားတာဗျ။ သူက ဟစ်တလာရဲ့ စီမံချက်ကို လက်တွေ့အကောင်အထည် ဖော်ရတဲ့လူလေ။ နာဇီထဲမှာတော့ အထက်မြက်ဆုံး ပုဂ္ဂိုလ်တစ်ယောက်ပဲ'

ရှိတ်ခ်၏ စကားလုံးတိုင်းသည် ကိုဟာန်၏နှလုံးသားကို အပ်ဖျားနှင့်

ဆွနေသည့်ပမာ ခံစားနေရသည်။ သို့ရာတွင် သူသည်သာမန်ဂျူးတစ်ယောက် မဟုတ်ပါချေ။ ခန္ဓာကိုယ်နှင့် စိတ်ဓါတ်ကို ကျင့်သားရနေအောင် လေ့ကျင့်ထား သော ထိပ်တန်းမော့ဆက်အေးဂျင့် တစ်ယောက်ဖြစ်နေသည်။ ထို့ကြောင့် တစ်ရှူးထိုးဖြစ်ပေါ်လာမည့် မခံချင်စိတ်ကို နိုင်နိုင်နင်းနင်း ထိန်းချုပ်ထားနိုင် ခဲ့သည်။

ရှိတ်ခ်က ကိုဟန်ကို သူ့လိုလူစားဟု ထင်နေသည်။

ထို့ကြောင့် အာဘောင်အာရင်းသန်သန် ဆက်ပြောနေသည်။

'သူက ရှဟာဘင်ဒါလမ်းမှာ နေတယ်ဗျ၊ သူ့စံအိမ်ကလည်း အရမ်း နားထည်ဝါတယ်။ အမေရိက ဘီလျံနာလောက် ချမ်းသာတဲ့လူတစ် ယောက်ဖြစ်နေပြီလေ၊ အိုက်ခမန်းကို ဂျူးတွေရုံးတင်စစ်ဆေးကြတော့ ပြောသွားတာခင်ဗျား ကြားဖူးမှာပေါ့။ ဖရန့်ဇ်ဟာ အိုက်ခမန်းရဲ့ ညာလက်ရုံး အဆင့်ပဲဆိုတာ အိုက်ခမန်းကိုယ်တိုင် ပြောသွားတာ'

'ဟုတ်လိမ့်မယ် ကျွန်တော်ကြားဖူးသလိုပဲ'

ကိုဟန်က အလိုက်သင့် အလျားသင့်ပြောလိုက်သည်။

သူ့ရင်ထဲတွင် နာကျည်းခံပြင်းစိတ်များ တဖွားဖွားဖြစ်ပေါ်နေသည်။ ဥရောပရှိ ဂျူးလူမျိုး ထောင်ပေါင်းများစွာ၏ အသက်အိုးအိမ် စည်းစိမ်ကို ရက်စက်စွာ သတ်ဖြတ်ချေမှုန်းခဲ့သော နာဇီတစ်ယောက်သည် ထိုဂျူးလူမျိုးထံ မှ မတရားသဖြင့် သိမ်းပိုက်လုယူရရှိခဲ့သော ရွှေငွေဥစ္စာပစ္စည်းများဖြင့် ဘီလျံ နာတစ်ယောက်ပမာ ချမ်းသာကြွယ်ဝနေသည်။ စည်းစိမ်ဖြင့် ထည်ထည်ဝါဝါ နေသည်ဆိုသော အကြောင်းအရာသည် ကိုဟန်လိုမော့ဆက်ထိပ်သီး အေးဂျင့်တစ်ယောက်အတွက် အကြီးအကျယ်စိတ်ထိခိုက်စရာ ဖြစ်နေသည်။

ရှိတ်ခ်မောင်းလာသောကားသည် ရှဟာဘင်ဒါလမ်းထဲသို့ ချိုးကွေ့ မောင်းဝင်သွားသည်။ ခြံဝင်းတစ်ခု၏ သံတံခါးကြီးရှေ့တွင် ကားကိုအရှိန်သတ် လိုက်သည်။ တံခါးစောင့်သည် ကားရှေ့ခန်းရှိ စတီယာရင်နောက်တွင် နေရာ ယူထားသော ရှိတ်ခ်ကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် ပြုံး၍ဦးညွှတ်နှုတ်ဆက်

လိုက်သည်။ သံတံခါးကို ကားတစ်စီးဝင်သာအောင် ဖွင့်ပေးလိုက်သည်။

ကိုဟန်က ခြံဝင်း၏လုံခြုံမှုကိုအခြေအနေ၊ အစောင့်အင်အားနှင့် အနေအထား၊ အဆောက်အဦး၏ထုထည်ပမာန ခိုင်ခန့်မှု. . . စသည့်လေ့လာမှုတို့ကို စိတ်တွင်းမှ ချိန်ဆနေသည်။ တွက်ချက်နေသည်။

'သူ့လုံခြုံရေးကို အစိုးရက တာဝန်ယူထားတာလားဗျ'

ကိုဟန်ကအမှတ်မထင် မေးလိုက်သည်။

'မဟုတ်ပါဘူးဗျာ၊ ဒီနိုင်ငံမှာ ဖရန့်ဇ်အတွက် ဘယ်လိုအန္တရာယ် မရှိပါဘူး၊ သူ့ဟာသူ အစောင်းဌားထားတာပါ၊ မနက်တစ်ယောက် ည အတွက်တစ်ယောက် နှစ်ယောက်ပဲရှိပါတယ်။ အစောင့်မိသားစုကို ခြံအတွ ဘက်ထောင့်မှာ တန်းလျားဆောက်ပေးထားတယ်။ ဒါပေမယ့် သူမွေးထားတဲ့ ဒိုဘာမင်ခွေးကြီးတစ်ကောင် ရှိသေးတယ်ဗျ'

ကိုဟန်က သာမန်သဘောမျိုး စပ်စုခြင်းမျှသာဖြစ်သည်။ သို့ရာတွင် ရှိတ်ခ်က သူနှင့်ဖရန့်ဇ်၏ ရင်းနှီးကျွမ်းဝင်မှုအတိုင်းအတာကို ဝင့်ကြွားစွာဖြင့် ပြည့်ပြည့်စုံစုံ ထုတ်ဖော်ပြောပြနေခြင်းဖြစ်သည်။ ထိုစကားလုံးများသည် ကိုဟန်အတွက် အလိုအလျောက် အကွက်ဝင်သွားသည်။အကယ်၍မော့ ဆက်အဖွဲ့ကြီးက ဖရန့်ဇ်ကို ဖမ်းဆီးရန်၊ သို့မဟုတ် ရှင်းပစ်ရန် တာဝန်ပေးခဲ့လျှင် ဖရန့်ဇ်၏လုံခြုံမှု အခြေအနေကို အကြမ်းဖျင်းကြိုတင်သိထားဖို့ လိုအပ်နေသည်။

ရှိတ်ခ်မောင်းနှင်လာသောကားသည် စံအိမ်ဘေးဖက် ကားရပ်ရန် သတ်မှတ်ထားသော ကားပတ်ကင်နေရာတွင် ရပ်တန့်လိုက်သည်။ ရှိတ်ခ်က ကားကိုစက်သတ်၍ ကားတံခါးကိုဖွင့်ကာ ကားပေါ်မှ ဆင်းလိုက်သည်။

'လာ. . ကမဲလ်၊ ကျုပ်ကတော့ ဖရန့်ဇ်နဲ့တွေ့ခဲ့တဲ့ အကြိမ်တွေမနည်းတော့ဘူးဗျ'

ကိုဟန်သည် ကားပေါ်မှဆင်းသည်။

ရှိတ်ခ်၏ဦးဆောင်မှုဖြင့် လိုက်သွားသည်။

ပြီတ်စာပေ

စံအိမ်ရှေ့တံခါးပေါက်ဝတွင် ရပ်တည်နေသော လူတစ်ယောက်ဝ
ပြုံးပြုံးရွှင်ရွှင်ဖြင့် တွေ့လိုက်ရသည်။ ထိုသူကို ဒုတိယကမ္ဘာစစ်အတွင်းက အိုက်
ခမန်းအပါအဝင် အခြားနာဇီများနှင့်အတူ အုပ်စုလိုက်ရိုက်ထားသော
ဓါတ်ပုံထဲတွင် ကိုဟန်မြင်ဘူးခဲ့သည်။ ထိုဓါတ်ပုံထဲမှ ဖရန့်ဇ်၏မျက်နှာမှ
လက်သည်းခွန် အရွယ်အစားမျှဖြစ်သည်။ ထို့ပြင်အကြိမ်ပေါင်းများစွာ မိတ္တူ
အဆင့်ဆင့်ပွားထားသောပုံ ဖြစ်နေသောကြောင့် မှုံဝါးနေသည်။ သည်းသည်
ထဲကွဲ မမြင်ရပါချေ၊ ထိုဓါတ်ပုံထဲတွင် ဖရန့်ဇ်၏အသွင်သဏ္ဌာန်က မျက်နှ
ယ်လျလျနှင့် ကျစ်လစ်သောခန္ဓာကိုယ်ရှိသည်။ အိုက်ခမန်း၏ လက်ျာဘ
်နေရာယူထားသည်။

သို့ရာတွင် စံအိမ်တံခါးပေါက်ဝတွင် ရပ်တည်လျက်ကြိုဆိုနေသော
ျက်နှာပြည့်ပြည့်ဝဝနှင့် ဆူဖြိုးသောခန္ဓာကိုယ် ဖြစ်နေသော ထိုသူသည် ဖရန့်
ရကာဒ်မက်ရှားပင်ဖြစ်ရမည်ဟု ကိုဟန်ကမြင်မြင်ချင်း ကောက်ချက်ချလိုက်
သည်။ အမှတ်တမဲ့မြင်လိုက်ရသော အမြင်ဖြင့် အပေါ်ယံရှုပ်၍ဆုံးဖြတ်လိုက်
လျှင် ဖရန့်ဇ်ဆိုသူသည် စိတ်သဘောထားကောင်း၍ ခင်မင်နှစ်လိုဘွယ်ရာ
တစ်ယောက်ဟု ထင်မြင်ယူဆနိုင်လောက်သည်။

သို့ရာတွင် စင်စစ်အားဖြင့် သူ့အကြောင်းဇစ်မြစ် သိထားခဲ့ရသော
ကိုဟန်အဖို့ သူသည်ဂျူးထောင်ပေါင်းများစွာကို သတ်ဖြတ်ခဲ့ရာတွင် အိုက်
မန်းထက် ပို၍လက်တွေ့ကျကျ သူကိုယ်တိုင်ကိုယ်ကျ စီရင်သူဖြစ်ကြောင်
ကိုဟန်လေ့လာဖတ်ရှုခဲ့သော ဒုတိယကမ္ဘာစစ်အတွင်း နာဇီတို့လုပ်ရပ် စာရွက်
စာတန်းများထဲတွင် ပါရှိခဲ့လေသည်။

'ဟာ. . . လာဗျို့ရှိတ်ခ်၊ ခင်ဗျားကို မျှော်နေတာနဲ့အတော်ပဲ'

လူဝကြီးဖြစ်နေသော ဖရန့်ဇ်က လှမ်းပြောသည်။

ထို့နောက် တစ်ဆက်တည်း ကိုဟန်ကိုကြည့်လိုက်ပြီး. . .

'အော်. . . ဧည့်သည်လည်းပါလာတာကိုး၊ လာ. . . လာကြ

ဟုပြောလိုက်သည်။ ရှုတ်ခ်နှင့်ကိုဟန်တို့သည် ဖရန့်ဇ်နှင့် နီးနီးကပ်ကပ် မျက်နှ

ချင်းဆိုင် ရပ်တည်မိလိုက်ကြသောအခါ ရှိတ်ခ်ကမိတ်ဆက်ပေးလိုက်သည်။

'ခင်ဗျား တွေ့ချင်တဲ့ ဖရန့်ဇ်ရက်ဒ် မက်ရှားပေါ့ဗျာ၊ သူကတော့ ကျွန်တော်နဲ့အင်မတန် ရင်းနှီးတဲ့ ကမဲလ်အမ်မင် တာအက်စ်ဘေးစ် ဖြစ်ပါတယ်။ ဒမတ်စကပ်မြို့မှာတော့ စီးပွားရေးလောကရဲ့ အောင်မြင်သူ အိတ်စပို့နဲ့ အင်ပို့တာကုန်သည်ကြီးပါပဲ'

ဖရန့်ဇ်က အားရပါးရ ပြုံးလျက်လက်ကမ်းပေးသည်။

ကိုဟန်ကပြုံးရွှင်စွာ ဆုပ်ကိုင်လှုပ်ယမ်းသည်။

သူ့ရင်ထဲတွင် စက်ဆုပ်ရွံရှာမှု ဖြစ်နေသည်ကို ကိုဟန်က နိုင်နိုင်နင်း ထိန်းချုပ်ထားနိုင်သည်။ သူဆုပ်ကိုင်ထားသော လက်သည်တစ်ချိန်က မိမိတို့၏ အပြစ်မဲ့သောဂျူးလူမျိုးပေါင်းများစွာ၏ သွေးများနှင့် စွန်းထင်းခဲ့ဘူးသော လက်ဖြစ်ကြောင်း၊ ကိုဟန်သိထားသည်။ ထိုကဲ့သို့သောလူစားကို လက်ဆွဲနှုတ်ဆက်ရလိမ့်မည်ဟု တစ်ကြိမ်တစ်ခါမှ ကြိုတင်စဉ်းစားမိခဲ့ဖူးခြင်း မရှိပါချေ၊ မည်သို့ပင်ဖြစ်စေ. . .

ဖရန့်ဇ်လို ပုဂ္ဂိုလ်ကြီးတစ်ယောက်နဲ့ သိကျွမ်းခွင့်ရတာ၊ ဝမ်းသာယူပါတယ်။ အခုလိုမိတ်ဆက်ပေးတဲ့အတွက် ရှိတ်ခ်ကိုလည်းကျေးဇူးတင်ပါတယ်'

ကိုဟန်ကလှိုက်လှိုက်လှဲလှဲ အမူအရာဖြင့် ပြောလိုက်သည်။

ရှိတ်ခ်နဲ့ ကျုပ်ကအရမ်းခင်မင်ကြတယ်၊ ဒီတော့ ရှိတ်ခ်ရဲ့မိတ်ဆွေဟာ ကျုပ်ရဲ့မိတ်ဆွေပါပဲ၊ လိုအပ်တဲ့အကူအညီရှိရင်လည်း ပြောပါ။ ကျုပ် ကူညီဖို့အသင့်ပါပဲ'

ဖရန့်ဇ်က ပိုင်နိုင်သောလေသံဖြင့် ပြောသည်။

'အခုလို လူကြီးမင်းရဲ့ ကူညီချင်တဲ့ စိတ်ဓါတ်ကို လေးစားပါတယ်'

ကိုဟန်က အလိုက်သင့် ပြောလိုက်ရသော်လည်း၊ သူ၏ရင်ထဲတွင် အမှန်စင်စစ်ပြောချင်သော စကားလုံးမှာ 'ကျွန်တော်လိုချင်တာက ခင်ဗျားရဲ့ အသက်ဝိညာဉ်ပါ' ဟူ၍ဖြစ်သည်။ ထိုစကားလုံး၏ ပဲ့တင်သံသည် ကိုဟန်၏ ရင်တွင်း၌သာ ပဲ့တင်ရိုက်ခတ်မြည်ဟီးနေလေသည်။

* * * * *

အခန်း (၁၁)

တယ်လ်အဗီရှိမော့ဆက်လျှို့ဝှက် ထောက်လှမ်းရေးဌာနသို့ လျှို့ဝှ
သတင်းတစ်ခု ရောက်လာသည်။ ထိုသတင်း၏ အဆင့်သတ်မှတ်ချက်
'အမြင့်ဆုံး' ဖြစ်သည်။ ချက်ချင်းပင် မော့ဆက်အကြီးအကဲထံသို့ ရောက်ရှိသ
သည်။ အီဆာ ဟာရယ်သည် မော့ဆက်ကို ကိုင်တွယ်သူဖြစ်သည်။ သူ
ဘင်ဂူရီယံက တာဝန်ပေးထားခြင်းဖြစ်သည်။

မော့ဆက်အကြီးအကဲက ဒမတ်စကပ်မှ ထိပ်တန်းအေးဂျင့် အယ
ကိုဟန် ပေးပို့သော သတင်းမှန်သမျှ၊ သူ့ထံသို့ ပေးပို့ရန်ညွှန်ကြားထားသ
ထို့ကြောင့် တာဝန်ကျနေသည့် မော့ဆက်အသံဖမ်းသူက ဝှက်စာကို ဖေါ
သည်နှင့်တပြိုင်နက် မော့ဆက်အကြီးအကဲဖြစ်သူ ဟာရယ်ထံသို့ ရောက်
သည်။

'ဒမတ်စကပ်အေးဂျင့်ဆီက ပို့လွှတ်လိုက်တဲ့သတင်း ဖြစ်ပါတ
ခင်ဗျား' ဟုပြောလိုက်သည်။ ဝှက်စာနှင့်အတူ စားပွဲပေါ်သို့တင်ပေးလ
သည်။

ဟာရယ်က ထိုင်နေရာမှ ထိုသူကိုတစ်ချက် စူးစူးရဲရဲ ကြည့်သည်။

'ဝှက်စာကိုမင်းကိုယ်တိုင် ဖေါ်တာလား'

ဟာရယ်မေးလိုက်သည်။

'ဟုတ်ပါတယ်ခင်ဗျား'

သူကလေးလေးစားစား ဖြေလိုက်သည်။

'ကောင်းပြီလေ၊ ထားခဲ့'

စင်စစ်အားဖြင့် ဝှက်စာကို ဘာသာပြန်ရန် သီးသန့်တာဝန်ခွဲပေးထ လေ့ရှိသည်။ တာဝန်ပေးထားခြင်း မခံရပဲနှင့် ဝှက်စာနှင့်ပတ်သတ်သော တန်းလျှို့ဝှက်ချက်' အဆင့်သတ်မှတ်ထားသည့် အနီရောင်ဖိုင်တွဲကို လုံးဝ တွယ်ခွင့် မရှိပါချေ။

'နာဇီလက်ကျန် ဖရန့်ဇ်ရက်ဒ်မက်ရှားကို တွေ့ပြီ၊ ဒမတ်စက ဂျူးဇီးမ်ထောက်လှမ်းရေး ဗျူရိုမှာ ဆောင်ရွက်နေသည်။ ရှဟာဘင်ဒါလမ်းဝ နေသည်။ အပြတ်ရှင်းခွင့်ပြုပါ'

ဟာရယ်က သူ့ရှေ့သို့ ရောက်နေသော ကိုဟန်၏သတင်းပို့ချက်ကို ပထမတစ်ကြိမ် အကြမ်းဖျင်းဖတ်လိုက်သည်။ ထို့နောက်စိတ်ဝင်စားစွာဖြင့် နောက်ထပ်တစ်ကြိမ် ဖတ်သည်။ ဖတ်ရင်းနှင့် အကြီးအကျယ် စိတ်လှုပ်ရှား သွားသည်။

စင်စစ်အားဖြင့် ဖရန့်ဇ် ရက်ဒ်မက်ရှား ဆိုသောနာဇီအရာရှိသည်၊ ဒုတိယကမ္ဘာစစ်ပြီးဆုံးသွားချိန်တွင် လုံးဝပျောက်ကွယ်နေသည်။ သတင်း အစအနပင် မရရှိခဲ့ပါချေ။ ဖရန့်ဇ်ကို မော့ဆက်အေးဂျင့်များက အသည်း အသန်ရှာဖွေနေသည့် အချိန်ကာလအတွင်း၌ ပျောက်ဆုံးသွားခြင်းဖြစ်သည်။ နာဇီများ အများစုထွက်ပြေး ခိုလှုံလေ့ရှိသော အာဂျင်တီးနားနှင့် လက်တင်အမေရိက နိုင်ငံများသို့ မော့ဆက်အေးဂျင့်များကို စေလွှတ်၍ပိုက်စိပ်တိုက် ရှာဖွေခဲ့ကြ သည်။

သို့ရာတွင် လုံးဝရှာမရခဲ့ကြပါချေ။

ထို့ကြောင့် ဖရန့်ဇ် သေဆုံးသွားခြင်း၊ သို့တည်းမဟုတ် မူလရုပ်ကို ပလစ်စတစ်ဆာဂျရီဖြင့် ပြုပြင်ပြောင်းလဲ၍ မထင်မရှား ဇနပုဒ်တစ်ခုခုတွင် ဝတ်မြုပ်နေထိုင်ခြင်း ဖြစ်မည်ဟူ၍ ဆုံးဖြတ်ခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ အေးဂျင့်များ၏ နာဇီရှာဖွေရေး ကိစ္စကို စိတ်ရှည်ရှည်နှင့် ယာယီဆိုင်းငံ့ထား ရသည်။

ယခု မော့ဆက်၏ထိပ်တန်းအေးဂျင့် ကိုဟန်ထံမှ ရရှိလာသော သ ငင်းအရဆိုပါက ဖရန့်ဇ်သည် ဒမတ်စကပ်တွင် ပြောင်ကျကျ နေနိုင်ယုံမျှမက မ်ထောက်လှမ်းရေးဗျူရိုတွင် ပါဝင်လှုပ်ရှားနေကြောင်းသိရသည်။ စင်စစ် ဖြင့် ဤအချိန်ကာလတွင် ဆီးရီးယားသည် အစ္စရေးနိုင်ငံနှင့် မကြေမလည် နေသည်။ ထို့ကြောင့် အစ္စရေး၏ အဓိကပစ်မှတ်တစ်ခုဖြစ်သော နာဇီ ငင်းဆောင်တစ်ယောက်ကို ဒမတ်စကပ်တွင် အခြေချနေထိုင်စေပြီး ထောက် မ်းရေးဗျူရိုတွင် နေရာပေးထားခြင်းမှာ ရာခိုင်နှုန်းပြည့် တိကျမှန်ကန်သော သတင်းတစ်ခုပင်ဖြစ်သည်။

ထိုသတင်းနှင့်ပတ်သတ်၍ မော့ဆက်အကြီးအကဲ ဟာရယ်က မော့ဆက်အုပ်ချုပ်သူအရာရှိကြီးများကို အလျှင်အမြန်ခေါ်တွေ့၍ အရေးပေါ် လျှို့ဝှက်ဆွေးနွေးပွဲတစ်ခု ကျင်းပသည်။ ထိုသို့ မဆွေးနွေးမီ ကိုဟန်နှင့် ပတ် သက်သော အချက်အလက်များကို အသီးသီးဖတ်ရှုလ့လာကြသည်။ သူတို့ အနေနှင့် ကိုဟန်၏အကြောင်းကို သိရှိနားလည်ပြီးသား ပုဂ္ဂိုလ်များ ဖြစ်ကြ သည်။

'ကျုပ်တို့အေးဂျင့်ဟာ မော့ဆက်အတွက် တကယ်တန်းအရေးပါတဲ့ သူတစ်ယောက်ဖြစ်တယ်။ သူ့လိုဘာသာစကား အမျိုးမျိုးကျွမ်းကျင်သူ၊ အေး ဂျင့်သင်တန်းမှာ ထူးချွန်သူ လက်တွေ့ကွင်းဆင်းဆောင်ရွက်ရာမှာလည်း ပီပီ ပြင်ပြင် အောင်မြင်နေသူဖြစ်ပါတယ်။ ဒါကို အခုတက်ရောက်လာကြတဲ့လူကြီး မင်းများအားလုံး သိကြပြီးဖြစ်မှာပါ၊ နောက်ထပ်လူစားထိုးဖို့ မလွယ်တဲ့ကိုဟန် လို စိတ်ချရသူတစ်ယောက်ကို နာဇီရေးအတွက် ထပ်ဆင့်တာဝန်ပေးလိုက်ရင်

အောင်မြင်ဖို့ထက်၊ ကျုပ်တို့အေးဂျင့်တစ်ယောက် ဆုံးရှုံးသွားမယ့် အဖြစ်ကို မလိုလားပါဘူး။ဒါက ကျွန်တော့်သဘောထား ဖြစ်ပါတယ်။ လူကြီးမင်းတို့ရဲ့ ဆန္ဒကိုပွင့်ပွင့်လင်းလင်း ထုတ်ဖော်ဆွေးနွေးကြပါ'

ဟာရယ်က အဖွင့်နိဒါန်းပြောလိုက်သည်။

ကျန်မော့ဆက်တာဝန်ခံများထဲမှ တစ်ယောက်က ကိုဟာန်ပေးပို့လိုက်သော သတင်းမိတ္တူကို ကျေကျေလည်လည် သုံးသပ်ပြီးမှ သူ၏ဆန္ဒကို တင်ပြလိုက်သည်။

'ကျွန်တော်တို့ မော့ဆက်က စေလွှတ်ထားတဲ့ ဒမတ်စကပ်ရှိ အေးဂျင့်ကိုဟာန်နဲ့ပတ်သက်ပြီး၊ ကျွန်တော်သိထားသလို ကျန်တဲ့အရာရှိကြီးများလည်း သိနေကြပါတယ်။ သူဟာထူးချွန်အဆင့်ကို ထိုက်ထိုက်တန်တန် ရရှိထားပြီး၊ စမ်းသပ်ကြည့်တဲ့အခါမှာလည်း ရာနှုန်းပြည့် ယုံကြည်စိတ်ချရသူ၊ နိုင်ငံနဲ့လူမျိုးအပေါ်မှာ အပြည့်အဝသစ္စာရှိသူတစ်ယောက် ဖြစ်နေပါတယ်။ သူပေးပို့လိုက်တဲ့ သတင်းထဲက နောက်ဆုံးအပိုဒ်အရ သုံးသပ်ကြည့်ရင် ဖရန့်ဇ်ကိုအပြတ်ရှင်းဖို့ စိတ်အားထက်သန်နေတယ်လို့ ကောက်ချက်ချနိုင်ပါတယ်၊ အဲဒီခိုင်မာတဲ့စိတ်ဓါတ်ကို ဟန့်တားပိတ်ပင်လိုက်ရင် သူဘယ်လိုခံစားရမလဲ ဆိုတာ စဉ်းစားဆွေးနွေးကြဖို့ လိုပါလိမ့်မယ်'

နောက်ထပ် မော့ဆက်အရာရှိကြီးတစ်ဦးက ဆက်လက်၍ဆွေးနွေးသည်။

ဖရန့်ဇ် ရက်ဒ်မက်ရှား ဆိုတဲ့နာဇီအရာရှိဟာ ဒုတိယကမ္ဘာစစ်အတွင်းတုန်းက အိုက်ခမန်းရဲ့ ငရဲခန်းကို ကြီးကြပ်ဆောင်ရွက်ခဲ့တဲ့အတွက် အိုက်ခမန်းရဲ့ညာလက်ရုံးဖြစ်ခဲ့ဖူးတယ် ဆိုတာကိုအခုဒီဆွေးနွေးပွဲ တက်ရောက်လာကြတဲ့ လူကြီးမင်းများ အားလုံးသိပြီးသား ဖြစ်နေကြမှာပါ။ နောက်ပြီးသူဟာ အိုက်ခမန်းပေးတဲ့တာဝန်ကို အခြားသာမာန်အရာရှိတစ်ချို့လို ဝတ်ကျေဝတ်ကုန်ဆောင်ရွက်ခဲ့တာမျိုး မဟုတ်ပါဘူး၊ ဖရန့်ဇ်ဟာ အကျဉ်းစခန်းမှာ ရှိရှိသမျှ ဂျူးတွေ၊ သက်ကြီးရွယ်အိုနဲ့ အမျိုးသမီးတွေ ကလေးသူငယ်တွေကို သွေးဆာ

နတဲ့ ဝံပုလွေတစ်ကောင်လို ရက်စက်ကြမ်းကြုတ်စွာ စီရင်ခဲ့သူ ဖြစ်ပါတယ်။ ခုအချိန်မှာ ဖရန့်ဇ်ဟာနောင်တရပြီး စိတ်ဓါတ်ကျနေတဲ့ နာဇီအဖိုးကြီး တစ်ယောက်မဟုတ်ပါဘူး။ ဂျူးဇီးမ်ထောက်လှမ်းရေးမှာ နေရာရထားတဲ့လူတစ်ယောက်ဖြစ်နေပါတယ်။ ဒါကြောင့် သူကျင့်သားရခဲ့ဖူးတဲ့ စိတ်ဓါတ်နဲ့ကျွန်တော် ဂျူးတွေကို ဆက်လက်အန္တရာယ် ပေးနိုင်သေးတဲ့အဆင့်ကို ရောက်ရှိနေပါ ဖရန့်ဇ်ကို ရှင်းမပစ်ရင် ဖရန့်ဇ်က ကျွန်တော်တို့လူမျိုးပေါင်းများစွာကို တစ် ်းနည်းနဲ့ ရှင်းပစ်မယ့် နာဇီဟောင်းတစ်ယောက်ဆိုတာ ယုံမှား ယရှိစရာ အကြောင်းမဟုတ်ပါဘူး၊ဒါကြောင့် ဖရန့်ကပေး ယ့်အန္တရာယ်ကို တားဆီးနိုင်ဖို့က ဖရန့်ဇ်ကို ရှင်းပစ်မှ ဖြစ်မှာပါ မော့ဆင်အေးဂျင့်ကိုဟန်ရဲ့ အရည်အချင်းနဲ့ကျွမ်းကျင်ထက်မြက်မှုကို ယုံကြည် ရင်၊ သူ့ရဲ့စိတ်အားထက်သန်စွာ ဆောင်ရွက်ခွင့်တောင်းတဲ့ ကိစ္စကိုခွင့်ပြုသင့် ပါတယ်။ ပိပိယိယိနဲ့ သူ့ကိုယ်သူ အန္တရာယ်ကင်းအောင် ဆောင်ရွက်နိုင်လိမ့် မယ်လို့ ကျွန်တောယုံကြည်ပါတယ်။ ဒါ. . . ကျွန်တော့်သဘောထားအမှန်ပါ ကျန်တဲ့လူကြီးမင်းများ ဆက်လက်ညှိနှိုင်းဆွေးနွေးနိုင်ကြပါပြီ'

ထိုမော့ဆက်အရာရှိကြီးက သူ့ယုံကြည်ချက်ကို တင်ပြလိုက်သည်။

ထို့နောက် ကျန်မော့ဆက်ထောက်လှမ်းရေးဆိုင်ရာ အကြီးအကဲများ က သူတို့အမြင်နှင့်ဆန္ဒသဘောထားများကို ဆက်လက်ဆွေးနွေး ညှိနှိုင်းခဲ့ကြ သည်။

xxxxxxxxxxxxxxxxxxxxx

ဒမတ်စကပ်တွင် နေထိုင်စဉ်အတောအတွင်း ကိုဟန်အပေါ်တွင် ယုံ ကြည်စိတ်ချစွာ ရင်းနှီးကျွမ်းဝင်နေကြသူများအနက် ရှိတ်ခ်သည်ထိပ်ဆုံးမှ ဖြစ် သည်။ သူ၏အားလပ်ရက်များတွင် ကိုဟန်နှင့်အတူစားသောက်ဆိုင်များသို့ သွားရောက်စားသောက်လေ့ရှိသည်။ အများအားဖြင့် ရှိတ်ခ်က သူ့အနေနှင့်

မြို့ခံဖြစ်သည်ဟု အကြောင်းပြကာ ကျသင့်ငွေကို သူကပင် ရှင်းလေ့ရှိသည်။ အားနာနေသောကိုဟန်က တ ခါလှည့်တစ်ပြန် ကျသင့်ငွေကို မိမိရှင်းမည်ဟု သော်သည်း လက်မခံပဲငြင်းဆန်တတ်သည်။

'ခင်ဗျားလိုအေးချမ်းတည်ငြိမ်ပြီး စိတ်ကောင်းရှိတဲ့လူတစ်ယောက်ကို နေ့စဉ်နေ့တိုင်းကျွေးမွေးရမယ်ဆိုရင်တောင် ကျုပ်မွဲမသွားပါဘူးဗျာ' ဟူ၍ပြောလေ့ရှိသည်။

တစ်နေ့တွင် ရှိတ်ခ်ရောက်လာသည်။

'လာဗျာ ပျော်ပျော်ပါးပါး စားသောက်ဖို့သွားကြရအောင်၊ လိုက် တယ်မဟုတ်လား' ရှိတ်ခ်က စေတနာထက်သန်စွာဖြင့်ခေါ်သည်'

'လိုက်နိုင်ပါတယ်၊ ဒါပေမယ့် ခင်ဗျားကတိတစ်ခုတော့ ပေးရမယ်' ကိုဟန်ကရှိတ်ခ်ကို အကဲခတ်ရင်းပြောသည်။

'ဘာကတိများလဲဗျာ'

ရှိတ်ခ်က ခပ်ပြုံးပြုံးမေးသည်။

'ဒီတစ်ခါစားသောက်စရိတ် ကုန်ကျငွေကို ကျွန်တော်ရှင်းရမှ လိုက် မယ်။ နို့မို့ရင် ကျုပ်ကချည်းပဲ ဖရီးစားနေရလို့ လိုက်တာမျိုးမဖြစ်စေချင်ဘူး'

'ခင်ဗျားနဲ့ကျွန်တော်ပေါင်းလာတာ ကြာပါပြီဗျာ၊ အဲဒီလိုစကားမျိုး ပြောဖို့တောင်မလိုတော့ပါဘူး၊ ခင်ဗျားကို စေတနာရှိလို့ကျွေးတာပါ၊ ကမဲလ် ရယ်'

'ဒါဆို ခင်ဗျားကချည်းပဲ စေတနာရှိနေလို့ ဘယ်ဖြစ်မလဲ၊ အပေါင်း အသင်းချင်း ကျုပ်ကိုလည်း စေတနာရှိခွင်း ပြန်ပေးဦးမှပေါ့'

ကိုဟန်က တောင်းဆိုသည်။

ရှိတ်ခ်က ခေါင်းငြိမ့်သည်။

'ခင်ဗျားက စကားတတ်တိုင်း အကြွပ်ကိုင်နေတာပေါ့လေ၊ ဟုတ်လား ဒါဆိုရင်ကောင်းပြီ၊ ဒီနေ့ကျုပ်ခေါ်သွားမယ့်နေရာမှာ စားသောက်ပြီး ကျသင့် ငွေရှင်းလို့ရရင် ခင်ဗျားရှင်းနိုင်တယ်'

'အဲဒါဘာအဓိပ္ပါယ်လဲ ရှိတ်ခ်'

ကိုဟန်က မျက်ခုံးပင့်၍ မေးလိုက်သည်။

'ကျွန်တော်ပြောတာ ရှင်းရှင်းလေးပါ၊ အခုခင်ဗျားကို ကျွန်တော်ခေါ် သွားမယ်၊ အဲဒီနေရာမှာ အတူတူစားကြသောက်ကြမယ်၊ စားသောက်လို့ ကုန် ကျတဲ့စရိတ်ကို ခင်ဗျားကိုင်တိုင် ရှင်းကြည့်'

ရှိတ်ခ်က ရှင်းရှင်းလေးပါဟု ပြောသည်။

သို့ရာတွင် ကိုဟန်အနေနှင့် ရှုပ်နေဆဲပင်။

မည်သို့ပင်ဖြစ်စေ၊ ရှိတ်ခ်၏ကားနှင့် လိုက်ပါသွားသည်။

ရှိတ်ခ်သည် ကိုဟန်နှင့်အတူ သွားနေကျစားသောက်ဆိုင်များရှိရာသို့ ဦးတည်ခြင်း မဟုတ်ပဲ၊ ရက်ကွက်တစ်ခုထဲသို့ ချိုးကွေ့မောင်းသွားသည်။ ရပ်ကွက်အတွင်းသို့ ကိုဟန်တစ်ကြိမ်တစ်ခါမှ မရောက်ဖူးခဲ့သည်မှာ အမှန်။

'ဒီတစ်ခါဘယ်စားသောက်ဆိုင်ကို သွားမှာလဲ ရှိတ်ခ်၊ အရင်ကတစ်ခါ မှ မရောက်ဖူးပါဘူး'

ကိုဟန်က စဉ်းစဉ်းစားစားဖြင့် မေးလိုက်သည်။

'အခု ကျွန်တော်ခေါ်သွားမယ့်နေရာက အရင်စားနေကျဆိုင်တွေ ထက် ပိုပြီးလက်ရာကောင်းတယ်ဗျ၊ ခင်ဗျားတစ်ခါလောက် စားကြည့်တာနဲ့ မှတ်မှတ်ရရ ဖြစ်နေမှာ သေချာတယ်'

ကိုဟန်က သူ့စကားကို ဘာမှပြန်မပြောချေ။

ရှိတ်ခ်မောင်းလာသောကားသည် ခြံဝင်းတစ်ခုတွင်းသို့ ဝင်သွားသည်၊ သပ်ရပ်သောတစ်ထပ်တိုက် ကလေးတစ်တိုက်ရှေ့တွင် ရပ်လိုက်သည်။ ကား စက်သတ်၍ ကိုဟန်ဘက်သို့ လှည့်၍ပြုံးသည်။ ထို့နောက်နှစ်ယောက်သား ကားပေါ်မှတံခါးဖွင့်၍ ဆင်းလိုက်ကြသည်။ ကားတံခါးပြန်ပိတ်၍ တစ်ထပ် တိုက်ဘက်သို့မျက်နှာမူမိကြသည်။

'ဒီတိုက်က စားသောက်ဆိုင်နဲ့လည်း မတူပါလားဗျ၊ သီးသန့်သဘော မျိုးလား'

မြိတ်စာပေ

ကိုဟာန်က တိုက်မျက်နှာစာနှင့် ပတ်ဝန်းကျင်ကို အကဲခတ်ရင်းမေး လိုက်သည်။

'အဲဒီလိုပြောရင်လည်း ရပါတယ်၊ သီးသန့်စားသောက်နိုင်တဲ့ နေ မျိုးပါပဲ'

ရှိတ်ခ်က ပြုံးစစနဲ့ ဝင်သွားသည်။

ကိုဟာန်က နောက်မှကပ်လျက် လိုက်ပါသွားသည်။ သို့ရာတွင် မာန်လူတစ်ယောက်ပမာ ဝင်ရောက်လိုက်ပါခြင်းမျိုး မဟုတ်ပါချေ။ ရွှေနေ ဘေးဘယ်ညာကို မျက်လုံးအစုံဖြင့် တစ်ချက်ဝေ့ကြည့်ရင်း လိုက်သွားခြင် သည်။

သူသည် လေ့ကျင့်မှုအပြည့်နှင့် မော့ဆက်ထိပ်တန်းအေးဂျင့် ယောက်ဖြစ်သည်။ ထို့ကြောင့် ရှိတ်ခ်သည်သူ့အား အနီးကပ်ပေါင်း၍ ပူးသ ရန် ရည်ရွယ်ချက်ဖြင့် ခေါ်လာခြင်းဖြစ်လေမလား. . . ဟု တွေးလိုက်မိသည်။ တစ်ခါက ရှိတ်ခ်ခေါ်သွား၍ မိတ်ဆက်ပေးခဲ့ဖူးသော နာဇီဟောင်း ဖရန့်ဇ်ကို မိမိကဖမ်းဆီးခဲ့သည်။ ထိုဖြစ်ရပ်ကို ရှိတ်ခ်အနေနှင့် လုံးဝရိပ်မိလိမ့်မည်မဟုတ် ဟု ယူဆထားခြင်းမှာ မိမိ၏အထင်မျှသာ ဖြစ်နိုင်သည်။ ရှိတ်ခ်က လုံးဝမရိပ်မိ ချင်ယောင်ဆောင်၍ မိမိကိုထောင်ချောက်တစ်ခုအတွင်းသို့ ခေါ်ဆောင်လာ ခြင်းဖြစ်လေမလား ဟူသောသံသယဖြစ်လာသည်။

သို့ရာတွင် ကိုဟာန်၏ကျွမ်းကျင်မှုအရ အကယ်၍မိမိအတွက် အန္တ ရာယ်ရှိနိုင်သောနေရာတစ်ခုသို့ ရောက်လျှင်ရောက်ချင်း လေ့ကျင့်ထားသော စိတ်အာရုံထဲတွင် အလိုအလျောက် အန္တရာယ်၏ အရိပ်အယောင်ဖြစ်စေ၊ အန္တရာယ်၏အငွေ့အသက်ဖြစ်စေ၊ ဆဋ္ဌမအာရုံတွင် ဖြစ်ပေါ်လာတတ်သည်။ ထိုသို့သောအာရုံမှာ ကိုဟာန်ကဲ့သို့သော ထိပ်တန်းအဆင့်သို့ ရောက်နေသော အေးဂျင့်များအတွက်သာ ဖြစ်ပေါ်နိုင်သည်။

ယခုအခါတွင် မည်သို့အရိပ်အယောင်၊ အငွေ့အသက်မှ မရရှိခဲ့။ တိုက်ရှေ့ညှော်ခန်းတွင်းသို့ဝင်ရောက်ခဲ့သောအခါ၊ ကိုဟာန်က ရှိတ်ခ်၏နောက်

တည့်တည့်တွင်၊ ရှိတ်ခ်၏ကိုယ်ခန္ဓာနှင့်မသိမသာကွယ်၍ နေရာယူလိုက်သည်။ အကယ်၍အတွင်းမှ တစ်စုံတစ်ယောက်က ရုတ်တရက် ထွက်ပေါ်လာ း၊ ပစ်ခတ်ရန်ကြိုးစားခဲ့ပါက၊ ပထမဆုံးပစ်လွှတ်လိုက်သော ကျည်ထိပ်ဖူးများသည် ရှိတ်ခ်၏ကိုယ်ခန္ဓာတွင်းသို့သာ ထွင်းဖောက်ဝင်ရောက် သွားကြပေလိမ့်မည်။

ထို့နောက် သူဆက်လက်လှုပ်ရှားရမည့် အနေအထားကိုပါ ကြိုတင် က်ချက်ထားလိုက်သည်။ အတွင်းခန်းမှ ထွက်ပေါ်ပစ်ခတ်လိုက်သူထံသို့ ခ်၏ခန္ဓာကိုယ်ကြီးကို တွန်းပို့ရန်၊ မိမိကကျမ်းပြင်ပေါ်သို့ လျှပ်တစ် ပြက် လျှားထိုးမှောက်ချကာ၊ ကိုယ်ကိုနှစ်ပတ်၊ သုံးပတ်ဘေးတိုက်လှိမ့်သွားရင်း ချိန်တည်းမှာပင် ပခုံးစလွယ်အိတ်တွင်းမှ ပစ္စတိုကိုထုတ်၍ ရန်သူထံသို့ န့်ပြန်ပစ်ခတ်ရမည် ဖြစ်သည်။

သို့ရာတွင် ကိုဟန်မြော်လင့်ထားသလို ဖြစ်မလာ။

အခြေအနေအရပ်ရပ်က လုံးဝကွဲပြားခြားသွားသည်။

အခန်းတွင်းမှ ပြေးထွက်လာသော ခြေသံနှင့်အတူ၊ ကလေးငယ်တစ်ယောက်၏အသွင်သဏ္ဌာန်ကိုပါ၊ ဆက်တိုက်တွေ့မြင်လိုက်ရသည်။ ချစ်စရာကလေးငယ်သည် ပါးစုံနှစ်ဖက်နှင့် အသက်အားဖြင့်ခြောက်နှစ်၊ ခုနစ်နှစ်ထက်ကျော်ပုံမရ၊ စပို့ရှပ်နီ့သာရောင်နှင့် အဖြူရောင်ဘောင်းဘီတို ဝတ်ဆင်ထားသည်။

ကလေးငယ်က ပြုံးရွှင်ရယ်မောလျက်ဖြစ်သည်။

လက်နှစ်ဘက်ကို ဆန့်တန်းလျက် ပြေးလာသည်။

ရှိတ်ခ်က ဆီးကြို၍ခါးညွတ်လျက်၊ ကလေးငယ်ကို ပွေ့ချီလိုက်သည်။ ကလေးငယ်၏ ပါးစုံနှစ်ဘက်ကို တစ်ရှိုက်မက်မက်နမ်းသည်။ ထို့နောက်ကိုဟန်ဘက်သို့လှည့်၍ မျက်နှာမူလိုက်သည်။

'ဒါ ကျွန်တော့်သားအထွေးဆုံး အဘရာဟင် ပါ၊ သား. . . အဖေ့မိတ်ဆွေကို နှုတ်ဆက်လိုက်လေ'

မြိတ်စာပေ

ရှိတ်ခ်က ကိုဟန်ကိုပြောသည်။

တဆက်တည်း ကလေးကိုပြောလိုက်သည်။

'ဦးလေး ကျန်းမာရဲ့လား'

ကလေးက သာယာရွှင်မြူးစွာ မေးသည်။

'ကျန်းမာပါတယ် ကလေးရယ်'

ကိုဟန်က သိမ်မွေ့စွာပြောသည်။ ထို့နောက်ကလေး၏ ပြည့်ဖြိုးသေ လက်ချောင်းကလေးများကို အသာအယာဆုပ်ကိုင် နှုတ်ဆက်လိုက်သည်

'ကဲ. . . ထိုင်ဗျာ၊ စားသောက်ဖို့ အဆင်သင့်ဖြစ်၊ မဖြစ် ကျွန်ေ သွားကြည့်လိုက်ဦးမယ်'

ပြောပြောဆိုဆိုနှင့် ရှိတ်ခ်ကသားငယ်ကို ချီလျက်အတွင်းခန်းထဲသို့ ဝင်သွားသည်။ အတွင်းခန်းထဲတွင် စကားပြောနေကြသော တီးတိုးသံများကို မသဲမကွဲကြားနေရသည်။ သို့ရာတွင် အဓိပ္ပါယ်ဖေါ်၍မရ။

ကိုဟန်နီးရာ ဆက်တီတွင် ဝင်ထိုင်လိုက်သည်။

စောစောက သူထင်မြင်ယူဆခဲ့သော သီးသန့်စားသောက်ဆိုင် မ ဟုတ်ပဲ၊ ရှိတ်ခ်၏တိုက်ဖြစ်ကြောင်း လုံးလုံးလျားလျား သဘောပေါက်သွား သည်။ တစ်နည်းအားဖြင့် ရှိတ်ခ်အတွက် သီးသန့်နေရာတစ်ခုဖြစ်သည်။အများ အားဖြင့်အိမ်ဂေဟာသို့ ဖိတ်ခေါ်လေ့မရှိကြောင်း၊ ကိုဟန်ကသိရှိနားလည်ထား ခဲ့သည်။ မည်မျှပင်ခင်မင်ရင်းနှီးသည်ဖြစ်စေ၊ မြို့ထဲရှိ အဆင့်မြင့်စားသောက် ဆိုင်များသို့သာ ဖိတ်ခေါ် ကျွေးမွေးလေ့ရှိသည်။

အပေါင်းအသင်းနှင့်အတူ စားသောက်ဆိုင်တွင် စားသောက်ခြင်းမှာ ဧည့်သည်အတွက် လွတ်လွတ်လပ်လပ်ရှိသည်။ အိမ်သို့ဖိတ်ခေါ်ခြင်းအားဖြင့် ဧည့်သည်လည်းအနေအထိုင် အပြောအဆိုမှအစ ဆင်ခြင်နေရသောကြောင့် စိတ်ကျဉ်းကြပ်မည်၊ ထို့နည်းတူ အိမ်သူအိမ်သားများအနေနှင့် ဧည့်သည်ရှိနေ စဉ် သူတို့အိမ်ရာတွင် နေရိုးနေစဉ် လွတ်လွတ်လပ်လပ်နေ၍ မဖြစ်တော့၊ ဆင်ဆင်ခြင်ခြင်နေရတော့မည်ဖြစ်သည်။ ထို့ကြောင့်လည်းဧည့်သည်ကို အိမ်

သို့ခေါ်လေ့မရှိပါချေ။

သို့ရာတွင် ရှိတ်ခ်သည် မိမိအပေါ်တွင် သာမာန်အပေါင်းအသင်းထက်ပို၍ ရင်းနှီးမှုပြသသည့်ဟု ကိုဟာန်က သဘောပေါက်မိသည်။ စင်စစ်အားဖြင့်ရှိတ်ခ်သည် ကိုဟာန်အား သူ၏အိမ်ဂေဟာသို့ဖိတ်ခေါ် ကျွေးမွေးရခြင်းမှာ ထူးခြားအကြောင်းအရာတစ်ခုလည်း ပါသေးသည်။

◆ ◆ ◆ ◆ ◆

## အခန်း (၁၂)

စားသောက်ခန်းသည် သာမန်ထက်ကျယ်ဝန်းနေသည်။ စားပွဲပေါ်တွင်ဖြူစင်သော စားပွဲခင်းနှင့် ခရမ်းရောင်သစ်ခွပန်းများကို ကြွေပန်းအိုးကလေးများထဲတွင် ထိုးစိုက်၍စားပွဲပေါ်တွင် အလှဆင်ထားသည်။ ရှည်လျားသောစားပွဲထိပ်တွင် လက်တန်းပါသော ကုလားထိုင်တစ်လုံးကို နေရာချထားပြီးစားပွဲဘေးတစ်ဘက်တစ်ချက်တွင် လက်တန်းမပါသော ကုလားထိုင်များကို (၃)လုံးစီမျက်နှာချင်းဆိုင်စီထားသောကြောင့် လူ(၇)ယောက်နေရာယူနိုင်သည်။

ရှိတ်ခ်၏ဖိတ်ခေါ်မှုဖြင့် စားသောက်ခန်းထဲသို့ ရောက်ရှိသွားသော ကိုဟန်က အခန်း၏အနေအထားကို လေ့လာလိုက်ခြင်းဖြစ်သည်။

ရှိတ်ခ်က စားပွဲထိပ်တွင် နေရာယူလိုက်သည်။

ကိုဟန်ကို သူ၏ညာဘက်တွင် ထိုင်ရန်ညွှန်ပြသည်။

'ကမဲလ်. . . အသက်သုံးဆယ်ကျော်ပြီထင်တယ်၊ ဟုတ်လား'

ရှိတ်ခ်က မထင်မှတ်သောမေးခွန်းတစ်ခုမေးသည်။

ကိုဟန်က ဦးခေါင်းငြိမ့်ပြသည်။

'၃၃နှစ်ကျော်ပါပြီ'

'အခုထက်ထိ အိမ်ထောင်မပြုသေးတာ ဘာဖြစ်လို့လဲ၊ စိတ်ကြိုက်မ
တွေ့သေးလို့လား'

ရှိတ်ခ်က ပြုံးပြုံးရွှင်ရွှင်မေးသည်။

အဲဒီလိုမျိုး ပြောရင်လည်းရပါတယ်၊ ကျွန်တော်တစ်ကိုယ်ရေ တ
ဘယ လွတ်လွတ်လပ်လပ် နေချင်တာလည်းပါပါတယ်'

'ခင်ဗျားအိမ်ထောင်ပြုတဲ့ အရသာကိုခံစားကြည့်သင့်တယ်၊ ဇနီးခ
စ်ယောက်နဲ့ စည်းစိမ်ခံစားပြီး၊ နောက်တော့ ကိုယ့်ရဲ့မျိုးဆက်သစ်လေး
နဲ့ သာယာကြည်နူးမှုတွေရရှိလာမယ်။ ခင်ဗျားစဉ်းစားကြည့်လေ အလုပ်
စိတ်ရောကိုယ်ပါ လှုပ်ရှားခဲ့တဲ့ ပင်ပန်းနွမ်းနယ်မှုတွေ၊ စိတ်ဖိစီးမှုတွေဟာ အ
ရောက်တာနဲ့ တပြိုင်နက်သားသမီးလေးတွေရဲ့ ချစ်စဖွယ်တီတီတာတာ
တာလေးတွေ၊ အလိုက်သိတတ်တဲ့ ဇနီးရဲ့ပြုစုမှုတွေကြောင့် ပင်ပန်းခဲ့တာ
အားလုံးလွင့်စင်ပျောက်ကွယ်သွားကြတယ်။ နောက်တစ်နေ့ မနက်မိုးလင်
အိပ်ရာကထလိုက်တာနဲ့ တပြိုင်နက်အလုပ်နဲ့ ပတ်သက်တဲ့ အကြံအစည်
တွေ ဖြစ်ပေါ်လာတယ်ဗျ၊ ဒါ. . . ကျွန်တော်ကိုယ်တွေကို အမှန်အတိုင်း
ပြနေတာပါ၊ မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ ကျွန်တော်အကြံပြုနေ
ပါ'

ရှိတ်ခ်က ရှည်ရှည်လျားလျား ရှင်းပြသည်။

ထိုအချိန်တွင် စားပွဲထိုးနှစ်ယောက်က အစားအသောက်များကို
ပွဲပေါ်သို့ တည်ခင်းစပြုနေသည်။ သူတို့ပြင်ဆင်နေသော စားသောက်
လူ(၇)ယောက်စာ ဖြစ်နေသည်။ ဒါကိုကိုဟန်သတိပြုမိ ိုက်သည်။ ထို့
စားသောက်ခန်းထဲတွင် သူနှင့်ရှိတ်ခ်အပြင်၊ နောက်ထပ်ငါးယောက် ထပ်
စွက်နိုင်သည်။ ထိုငါးယောက်မှာ ရှိတ်ခ်၏မိသားစုဖြစ်လေမလား၊ သို့တ

ဟုတ်အခြားဧည့်သည်များလား၊ သို့ဖြစ်လျှင် ထိုဧည့်သည်များမှာ မည်သူတွေနည်း. . . ဟူ၍ကိုဟာန်က စိတ်ထဲတွင် တွက်ချက်နေသည်။

သို့ရာတွင် ကိုဟာန်ဆက်လက်တွေးစရာ မလိုပါချေ။

လှပချောမောသော မိန်းကလေးငါးယောက်က ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင်ဖြင့် လာကြသည်။ သစ်လွင်တောက်ပသော အဝတ်အစား ကိုသေသပ်စွာ ဝတ်ဆင်ထားကြသည်။ ခေတ်မီသော မွန်းမံချယ်သမှုများ ယင်ထုံးဖွဲ့မှုများဖြင့် တန်ဆာဆင်ထားကြသည်။

စားသောက်ခန်းထဲသို့ သူတို့ဝင်လာကြသည်နှင့် တစ်ပြိုင်နက် ကြိုင်သင်းပျံ့သွားသည်။ အခန်းတစ်ခုလုံးတွင် မိန်းမချောလေး ငါးယော အရောင်အသွေးများကြောင့် ပိုမိုလင်းထိန်စိုပြေသွားသည်ဟု ထင်မှတ်ရ သူတို့ငါးယောက်၏ အကြည့်များမှာ ကိုဟာန်ထံသို့ မကြာခဏရောက်လာ ကြသည်။

အစပထမတွင် ကိုဟာန်အနေကြံ့သလို ဖြစ်မိသည်။ ရှိတ်ခ်ကကိုဟာန်အားငါးယောက်စလုံးနှင့် အလိုက်သိစွာမိတ်ဆက်ပေးသည်။ ခေတ်ပညာတတ်မိန်းမချောလေးများ၏ ဖော်ရွေစွာဆက်ဆံမှုကြောင့် မိနစ်ပိုင်းအတွင်း ကိုဟာန်နေသားတကျဖြစ်သွားခဲ့သည်။ ထိုမိန်းကလေးများနှင့် ရင်းရင်းနှီးနှီး ပြန်လည်ဆက်ဆံဖြစ်ခဲ့သည်။ ထိုမိန်းကလေးအားလုံး ဒမတ်စကပ်မြို့၏ လူဂုဏ်တန်အသိုင်းအဝိုင်းမှ ဖြစ်နေကြောင်း သိရှိခဲ့ရသည်။

^^xxxxxxxxxxxxx

ကိုဟာန်သည် ထိုညဥ့်တွင် ခါတိုင်းထက်ပို၍ သူ့ဇနီးနေဒီယာကို သတိရမိသည်။ နေဒီယာနှင့်သမီးလေးဆိုဖီကို မြင်ယောင်မိသည်။ သို့ရာတွင် သူသည်ထိုလွမ်းမောဆွတ်ပြန့်ဖွယ် အတွေးများကို ကြိုးစား၍ဖယ်ရှားလိုက်သည်။

ထို့နောက်ရှိတ်ခ်၏ ရည်ရွယ်ချက်ကို ပြန်လည်တွေးမိလာသည်။ မိန်း

မပျိုလေးငါးဦးထဲမှ တစ်ယောက်ယောက်နှင့် လက်ထပ်ပေါင်းသင်းစေလိုသော ဆန္ဒဖြင့် မိတ်ဆုံစားပွဲလေးတစ်ခု သီးသန့်ပြုလုပ်ကျွေးမွေးခဲ့ခြင်းဖြစ်သည်။

ရှိတ်ခ် မိတ်ဆက်ပေးခဲ့သော မိန်းမပျိုလေးငါးယောက်စလုံး၏ နာမည်များကို သူသေချာစွာ မမှတ်မိသော်လည်း ဆာလီယာဆိုသော မိန်းမပျိုကို မှတ်ထင်ထင်သတိပြုမိလိုက်သည်။ ဆာလီယာ၏အလှသည် ထိုငါးဦးထဲဖြစ်စေ၊ ဒမတ်စကပ်မြို့တော်သူ အားလုံးထဲတွင်ဖြစ်စေ၊ ထင်ထင်ရှားရှား လွင်နေသည်။

ဆယ်လီယာ၏အလှသည် သွေးသားသန့်စင်မှုကြောင့် ရွှေရောင်ဝင်းနေသည်။ အခြားမိန်းမပျိုများသည် မျက်နှာကို ချယ်သမှုဖြင့် ဖုံးလွှမ်းထားသော်လည်း ဆယ်လီယာအနေနှင့် ပင်ကိုယ်အသား၏ ဝင်းမွတ်ညက်စင်မှုကို သဘာဝအတိုင်း ရှိနေခဲ့သောကြောင့် ပိုမိုစွဲမက်ဖွယ်ရာ ဖြစ်နေသည်။ ပုံစံကျ၍ လှပသောမျက်ခုံးအောက်တွင် အညိုရင့်ရောင်မျက်လုံးတစ်စုံက မျက်တောင်ကော့ကြီးများ၏ ကာယံထားမှုအတွင်း၌ တလက်လက်အရည်လည်နေသည်။ သူမ၏စူးစိုက်ကြည့်ခြင်းကို ခံလိုက်ရသော အမျိုးသားတစ်ယောက်အတွက် သိမ့်. . ကနဲ၊ငြိမ့်. . ကနဲ၊ ခံစားမှုတစ်ခုဖြစ်ပေါ်သွား စေနိုင်သည်။ ပါးမို့နှစ်ဘက်၏အလယ်တွင် သေးသွယ်ဖြောင့်တန်းသောနှာတန်ရှိသည်။ နှုတ်ခမ်းသားထွေးထွေးအိအိနှစ်လွှာသည် ပန်းနုရောင်ဖြစ်နေသည်။ မေးစိငေ့ပြည့်ဖြိုးမှုနှင့် ကျော့ရှင်းသောလည်တိုင်တို့က ဆာလီယာ၏မျက်နှာအလှကို ဖြည့်စွက်ထားသည်။

မျက်နှာနှင့်လိုက်လျောညီထွေသော ကိုယ်လုံးပြေပြစ်မှုနှင့် ပေါင်းစပ်လိုက်သောအခါ အမျိုးသားများကို ဆွဲဆောင်နိုင်ဆုံး ဖြစ်သွားလေတော့သည်။

နောက်တစ်နေ့နံနက်တွင် ရှိတ်ခ်နှင့်တွေ့သည်။

ရှိတ်ခ်က ရယ်ရယ်မောမောနှင့် ပြောသည်။

'ခင်ဗျား. . . ကျွန်တော်နဲ့ စားသောက်ခ ကုန်ကျစရိတ်ကို ဘာဖြစ်လို့ မရှင်းခဲ့ရတာလဲ' ဟူ၍ ပြောင်ချော်ချော် မေးလိုက်သည်။

ပြီတ်စာပေ

'ကျသင့်ငွေကို ကျွန်တော်ပေးလို့ မဖြစ်တဲ့နေရာကို ခေါ်သွားတာ ကိုးဗျ'

ကိုဟန်ကပြုံးရွှင်စွာ ပြန်ပြောလိုက်သည်။

'ဒါတွေထားလိုက်ပါဗျာ၊ အဲဒီမိန်းကလေး ငါးယောက်ထဲမှာ ဘယ်သူ အချောဆုံးလဲ'

ရှိတ်ခ်က ထပ်မေးသည်။

'မိန်းကလေးတိုင်းဟာ သူ့အလှနဲ့သူ ရှိနေကြတာပဲဗျ'

ကိုဟန်ကစဉ်းစဉ်းစားစား ဖြေလိုက်သည်။

'ဒါက ယေဘုယျသဘောမျိုးပဲ၊ ဒါပေမယ့် ခင်ဗျားကိုအကဲခတ်ဒိုင် ကြီးအဖြစ်နဲ့ ဆုံးဖြတ်ခိုင်းနေတာဗျ'

ရှိတ်ခ်က ထပ်မေးပြန်သည်။

ထိုနေ့နံနက်တွင် ကိုဟန်၏ရုံးခန်းထဲတွင် လူရှင်းနေသည်။ စီးပွါးရေး လုပ်ငန်းဆိုင်ရာကိစ္စများနှင့် ပတ်သတ်၍ စီစဉ်ပြီးဖြစ်သော ကိစ္စများကို ဆောင် ရွက်မည့်သူများက ဆက်လက်ဆောင်ရွက်ရန် သက်ဆိုင်ရာသို့သွားနေကြသော ကြောင့် ဖြစ်သည်။

'ကဲ. . ခင်ဗျား ဘာသောက်မလဲပြော'

ကိုဟန်က မေးလိုက်သည်။

'စကားဦးတည်ချက် မပြောင်းပါနဲ့ပဗျာ၊ ကျွန်တော်က အိုးနဲ့အိမ်နဲ့ သားမယားနဲ့ဆိုတော့ အိမ်ကထွက်မလာခင်ကတည်းက စားသောက်စရာ အဆင်သင့်နဲ့ စားသောက်ပြီးမှထွက်လာခဲ့တာပါ၊ ခင်ဗျားလိုလူပျိုကြီးတစ် ယောက်သာ စားသောက်ဆိုင်ကို အားထားနေရတာ၊ ကဲ ကျုပ်မေးတာဖြေလေ ဗျာ၊ တကယ်လို့မနေ့က တွေ့ခဲ့တဲ့ မိန်းမပျိုငါးယောက်ဟာ အလှမယ်ရွေးပွဲဝင် ခဲ့သူတွေဖြစ်နေရင်၊ ခင်ဗျားကအကဲဖြတ်ဒိုင်လူကြီးအဖြစ်နဲ့ ဘယ်သူ့ကိုအမှတ် အများဆုံးပေးမလဲ'

'ခင်ဗျားမေးခွန်းက အံချော်နေတယ်ဗျ'

ကိုဟန်က ပြုံးစေ့စေ့ဖြင့် ပြောသည်။

'ဘာကြောင့်လဲ'

'အဲဒီမိန်းကလေးတွေဟာ အလှမယ်ရွေးပွဲဝင်မယ့်သူတွေ မဟုတ်
...လိုကျွန်တော်ကိုလည်း ဘယ်သူကမှ ဒိုင်အဖြစ်ရွေးချယ်ခိုင်းမှာ မဟုတ်တဲ့
...က် အမှတ်ပေးဖို့ကိစ္စကို စဉ်းစားနေစရာ မလိုပါဘူးဗျာ'

ကိုဟန်ကရှင်းပြလိုက်သည်။

'ဟာ. . . ဒီလိုတော့ မလုပ်နဲ့လေ၊ ကျွန်တော့်မေးခွန်းအစမှ 'တကယ်
...ခဲ့ရင်' ဆိုတဲ့စကားလုံးပါတယ်၊ နောက်ပြီးတခြားဘယ်သူကမှ အကဲဖြတ်
...ကြီးအဖြစ် မခန့်ပေမယ့် ကျွန်တော်က ခန့်တယ်ဗျာ'

ရှိတ်ခ်က ဇွတ်တိုး၍ပြောသည်။

ထို့ကြောင့်ကိုဟန် သဘောပေါက်သွားသည်။ သူ့အနေနှင့် အလှဆုံး
မိန်းမပျိုကို မပြော၍မဖြစ်တော့ကြောင်း နားလည်လိုက်သည်။ ရှိတ်ခ်သည်
ရင်းနှီးမှုဖြင့် မရမကထပ်မေးနေမည့် သဘောမျိုး ဖြစ်နေကြောင်းသိလိုက်ရ
သည်။ ထို့ကြောင့် ဤအကြောင်းအရာအစဖြတ်စေရန် သူရင်ထဲတွင်ရှိနေ
သောအဖြေကို ထုတ်ဖေါ်ပြောလိုက်ရတော့သည်။

'ကောင်းပြီလေ၊ ဒါဆိုရင် ဆာလီယာကို မဲအများဆုံးပေးပြီး ရွေးချယ်
ရလိမ့်မယ်ထင်တယ်'

ကိုဟန်၏စကားအဆုံးတွင် ရှိတ်ခ်က အားရပါးရ ရယ်မောသည်။

'အခုထက်ထိ 'ထင်တယ်' ဆိုတဲ့စကားလုံးကို သုံးနေတုန်းပဲလား၊
ပြတ်ပြတ်သားသားပြောလိုက်ပေါ့ဗျာ၊ ကျွန်တော်ကို အားနာစရာမလိုပါဘူး၊
အဲဒီမိန်းကလေးတွေနဲ့ ခင်ဗျားကို မိတ်ဆက်ပေးကတည်းက ကျွန်တော့်မှာ
ရည်ရွယ်ချက်ရှိပြီးသားပါ။ ကျွန်တော်က ရွေးချယ်ပေးတာထက် ခင်ဗျားစိတ်
ကြိုက်ဘယ်သူဖြစ်မလဲ. . . ဆိုတာသိချင်လို့ သူတို့လေးတွေနဲ့ မိတ်ဆက်ပေးဖို့
အတွက်တစ်ကူးတကနဲ့ စီစဉ်ပြီး မိတ်ဆုံစားပွဲလေးတစ်ခု တမင်ဖန်တီးခဲ့တာပါ။
တကယ်လို့အဲဒီမိန်းကလေး ငါးယောက်စလုံးကို ခင်ဗျားစိတ်မဝင်စားသေးဘူး

ဆိုရင် တခြားဂုဏ်သရေရှိ ပုဂ္ဂိုလ်ႀကတွေရဲ့ သမီးပျိုလေးတွေနဲ့ နောက်ထပ်တွေ့ပေးဖို့စီစဉ်ဦးမှာပါ'

ရှိတ်ခ်က ရှင်းပြသည်။

ကိုဟန်က လက်ဝါးနှစ်ဖက်ကာ၍တားသည်။

'တော်ပါပြီဗျာ၊ ဒီတစ်ကြိမ်တောင်မှ အဲလိုမျိုးမိန်းကလေးတွေနဲ့ မိတ်ဆုံစားပွဲလုပ်တဲ့ အစီအစဉ်ကို မသိလို့ကျွန်တော်လိုက်လာခဲ့မိတာပါ၊ နောက်တစ်ခါဆိုရင်တော့ အကြောင်းတစ်ခုခုပြပြီး မရမကငြင်းရတော့မှာပဲ'

ကိုဟန်က ပြောပြလိုက်သည်။

ရှိတ်ခ်က အူလှိုက်သည်းလှိုက် ရယ်နေသည်။

စိတ်ချပါဗျာ၊ နောက်ထပ်မိန်းမပျိုလေးတွေနဲ့ပ မိတ်ဆုံစားပွဲလုပ်စရာ မလိုတော့ဘူးဆိုတာ၊ ကျွန်တော်သဘောပေါက်သွားပါပြီ၊ ခင်ဗျားရွေးချယ်လိုက်တဲ့ ဆာလီယာ ဟာ ရုပ်ရည်နဲ့ ကိုယ်လုံးလှပတာနဲ့ အပြောအဆိုယဉ်ကျေးသိမ်မွေ့တာတွေ၊ ခေတ်ပညာတတ် မိန်းကလေးတစ်ယောက်ဖြစ်နေတာတွေကို ခင်ဗျားကိုယ်တိုင် ကိုယ်ကျ မြင်ရတွေ့ရပြီးပြီ၊ ဆာလီယာရဲ့အကျင့်စာရိတ္တအတွက်ကို လုံးဝစိုးရိမ်စရာ မရှိဘူး၊ ကျွန်တော်တာဝန်ယူတယ်၊ တစ်နေ့နေ့ကျမှ ခင်ဗျားကို ဆာလီယာအိမ်ခေါ်သွားပြီး၊ သူ့မိသားစုနဲ့ မိတ်ဆက်ပေးရဦးမယ်'

ရှိတ်ခ်က အားရပါးရ ပြောလိုက်သည်။

'ဒါဆို ခင်ဗျားကျွန်တော့်အတွက် အတည်ပြောနေတာပေါ့နော်'

'သိပ်ဟုတ်တာပေါ့ဗျာ၊ ခင်ဗျားလိုမိတ်ကောင်းဆွေကောင်းတစ်ယောက်ကို မသင့်တော်တဲ့ အမျိုးသမီးတွေနဲ့မှားယွင်း ဆက်ဆံမိမှာကို စိုးရိမ်စိတ်နဲ့ စေတနာထားပြီး ဆောင်ရွက်ပေးခဲ့တာပါ၊ နောက်ပြီး ဆာလီယာရဲ့ အဖေဟာကျွန်တော်တို့မြို့မှာ အချမ်းသာဆုံးစာရင်းဝင်တစ်ယောက်ပါ။ ကျွန်တော်နဲ့ငယ်ပေါင်းကြီးဖော်တွေ ဖြစ်တဲ့အတွက် အရမ်းရင်းနှီးတယ်။ သူတို့လင်မယားနှစ်ယောက်စလုံးက သူ့သမီးလေးကို အရိပ်တကြည့်ကြည့်နဲ့ ရင်အုပ်

မကွာပြုစုစောင့်ရှောက်ခဲ့တာဗျ၊ သူတို့သမီးလေးအိမ်ထောင်ဖက် အရွေးမမှား အောင်မျက်ခြေမပြတ် စောင့်ရှောက်နေကြတယ်။ ကျွန်တော့်ကိုလည်း သမီးနဲ့ ...င့်တော်မယ့် အမျိုးကောင်းသားတစ်ယောက်တွေ့ရင် ပြောပြဖို့ယုံယုံကြည် ကြည်နဲ့မှာထားကြတယ်။ ဒါကြောင့် ကျွန်တော်ခင်ဗျားကို စောင့်ကြည့်နေတာ ...ကြာပြီ။

ရှိတ်ခ်က တည်ငြိမ်စွာပြောသည်။

စကားကို ခေတ္တရပ်နားသည်။

ကိုဟန်က ဘာတစ်ခွန်းမှ မပြောပဲ၊ ငြိမ်သက်စွာနားထောင်နေသည်။ ...ရုံးခန်းထဲတွင် အရာခပ်သိမ်း ငြိမ်သက်နေသည်။ တစ်ခါတစ်ရံ ရုံးခန်းအ ...က်အဦးရှေ့ကားလမ်းပေါ်မှ ဖြတ်မောင်းသွားသော ကားစက်သံကိုသာ ကြားရတတ်သည်။

'ခင်ဗျားဟာ စီးပွါးရေးမှာ အောင်မြင်နေပြီး လုပ်ရည်ကိုင်ရည်ရှိတယ်၊ ယောကျ်ားကောင်းတစ်ယောက်ရဲ့ စာရိတ္တနဲ့လည်းပြည့်ဝတယ်။ အမျိုးသမီး တွေနဲ့လည်း လုံးဝကင်းရှင်းသူတစ်ယောက်. . . .'

'တော်ပါတော့ ရှိတ်ခ်ရယ်၊ ခင်ဗျားချီးမွမ်းတာတွေများလွန်းတော့ မနေတတ် မထိုင်တတ်ဖြစ်လာပြီ'

ကိုဟန်က ပြုံး၍တားမြစ်လိုက်သည်။

သို့ရာတွင် ရှိတ်ခ်က ဆက်ပြောပြန်သည်။

'ခင်ဗျားအခန်းကို တစ်ခါတစ်လေ အတွဲနဲ့လာတတ်တဲ့ လူကြီးလူ ကောင်းအရေခြုံတွေ၊ တိတ်တိတ်ပုန်း အပျော်အပါးလိုက်စားတတ်တဲ့ အရာရှိ အချို့အကြောင်းတောင် ကျွန်တော်သိနေတယ်။ အဲဒီလူတွေကိုယ်တိုင်က ခင်ဗျားအတွက် အပျော်တွဲဖို့ ရုပ်ရည်သန့်သန့်လေးတွေရှာပြီး ခေါ်လာတာ တောင် ခင်ဗျားကခါးခါးသီးသီး ငြင်းပယ်လိုက်တယ်ဆိုတာတွေလည်း ကျွန်တော်ကိုယ်တိုင် ကြားခဲ့ပြီးပါပြီဗျာ'

ရှိတ်ခ်က စကားကိုရပ်နားသွားသည်။

ပြီတ်စာပေ

ကိုဟာန်အကြီးအကျယ် အံ့သြသွားသည်။

ရှိတ်ခ်ပြောသော ဖြစ်ရပ်ကအမှန်တကယ်ဖြစ်နေသောကြောင့်ပင် အဘယ်ကြောင့်ဆိုသော် သူသည်ရုံးခန်းနှင့်တွဲလျက် တစ်ကိုယ်တည်းနေသူဖြစ်သည်။ ဒမတ်စကပ်မြို့ရှိ အပေါင်းအသင်းများက သူ့ကိုလူပျိုကြီးတစ်ယောက်ဟု သတ်မှတ်ထားကြသည်။ တယ်လ်အဗီမြို့တွင် ဇနီးနှင့်သမီးရှိသော်လည်း စာပေးစာယူအဆက်အသွယ်မရှိခဲ့ပါချေ။

ထို့ကြောင့် ကိုဟာန်နှင့်လုပ်ငန်းချင်းပတ်သက်ရာ ပတ်သက်ကြော ဖြစ်သောစီးပွားရေးသမားအချို့နှင့် နယ်ဘက်၊ စစ်ဘက်အရာရှိအချို့တို့သ အပျော်အပါးလိုက်စားကြသည်။ ကိုဟာန်၏ကျယ်ဝန်းသော ရုံးခန်းထဲတွင် သန့်ပါတီ ကျင်းပလေ့ရှိသည်။ ကိုဟာန်ကလိုက်လိုက်လျောလျော ခွင့်ပြုထားသည်။ ထိုသို့ခွင့်ပြုရခြင်းမှာ သူ၏သူလျှိုလုပ်ငန်းနှင့် ဟန်ပြစီးပွါးရေးလုပ်ငန်းအတွက် အကျိုးရှိသောကြောင့် ဖြစ်သည်။

တစ်ခါတစ်ရံ ထိုပါတီပွဲများတွင် ဆေးခြောက်များနှင့် ယစ်ရွေရည်များကိုလှိုင်လှိုင် အသုံးပြုကြသည်။ သူတို့မူးယစ်လာချိန်တွင် ကိုဟာန်က သူတို့နည်းတူယစ်မူးဟန်ဆောင်၍ သူတို့အချင်းချင်း ပြောကြသည့်နိုင်ငံရေး၊ စီးပွါးရေး၊ ကာကွယ်ရေး. . . စသောအကြောင်းအရာများကို နားထောင်မှတ်သားခဲ့သည်။

ထိုဧည့်သည်များနှင့် အတူပါတီပွဲသို့ပါလာတတ်သော ဆီးရီးယားတပ်မတော်အရာရှိကြီး တစ်ဦး၏အမည်မှာ ကာနယ်ဆောလာ ဒါလီဖြစ်သည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များပါလာလျှင် ကိုဟာန်သည်စကားဝိုင်းထဲသို့ မဝင်ပဲ မနီးမဝေးတွင် နေရာယူသည်။ သူတို့ပြောသောစကားလုံးများကို နားထောင်ခဲ့သည်။ ကိုဟာန်သည်သူ့ဟာသူ အေးအေးဆေးဆေးနေတတ်သူဖြစ်ပြီး သူတို့အပျော်အပါးလိုက်စားရန် ခေါ်ဆောင်လာသောအတွဲများနှင့် ကင်းရှင်းစွာနေတတ်သဖြင့် အထူးသဘောကျကြသည်။ ထိုသို့သောအကြောင်းအရာများကို ကိုဟာန်ကမည်သည့်အခါမှ ထုတ်ဖော်ပြောဆိုခဲ့ဘူးခြင်း မရှိခဲ့ပါချေ။ ထို့ပြင်

ဆီးရီးယားနိုင်ငံတွင် အိမ်ထောင်ရှင်အမျိုးသားသည် အခြားအမျိုးသမီးတ ဦးနှင့်ငြိစွန်းခြင်း မပြုရန်စည်းကမ်းချက်အဖြစ် တင်းတင်ကြပ်ကြပ် တားမြ ထားသည်။ ထိုပြစ်မှုမျိုးကို ကျူးလွန်ပါကလူမှုရေး ပြစ်ဒဏ်ချမှတ်ခြင်းခံရသည

ထို့ကြောင့်ကိုဟန်၏ အပေါင်းအသင်းအချို့သည် တစ်ခါတစ်ရံ ခြေတိတ်ချိန်တွင် ကိုဟန်၏တိုက်ခန်းသို့ အဖျော်အတွဲများဖြင့် လျှို့ဝှက် ရောက်ရှိလာတတ်ကြသည်။ ကိုဟန်၏တိုက်ခန်းတွင် လုံခြုံစိတ်ချရသေ ခန်းတစ်ခန်းရှိသည်။ ထိုအခန်းကိုအသုံးပြုကြသည်။ ကိုဟန်ကအခြ အခန်းတွင်သီးသန့်နေထိုင်သော်လည်း ထိုအတွဲထံမှကြားရမည့် သတင်းအ နများကို နားထောင်လေ့ရှိသည်။

တစ်ခါက ကိုဟန်ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်တစ်ခုမှာ သူသည်ဥရော သို့လုပ်ငန်းကိစ္စအကြောင်းပြလျက် ခရီးထွက်ကာနီးအချိန်တွင် ကာနယ်ဓေ လာဒါလီ ရောက်လာသည်။ ကိုဟန်ကစိတ်လှုပ်ရှားမှုကို သူ၏မျက်နှာတွ ဖြစ်ပေါ်မလာစေရန် အိန္ဒြေဆည်ထားသည်။

'ခင်ဗျားခရီးထွက်တော့မယ်ဆိုတာ ကျုပ်ကြားပါတယ်။ ဒါကြော အချိန်မီလာခဲ့တာပါ'

ကာနယ်ကြီးက ရောက်ရောက်ချင်း ပြောလိုက်သည်။

'ကျွန်တော်ဘာများ အကူအညီပေးရမလဲ ကာနယ်'

ကိုဟန်က တည်တည်ငြိမ်ငြိမ်ဖြင့် မေးလိုက်သည်။

'ခင်းဗျားခရီးထွက်နေတုန်းမှာ ဒီရုံးခန်းကိုအသုံးပြုစရာ ရှိလို့ပါ'

ကိုဟန်ခေတ္တမျှ တွေဝေသွားသည်။

'ရပါတယ် ကာနယ်'

သူကဘာအတွက် အသုံးပြုမှာလဲ ဟူသောမေးခွန်းမျိုးကို မမေးခဲ့ ချေ၊ သူသိလိုသော ထောက်လှမ်းရေးဆိုင်ရာ သတင်းများကိုထိုပုဂ္ဂိုလ်ထံ မကြာခဏရခဲ့ဘူးသည်။ ထို့ကြောင့်သူ့အခန်းသော့ကို လျော့လျော့လျူလ ထုတ်ပေးလိုက်သည်။

~ ပြိတ်စာပေ ~

ဤဖြစ်ရပ်နှင့် ပတ်သက်၍ တယ်လ်အဗီမှ မော့ဆက်အကြီးအကဲများက ကိုဟန်အတွက် စိုးရိမ်ခဲ့ကြသည်။ အကယ်၍ကိုဟန်၏ ထောက်လှမ်းရေးသတင်းပို့သော အသံလွှင့်စက်နှင့် အခြားကိရိယာများကို ထိုပုဂ္ဂိုလ်ကြီးက တွေ့သွားလျှင် အကြီးအကျယ် ပြဿနာတက်နိုင်သည် မဟုတ်ပါလား။ မည်သို့ပင်ဖြစ်စေ ကိုဟန်သည် သူ့လုပ်ငန်းဆိုင်ရာ ပစ္စည်းများကို မည်သူမှမတွေ့စေနိုင်စေရန် လုံခြုံစွာသိမ်းဆည်းထားပြီးဖြစ်သည်။

xxxxxxxxxxxxx

## အခန်း(၁၃)

ကိုဟန်၏ ရုံးခန်းသို့မကြာခဏ လာရောက်တတ်သူတစ်ယောက်မှ
ဂျော့ချ် ဆစ်ဖ်ဖြစ်သည်။ ဂျော့ချ်သည် အစိုးရ၏အမိန့်များ၊ ဝါဒဖြန့်ချိရေးဆို
ရာစာရွက်စာတန်းများနှင့် အခြား'ကန့်သတ်' အဆင့်၊ 'အရေးကြီး' အဆ
သတ်မှတ်ထားသော စာရွက်စာတန်းများကို စုစည်းခြင်း၊ ထပ်ဆင့်မိတ္တူပွါး
ဝါဒဖြန့်ချိခြင်းများ ပြုလုပ်ရသော အရာရှိတစ်ယောက်ဖြစ်သည်။

ဂျော့ချ်အနေနှင့် သူ့စက္ကူရီတေရီ မိန်းမချောလေး ရီတာ အယ်လ်ဟာ
လီကို ချစ်ခင်နှစ်သက်နေသည်။ ထို့ကြောင့်ကိုဟန်၏ တိုက်ခန်းသို့ ရီတာနှ
အတူမကြာခဏ ရောက်လာလေ့ရှိသည်။ ကိုဟန်ကဂျော့ချ်ကို လွတ်လွတ်လ
လပ်နေနိုင်ရန် ခွင့်ပြုထားသည်။ ထို့နည်းတူ ကိုဟန်ကိုလည်းသူ့ရုံးခန်းသ
အလည်ခေါ်လေ့ရှိသည်။ ကိုဟန်ရောက်ရှိသွားသောအခါမျိုးတွင် စာရွက်စ
တန်းများ၊ ကန့်သတ်အမိန့်များကို ဂျော့ချ်ကသူ့ စားပွဲပေါ်တွင်အလွယ်တက

ဖြန့်ချထားတတ်သည်။ ကိုဟန်နှင့်အတူ ကော်ဖီသောက်ရင်းရောက်တတ်ရာရာ စကားလက်ဆုံကျသည်။

ဂျော့ချ်၏ရုံးခန်းရှိရာ အဆောက်အဦးဝင်းအတွင်းသို့ ကိုဟန်ဝင်ရောက်သွားသည့်အခါတွင် လုံခြုံရေးအစောင့်များက စစ်ဆေးလေ့ရှိသည်။ သို့ရာတွင် ဂျော့ချ်နှင့်အတူ မကြာခဏတွေ့ရဖန်များလာသောအခါတွင် စောင့်များက ကိုဟန်ကိုစစ်ဆေးခြင်း မပြုတော့ပါချေ။

ဂျော့ချ်က သူ၏စာရွက်စာတမ်းများ အမိန့်များအကြောင်းပြောရင်းနှင့်. . . 'ဒီမှာကြည့်ပါဦးဗျာ၊ ဟောဒီအမိန့်က မူလဆိုလိုရင်းအဓိပ္ပါယ် မပေါ်အောင်ဘယ်လိုများ ရေးထားသလဲမသိဘူး'

ဟူ၍ပြသည်။ တစ်ခါတစ်ရံ၌လည်း. . . ။

'ဟောဒီကြော်ငြာကတော့ ထပ်တလဲလဲဖြစ်နေပြီဗျ၊ တစ်မျိုးတစ်ဖုံစာသားပြောင်းလဲရဦးမယ်။ ခင်ဗျားဘယ်လို သဘောရသလဲ' ဟူ၍ အကြံဉာဏ်တောင်းတတ်သည်။

'ဟာကျွန်တော် အဲဒီကိစ္စတွေကို စိတ်မဝင်စားပါဘူးဗျာ'

ကိုဟန်ကငြင်းပယ်လေ့ရှိသည်။

'ဘာပဲဖြစ်ဖြစ် ဗဟုသုတရတာပေါ့ဗျာ၊ ဖတ်ကြည့်စမ်းပါဦး၊ ဟောဒီမှာကျုပ်ပြင်ဆင်ထားတာနဲ့ တိုက်ကြည့်ပါဦး၊ ပိုပြီးအဆင်ပြေသွားမယ်ထင်တယ်'

ထိုအခါမျိုးတွင် ကိုဟန်ကစိတ်မပါသည့် အမူအရာဖြင့် ဝတ်ကြေဝတ်ကုန်ဖတ်ကြည့်သည်။ ကိုဟန်အနေနှင့်မှတ်ဉာဏ်ကောင်းရန်လေ့ကျင့်ထားသော ထူးချွန်အဆင့်ရှိ အေးဂျင့်တစ်ယောက်ဖြစ်နေသည်။ ထို့ကြောင့် စာရွက်ထဲတွင်ပါသော အကြောင်းအရာ အချက်အလက်များကို အချိန်တိုတိုနှင့်ဆိုလိုရင်းကို မှတ်မိသွားသည်။

ထို့ကြောင့်ကိုဟန်သည် ဂျော့ချ်ထံသို့သွား၍ မော်စကိုသို့သတင်းပေးနိုင်မည့် အချက်အလက်များကို ဂျော့ချ်ထံမှ အလွယ်တကူဖတ်ရှုလေ့လာခွင့်

ရနေသည်။ တစ်ခါတွင် 'ထိပ်တန်းလျှို့ဝှက်ချက်' သတင်းတစ်ခုသည် အခြ
စာရွက်စာတန်းများထဲတွင် အမှတ်မထင် တွေ့ရှိလိုက်ရသဖြင့် ကိုဟန်ကစိ
ဝင်စားစွာ ဖတ်ရှု၍ဦးနှောက်ထဲတွင် မှတ်သားနေစဉ်. . .

'ဟော့. . . မင်းဘယ်လိုလူတွေကို 'အဆင့်မြင့်သတင်း' ပေးဖတ်
ပြုတာလဲ ဂျော့ချ်၊ သူကဘယ်သူလဲ'

အရာရှိကြီးတစ်ဦး၏ ဟိန်းဟောက်သံကို ကြားလိုက်ရသည်။

ကိုဟန်က သူ့အနီးသို့ရောက်ရှိနေသော အရာရှိကြီးကို ငေးကြ
နေသည်။ ထိုအရာရှိကြီးက ကိုဟန်ကိုခြေဆုံးခေါင်းဆုံး အကဲခတ်ပြီးမှ ဂျေ
ဘက်သို့ မျက်နှာမူလိုက်သည်။

'မင်း. . အရမ်းပေါ့လျော့တယ်။ ဒီသတင်းပေါက်ကြားသွားရင်
အားလုံးအကြီးအကျယ် ပြဿနာတက်နိုင်တယ်ဆိုတာ နားမလည်ဘူးလ

အရာရှိကြီးက ဆက်လက်အပြစ်တင်သည်။

သို့ရာတွင် ဂျော့ချ်က တည်ငြိမ်နေသည်။

'သူက ကျွန်တော်နဲ့ ညီအစ်ကိုတော်တယ်လို့ ပြောရင်လည်း
တယ်။ သူ့ကြောင့်ကျွန်တော်ပြဿနာ မဖြစ်နိုင်ပါဘူး၊ သူ့ကိုကျွန်တော်က
တိုင်ဖတ်ခိုင်းထားတာပါ။ သူဖတ်ကြည့်တာဟာ ကျွန်တော်ကိုယ်ဖတ်ရသ
စိတ်ချနိုင်ပါတယ်။ သူ့ကိုမှ မယုံကြည်ရရင် ကျွန်တော့်အတွက် လောက
ယုံကြည်ရမယ့်သူ တစ်ယောက်မှ ရှိမှာမဟုတ်တော့ပါဘူး'

ဂျော့ချ်က အခိုင်အမာထောက်ခံလိုက်သည်။

ထိုအခါကျမှ အရာရှိကြီးက သက်ပြင်းမောတစ်ချက် ချလိုက်သ
ထိုနောက်သူလာသည့်ကိစ္စကို ပြောပြရန် ဂျော့ချ်အားအရုံးခန်းတွင်းသို့
ဆောင်သွားလေသည်။

ထိုကိစ္စဖြစ်ပြီးနောက်ပိုင်းတွင် ကိုဟန်သည်ရရှိထားသော အခွ
ရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးပြုရန်ဆက်လက်လှုပ်ရှားခဲ့သည်။ ဂျော့ချ်၏ရုံ
သို့ တစ်ပတ်လျှင်တစ်ကြိမ်ခန့် အကြောင်းမရှိအကြောင်းရှာ၍သွားလေ့ရှိ

လျှို့ဝှက်ထောက်လှမ်းရေး၏ ပစ္စည်းတစ်ခုဖြစ်သော ကင်မရာအသေးစားငေ ထဲတွင် မိုက်ကရိုဖလင်တစ်လိပ် အဆင်သင့်ထည့်သွားတတ်သည်။ ဂျော့ချ်၏ လုံခြုံရေးအစောင့်များသည် လာနေကျဖြစ်နေသော ကိုဟာန်ကိုလုံးဝ ရှာဖွေ မပြုတော့သောကြောင့်၊ ကိုဟာန်အတွက် အဆင်ပြေနေသည်။

ဂျော့ချ်မရှိသော်လည်း ကိုဟာန်ကဂျော့ချ်၏ ရုံးခန်းထဲသို့ဝင် သည်။ ဂျော့ချ်၏စားပွဲပေါ်တွင် တွေ့ရှိရသော စာရွက်စာတမ်းများထဲမှ ဆက်အတွက်အသုံးတည့်မည့် စာရွက်စာတမ်းများကို ကင်မရာထုတ်၍ ယူခဲ့သည်။ ထို့ကြောင့်တယ်လ်အဗီမှ မော့ဆက်ထောက်လှမ်းရေးအကြီးအ များသည် ကိုဟာန်ထံမှ ပေးပို့လိုက်သော သတင်းများနှင့် မိုက်ခရိုဖလင်များ သည် အထူးအရေးပါသော 'အတွင်းရေး' များဖြစ်နေကြောင်း သိရှိလာကြ သည်။ သို့ဖြင့်ကိုဟာန်သည် မော့ဆက်အေးဂျင့်များထဲတွင် ကိုဟာန်သည်မရှိမ ဖြစ်သော ပဓါနအကျဆုံး အေးဂျင့်တစ်ယောက်အဖြစ် သတ်မှတ်ထားကြလေ သည် ။

xxxxxxxxxxxxxxxxxxxx

ကိုဟာန်သည်ထောက်လှမ်းရေးဆိုင်ရာအလုပ်ကို အားကြိုးမာန်တက် စွန့်စားဆောင်ရွက်လေ့ရှိသူဖြစ်သည်။ ထိုနည်းတူသူ၏သွင်းကုန်၊ထုတ်ကုန်စီး ပွားရေးလုပ်ငန်း(အယောက်ပြ) ကိုလည်း တိုးတက်ကြီးပွားစေရန် အရှိန်အ ဟုန်မပျက် ဆောင်ရွက်နိုင်သူဖြစ်သည်။ အားလပ်ချိန်ကို ရအောင်ယူပြီး အ ပေါင်းအသင်းများနှင့် တွေ့ဆုံခြင်း၊ ဆွေးနွေးခြင်းတို့ကိုလည်း အပျက်မကွက် ဆောင်ရွက်နေဆဲပင်။

ဒမတ်စကပ်တွင် သူနှင့်အရင်းနှီးဆုံး အပေါင်းအသင်းဖြစ်နေသူ ရှိတ်ခ်နှင့်အတူ မြေပိုင်ရှင်ကြီးအဘူမဟာမတ်၏ အိမ်ဂေဟာသို့လည်း မကြာခ ဏရောက်လေ့ရှိသည်။ သူတို့နှစ်ယောက်ရောက်ရှိသွားသည့် အခါတိုင်း

ကများအားဖြင့်အဘူမဟာမတ်ကို မတွေ့ရတတ်ပါချေ။ တစ်ခါတစ်ရံကျမှသာ ၅ွေ့ရတတ်သည်။ အဘူမဟာမတ်နှင့်သူ၏ ဇနီးတို့ကကိုဟန်တို့ကို ရင်းနှီးပျူ ျာစွာကြိုဆိုဧည့်ခံကြသည်။

'ကျွန်တော်က အလုပ်ကိစ္စနဲ့ မကြာခဏခရီးထွက်လေ့ရှိပါတယ်။ မယ့်ကျွန်တော်မရှိရင်လည်း အချိန်မရွေး လာလည်နိုင်ပါတယ်'

မြေပိုင်ရှင်ကြီးက ခွင့်ပြုထားသည်။

ဆာလီယာသည် ကိုဟန်အားကြည်လင်စွာ ခရီးဦးကြိုပြုလေ့ရှိသည်။ ဒီယာ၏မိခင်ဖြစ်သူသည် ကိုဟန်အကြောင်းနှင့်ပတ်သတ်၍ ရှိတ်ခ်ထံမှ းသိရသောကြောင့် သမီးနှင့်သဘောတူနေသည်။ ကိုဟန်ကသာ ကမ်း လှမ်းခဲ့ပါက ချက်ချင်းသဘောတူမည့် အခြေအနေမျိုးသို့ ရောက်ရှိနေသည်။

တစ်ခါတစ်ရံ ဆာလီယာနှင့်ကိုဟန်တို့ မျက်နှာချင်းဆိုင် စကားလက် ဆုံကျနေကြသည့်အခါမျိုးတွင် ရှိတ်ခ်ကဆာလီယာ၏အမေနှင့်အတူ အကြောင်းရှာ၍ ရှောင်သွားကြလေ့ရှိသည်။ ကိုဟန်အနေနှင့်ဆိုလျှင် သွက် လက်ချက်ချာ၍ သူ့အပေါ်တွင်တိမ်းညွတ်နေသော မိန်းကလေး ဆာလီ ယာနှင့်တွေ့ရသည်ကို သာယာနေမိသည်။

အကယ်၍သာ တယ်လ်ဇီတွင်သူ၏ ချစ်ဇနီးနှင့်သမီးတို့ မရှိပါကဆာ လီယာနှင့် လက်တပ်ဖြစ်မည်မှာ သေချာနေသည်။ သို့ရာတွင်သူ့ဇနီးနေဒီယာ သည် အခြားအမျိုးသမီးများထက် သာလွန်နေသောအချက်တစ်ခုရှိသည်။ ထိုအချက်မှာ လင်ယောကျာ်း၏ လုပ်ငန်းနှင့်ပတ်သတ်၍မည့်သည့်အခါမှ စပ်စု လေ့မရှိခြင်းဖြစ်သည်။ လင်ယောကျာ်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေပြုစုခြင်း မရှိ အိမ်ရှင်မတစ်ယောက်၏ တာဝန်ကိုပြည့်ပြည့်ဝဝ ဆောင်ရွက်လေ့ရှိသည်။ လင်ယောကျာ်းအပေါ်တွင် အစဉ်ထာဝရသစ္စာရှိစွာဖြင့် သူ့မိဘ ကိုယ့်မိဘမခွဲ ခြားပဲ နှစ်ဖက်မိဘများကို ရိုသေလေးစားစွာ ပြုစုစောင့်ရှောက်ခဲ့သောကြောင့် ကိုဟန်အိမ်ထောင်ဖက် အရွေးတော်သည်ဟု ကိုဟန်၏မိခင်ကိုယ်တိုင်က ဖော် ထုတ်ချီးကျူးခဲ့ဖူးသည်။

~ ပြီတ်စာပေ ~

ထိုအကြောင်းများကို နက်နက်နဲနဲစဉ်းစားမိလာမိသော ကိုဟန်သည် ဆာလီယာနှင့်ပတ်သက်၍ သူဆက်ဆံမှုကို ပြန်လည်ဆန်းစစ်လာမိသည်။ စ စစ်အားဖြင့်ဆာလီယာသည် အပျော်သဘောမျိုးထား၍ တွဲယုံသာတွဲသင့် သော မိန်းကလေးအမျိုးအစားတစ်ယောက် မဟုတ်ပါချေ။

ဂုဏ်သိက္ခာရှိရှိပေါင်းသင်း၍ ထိုက်ထိုက်တန်တန်ပေါ်ပေါ်ထင် နေရာပေးသင့်သောမိန်းကလေးဖြစ်သည်။ မိမိ၏လျှို့ဝှက်အေးဂျင့် ယောက်နှင့် မည်သို့မျှဘဝချင်းဆက်စပ်၍ မရနိုင်။ ထိုသို့ပေါင်းစပ်၍မရနိုင် သိလျက်နှင့် ထိုမိန်းကလေးကို မျှော်လင့်ချက်ကလေး ပေးမထားသင့် သဘောပေါက်မိသည်။

ဆာလီယာသည် ကိုဟန်၏ရုပ်ရည်၊ အမူအရာစရိုက်နှင့် အပြောအ ဆိုတို့တွင်သာယာနေသည်။ ထို့ကြောင့်ရေလာမြောင်းပေး သဘောမျိုးအခွင့် အရေးပေးသည်။ အကယ်၍ကိုဟန်ကသာ သူမကိုချစ်ရေးဆိုခဲ့လျှင် စဉ်းစား ချိန်တောင်းနေမည်မဟုတ်ပဲ ချက်ချင်းကြီးလက်ခံလိုက်မည်မှာ သေချာနေ သည်။

သို့ရာတွင်ကိုဟန်သည် ခင်မင်ရင်းနှီးသော အပေါင်းအသင်းတစ် ယောက်၏အဆင့်ထက်မပိုပါချေ။ ထို့ကြောင့်အခွင့်အရေးပေးပါလျက်နှင့် လက်နှေးနေသော ကိုဟန်ကိုမချင့်မရဲ ဖြစ်လာမိသည်။

ထို့ကြောင့်ဆာလီယာက သံနှင့်ဒွာန်ချထားသည်။

ကိုဟန်ကလည်း သူမနှင့်တစ်စ တစ်စခွဲခွါရန် နောက်ဆုံးတွင်လုံးဝ မသိမသာအဆက်ဖြတ်ရန် ဆုံးဖြတ်ထားသည်။ လက်ရှိမရေမရာ အခြေအနေ မျိုးနှင့်ဆက်လက်စခန်းသွားရန် မသင့်တော်ဟု သဘောပေါက်မိသည်။ နေဒီ ယာ၏ကွယ်ရာ တခြားနိုင်ငံတွင် မိန်းမချောကလေးတစ်ယောက်နှင့် သာယာ ကြည်နူးစရာ ဘဝကလေးတစ်ခုတည်ဆောက်နေသည်မှာ သစ္စာမဲ့သောလုပ် ရပ်တစ်ခုဖြစ်သည်ဟု ကောက်ချက်ချခဲ့သည်။

တစ်နေ့တွင် ကိုဟန်ကဆာလီယာနှင့်သွားတွေ့သည်။

ဆာလီယာက တဲ့တိုးဖွင့်မေးလိုက်သည်။

'ရှင် ကျွန်မတို့ဆီခဏခဏလာလည်နေတာ ဘာရည်ရွယ်ချက်ရှိ ပါသလဲ။ ကျွန်မကိုပွင့်ပွင့်လင်းလင်းပြောနိုင်ပါတယ်။ ရှင်ဖြစ်ချင်တဲ့ဆန္ဒကို ကျွန်မတို့မိသားစုက အတတ်နိုင်ဆုံးဖြည့်စွမ်းပေးပါမယ်။ ကျွန်မဆက်ဆံဖူး တဲ့ အမျိုးသားတွေထဲမှာ ရှင်ကစိတ်တိုင်းကျစရာ အကောင်းဆုံးအမျိုးသား တစ်ယောက်ဖြစ်နေပါတယ်။ အဖေနဲ့အမေကလည်း ရှင်နဲ့ပတ်သက်လို့ ဘာမှ ပြောစရာ မရှိပါဘူးလို့ ခဏခဏပြောနေကြတယ်'

ပွင့်ပွင့်လင်းလင်း မေးလိုက်ခြင်းဖြစ်သည်။

ကိုဟန်ရုတ်တရက် ဘာပြောရမှန်းမသိဖြစ်သွားသည်။ သူ့ကိုဤသို့ သောမေးခွန်းမျိုး ခရီးရောက်မဆိုက်မေးလိမ့်မည်ဟု ထင်မထားခဲ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့်အဆင်ပြေမည့်စကားလုံးကို ရွေးချယ်နေရသည်။

'ရှင်ရဲ့ဆန္ဒကို ကျွန်မလိုက်လျောဖို့ အဆင်သင့်ပါဘဲရှင်'

ဆာလီယာက မျက်လွှာလေးချပစ်လိုက်သည်။

သူမ၏ အသံလေးက တုန်ကယင်ဖြစ်နေသည်။

ဂုဏ်သရေရှိ ခေတ်ပညာတတ်၊ ရုပ်ရည်အားဖြင့်စွဲမက်ဖွယ်ရာ အကောင်းဆုံးမိန်းကလေးတစ်ယောက်အဖို့ ဤစကားလုံးများကို အရဲစွန့်၍ မေးလိုက်ခြင်းဖြစ်သည်။ ဒါထက်ပို၍လျှော့ရန် အကြောင်းမရှိတော့ပါချေ။

ကိုဟန်သည် ရင်ထဲတွင် ကျင်. . ကနဲ ခံစားလိုက်ရသည်။

စင်စစ်အားဖြင့် ဆာလီယာမျှော်လင့်နေသောစကားမှာ. . .

'မင်းကို. . . တို့အရမ်းချစ်တယ်ကွာ၊ ဒါပေမယ့် မပြောရဲလို့ စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောနေရတာပါ၊ မင်းခွင့်ပြုမယ်ဆိုရင် မကြာခင်အချိန် ပိုင်းအတွင်းမှာ လက်ထပ်ပါရစေ'

ဟူသောစကားလုံးမျိုးသာ ဖြစ်သည်။

ထိုသို့ဆာလီယာမျှော်လင့်ထားကြောင်း ကိုဟန်သိသည်။ သို့ရာတွင် သူ့အနေနှင့် ထိုကဲ့သို့သောစကားလုံးမျိုးကို ပြောပိုင်ခွင့်မရှိချေ၊ အကယ်၍သာ

ကိုဟန်၏နေရာတွင် အခြားအမျိုးသားတစ်ယောက်ဖြစ်နေပါက 'အခုလား' ဟူသောစကားလုံးကို ချက်ခြင်းပြောမှာ သေချာသည်။

နောက်အခါကျမှ ဖြစ်လိုရာဖြစ်။

သည်မိန်းမချောလေးနှင့် လက်ထပ်ပေါင်းသင်းရန်ဆုံးဖြတ်လိုက်ပ[illegible] သာရှိသည်။သို့ရာတွင် ကိုဟန်သည်ထိုကဲ့သို့သော နှလုံးသားရေးရာကို လွ[illegible] လွယ်ကူကူ ဆုံးဖြတ်တတ်သောလူစား မဟုတ်ပါချေ။

'ကျုပ် ဆာလီယာကို ညီမအရင်းတစ်ယောက်လို မြတ်မြတ်နိုးနိုးသ[illegible] ယောဇဉ်ရှိပါတယ်။ မင်းကလည်းတို့အပေါ်မှာ အစ်ကိုအရင်းတစ်ယောက် လိုသဘောထားပြီး၊ ဘယ်အကြောင်းအရာမဆို တိုင်ပင်ပါ။ အကူအညီ တောင်းပါ။ ဘယ်လိုအကူအညီမျိုးမဆို တို့အကူအညီပေးဖို့ အဆင်သင့်ပါပဲ ဆာလီယာ'

ကိုဟန်က ပြေပြေလည်လည် ရှင်းပြလိုက်သည်။

ထို့နောက်သက်ပြင်းမောတစ်ချက် ချမိသည်။

သူ့စကားကို ကြားလိုက်ရသောဆာလီယာသည် ကပျာကယာပြူး ကျယ်ဝိုင်းစက်သော မျက်လုံးဝိုင်းကြီးတစ်စုံဖြင့် ကိုဟန်ကိုစူးစူးရဲရဲ ကြည့်လိုက် သည်။ ထိုမျက်ဝန်းညိုညိုကြီးများတွင် စက္ကန့်ပိုင်းအတွင်း မျက်ရည်ခိုးများဝေ့ တက်လာသည်။

'ဟင့်' ကနဲ ရှိုက်သံတစ်ချက် သူ့မထံမှ ထွက်လာသည်။ ထို့နောက် ထိုင်နေရာမှ ဆတ်. . . ကနဲ ထသည်။ အတွင်းခန်းသို့လျှပ်တစ်ပြက် ပြေးဝင် သွားသည်ကို မြင်လိုက်ရသည်။ ကိုဟန်ရုတ်တရက်ကြောင်နေသည်။ ဘာလုပ် ရမှန်းမသိဖြစ်နေသည်။ ထိုင်ရာကထရတော့မလို ဆက်ထိုင်နေရတော့မလို ဖြစ်သွားသည်။

ထိုအချိန်တွင် ဆာလီယာ၏အမေသည် အိမ်အတွင်းခန်းဘက်မှ ထွက်လာသည်။ သူ့ထံသို့ဦးတည်လျှောက်လာသည်။ သူနှင့်ခြေနှစ်လှမ်းစာ အကွာတွင်ရပ်လိုက်ပြီးနောက်. . .

မြတ်စာပေ

'မစ္စတာကာမဲလ် ရှင်ဟာလူကြီးလူကောင်းတစ်ယောက်လို့ ကျွန်
တို့မိသားစုက ယုံကြည်ထားပါတယ်'

အမျိုးသမီးကြီးက ခေတ္တရပ်နားသည်။

ကိုဟန်ကထိုင်နေရာမှ ထ၍ပြောလိုက်သည်။

'ကျွန်တော်ဆာလီယာကို စိတ်ထိခိုက်အောင် ဘယ်လိုမှမပြောခဲ့တ
မှန်ပါဗျာ'

ကိုဟန်က အနူးအညွတ်တောင်းပန်လိုက်သည်။

'မင်း. . . အဲဒီလို မပြောတာကိုက ဆာလီယာကို စိတ်ထိခိုက်အော
လုပ်လိုက်သလိုဖြစ်သွားပြီ။ ဒါကြောင့်ဆာလီယာနဲ့တို့မိသားစု မျှော်လင့်နေကြ
သလို မဖြစ်နိုင်ရင်တော့ နောက်ထပ်ဒီအိမ်ကို မင်းမလာတာ အကောင်းဆုံးပ
ပဲ။ မင်းကိုတွေ့လိုက်တိုင်း သမီးလေးစိတ်ထိခိုက်နေလိမ့်မယ်။ ပြန်ပါတော့ကွ
နောက်ထပ်ဘယ်တော့မှ မလာပါနဲ့တော့'

အမျိုးသမီးကြီး၏ နောက်ဆုံးစကား ဖြစ်သည်။

ကိုဟန်က စိတ်မကောင်းစွာဖြင့် ထွက်လာခဲ့သည်။

ဆာလီယာတို့ မိသားစုနှင့် တွေ့ခွင့်မရှိတော့ပါချေ။

xxxxxxxxxxxxxx

## အခန်း (၁၄)

နောက်ပိုင်းတွင် ရှိတ်ခ်သည် ကိုဟန်ကိုမိန်းမပျိုများနှင့် မိတ်ဆက်ပေးခြင်း မပြုတော့ချေ။ ကိုဟန်သည် ဒမတ်စကပ်မြို့တွင် နေထိုင်စဉ်ကာလအတွင်း အပေါင်းအသင်းနှစ်မျိုးနှစ်စား ခွဲခြားထားသည်။

တစ်မျိုးမှာ ရှိတ်ခ်ကဲ့သို့သော စီးပွါးရေးသမား။

နောက်တစ်မျိုးမှာ စစ်ဘက်၊ နယ်ဘက်အရာရှိများ . . ဟူ၍ဖြစ်သည်။ ဂျော့ချ်ကဲ့သို့သော နယ်ဘက်အရာရှိများထံမှ မော့ဆက်ထောက်လှမ်းရေးအတွက် သတင်းများရရှိခဲ့သည်။ ဂျော့ချ်နည်းတူ ခင်မင်ရင်းနှီးသော စစ်ဘက် အရာရှိတစ်ဦးမှာ မားအက်ဇီဖြစ်သည်။ မားအက်ဇီသည် လက်ဖတင်နင်တစ်ယောက်မျှသာ ဖြစ်သော်လည်း စစ်ဦးစီးချုပ်၏တူ ဖြစ်နေသောကြောင့် စစ်ဘက်ဆိုင်ရာ သတင်းများကို အတွင်းကျကျသိရှိရသည်။

ကိုဟန်နှင့် မားအက်ဇီသည် တစ်ခါတစ်ရံ ရောက်တတ်ရာရာ ပြောဆိုကြရင်း စစ်ရေးနှင့်ပတ်သတ်သော အကြောင်းအရာများဘက်သို့ စကားဦး

လှည့်သွားတတ်ကြသည်။ စင်စစ်အားဖြင့် ကိုဟန်က ပါးနပ်ကျွမ်းကျင်စွာ စကားဦးတည်ပေးခဲ့ခြင်းဖြစ်သည်။ မားအက်ဇီက သူသိထားသော အကြောင်းအရာများကို စိတ်ပါလက်ပါ ပြောလေ့ရှိသည်။ သို့ရာတွင် ကိုဟန်ကခပ်ပေါ့ပေါ့တန်တန်ဖြင့် စိတ်မဝင်စားသလို နားထောင်တတ်သည်။ သူတို့နှစ်ယောက် ပြောနေသော အကြောင်းအရာသည် သဘာဝကျစွာဖြင့် အစ္စရေးနိုင်ငံနှင့် ဆက်စပ်သော ဆီးရီးယားနယ်စပ် အကြောင်းသို့ ရောက်ရှိသွားသည်။

'အဲဒီနယ်စပ်နယ်မြေကို ခင်ဗျားတို့ ဆီးရီးယားစစ်တပ်က ဘယ်လိုများအကွက်စေ့စေ့နဲ့ ကာကွယ်ထားသလဲ မသိဘူးနော်၊ နောက်ပြီးအသစ်တည်ဆောက်ထားတဲ့ အစ္စရေးကျေးရွာတွေကို အံ့ဩစရာကောင်းလောက်အောင် ချေမှုန်းခဲ့တုန်းကဆိုရင် ဆီးရီးယားစစ်တပ်ဟာ အနည်းအကျဉ်းလောက်ပဲ ထိခိုက်ဒဏ်ရာ ရတယ်လို့ကြားတယ်. . . ဟုတ်ရဲ့လား'

အစ္စရေးက ဆီးရီးယားကို တုန့်ပြန်တိုက်ခိုက်ခဲ့ကြောင်းကို မသိသလိုနှင့်မေးလိုက်သည်။

မားအက်ဇီသည် ရာနှုန်းပြည့် သူယုံကြည်စိတ်ချနေသော ကိုဟန်ကို

'ကဲ. . ခင်ဗျားကို ကိုယ်တွေ့ဗဟုသုတဖြစ်သွားအောင် ကျုပ်ကိုယ်တိုင်လိုက်ပို့မယ်။ ခင်ဗျားအချိန်အား ရတယ်မဟုတ်လား' ဟုမေးလိုက်သည်။

'မအားလည်း အားအောင်ဖန်တီးရမှာပေါ့ဗျာ၊ ကျုပ်တို့လို စီးပွါးရေးသမားတစ်ယောက်အတွက် ကြုံတောင့်ကြုံခဲ ဗဟုသုတတစ်ခုပဲ၊ စေတနာနဲ့ လိုက်ပြတဲ့သူကပြတာကို လိုက်မကြည့်ရင် ကျွန်တော့်အဆိုးဖြစ်သွားမှာပေါ့'

ကိုဟန်သည် မားအက်ဇီ၏ ကားပေါ်တွင် ပါသွားသည်။

ကားကိုလက်ဖတင်နင် မားအက်ဇီကိုယ်တိုင်မောင်း၍ ခေါ်သွားခြင်းဖြစ်သည်။ စင်စစ်အားဖြင့် ဂိုလန်ကုန်းမြင့်ဒေသသို့ မည်သည့်အရပ်သားကိုမျှ ခွင့်မပြုပါချေ၊ ခွင့်ပြုချက်မရရှိပဲ ဝင်လာသည်ကို တွေ့ရှိပါက ချက်ချင်းပစ်သတ်ခံရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကိုဟန်ကိုဂုဏ်ပြုအပ်သော ဧည့်သည်တော်တစ်

ယောက်ပမာ သဘောထား၍ ဆက်ဆံခဲ့သည်။ ကိုဟန်အားဂျင်နရယ် အယ်လ်ဟာဖက်၏ အပေါင်းအသင်းတစ်ယောက်အဖြစ် တပ်မှူးများက လေးလေးစားစား လိုက်လံပြသခဲ့ကြသည်။ ကိုဟန်ကြည့်ချင်သော နေရာတိုင်းကို လျှောလျှောလျူလျူ မြင်ခဲ့ရသည်။ သူသည်နက်ရှိုင်းသော ကွန်ကရိ ကတုတ်ကျင်းများ၊ ရုရှားလုပ်တာဝေးပစ် အမြောက်ကြီးများ အခြေတည်နေရာချထား ဂိုလန်တောင်ကုန်းဒေသ၏ အနောက်ပိုင်းဆင်ခြေလျှောတွင် ရုရှားဖြစ် ၁၂ မီလီမီတာမော်တာ အလက်ပေါင်း(၈၀)ကို လျှို့ဝှက်စွာ တပ်ဆင်ထားခြင်း စသည်တို့ကို ကိုဟန်ကဦးနှောက်ထဲတွင် စွဲစွဲမြဲမြဲမှတ်မိနေစေသည်။ ထိုလက်နက်ကြီးများသည် ဂိုလန်ကုန်းမြင့်ဒေသမှ (၁၂)မိုင်ကွာတွင် ရှိနေသောဂျော်ဒန်တောင်ကြားရှိ ကျေးရွာများနှင့် လယ်ယာမြေများဘက်သို့ ချိန်ရွယ်ထားကြောင်း တိတိကျကျ သိလိုက်ရသည်။

မော့ဆက်ထောက်လှမ်းရေးအဖွဲ့ကြီးက ဂိုလန်ကုန်းမြင့်ဒေသရှိ ဆီးရီးယားလက်နက်ကြီးများနေရာချထားခြင်းကို ဦးစားပေးထောက်လှမ်း၍ သတင်းအချက်အလက်များ စုစည်းတင်ပြရန် ကိုဟန်အားညွှန်ကြားထားခဲ့သည်။ ထို့ကြောင့်ကိုဟန်သည် သူကိုယ်တိုင်မျက်မြင်တွေ့ရှိမှတ်သားခဲ့သော အချက်အလက်များကို ပြည့်ပြည့်စုံစုံ သတင်းပေးနိုင်ခဲ့သည်။ မော့ဆက်အဖွဲ့ကြီးက ကျေနပ်သွားသည်။ နောက်ထပ်ရရှိမည့် သတင်းများကိုလည်း ထပ်မံပေးပို့ရန် ဆက်လက်ညွှန်ကြားခဲ့သည်။

ကိုဟန်သည် ၁၉၆၂ခုနှစ် စက်တင်ဘာလတွင် ဂိုလန်ကုန်းမြင့်ဒေသသို့ ပထမအကြိမ်ရောက်ရှိခဲ့ပြီး ၁၉၆၃ခုနှစ် နွေဦးပေါက်ရာသီတွင်လည်း လက်ဖတင်နင် မားအက်ဇီနှင့်အတူ ထပ်မံရောက်ရှိခဲ့ပြန်သည်။ ဆီးရီးယားများသည် ကိုဟန်အားရာနှုန်းပြည့် ယုံကြည်ခဲ့ကြသည်။ သူတို့၏ထိပ်တန်းလျှို့ဝှက်လက်နက်တပ်ဆင်ထားမှုများကိုလည်း ဓါတ်ပုံရိုက်ခွင့်ပြုခဲ့သည်။ ကိုဟန်၏ကင်မရာတွင် တယ်လီမှန်ဘီလူးတပ်ဆင်ထားပြီး အောက်ခြေတောင်ကြားဒေသရှိ 'ဇီယွန်ဝါဒီ မုန်းခဲ့ပြီ' အမည်ပေးထားသော အပြစ်ကင်းစင်သည့် ရှခင်း

များကိုပါ ရိုက်ယူခဲ့သည်။

သူရိုက်ခဲ့သော ဓါတ်ပုံများသည် တယ်လ်အဗီသို့ ရောက်ရှိသွားသော အခါ အစ္စရေးစစ်တပ်အနေနှင့် ဆီးရီးယားတို့၏လက်နက်ကြီးများ တပ်ဆင် ထားရှိသောနေရာများနှင့် ပစ်မှတ်ချိန်ရွယ်မှုကို ဓါတ်ပုံတဲတွင် သဲသဲကွဲကွဲ ဝင်ထင်ရှားရှားမြင်တွေ့ သိရှိကြရလေသည်။

ကိုဟန်၏ကင်မရာ အသုံးပြုပုံ ကျွမ်းကျင်မှုကို မားအက်ဇီက ကြည့်၍ အားကျနေသည်။

'ခင်ဗျားဟာစီးပွါးရေးသမားတစ်ယောက်မှန်း ကျွန်တော်သိထားသော သာ နို့မို့ရင်ခင်ဗျားကင်မရာ ကျွမ်းကျင်တာကိုကြည့်ပြီး ကြေးစားဓါတ်ပုံဆရာ လို့ထင်မိမှာပဲ'

မားအက်ဇီက လှိုက်လှဲစွာပြောသည်။

'အလေ့အကျင့်ပေါ့ဗျာ၊ ကျွန်တော်ငယ်ငယ်ကတည်းက ထူးထူးခြား ခြားစိတ်ဝင်စားစရာတွေ့ရင် အမြဲတန်းရိုက်ထားလိုက်တာပဲ၊ နောက်ပြီးကျွန် တော်ကိုယ်တိုင်ဖလင်ဆေး ပုံကူးတယ်ဗျ၊ အစပထမတုန်းကတော့ အပေါ် ဘောက်စ်ကင်မရာလေးနဲ့ လေ့ကျင့်ခဲ့တာပေါ့ဗျာ၊ ဝါသနာပါရင် ရိုက်ရင်း တစ်စတစ်စ ကျွမ်းကျင်လာတာပေါ့'

ကိုဟန်က ရှင်းပြလိုက်သည်။

'ကဲ. . . ကျွန်တော်ကိုလည်း တစ်ပုံလောက်စမ်းရိုက်ပေးပါဦး၊ နောက် ပြီးခင်ဗျားကိုလည်း အမှတ်တရတစ်ပုံ ကျွန်တော်ရိုက်ပေးပါ့မယ်'

ကိုဟန်က မားအက်ဇီကို ကင်မရာကိုင်တွယ်နည်း၊ ပုံးကောင်းတစ်ပုံ ဖြစ်စေရန် ရိုက်ပုံရိုက်နည်း စသည်တို့ကို လွယ်လင့်တကူ ရှင်းပြပြီး၊ ကင်မရာ ကိုခေတ္တပေးလိုက်သည်။ မားအက်ဇီက သဘောကျစွာဖြင့် ကိုဟန်ကိုချိန်၍ ကင်မရာခလုတ်နှိပ်လိုက်သည်။ ကိုဟန်၏နောက်ခံဘက်ဂရောင်းမြင်ကွင်းမှာ ဂိုလန်တောက်ကုန်းဒေသ၏ အချက်အချာကျသော လက်နက်ကြီးများတပ် ဆင်ထားသောနေရာ ဖြစ်သည်။ ထိုဓါတ်ပုံသည် တယ်လ်အဗီသို့ သွားသည်

သဘော်ပတ်တွင် ပါသွားလေသည်။

ထို့နောက်ကိုဟန်သည် ကာကွယ်ရေးဆိုင်ရာ ပဓါနကျသော အစီအစဉ်များ၊ ပုံစံငယ်များနှင့် ရေးဆွဲချက်များကို ကြည့်ရှုရန်စိတ်ဝင်စားကြောင်း အမှတ်မထင်ပြောခဲ့သည်။ မာန်တက်နေသော အရာရှိအချို့က သူတို့၏လက်နက်ကြီးများကို မြေအောက်တွင် လှို့ဝှက်နေရာချထားပြီးဖြစ်ကြောင်း၊ ခက်ခဲရှုပ်ထွေးသော အစီအစဉ်များကို ဆိုဗီယက်ယူနီယံမှ လွဲ၍အခြားပြင်ပကမ္ဘာရှိ မည်သူမျှ မသိနိုင်ကြောင်း. . . အရာရှိများက ထုတ်ဖေါ်ကြွားဝင့်ကြသည်။ ပြည့်ပြည့်စုံစုံ ရှင်းပြကြသည်။

ကိုဟန်က လုံးဝနားမလည်သော အသွင်မျိုး. . .

'ခင်ဗျားတို့ စစ်ဆင်ရေးနဲ့ ပတ်သက်လို့ လုံးဝအတွေအကြုံနဲတဲ့အတွက် ဘာတစ်ခုမှ သဘောမပေါက်ပါဘူးဗျာ၊ ကျွန်တော်လိုစီးပွါးရေးသမားတစ်ယောက် သဘောပေါက်မယ့်နည်းလမ်းနဲ့ အလွယ်ကူဆုံးရှင်းပြမှသာ နားလည်နိုင်မှာပါ'

ကိုဟန်စကားကြောင့် အရာရှိက ထပ်မံရှင်းပြသည်။

ကိုဟန်က သူသိလိုသောအချက်ကို ထောက်ပြ၍မေးသည်။ မည်သို့ပင်ဖြစ်စေ ကိုဟန်သည်မှတ်ဉာဏ်ကောင်းသူတစ်ယောက် ဖြစ်သည်။ ထူးချွန်ထက်မြက်သည်။ သို့ရာတွင် ရှုပ်ထွေးနက်နဲသော ဆီးရီးယားတို့၏ စစ်ဗျူဟာစနစ်ကို အပြည့်အဝ မသိနိုင်ပါချေ၊ ထို့ကြောင့် ထပ်မံ၍ ရှင်းပြခိုင်းရခြင်းဖြစ်သည်။

ဆီးရီးယားတို့၏ နယ်စပ်စခန်းမှာ ဧရိယာ(၁၃)မိုင် ကျယ်ပြန့်သော ဂိုလန်ကုန်းမြင့်ဒေသကြီးကို ပြောင်းလဲဖန်တီးထားသည်။ တောင်ကြောများနှင့် တောင်ထွတ်များပေါ်တွင် ခံတပ်များကို ခိုင်ခန့်စွာတည်ဆောက်ထားသည်။ ထိုစခန်းနယ်မြေတစ်ခုလုံးတွင် ဆက်သွယ်ရေးလိုင်းများ အနှံ့အပြားမြုပ်နှံထားသော ကတုတ်ကျင်းများရှိသည်။ ထို့ကြောင့် အနီးပတ်ဝန်းကျင် ကျေးရွာများတွင် ပုန်းခိုနေကြသော အစ္စရေးစပိုင်များက မြင်တွေ့သွားစရာ အကြောင်းမ

ရှိပါချေ။

ကတုတ်ကျင်းများသည် သံချပ်ကာတင့်ကားများ တက်လာမည့် အ
ခြေအနေမျိုးတွင် အဟန့်အတားများဖြစ်နေစေသည်။ လျှို့ဝှက်စွာ တပ်ဆင
ားသောကွန်ကရစ် အဆောက်အဦးများမှ ရန်သူတို့၏ အခြေအနေက
ာင့်ကြည့်ရန်နေရာများ၊ မြေအောက်လက်နက်သိုလှောင်ရာ နေရာများ
ဘ့်ပြင်ဂိုလန်ကုန်းမြင့်ဒေသတစ်ဝှမ်းတွင် မိုင်းကွင်းများ၊ သတ်ကွင်းများနှ
သံဆူးကြိုးကာယံမှု အဆင့်ဆင့်များ စီမံလုပ်ဆောင်ထားသည်။

ဆီးရီးယားတောင်ပိုင်း စစ်ဌာနချုပ်တည်ရှိသော ကူနှစ်ထရာမြို့တွ
မကြာခဏညအိပ်လေ့ရှိသည်။ စစ်စခန်းပုံစံတူပြုလုပ်ထားသော သဲမြေပေါ်
တွင်တည်ရှိသော အရာခပ်သိမ်းကို မှတ်မိနေစေရန် မကြာခဏလေ့လာခဲ့သည်
သူတို့ကကိုဟန်အား ရေဒါစခန်းရှိရာသို့ လိုက်ပို့ကြသည်။ ရုရှားအရာရှိမျာ
သည် ကိုဟန်ကို ဒမတ်စကပ်မှရောက်လာသော အရေးပါသည့်ပုဂ္ဂိုလ်တ
ယောက်ဟု ထင်မြင်ယူဆကြသည်။ ထို့ကြောင့် ကိုဟန်ကသူတို့ကို အမှတ်တ
ဓါတ်ပုံရိုက်သောအခါ ပြုံးရွှင်စွာ ဓါတ်ပုံရိုက်ခံကြသည်။

ကိုဟန်လေ့လာတွေ့ရှိသမျှ စစ်စခန်း၏ အနေအထားနှင့် ကြားသ
ရသမျှ သတင်းများအချက်အလက်များသည် တယ်လ်အဗီရှိမော့ဆက်အဖွ
ကြီးသို့ အချိန်မှန်ရောက်ရှိနေသည်။ ကိုဟန်သည် အဆင့်မြင့်ထိပ်တန်းကျွမ်
ကျင်သူ အေးဂျင့်တစ်ယောက်ဖြစ်ပြီး ဆီးရီးယားများ လုံးဝမရိပ်မိစေပဲ၊ ပိ
ရိရိလှုပ်ရှားနိုင်ခဲ့သည်။

ဂိုလန်ကုန်းမြင့်ဒေသသို့ တက်ရောက်လေ့လာနေစဉ် အတောအ
တွင်း တစ်ကြိမ်တစ်ခါတွင် ဂါလီလဲနှင့်ကန့်နန်တောင်ကုန်းများကြားတွ
တည်ရှိသော အစ္စရေးနိုင်ငံကို ငုံ့ကြည့်မိသည်။ ထိုအခါသူ၏မိသားစု နေထို
ကြသောတယ်လ်အဗီမှ အိမ်ဂေဟာသို့ ချက်ချင်းပြန်သွားချင်စိတ်များ ထိန်
မနိုင်သိမ်းမရ ပေါ်လာခဲ့ဖူးသည်။

'ကျွန်တော် စိတ်ထိခိုက်သွားမိတယ်။ အောက်မှာမြင်နေရတဲ့ ဂါလီ

လဲရေပြင်ကို မော်တော်ဘုတ်တစ်စီးနဲ့ ဖြတ်မောင်းပြီး အိမ်အရောက်ပြန်သွားချင်လိုက်တာဗျာ၊ အဲဒီရေအိုင်ဟာ အရမ်းကျယ်ပြန့်ပြီး၊ ကျွန်တော်နဲ့ကျွန်တော့်မိသားစုကို ကြောက်မက်ဖွယ်ရာ စည်းခြားထားသလို ဖြစ်နေတယ်၊ ကျွန်တော်ကိုယ်ကျွန်တော် အထီးကျန်မီးပြတိုက် တစ်ခုလိုခံစားနေရတယ်၊ ညလုံးပေါက် အချက်ပြမီးရောင်တွေ တဖြတ်ဖြတ်ပြပြီး အစ္စရေးသင်္ဘောကြီးကို အန္တရာယ် ချိန်းခြောက်မှုကြားက အန္တရာယ်ကင်းရှင်းလွတ်မြောက်အောင် လှုပ်ရှားနေရတယ်။

ကိုဟန်က စိတ်ထိခိုက်စွာ တင်ပြသည်။

မော့ဆက်အကြီးအကဲတွေ နားလည်ခဲ့ကြသည်။

ထို့ကြောင့် ကိုဟန်ကိုအစ္စရေးနိုင်ငံသို့ တစ်ခေါက်ပြန်ခေါ်၍ သူ၏ မိသားစုနှင့် ပျော်ရွှင်ကြည်နူးစွာ နေသင့်သည်ဟု ဆုံးဖြတ်ချက်ချလိုက်ကြသည်။ သို့မှသာ ကိုဟန်သည်စိတ်သစ်လူသစ်ဘဝဖြင့် တက်ကြွစွာဆောင်ရွက်နိုင်သော မော့ဆက်အေးဂျင့်အဖြစ် ပြန်လည်တာဝန်ထမ်းဆောင်နိုင်မည် ဖြစ်သည်။

၁၉၆၃ခုနှစ် ဇွန်လအတွင်း၌ ကိုဟန်သည် မှားယွင်းသောဆုံးဖြတ်ချက်တစ်ခုပြုလုပ်ခဲ့မိသည်။ သူသည်မိသားစုနှင့် နှစ်ရှည်လများ ခွဲခွါနေခဲ့သောကြောင့် စိတ်ဖိစီးမှုဖြင့် ထိုသို့ပြုမိခြင်း ဖြစ်သည်ဟုမော့ဆက် အကြီးအကဲများက သက်သက်ညှာညှာ စဉ်းစားခဲ့ကြသည်။ သို့ဖြင့်သူတို့၏ရေဒီယိုဖြင့် ဆက်သွယ် ပြောဆိုမှုအပြီးတွင် ဂစ်ဒီယွန်က... ကိုဟန်ကို တတ်နိုင်သမျှ ဆောလျှင်စွာတယ်လ်အဗီသို့ ပြန်လာရန် အထက်မှမိန့်ကြားကြောင်း ပြောပြလိုက်သည်။

ထိုအမိန့်သည် ပြေပြေလည်လည် ဖြစ်နေခဲ့သည်။

xxxxxxxxxxxxxxx

မြိတ်စာပေ

ကိုဟန် အစ္စရေးနိုင်ငံသို့ ပြန်ကာနီးအချိန်၌ ဒမတ်စကပ်မြို့တွင် သီးသန့်ကျင်းပသော ပါတီတစ်ပွဲသို့ တက်ခဲ့ရသေးသည်။ သွေးမထွက်သော အာဏာသိမ်းပွဲတစ်ခု ဖြစ်ပွားခဲ့ပြီးနောက် အပေါင်းအသင်းထဲတွင် ယောက်အပါအဝင် ဖြစ်နေသူဂျင်နရယ်အယ်လ် ဟာဖက်ဇ်ပင်ဖြစ်သည်။

သမတအယ်လ်ဟာဖက်ဇ်သည် ၁၉၆၃ခုနှစ် ဇူလိုင်လအတွင်း၌ သူ နေထိုင်ရာ မိုဟာဂျာရင်းနန်းတော်တွင် ညစာစားပွဲကျင်းပသည်။ ထိုညစာစား ပွဲသို့ မဖြစ်မနေတက်ရောက်ရန် ကိုဟန်အားလေးလေးနက်နက် ဖိတ်ကြားထား သည်။ ညစာစားပွဲကျင်းပချိန် မတိုင်မီ ကိုဟန်ထံသို့ကားတစ်စီးလွှတ်၍ ကြိုဆို မည်ဖြစ်ကြောင်းလည်း ဆက်လက်မှာကြားထားသည်။

ကိုဟန်က ဒင်နာဝတ်စုံကို သေသပ်စွာဝတ်ဆင်ထားသည်။

သမတ နန်းတော်မှ စေလွှတ်လိုက်သော ရှယ်ဗလေးဇိမ်ခံကားကြီး ရောက်လာသည်။ ထိုကားပေါ်သို့ကိုဟန် တက်ထိုင်လိုက်သည်နှင့်တပြိုင်နက် ကားကငြိမ်းညောင်းစွာ မောင်းထွက်ခဲ့လေသည်။ ကိုဟန်သည်ကားနောက် ခန်းရှိထိုင်ခုံမှ ဆိုဖါကျောမှီကိုမှီလျက် အက်လ်ဟာဖက်ဇ်နှင့် ပတ်သက်သော အကြောင်းအရာများကို စဉ်းစားတွေးတောရင်းလိုက်ပါလာသည်။ သူ၏မျက် လုံးအစုံကို မှေးစင်းထားလိုက်သည်။

မည်မျှကြာသွားသည်မသိ ကားကြီးငြိမ့် . ကနဲ ရပ်တန့်သွားသည်ကို သတိပြုမိသောအခါကျမှ ကိုဟန်ကမျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သည်။ သူ သည်ဒမတ်စကပ်မြို့တော်တွင် နှစ်နှင့်ချီ၍ နေထိုင်ခဲ့ဖူးသူဖြစ်သည်။ သို့ရာတွင် သူသွားလာကျက်စားခဲ့ဖူးသော နေရာများထဲတွင် မိုဟာဂျာရင်းနန်းတော် မပါ ဝင်ချေ၊ ရောက်ဖူးရန် မဆိုထားနှင့် နန်းတော်လုံခြုံရေးအစောင့်များ တင်းကြပ် စွာချထားသောကြောင့် နန်းတော်ဝန်းကျင်သို့ပင် ရောက်ရန်မလွယ်ကူ။

မည်သို့ပင်ဖြစ်စေ. . .

ယခု ရောက်နေရလေပြီ။

မြိတ်စာပေ

ကြီးမားခန့်ညားထည်ဝါသော နန်းတော်အဆောက်အဦးကြီးကို သားနားစွာ တန်ဆာဆင်ထားသည်။နန်းတော်အပြင်ဘက်ရှိ ပင်လယ်ကဗွီးပင်အုပ်အုပ်များကို မီးလုံးရောင်စုံများဖြင့် ထွန်းညှိထားသည်။ ကားမောင်းသူက ကားပေါ်မှဆင်း၍ ကိုဟန်ရှိနေသောကားနောက်ခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

ကိုဟန်က ကားပေါ်မှဆင်း၍ ပတ်ဝန်းကျင်ကို သူ၏ကျင့်သားရ သော မျက်လုံးအစုံဖြင့် တစ်ချက်ဝေ့ကြည့်လိုက်သည်။ ထိုအခိုက်အတန့်တွင် သပ်ယပ်စွာဝတ်ဆင်ထားသော ဧည့်ကြိုအရာရှိတစ်ယောက်က ကိုဟန်အနီးသို့ချဉ်းကပ်လာသည်။

'ကြွပါခင်ဗျား၊ ကြွပါ ပါတီပွဲမှာလူစုံနေပါပြီ၊ ကျွန်တော်နဲ့အတူ လိုက်ခဲ့ပါ မစ္စတာကမဲလ် ပြန်ကြားရေးဝန်ကြီးနဲ့အတူ ဧည့်ခန်းဆောင်ထဲကို ဝင်ရမှာပါ'

ဧည့်ကြိုအရာရှိက လေးစားစွာ ပြောလိုက်သည်။

xxxxxxxxxxxxx

## အခန်း (၁၅)

ဧည့်ခန်းဆောင်ရှိရာသို့ ကျောက်ဖြူသားလှေကားထစ်များမှ တက်ခဲ့ကြသည်။ လှေကားထိပ်တွင် ဆာမီအယ်လ်ဂေါင်ဒီ ရပ်စောင့်နေသည်ကိုတွေ့လိုက်ရသည်။ ဆာမီသည် အစိုးရအဖွဲ့သစ်တွင် ပြန်ကြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံထားရသူဖြစ်သည်။

ကိုဟာန်သည် ဆာမီအယ်လ်ဂေါင်ဒီနှင့် အခြားလူဂုဏ်တန် အသိုင်းအဝန်းများ ကျင်းပခဲ့သော ပါတီပွဲအချို့တွင် သုံးလေးကြိမ်မျှ ဆုံစည်းခဲ့ဖူးသည်။ အရာရှိအချို့၏မိတ်ဆက်ပေးမှုကြောင့် စကားလက်ဆုံကျခဲ့ဖူးသော်လည်း ရင်းရင်းနှီးနှီး မဆက်ဆန်ဖူးပါချေ၊ တစ်ယောက်နှင့်တစ်ယောက် မျက်မှန်းတန်းခဲ့ကြယုံမျှသာဖြစ်သည်။

သို့ရာတွင် ဆာမီက ကိုဟာန်ကိုလက်ကမ်းပေးသည်။

'ကျွန်တော် ဆာမီအယ်လ်ဂေါင်ဒီ ဖြစ်ပါတယ်' ဟုပြောသည်။

ပြီတ်စာပေ

ကိုဟန်က ဆာမီ၏လက်ကို ဆုပ်ကိုင်လှုပ်ရမ်းပြီး. . . .

'ကျွန်တော်နဲ့ ခင်ဗျား အရင်ကမကြာမကြာ ဆုံဖူးပါတယ်။ ကျွန်တော်နာမည် ကမဲလ်၊ အပြည့်အစုံပြောရရင် ကမဲလ် အမ်မင်တာအက်စ်ဘေးစ် ဖြစ်ပါတယ်'

ကိုဟန်က လေးလေးစားစား ပြောသည်။

'ကျွန်တော်မှတ်မိပါတယ်၊ တစ်နေ့နေ့ကျမှ အချိန်ရရင် ခင်ဗျားနဲ့ ကျွန်တော် အေးအေးဆေးဆေးဆွေးနွေးကြရအောင်၊ လာ . . သမတကြီးခင်ဗျားကို ညှိခန်းဆောင်ထဲမှာ စောင့်နေပါတယ်၊ ခင်ဗျားမရောက်သေးဘူးလားလို့ မေးမေးနေတာ နှစ်ခါ သုံးခါရှိပြီ'

ဆာမီက သွက်သွက်လက်လက် ပြောသည်။

စင်စစ်အားဖြင့် သမတအယ်လ်ဟာဖတ်ဇ်က ကိုဟန်ကို အရေးထားနေသောကြောင့် ကျန်ပုဂ္ဂိုလ်များအားလုံးက ကိုဟန့်အပေါ်တွင် လေးလေးစားစား ဆက်ဆံနေကြခြင်း ဖြစ်ကြောင်းကိုဟန်တွေးလိုက်မိသည်။

နန်းတော်၏ညှိခန်းဆောင်က ကျယ်ဝန်းသည်။

ထိုကျယ်ဝန်းသော ညှိခန်းကိုမွမ်းမံ အလှဆင်ထားသည်။ ခန့်ညားလှပသော ဖန်မီးဆိုင်းကြီးများနှင့် နံရံကပ်မီးစလောင်းများ၏ အလင်းရောင်ဖြင့် ညှိခန်းဆောင်တစ်ခုလုံး ထိန်ထိန်လင်းနေသည်။ မီးရောင်အောက်တွင် စစ်ဘက်နယ်ဘက်အရာရှိကြီးများနှင့် ဇနီးများကို တောက်ပသားနားသော ဝတ်စုံများ ဝတ်ဆင်ထားကြသည်။ အမျိုးသမီးများက အလှပဆုံးချယ်သ ဆင်ယင်ထုံးဖွဲ့ထားကြသည်။ အချို့က ယမကာကိုယ်စီဖြင့် အချင်းချင်းစကားလက်ဆုံကျနေကြသည်။ အချို့က တစ်နေရာမှတစ်နေရာသို့ ဖြည်းညှင်းစွာလျှောက်သွားရင်း စကားပြောဖော် ရှာနေပုံရသည်။

စားပွဲထိုးများသည် ဖြူစင်သောဝတ်စုံနှင့် ဦးခေါင်းစွပ်ဝတ်ဆင်ထားပြီး အစားအသောက်များ ချပေးနေကြသည်။ ဆမ်မီကထိုပရိသတ်များကြားမှ ကိုဟန်ကိုဦးဆောင်ခေါ်သွားခဲ့သည်။ အယ်လ်ဟာဖက်ဇ်သည် အထူးညှိ

သည်များနှင့်အတူ အခြားစားပွဲများနှင့်အနည်းငယ် ခွါထားသောစားပွဲတွင် ထိပ်ဘက်မှနေရာယူထားသည်။

သမတကြီး အယ်လ်ဟာဖတ်ဇ် ရှိရာသို့ဆမ်မီနှင့်အတူ လျှောက်လာနေသောကိုဟန်ကို မြင်လိုက်ရသည်နှင့် တပြိုင်နက် သမတကြီး၏မျက်နှာက ...င်းထိန်သွားသည်။

'လာ. . လာ. . ကမဲလ်၊ မင်းကိုငါမျှော်နေတာ'

သူကလှိုက်လှိုက်လှဲလှဲ ကြိုဆိုလိုက်သည်။

ထို့နောက်သူနှင့် အနီးဆုံးထိုင်ခုံကို ညွှန်ပြသည်။

'အဲဒီမှာထိုင်၊ အားရပါးရစားစမ်းကွာ၊ မင်း. . . မသောက်တတ်ဘူးဆိုတာတော့ ငါသိတယ်။ အချိုရည်လောက်တော့ သောက်ပေါ့ကွာ'

သူတို့စားပွဲသည် အခြားစားပွဲများထက် ပိုမို၍ကြီးမားကျယ်ပြန့်သောကျောက်ဖြူသားစားပွဲ ဖြစ်သည်။ ဤညစာစားပွဲတစ်ခုလုံးတွင် အကောင်းဆုံးအစားအသောက်များကို စားပွဲပြည့်လုနီးပါး အလျှံပယ်တည်ခင်းထားသည်။

သူအရက်မသောက်တတ်မှန်း မှတ်မိနေသော ကာနယ် အယ်လ်ဟာဖတ်ဇ်ကို ကိုဟန်ကအံ့ဩမိသည်။ စားပွဲတစ်ခုတွင် ထိုင်နေကြသော အရာရှိကြီးအချို့၏ အကဲခတ်သော အကြည့်များကို တစ်ချက်တစ်ချက်ကိုဟန်ထံသို့ အမှတ်မထင်ရောက်လာတတ်ကြသည်။

ကိုဟန်က အယ်လ်ဟာဖတ်ဇ်အား လေးစားစွာကြည့်၍. . .။

'နိုင်ငံအတွက် အသင့်တော်ဆုံးဖြစ်တဲ့ သမတကြီးက ပြည်သူတွေအတွက်အကောင်းဆုံး ဆောင်ရွက်ပေးနိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ သမတကြီးအတွက် ကျွန်တော်ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါတယ်'

ကိုဟန်က လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။

အယ်လ်ဟာဖတ်ဇ်၏ အပြုံးကကျယ်ပြန့်သွားသည်။

'အေး. . မင်းယုံကြည်တဲ့အတိုင်း ဖြစ်ရမှာပေါ့ကွ' ဟု အယ်လ်ဟာဖတ်ဇ်က ဝမ်းမြောက်ဝမ်းသာ ပြောလိုက်သည်။ ထို့နောက် အယ်လ်ဟာဖတ်ဇ်

က တစ်စားပွဲထဲတွင် ထိုင်နေကြသော အခြားဧည့်သည်များဘက်သို့ မျက်နှာမူလိုက်သည်။

'ဟောဒီ ကမဲလ်ဆိုတဲ့လူငယ်ဟာ ကျုပ်တို့နိုင်ငံကိုချစ်တဲ့ နေရာမှာ ရှာမှရှားတဲ့လူငယ်တစ်ယောက်ပဲ၊ သူဟာသူ အမေရိကနိုင်ငံမှာ စီးပွါးရေး အောင်မြင်ဖြစ်ထွန်းနေတာအမှန်ပါ၊ ကျုပ်တို့နိုင်ငံရဲ့စီးပွါးရေး အခြေအနေ ယိမ်းယိုင်နေတာကို တစ်ဖက်တစ်လမ်းက ကူညီမယ်ဆိုတဲ့ စိတ်နဲ့ ကြီးပွါး အောင်မြင်နေတဲ့ သူ့လုပ်ငန်းတစ်ခုလုံးကို စွန့်လွှတ်ပြီး ဒီနိုင်ငံကိုပြန်လာခဲ့တယ်။ ဒီနိုင်ငံရဲ့ စီးပွါးရေးကို အထောက်အကူပြုနိုင်တဲ့ လုပ်ငန်းတွေကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့တယ်။ ကဲ. . . ခင်ဗျားတို့ပဲ စဉ်းစားကြည့် သူ့လို ဘယ်သူစွန့်လွှတ်နိုင်မလဲ၊ စီးပွါးဖြစ်နေတဲ့ အမေရိကန်မှာပဲ အေးဆေးနေမှာပေါ့၊ နောက်ပြီး အခုအချိန်မှာဆိုရင် သူ့ရဲ့စီးပွါးရေးလုပ်ငန်းဟာ ဒီနိုင်ငံမှာလည်း အရှိန်ရနေပြီ။ တိုးတက်အောင်မြင်နေပြီ။ ဒါပေမယ့် ယဇ်ရွေရည်တို့၊ အပျော်အပါးနဲ့ လောင်းကစားဆိုတာတွေနဲ့ ကင်းကင်းရှင်းရှင်း နေနိုင်တယ်။ သူနဲ့ပတ်သက်လို့ မကောင်းသတင်း ကျုပ်တစ်ခါမှ မကြားဖူးဘူး၊ သူ့အပေါင်းအသင်းတွေထဲမှာ ကျုပ်နဲ့ရင်းနှီးတဲ့သူတွေလည်း ရှိနေတာပဲ။ အဲဒီလူတွေကိုယ်တိုင် သူဟာမျိုးချစ်စိတ်ရှိတဲ့လူတော်တစ်ယောက် ဖြစ်တယ်လို့ အားလုံးက ထောက်ခံကြတယ်'

အယ်လ်ဟာဖက်ဇ်က အားရပါးရ ချီးကျူးလိုက်သည်။

ထိုအခိုက်အတန့်တွင် ညစာစားပွဲပရိသတ်ကို ဓါတ်ပုံရိုက်ပေးနေသော ဓါတ်ပုံဆရာကို အယ်လ်ဟာဖက်ဇ်က လှမ်းခေါ်လိုက်သည်။ ဓါတ်ပုံဆရာက သူတို့အနီးသို့ ရှိရှိသေသေ ချဉ်းကပ်လာသည်။

'ဟောဒီအမျိုးသားနဲ့ ငါနဲ့နှစ်ယောက်တွဲ အမှတ်တရဓါတ်ပုံတစ်ပုံလောက်ရိုက်ပေးစမ်းကွာ၊ ကောင်းကောင်းလေးရိုက်နော်'

ဓါတ်ပုံဆရာက ပတ်ဝန်းကျင်ကို လေ့လာသည်။

'ဒီနားမှာရိုက်ရင် တခြားလူတွေနဲ့ ရောထွေးနေလို့ သိပ်ကောင်းမှာ

မဟုတ်ဘူး သမတကြီး၊ ဟိုဘက်ကအခန်းထောင့်မှာ ရှင်းရှင်းလင်းလင်းသွား ရှိက်တာက ပိုကောင်းမယ်'

ဓါတ်ပုံဆရာက အကြံပြုသည်။

'အေး မင်းက ဓါတ်ပုံပညာသည်ဆိုတော့ ပိုနားလည်မှာပေါ့၊ ကဲသွား ရအောင်'

အယ်လ်ဟာဖက်ဇ်က ကိုဟန်၏ပုခုံးကိုဖက်၍ ဓါတ်ပုံဆရာဦးဆောင် လျှောက်သွားသောဘက်သို့ လိုက်သွားသည်။ ထိုသို့သွားစဉ်. . .

'ဟိုတစ်လောက မင်းဝယ်ပို့လိုက်တဲ့ သားမွေးအကျီကို ကျုပ်မိန်းမက အင်မတန်မှ သဘောကျနေတယ်၊ မင်းရဲ့စေတနာကို မှတ်မှတ်ရရကျေးဇူးတင် ကြောင်းပြောပြလိုက်ပါလို့ ကျုပ်ကိုမှာထားတယ်'

ဟူ၍ နှစ်ကိုယ်ကြား ပြောသည်။

ကိုဟန်က အပြုံးသဲ့သဲ့ဖြင့် ခေါင်းငြိမ့်သည်။

စင်စစ်အားဖြင့် သမတကတော်အတွက် အလွန်အဖိုးတန်သော သား မွေးအကျီဖိုး ဒေါလာရှစ်ထောင်ကျော်ကို မော့ဆက်အဖွဲ့ကြီးက အကုန်အကျခံ လိုက်ခြင်းဖြစ်ကြောင်း၊ အယ်လ်ဟာဖက်ဇ်က လုံးဝရိပ်မိစရာအကြောင်းမရှိ ပါချေ။ ကိုဟန်က လက်ဆောင်အဖြစ် ဝယ်ပေးလိုက်သည်ဟု ထင်မြင်ယူဆ ထားသည်။ ထို့ကြောင့်ဤနိုင်ငံတွင် လှုပ်ရှားဆောင်ရွက်နေသောထောက် လှမ်းရေးလုပ်ငန်းအတွက် အကြီးအကျယ် အကျိုးပြုနိုင်သော အရင်းအနှီး တစ်ခုဖြစ်သည်။

ဓါတ်ပုံဆရာစောင့်နေသော နေရာသို့ ရောက်သွားကြသောအခါ အယ်လ်ဟာဖက်ဇ်က ကိုဟန်ကိုရင်းရင်းနှီးနှီးဖက်၍ နှစ်ယောက်တွဲဓါတ်ပုံ၊ ပြုံးပြုံးရွှင်ရွှင်အရိုက်ခံသည်။ ဓါတ်ပုံဆရာက စိတ်ကြိုက်ရိုက်ပြီးသွားသောအ ခါ ဓါတ်ပုံဆရာအား ကိုဟန်ကသူ့အတွက် တစ်ပုံပိုကူးပေးရန် မေတ္တာရပ်ခံ သည်။ ထို့နောက်သမတကြီး အယ်လ်ဟာဖက်ဇ်ဘက်သို့ မျက်နှာမူ၍. . .

'အဲဒီဓါတ်ပုံဟာ ကျွန်တော်ဘဝတစ်လျှောက်လုံးအတွက် အဖိုးတန်

ရတနာလို ထိန်းသိမ်းရမှာပါဗျာ' ဟုရှိသေးလေးစားစွာ ပြောလိုက်ပါသည်။

xxxxxxxxxxxx

ကိုဟန်သည် နှစ်နှင့်ချီ၍ မိသားစုနှင့် ခွဲနေခဲ့ရသည်။

ထိုလပေါင်းများစွာအတွင်း၌ သူ၏မိသားစုနှင့်လုံးဝ အဆက်အသွယ်မရှိခဲ့ပါချေ။ သူသည် ဒမတ်စကပ်မြို့တွင် တစ်ကိုယ်တည်းသမားအဖြစ်နှင့် သဘာဝကျကျနေခဲ့ရသူဖြစ်သည်။ ထို့ကြောင့်သူ့မိသားစုများနှင့် ပတ်သတ်သောသတင်းကို လုံးဝမသိခဲ့ရပါချေ၊ ထို့နည်းတူသူနှင့်ပတ်သက်သော သတင်းကိုလည်း သူ့မိသားစုက လုံးဝသိစရာ အကြောင်းမရှိ။

တယ်လ်အဗီမြို့၏ မြေပြင်သို့ ကိုဟန်ခြေချလိုက်သည်။

လေဆိပ်တွင် မော့ဆက်အဖွဲ့ဝင်တစ်ယောက် လာစောင့်နေသည်။

'ခင်ဗျားအိမ်ကိုပဲ တောက်လျှောက်ပြန်သွားပါ ကိုဟန်၊ ခင်ဗျားကိုယ်ခင်ဗျား မော့ဆက်အေးဂျင့်တစ်ယောက်ဆိုတာကို ဦးခေါင်းထဲကထုတ်ပစ်ထားလိုက်ပါ၊ သာမာန်လူတစ်ယောက်အတိုင်း စိတ်လွတ်ကိုယ်လွတ် နေနိုင်ပါတယ်။ ကျွန်တော်ကို မော့ဆက်အကြီးအကဲတွေက ခင်ဗျားကိုကားနဲ့ ကြိုပို့ခိုင်းပါတယ်'

မော့ဆက်အဖွဲ့သားက ပြုံးပြုံးရွှင်ရွှင်ပြောသည်။

ကိုဟန်ကဦးခေါင်းကို ညင်သာစွာခါပြသည်။

'ကျွန်တော့်ကိုယ် ကျွန်တော်မော့ဆက်နဲ့ လုံးဝမပတ်သက်တဲ့လူတစ်ယောက်အဖြစ် စိတ်သွင်းထားလိုက်ပါပြီ၊ ခင်ဗျားကို ကျွန်တော်မသိပါဘူး၊ ကျွန်တော်နဲ့မသိတဲ့လူတစ်ယောက်က ကားနဲ့အိမ်လိုက်ပို့ပေးတာကို လက်မခံနိုင်ပါဘူး၊ ကျွန်တော်ဖာသာ တက္ကစီနဲ့ ပြန်တော့မယ်'

ကိုဟန်က ယတိပြတ်ပြောလိုက်သည်။

မော့ဆက်အဖွဲ့ဝင်က ဘာမှထပ်မပြောပါချေ။

ကိုဟန်ကို အသိရခက်သောလူတစ်ယောက် ဟူသောအမြင်ဖြင့် အကဲခတ်နေသည်။ သူ့မျက်မှောက်မှ ကိုဟန်ထွက်သွားသောအခါတွင် ကိုဟန် နောက်ပိုင်းကို အမိပ္ပါယ်မဲ့ငေးမောကြည့်ရှုရင်း ကျန်ခဲ့သည်။

ကိုဟန်သည် လေဆိပ်အဆောက်အဦးပြင်ပသို့ ရောက်သွားသော အခါ သူ့ကိုယ်သူအပူအပင် အကြောင့်အကျကင်းသော ကလေးငယ်တစ် ယောက်ပမာ လွတ်လွတ်လပ်လပ်ဖြစ်သွားသည်။ လေဆိပ်အဆောက်အဦးပြင် ပ ပန်းဥယျာဉ်ထဲတွင် ပန်းပင်ငယ်များ ဖူးပွင့်ဝေဆာနေကြသည်ကို မြင်လိုက် ရသည်။ ထိုပန်းပင်များဝန်းကျင်တွင် ရောင်စုံလိပ်ပြာများက လူးလာပျံဝဲနေကြ သည်။ ကိုဟန်သည်ပျံဝဲနေသော လိပ်ပြာများကိုကြည့်၍ ကြည်နူးသွားသည်။

ကိုဟန်က ကားပတ်သို့လျှောက်သွားသည်။

'ဘယ်ကိုသွားမှာလဲ ခင်ဗျား'

တက္ကစီမောင်းသူက လှမ်းမေးသည်။

'ကျုပ်သွားချင်တာက ပစ္စည်းမျိုးစုံရောင်းတဲ့ စတိုးဆိုင်တစ်ခုပဲ'

ကိုဟန်က မြူးတူးစွာ ပြောလိုက်သည်။ ထို့နောက်ကားတံခါးဖွင့်၍ ကားပေါ်သို့တက်လိုက်ပြီး၊ တံခါးပြန်ပိတ်သည်။ တက္ကစီမောင်းသူက သူ့ကို ဖြတ်. . ကနဲတစ်ချက်ကြည့်ပြီးမှ ကားကိုမောင်းထွက်ခဲ့သည်။

'ဆရာကိုကြည့်ရတာ ကျွန်တော်တောင် စိတ်ချမ်းသာလာတယ်'

တက္ကစီမောင်းသမားက ရုတ်တရက်ပြောလိုက်သည်။

'ဘာဖြစ်လို့လဲဗျ'

ကိုဟန်က ရွှတည့်တည့်သို့ မျက်နှာမူ၍ မောင်းနေသော တက္ကစီ မောင်းသူ၏ ဘေးတိုက်မျက်နှာကို လှမ်းကြည့်ရင်းမေးသည်။

'ဆရာမျက်နှာပေါ်မှာ အရမ်းပျော်ရွှင်နေတဲ့ အရိပ်အရောင်တွေကို တွေ့လို့ပေါ့ဗျာ'

~ မြိတ်စာပေ ~

'ဒါပေါ့ဗျာ၊ အခုအချိန်မှာ ကျွန်တော်လောက်ပျော်တဲ့လူ ရှိမယ်တောင် မထင်မိဘူး'

ကိုဟာန်က အားရပါးရပြောလိုက်သည်။

မကြာမီ ကုန်ပစ္စည်းမျိုးစုံရောင်းသော စတိုးဆိုင်ကြီးရှေ့သို့ ရောက်သွားသည်။ တက္ကစီကားရပ်လိုက်သည်နှင့် တစ်ပြိုင်နက် ကိုဟာန်ကကျသင့်ငွေကို ရှင်းလိုက်သည်။ ထို့နောက်ကားပေါ်မှဆင်းရင်း. . .'

'ကဲ. . . ခင်ဗျားအတွက် အစစအရာရာ အဆင်ပြေပြေနဲ့ စိတ်ချမ်းသာမှုကို ဆက်လက်ရရှိပါစေလို့ ဆန္ဒပြုပါတယ်' ဟုပြောလိုက်သည်။

'ကျေးဇူးပဲဆရာ'

တက္ကစီသမားက ရယ်သံနှင့်အတူပြောပြီး ကားကိုဆက်လက်မောင်းထွက်သွားလေတော့သည်။ ကိုဟာန်ကစတိုးဆိုင်ကြီးရှိရာသို့ မျက်နှာမူ၍လျှောက်သွားရင်း သူ့မိသားစုအတွက် ဝယ်ရမည့်လက်ဆောင်ပစ္စည်း အမျိုးအမည်များကို တွေးလိုက်သည်။

xxxxxxxxxxxxx

လက်ဆောင်ပစ္စည်း တစ်ပွေ့တစ်ပိုက်ကြီးဖြင့် ရောက်လာသော ကိုဟာန်ကို သူ့ဇနီးသည် နေဒီယာက ကြိုဆိုနေသည်။

'ဟော. . . ရှင်ဒီနေ့ပြန်ရောက်လာမှာပဲဆိုတာ ကျွန်မအလိုလိုကြိုသိနေတယ်'

နေဒီယာက လှိုက်လှဲစွာပြောသည်။

ကိုဟာန်၏လက်မောင်းကို တွယ်လျက်အိမ်ခန်းထဲသို့ ဝင်ခဲ့ကြသည်။ ကိုဟာန်ကအပြုံးဖြင့် သူ့ဇနီးဖြစ်သူ၏ နဖူးစပ်သို့ အနမ်းတစ်ပွင့် ပန်ဆင်ပေးလိုက်သည်။ လက်ဆောင်ပစ္စည်းအထုပ်ကြီးကို စားပွဲပေါ်သို့ ချလိုက်ပြီးနောက်

အထုပ်ကြီးအတွင်းရှိ လက်ဆောင်ပစ္စည်းများကို တစ်ခုချင်းချပြသည်။

'ဟောဒါက တို့အမေရဲ့ မိသားစုအတွက်၊ ဒါကမင်းအမေနဲ့ မိသားစု အတွက် ၊ ရော့. . . ဟောဒီမှာ မင်းနဲ့သမီးလေး ဆိုဖီအတွက်. . .'

နေဒီယာ ကိုဟန်ကိုကြည့်၍ပြုံးသည်။

'ဒါဆို နောက်ထပ်ကစားစရာ ဝယ်ပေးဖို့လိုအပ်နေပြီ'

ဇနီးသည်၏စကားကို ကိုဟန်ကသဘောမပေါက်သောကြောင့် အကဲ ခတ်သောအကြည့်ဖြင့် ကြည့်လိုက်သည်။

'ဆိုဖီအတွက် ကစားစရာ အရုပ်ကလေးနှစ်ခုတောင်ပါလာတာပဲ၊ နေဒီယာ၊ ဒါနဲ့တင် မလုံလောက်သေးဘူးလား'

'ကျွန်မအဲလိုမျိုး အဓိပ္ပါယ်နဲ့ပြောတာ မဟုတ်ဘူးရှင့်၊ နောက်ထပ်က စားစရာ လက်ဆောင်ပေးရမယ့် ကလေးက. . .'

နေဒီယာ စကားကိုဆုံးအောင်မပြောပဲ အိမ်တွင်းသို့တစ်ချက်လှမ်း ကြည့်ပြီး၊

'အမေ. . . သမီးတို့ကိုခေါ်လာခဲ့ပါဦး၊ ဟောဒီမှာ သမီးတို့အဖေ ပြန်လာပြီ' ဟူ၍ပြောလိုက်သည်။

'သမီးတို့' ဟူသောစကားလုံးကြောင့် ကိုဟန်ကနေဒီယာကို ပြုံးတူး ပြဲတဲကြည့်သည်။

'ဒါဆို. . . မင်း. . . နောက်ထပ်. . .'

ကိုဟန် စိတ်လှုပ်ရှားသွားသည်။

'ဟုတ်ပါသတဲ့ရှင်၊ ကိုဟန်ခရီးထွက်သွားပြီးတော့မှ ကျွန်မဆေးသွား စစ်တော့ ကိုယ်ဝန်ရှိနေမှန်းသိလိုက်ရတာ၊ အခုဆို သမီးလေး အိုင်ရစ်မွေးခဲ့ တာ သုံးလပြည့်ပြီ ကိုဟန်'

ဖွားအေကြီး ဆိုဖီက မြေးမအကြီးဆိုဖီကို လက်တစ်ဘက်ကဆွဲလျက် မြေးအငယ်သုံးလသမီးလေး အိုင်ရစ်ကို ပွေ့ချီလျက် အတွင်းခန်းထဲမှ ထွက် လာသည်ကို မြင်လိုက်ရသည်။

* * * * *

ပြီတ်စာပေ

## အခန်း (၁၆)

လှိုင်းလုံးများက ကမ်းစပ်သို့ တစ်အိအိ တက်လာကြသည်။ ထို့နောက် ပြန်လည်လျောကျသွားသည်။ ကမ်းစပ်တွင် ကိုဟန်နှင့်ဇနီးမောင် နှံတို့ အပြည့်အဝ သာယာကြည်နူးစွာ လမ်းလျှောက်နေကြသည်။ ကိုဟန်၏ လက်ထဲတွင် သမီးငယ်အိုင်ရစ်ကို ပွေ့ချီထားသည်။

သမီးဆိုဖီက သူတို့ရှေ့မှ ပြေးနှင့်သည်။

လှိုင်းအိများက သူမ၏ခြေသလုံးအထိ တိုးဝင်ရောက်ရှိလာသည်ကို ကြည့်ပြီး တခစ်ခစ်ရယ်မောလေ့ရှိသည်။ လှိုင်းအိများပြန်လည်လျောကျသွားသောအခါ စွတ်စိုနေသော သဲပြင်ပေါ်တွင် ကျန်ရစ်ခဲ့သော ဝင်ကစွပ်များ၊ နတ်သမီးဆံထိုး ဟုခေါ်သော ခရုခွံလေးများကို တွေ့ရသည်။

'ဖေဖေ. . . ဒီမှာကြည့်စမ်း၊ ချစ်စရာလေး'

ဆိုဖီကသက်တန့်ရောင်တောက်နေသော ကမာခွံလေးကိုကောက်ယူ

၍မပြီကလာ၊ ပြီကလာပြောရင်း လာပြသည်။ ဆိုဖီသည်ဖခင်ဖြစ်သူနှင့် လပေါင်းများစွာ ခွဲခွါနေရသော်လည်း တစ်ရက်လောက် အတူတူနေရပြီး နောက် ပြန်လည်ရင်းနှီးသွားသည်။

'အေး. . . ဟုတ်တယ်၊ သမီးလေး သိမ်းထားနော်'

ကိုဟန်က လိုက်လိုက်လျှောလျှော ပြောလိုက်သည်။

'အိုင်ရစ်ကို ကျွန်မတစ်လှည့်ချီထားမယ် သမီးဆိုဖီနှင့် ဆော့ပါဦး ကိုဟန်'

နေဒီယာက အဖေနှင့်သမီးဆိုဖီ ရင်းနှီးသည်ထက် ပိုမိုရင်းနှီးစေရန် တိုက်တွန်းလိုက်သည်။ ကိုဟန်၏ လက်ထဲမှ သမီးငယ်ကို လှမ်းယူပွေ့ချီလိုက် သည်။ ထိုအခါကိုဟန်က သမီးကြီးနောက်သို့ ပြေးသွားသည်။

ကိုဟန်ပြေးလာသည်ကို မြင်လိုက်သော ဆိုဖီက ခေတ္တမျှရပ်စောင့် နေသည်။

'ဖေဖေနဲ့ သမီးအပြေးပြိုင်မယ်၊ ဟောဟိုရှေ့က ကျောက်တုံးအထိ ရောက်အောင်ပြေး၊ သမီးကနိုင်ရင် ဆုပေးမယ်၊ ကဲ ပြေးပေတော့'

ဆိုဖီက ရယ်မော၍ ကလေးပီပီသွက်သွက်လက်လက်ပြေးသည်။ ကိုဟန်က မီအောင်မလိုက်နိုင်သည့် အမူအရာဖြင့် သူ၏ခြေလှမ်းများကို နှေး ကွေးစွာ ပြေးဟန်ပြုရင်းနောက်မှ လိုက်နေသည်။

ကျောက်တုံးရှိရာသို့ ငေါထွက်နေသော ကျောက်သားဆိုင်တစ်ခု ဖြစ် သည်။ ဆိုဖီက ကိုဟန်ကိုပြန်လှည့်ကြည့်သည်။ ကုံးကုံးကွကွနှင့် ဟန်လုပ်နေ ပြေးနေသော ကိုဟန်ကိုတွေ့ရသောအခါ ဆိုဖီကလက်ခုပ် လက်ဝါးတီး၍ ခုန် ဆွခုန်ဆွ လုပ်နေသည်။

'သမီးနိုင်တယ်နော်'

ဆိုဖီက ဆီးကြိုပြောလိုက်သည်။

'ဆိုဖီက အပြေးတော်တယ်ကွာ၊ ဖေဖေမနည်းမီအောင်လိုက်တာ တောင် မနိုင်ဘူး'

ပြီတ်စာပေ

ကိုဟန်က သမီးကျေနပ်စေရန် ပြောလိုက်သည်။

နေဒီယာက သမီးငယ်ကို ပွေ့ချီလျက် ကိုဟန်တို့အနီးသို့ ရောက်လာသည်။ ကျောက်သားစိုင်၏ ပြေချောသော မျက်နှာပြင်ပေါ်တွင် ထိုင်လိုက်သည်။ ဆိုဖီက အမေနေဒီယာဘေးတွင် ကပ်ထိုင်သည်။

'သမီး. . ဘာဆုယူချင်လဲ ပြော၊ သမီးနိုင်သွားတဲ့အတွက် သမီးလိုချင်တဲ့ဆု ဖေဖေပေးမယ်'

ကိုဟန်က ဆိုဖီရှေ့တွင် ခါးကိုကိုင်းလျက် ငုံ့မေးသည်။

ဆိုဖီက ဖခင်ဖြစ်သူ၏လည်ပင်းကို လက်မောင်းနှစ်ဘက်ဖြင့် ရစ်သိုင်းသည်။ ဖခင်၏မေးစေ့ကို မမီမကမ်းဖြင့် နမ်းလိုက်ပြီး

'သမီး ဖေဖေ့ကိုချစ်တယ်' ဟူ၍ပြောလိုက်သည်။

သမီးဆိုဖီ လိုချင်သောဆုမှာ ဖခင်နှင့်အတူတကွ ချစ်ချစ်ခင်ခင် နေလိုသောဆုပင်ဖြစ်ကြောင်း ကိုဟန်စဉ်းစားနားလည်လိုက်သောအခါ သူ၏ရင်ထဲတွင် အမျိုးအမည် မဖော်ပြနိုင်သော ဝေဒနာတစ်ခုဖြစ်ပေါ်လာမိသည်။ သို့ရာတွင် သူကထိုဝေဒနာကို ချက်ချင်းဖြေဖျောက်လိုက်သည်။

'သမီးကိုလည်းဖေဖေ အရမ်းချစ်ပါတယ်ကွယ်'

ကိုဟန်ကတုန်ယင်စွာ တီးတိုးပြော၍ ဆိုဖီကိုကောက်ယူပွေ့ချီ၍ နမ်းသည်။ အကယ်၍သာ သမီးဆိုဖီသည် ရေရေလည်လည် စကားတက်သောအရွယ်ဖြစ်နေပါက 'ဖေဖေ သမီးတို့နဲ့ မခွဲပဲအတူတူနေကြရအောင်နော်'ဟူ၍ပြောရှာပေလိမ့်မည် ဟူ၍ခံစားသဘောပေါက်မိသည်။

ဇနီးနေဒီယာက ကိုဟန်နှင့်သမီးကိုကြည့်၍ သူမ၏ရင်ထဲတွင် ဆို့နင့်နေသည်။ သို့ရာတွင်ဘာတစ်ခွန်းမှ မပြောမိအောင် ထိန်းသိမ်းထားသည်။ ကိုဟန်ကိုခွင့်ရက်များအတွင်း၌သာ မိမိပိုင်ဆိုင်ကြောင်းနှင့် ကိုဟန်၏ဘဝတစ်ခုလုံးကို နိုင်ငံတော်ကသာ ပိုင်ဆိုင်ကြောင်းနားလည်းထားသည်။ ကိုဟန်က သူလုပ်ကိုင်နေသော အလုပ်အကြောင်းနှင့် ပတ်သက်၍လုံးဝပြောမပြခဲ့ဖူးသော်လည်း နေဒီယာရိပ်မိနေသည်။

~ မြိတ်စာပေ ~

ထိုသို့ပြောမပြခြင်းသည်ပင်လျှင် နိုင်ငံတော်အတွက် လျှို့ဝှက်သော တာဝန်ကိုထမ်းဆောင်နေခြင်း ဖြစ်လိမ့်မည်ဟု ယုံကြည်ထားသည်။ ထို့ကြောင့် သူမအနေနှင့် မေးစရာမလိုတော့ဟူ၍ ဆုံးဖြတ်ထားလိုက်သည်။ မိသားစု အတူနေရသမျှ အခိုက်အတန့်အတွင်း အိမ်ထောင်ရှင်မကောင်းတစ်ယောက် ပီပီ လင်ယောကျ်ားစိတ်ချမ်းသာအောင် အတတ်နိုင်ဆုံးကြိုးစားပြုစုရန်သာ သံန္နိဋ္ဌာန်ချထားသူဖြစ်သည်။

'သမီးလေးကိုယ်မှာ ချွေးလေးတွေတောင် စို့နေပြီ၊ သမီးဖေဖေနဲ့ ရေကူးချင်ရင် သွားကူးပါလား၊ မေမေ စားစရာသောက်စရာတွေ အဆင်သင့် လုပ်ထားလိုက်မယ်နော်'

နေဒီယာ ဆိုဖီနှင့်ကိုဟန်ကို အာရုံပြောင်းပေးလိုက်သည်။

'အေး. . . ဟုတ်သားပဲ၊ သမီးနဲ့ ဖေဖေရေသွားဆော့ရအောင်. . ဟုတ်လား'

ကိုဟန်က သမီးကိုမေးလိုက်သည်။

သမီးဆိုဖီက ခေါင်းငြိမ့်ပြသည်။ ကိုဟန်က သမီးကိုပွေ့ချီထားရာမှ သဲပြင်သို့ချပေးလိုက်သည်။ ထို့နောက်နှစ်ယောက်သား ကမ်းစပ်သို့ပြေးသွား ကြလေသည်။

'ရေစပ်မှာပဲ ဆော့ကြနော်၊ ရေနက်ထဲမသွားကြနဲ့'

နေဒီယာက စိုးရိမ်မကင်း သတိပေးလိုက်သည်။ ထို့နောက်သမီး အငယ်လေးကို ပွေ့ချီလျက် သဲကုန်းမို့မို့လေးရှိရာသို့ လျှောက်သွားသည်။ ကော်ဇောအပါးစားခင်းထားသောနေရာတွင် ကလေးကိုချ၍ သိပ်လိုက်သည်။ အပေါ်မှမိုးထားသော ထီးရိပ်သည်နေရောင်ခြည်ကို ကာကွယ်ထားသည်။ ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခိုက်လာသောလေသည် သူမ၏စိတ်ဘဝင်ကို ချမ်းမြေ့စေသည်။ နေဒီယာသည် ဖြစ်ရာဘဝကို ပျော်မွေ့နှစ်ခြိုက်စွာ နေနိုင်အောင်ကြိုးစားတတ်သူ ဖြစ်သည်။ ထို့ကြောင့် အရာခပ်သိမ်းကို အကောင်းမြင်ဝါဒဖြင့် သုံးသပ်၍အံဝင်ခွင်ကျ နေတတ်နေလေပြီ။

မြိတ်စာပေ

သမီးငယ်လေးက အပူအပင်အကြောင့်အကျကင်းစွာ အိပ်ပျော်သွားသည်။

နေဒီယာက သမီးကြီးနှင့်လင်ယောက်ျားရှိရာ ကမ်းစပ်သို့တစ်ချက် လှမ်းမျှော်ကြည့်လိုက်သည်။ ကိုဟာန်သည် သမီးလေးတစ်ရပ်ခန့်ရှိသော ရေစပ်တွင် သမီးလေး၏ခန္ဓာကိုယ်ကို မှောက်လျက်အနေအထားဖြင့် ပင့်မ၍ထိန်းပေးထားသည်။ သမီးလေးဆိုဖီက လက်နှစ်ဘက်ကိုပြိုင်တူ ရှေ့မှနောက်သို့ ယက်၍ကူးသည်။ တစ်ချိန်တည်းမှာပင် ခြေနှစ်ချောင်းကိုလည်း တဖျတ်ဖျတ်လှုပ်ရှားနေသည်ကို မြင်ရသည်။

ကိုဟာန်က သမီးဆိုဖီကို ရေကူးသင်နေစဉ်. . .

နေဒီယာက ကော်ဖီတစ်အိုးဖျော်၍ လှီးထားသောပေါင်မုန့်ချပ်များကို ထောပတ်သုတ်နေသည်။

xxxxxxxxxxxxx

ကိုဟာန်က တစ်ခါက တယ်လ်အဗီမြို့ရှိ မော့ဆက်ဌာနချုပ်တွင် သူ့အပေါင်းအသင်းအေးဂျင့်တစ်ချို့နှင့် စကားစမြည်ပြောရင်း၊ စကားတစ်ခွန်းကို မှတ်မှတ်ရရပြောဖူးကြောင်း သူ့မိတ်ဆွေတစ်ယောက်က ရှင်းပြသည်။ ထိုစကားမှာ 'သူ့ဘဝမှာ အမျိုးသမီးသုံးယောက်ရှိတယ်' ဟူ၍ဖြစ်သည်။ ထို့နောက်သူ၏ ပိုက်ဆံအိတ်ထဲတွင် အပြည့်ထည့်ထားသော မိသားစုဓါတ်ပုံများကို တွေ့ရသည်။ ထိုဓါတ်ပုံများကို သူကထုတ်ပြလေ့ရှိသည်။ သူ၏အပေါင်းအသင်းများအနေနှင့် ကြည့်ချင်စိတ် အနည်းအကျဉ်းရှိသည်ဖြစ်စေ၊ လုံးဝကြည့်ချင်စိတ် မရှိသူဖြစ်စေ ကြည့်လိုက်ရစမြဲဖြစ်သည်။

ကိုဟာန်သည် အိမ်ထောင်ရှင်မကောင်းတစ်ယောက် ရထားပြီးချစ်စ

ရာသမီးငယ်နှစ်ယောက် ရရှိထားသောကြောင့် သာယာသောအိမ်ထောင်ရေးတွင်စိတ်ချမ်းမြေ့နေသူဖြစ်သည်။ သူသည်ဒမတ်စကပ်မြို့တွင် ကမဲလ်အဖြစ်နှင့် (၁၈)လကြာသည့်တိုင်၊ နေသားကျခဲ့ရာမှ တယ်လ်အဗီသို့ပြန်လည်ရောက်ရှိကာစတွင် မူလဘဝကို ပြန်လည်ရောက်ရှိရန် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရသည်။

'ကျွန်တော့် ဘဝကို မူလအခြေအနေအတိုင်း ပြန်ရအောင်ကြိုးစားအာရုံစိုက်ခဲ့တဲ့အခါမှာ ကျွန်တော်နာမည်ရင်းက ဘာလဲဆိုတာတောင် ပြန်စဉ်းစားခဲ့ရတယ်ဗျ'

ဟူ၍ အယ်လီကိုဟန်က ရှင်းပြခဲ့သည်။

ကိုဟန်သည် သူ၏မိသားစုနှင့်အတူ အခြားတစ်နေရာသို့ အပျော်ခရီးထွက်ခဲ့ရာမှ တယ်လ်အဗီသို့ ပြန်လည်ရောက်ရှိခဲ့သည်။ မကြာမီသူ့ခွင့်ရက်တစ်လပြည့်တော့မည် ဖြစ်သည်။ နေဒီယာ၏လင်ယောကျ်ားနှင့်သမီးလေးနှစ်ယောက်ဖခင် အဖြစ်နှင့်တစ်လကြာအောင် ပျော်ရွှင်သာယာစွာ နေခဲ့ပြီးသောအခါ ကိုဟန်သည် ကမဲလ်ဘဝသို့ ပြန်လည်သွားရပေတော့မည်။

မည်သို့ပင်ဖြစ်စေ၊ သူ့အားပေးအပ်လိုက်သော တာဝန်ကိုတက်ကြွစွာထမ်းဆောင်နိုင်သူ ဖြစ်နေသည်။ ကိုဟန်သည်ဆီးရီးယားနိုင်ငံသို့ ၁၉၆၃ ခုနှစ်ဩဂုတ်လအတွင်း၌ ပြန်လည်ရောက်ရှိသွားသည်။ မကြာမီအချိန်ကာလအတွင်း သူ့အကြောင်းနှင့်ပတ်သက်၍ သတင်းပျံ့နှံ့လာသည်။ တစ်နေ့နေ့တစ်ချိန်ချိန်တွင် သူသည်ဆီးရီးယားနိုင်ငံ၏ ခေါင်းဆောင်များထဲတွင် ပါဝင်နိုင်သော အနေအထားမျိုးရှိသည်ဟု လူအတော်များများက ပြောနေကြသည်။

ထိုသို့ပြောကြခြင်းမှာ နိုင်ငံရေးနှင့်စစ်ရေးနယ်ပယ်ရှိ ဩဇာတိက္ကမရှိသူများက ကိုဟန့်အပေါ်တွင် ယုံကြည်သက်ဝင်နေကြသောကြောင့်ဖြစ်သည်။ ထို့ပြင်စီးပွါးရေးနယ်ပယ်တွင်လည်း သူ့ကိုလေးစားချစ်ခင်ကြသူ အများအပြားရှိနေကြသည်။

ထို့ကြောင့်ကိုဟန်သည် ရေပန်းစားလာသည်။

ပြန်ကြားရေးနှင့် သတင်းဖြန့်ချိရေးဝန်ကြီးဖြစ်မည့်သူဟု အများက

သတ်မှတ်လိုက်ကြသည်။ လက်ရှိသမတ အယ်လ်ဟာမက်ဇ်သည် ကိုဟန့်အပေါ်တွင် မူလထက်ပိုပြီး ချစ်ခင်ရင်းနှီးလာသည်။ ထို့ကြောင့် ကိုဟန်အားမူလကာကွယ်ရေးဝန်ကြီး၏ဌာနတွင် ဒုတိယဝန်ကြီးအဖြစ်ခန့်အပ်ရန်နှင့် နောင်တစ်ချိန်တွင် ကာကွယ်ရေးဌာနကို ကိုင်နိုင်ရန် သူ့ကိုကြိုတင်ပြုစုပျိုးထောင်မည်ဖြစ်ကြောင်း အကြံရှိခဲ့လေသည်။

ကိုဟန်လည်း ထိုအကြောင်းကို ကြားသိလိုက်သည်။

သို့ရာတွင် သူကလုံးဝလှုပ်ရှားမှုကို မပြ၊

ထိန်းထိန်းသိမ်းသိမ်းဖြင့် နေခဲ့သည်။ သူ့အတွက်ပေးလာမည့် အခြေအနေပေါ်တွင်မူတည် သုံးသပ်ဆောင်ရွက်ရန် သံန္နိဋ္ဌာန် ချထားလိုက်သည်။ သမတကြီးက သူနှင့်တွေ့သောအခါ၌

'မင်းအတွက် ကျုပ်အဲဒီလိုရာထားတယ်၊ မင်းဆန္ဒက ဘယ်လိုလဲ' ဟူ၍မေးလိုက်သည်။

'ကျွန်တော့်အတွက် စဉ်းစားပေးတဲ့ သမတကြီးကို ကျေးဇူးတင်ပါတယ်။ အဲဒီရာထူးအတွက် ဂုဏ်ယူပါတယ်၊ ဒါပေမယ့်. . . .။

ကိုဟန်က စကားကိုပါးနပ်စွာ ရပ်ဆိုင်းထားသည်။

'မင်းဆန္ဒကို ပွင့်ပွင့်လင်းလင်းပြောစမ်းကွာ'

သမတကြီးက တိုက်တွန်းလိုက်သည်။

ထိုအခါကျမှ ကိုဟန်ကရှိသေစွာဖြင့်။

'ဒါပေမယ့် အဲဒီရာထူးကို ကျွန်တော်နဲ့မထိုက်တန်သေးဘူးလို့ ထင်မြင်ယူဆပါတယ်' ဟုပြောလိုက်သည်။

'ဘာဖြစ်လို့လဲကွ'

သမတက စူးစူးရဲရဲ ကြည့်၍မေးသည်။

'ကျွန်တော့်အနေနဲ့ ဘာ့သ်ပါတီဝင်တစ်ယောက်အဖြစ် စိတ်ရောကိုယ်ပါ အလေးအနက်လှုပ်ရှားဆောင်ရွက်ခဲ့သူ တစ်ယောက်ဆိုတာ သမတကြီးသိမှာပါ။ ဒါပေမယ့် ကျွန်တော့်ပါတီဝင်သက်တမ်းဟာ အင်မတန်နုပါသေး

တယ်။ ဒါကြောင့်အစိုးရအဖွဲ့ဝင် ရာထူးကြီးကြီးမားမားတစ်ခုကို ထမ်းဆောင်နိုင်ဖို့အရည်အချင်း မပြည့်မီသေးဘူးလို့ ထင်မြင်ယူဆပါတယ်'

ကိုဟာန်က သူ့ကိုယ်သူ နှိမ့်ချလိုက်သည်။

သမတကြီးက နက်နက်နဲနဲ စဉ်းစားနေသည်။

'လောလောဆယ် မင်းကိုငါတာဝန်တစ်ခု ပေးချင်တယ်'

'ဘယ်လိုတာဝန်မျိုးလဲ ခင်ဗျာ'

'အာဂျင်တီးနားကို မင်းကိုသွားခိုင်းမလို့ကွ၊ အဲဒီနိုင်ငံက ဗျူနိုစ်အေရီစ်မြို့တော်မှာ အင်မတန်ချမ်းသာကြွယ်ဝတဲ့ တို့ဆီးရီးယားသူကြွယ်တွေ အတော်များများရှိတယ် ဆိုတာမင်းသိလား'

'တစ်ချို့နဲ့တော့ ရင်းရင်းနှီးနှီး သိခဲ့ဖူးပါတယ်'

ကိုဟာန်က မယုတ်မလွန် ပြောလိုက်သည်။

'အေး. . . ဟုတ်ပြီ၊ ဒါဆိုရင် မင်းနဲ့သိကျွမ်းတဲ့ သူဌေးသူကြွယ်တွေကတစ်ဆင့် အဲဒီမြို့မှာရှိတဲ့ ချမ်းသာကြွယ်ဝသူတွေကို စည်းရုံးဖို့မင်းတာဝန်ယူဆောင်ရွက်ရမယ်၊ သူတို့အားလုံးကို ကျုပ်နဲ့ ကျုပ်တို့ဘာ့သ်ပါတီဝင်ငွေကို လှိုက်လှိုက်လှဲလှဲ ထောက်ခံလာအောင် မင်းရဲ့နည်းနဲ့ မင်းဟာမင်း စည်းရုံးလှုံ့ဆော်ရမယ်၊ ကျုပ်ပြောတာရှင်းလား'

ကိုဟာန်က ခေါင်းငြိမ့်ပြလိုက်သည်။

'ရှင်းပါတယ်၊ ဗျူနိုစ်အေရီစ် မြို့တော်မှာရှိတဲ့ ဆီးရီးယားသူဌေးသူကြွယ်တွေအများစုက သမတကြီးနဲ့ ဘာ့သ်ပါတီဝင်တွေကို လေးလေးနက်နက်ထောက်ခံလာအောင် ကျွန်တော်သွားပြီး ကိုယ့်နည်းနဲ့ကိုယ် စည်းရုံးဖို့ မဟုတ်လား'

ကိုဟာန်က ပြန်လည် ပြောပြလိုက်သည်။

'သိပ်ဟုတ်တာပေါ့ကွာ၊ မင်းအတော်မှတ်ဉာဏ်ကောင်းတယ်'

မြိတ်စာပေ

သမတကြီးက ချီးကျူးလိုက်သည်။

'ဒါပေမယ့် ကျွန်တော်တစ်ခုတော့ တောင်းဆိုပါရစေ'

ကိုဟန်က အေးဆေးစွာ ပြောလိုက်သည်။

'ဘာများလဲ. . . ကမဲလ်၊ မင်းလိုချင်တာ ဘာမဆိုဖြစ်ရစေ့မယ်'

သမတကြီးက ရင်းနှီးပွင့်လင်းစွာ မေးလိုက်သည်။

'တခြားမဟုတ်ပါဘူး သမတကြီး၊ ကျွန်တော်အဲဒီလိုသွားပြီး စည်းရုံးလှုပ်ရှားဖို့အတွက် ခရီးစရိတ်နဲ့၊ နေထိုင်စားသောက်ကုန်ကျစရိတ်အားလုံးကို သမတကြီးတစ်ပြားတစ်ချပ်မှ မပေးပါနဲ့၊ ကျွန်တော်မေတ္တာ၊ စေတနာနဲ့ ကျွန်တော့်ဘာသာ အကုန်အကျခံခွင့်ပြုဖို့ပါပဲ'

ကိုဟန်စကားကြောင့် သမတကြီးက အကြီးအကျယ်ပီတိဖြစ်သွားသည်။ ကိုဟန်အားစူးစူးစိုက်စိုက်ကြည့်ပြီး၊ မိမိအပေါ်တွင် သည်မျှစေတနာထားသူဟူ၍ အလွန်တရာရှားပါးလိမ့်မည် ဟုထင်မြင်ယူဆလိုက်သည်။

'ကောင်းပြီလေ၊ ကျုပ်ခွင့်ပြုပါတယ်၊ တခြားလိုအပ်တဲ့အကူအညီရှိရင်လည်း အချိန်အခါမရွေးပြောသာပြော၊ ကျုပ်ဆောင်ရွက်ပေးဖို့ အသင့်ပဲ'

သမတကြီးက လှိုက်လှိုက်လှဲလှဲ ပြောလိုက်လေသည်။

* * * * *

ပြီတ်စာပေ

## တစ်ဆယ့်ခုနှစ်

ဗျူနိုစ်အေရိစ်သို့ စည်းရုံးရေးသွားသော ကိုဟန်၏ခရီးစဉ်က အောင်မြင်ခဲ့သည်။ ထို့ပြင် ဘာ့သ်ပါတီအတွက် ရံပုံငွေအဖြစ် ဒေါ်လာ၉၀၀၀ကိုလည်း တိုးမြင့်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ကိုဟန်က သူ့ငွေထဲမှ ဒေါ်လာတစ်ထောင်ထပ်ဖြည့်၍ စုစုပေါင်းဒေါ်လာတစ်သောင်းတိတိကို ဘာ့သ်ပါတီအတွက် သမတကြီး၏လက်သို့ ပေးအပ်နိုင်ခဲ့သည်။ ကိုဟန်ပေးသော ငွေသည်များများစားစား မဟုတ်သော်လည်း ကိုဟန်အားစေတနာကောင်းသူ မျိုးချစ်စိတ်အပြည့်အဝရှိသူ တစ်ယောက်အဖြစ် အသိအမှတ်ပြုလိုက်ကြသည်။

နောက်ပိုင်းတွင် ဆီရီးယားနိုင်ငံရှိ အုပ်ချုပ်ရေးအဆင့်မြင့် ပုဂ္ဂိုလ်များထဲတွင် ကိုဟန်ကရှေ့တန်းသို့ရောက်ရှိလာသည်။ သူသည်သမတ အယ်လ်ဟာဖက်ဇ်ထံသို့ မကြာခဏသွားရောက်လည်ပတ်လေ့ရှိသည်။ ထို့ပြင်သမတကြီးကိုယ်စား လျှို့ဝှက်ခရီးတစ်ခုအဖြစ် ဂျော်ဒန်နိုင်ငံသို့ ရောက်ရှိသွားခဲ့သည်။ သမတကြီးအပေါ်တွင် နိုင်ငံရေးအားဖြင့် အတိုက်အခံ သဘောထားရှိနေကြ

သူများသည် ဂျော်ဒန်နိုင်ငံတွင် နေထိုင်ကြသည်။ ထိုသူတို့ကို အစ္စရေးနိုင်ငံသို့ ပြန်ရောက်ရှိလာစေရန် ကိုဟန်ကစည်းရုံးဆောင်ရွက်ခဲ့ရသည်။

သူ့ကို ဆီးရီးယားရေမြေရပ်ခြား အသံလွှင့်အစီအစဉ်တွင် ကိုဟန်က တောင်အမေရိကနိုင်ငံရှိ ဆီးရီးယားလူမျိုးများအား ဆီးရီးယားသို့ပြန်လာကြရန်နှင့် ဘာ့သ်ပါတီအား ထောက်ခံကြရန် အသံလွှင့်ပြောကြားခဲ့သည်။

ထိုအသံလွှင့်ချက်များကို တယ်လ်အဗီရှိမော့ဆက်ဌာနမှ ဖမ်းယူထားသည်။ အရေးပေါ်ကိစ္စများဆောင်ရွက်ရန်အတွက် ကိုဟန်အသုံးပြုရန်နှင့် ဆက်သွယ်ဆောင်ရွက်ရမည့် အချက်အလက်များအဖြစ် စီစဉ်ထားခဲ့သည်။

အဘယ်ကြောင့်ဆိုသော်

ကိုဟန်သည် စစ်ရေးကိစ္စများတွင် အရေးပါသောပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။ အထူးလျှို့ဝှက်ချက်စခန်းများ တည်ရှိသော ဆီးရီးယားနယ်စပ်သို့ ၁၉၆၄ခုနှစ်ထဲတွင် မကြာခဏသွားရောက်ခဲ့ရသည်။ သူ့ကိုသမတကြီးကိုယ်တိုင်က ကာကွယ်ရေးဝန်ကြီးအဖြစ်နှင့် ရာထားသူဖြစ်နေသည်။ ထို့ကြောင့်စစ်ရေးနှင့်ပတ်သက်သော နောက်ဆုံးပေါ် အခြေအနေအရပ်ရပ်ကို မျက်ခြည်မပြတ် သွားရောက်လေ့လာရန် စစ်ဘက်တာဝန်ခံများက ကိုဟန်အား ရှင်းလင်းပြသခဲ့သည်။

ထိုစစ်စခန်းနယ်မြေတစ်ခုလုံးတွင် မြေပြင်မှကောင်းကင်သို့ ပစ်ခတ်နိုင်သောဒုံးကျည်လက်နက်ဆန်းများ တပ်ဆင်မှု၊ တင့်ကားပစ်လက်နက်သစ်များ နေရာချထားမှုတို့ကို ရုရှားတို့ကဆောင်ရွက်တည်ဆောက်ပေးထားသည်။ ထိုနေရာများကို ကိုဟန်အား ခေါ်ဆောင်သွားပြီးရှင်းလင်းပြခဲ့ကြသည်။

ကိုဟန်၏မော့ဆက်စပိုင်ဘဝတွင် အထွတ်အထိပ် ဖြစ်သွားသည်။

စစ်ရေးအရ ပဓါနအကျဆုံး ကွန်နစ်ထရာမြို့၏ ကာကွယ်ရေးစနစ်နှင့်ပတ်သက်သော အချက်အလက်များ၊ သံချပ်ကာကားများကို လေကြောင်းမှ မမြင်နိုင်စေရန်ထည့်ထားသော ဥမင်များ၊ ရုရှားနိုင်ငံမှ ပထမအရစ်တင်ပို့လိုက်သော တီ၅၄တင့်ကားအစီး ၂၀၀ အကြောင်းနှင့်အတူ၊ ဆိုဗီယက်တို့ရေး

တွဲပေးသော စီမံကိန်းနှင့်ပတ်သက်သော အချက်အလက်များ၏ မိတ္တူများ အပါအဝင် တယ်လ်အဗီရှိ မော့ဆက်ဌာနချုပ်သို့ ကိုဟန်ကပေးပို့နိုင်ခဲ့သည်။

ထိုအစီအစဉ်မှာ ဆီးရီးယားတို့က အစ္စရေးနိုင်ငံမြောက်ပိုင်းကို ရုတ်တရက်ဝင်ရောက်တိုက်ခိုက်မည့် အစီအစဉ်ဖြစ်သည်။

ထိုအစီအစဉ်ကို တယ်လ်အဗီရှိ မော့ဆက်ဌာနချုပ်သို့ ပေးပို့လိုက်ပြီးနောက်၊ ရုရှားနိုင်ငံ၏ နောက်ဆုံးပေါ် မစ်ဂ် ၂၁ အမျိုးအစားတိုက်လေယာဉ်၏ဓါတ်ပုံကိုပါ ကိုဟန်ကနောက်ထပ်ပေးပို့ခဲ့သည်။

ကိုဟန်က သူထောက်လှမ်းထားသော အချက်အလက်များ၊ မိတ္တူများ၊ မိုက်ခရိုဖလင်လိပ်နှင့် ဓါတ်ပုံများကို ဇူးရစ်မြို့သို့ တင်ပို့ရောင်းချရန်. . . ဟူသောအကြောင်းပြချက်ဖြင့် တင်ပို့ခဲ့သော ရှေးဟောင်းစားပွဲနှင့် ပရိဘောဂများ၏ အောက်ခြေအစိတ်အပိုင်းများထဲတွင် အံ့ဝှက်များထွင်း၍ ထည့်သွင်းရသည်။ ထို့နောက်မူလအနေအထားအတိုင်း ခြေရာလက်ရာမပျက် ပြန်လည်သပ်ရိုက်ပိတ်ဆို့ရသည်။ ထိုဆောင်ရွက်မှုကို သူကတိကျသေသပ်စွာပြုလုပ်ရန် အချိန်များစွာ ပြုလုပ်ခဲ့ရသည်။ ထိုကိစ္စနှင့်ပတ်သက်၍ မော့ဆက်ဌာနချုပ်၏ အဖွဲ့ဝင်တစ်ယောက်က ပြက်လုံးထုတ်သည်။

'ကိုဟန် အနားယူချိန်ရောက်ရင် သူ့ရဲ့အသက်မွေးဝမ်းကြောင်းအတွက် ပန်းဘောဂတွေ လုပ်လို့ရပြီ'

xxxxxxxxxxxxx

၁၉၆၄ခုနှစ် နွေရာသီအချိန်ကာလအတွင်း တယ်လ်အဗီမှအရေးအကြီးဆုံးတောင်းခံချက်တစ်ခု ကိုဟန်ထံသို့ရောက်ရှိလာသည်။ အစ္စရေးနိုင်ငံ အနေနှင့်ဂါလီလဲမှ ရေကိုပိုက်လိုင်းများဖြင့် သွယ်ယူ၍နိုင်ငံအဝှမ်းဖြန့်ဖြူး

သည်။ ဂါလိလဲရေအိုင်ကြီးအတွင်းသို့ ဂျော်ဒန်မြစ်ရေစီးဝင်ဖြည့်တင်းသည်။ ထိုမြစ်သည် ဘန်နီယပ်စ်နှင့် ဟက်ဇပ်ဘန်နီမြစ်နှစ်ခုမှ ပေါင်းဆုံလာခြင်းဖြစ်သည်။ ထိုမြစ်နှစ်ခုပေါင်းဆုံသောနေရာမှာ ဂိုလန်ကုန်းမြင့်ဒေသဖြစ်နေသည်။

သို့ဖြစ်ရာ ဆီးရီးယားအနေနှင့် အစ္စရေးနိုင်ငံအား ရေဖြတ်တောက်ရန် စီမံကိန်းတစ်ခုရေးဆွဲသည်။ ထိုစီမံကိန်းမှာ ဘန်နီယပ်စ်နှင့် ဟပ်ဇပ်ဘန်နီမြစ်နှစ်ခုရေများ စီးဆင်းမှုကို ပြောင်းလဲလိုက်ရန်ဖြစ်သည်။ ထိုစီမံကိန်းကို ဆီးရီးယားက အကောင်အထည်ဖော်ရန် စတင်ဆောင်ရွက်နေသည်။ ထိုစီမံကိန်းမှာ မကြာသေးမီက အာရပ်အဆင့်မြင့်ဆွေးနွေးပွဲကျင်းပသော အယ်လက်ဇန်းဒရီးယားမြို့တွင် သဘောတူခွင့်ပြုခဲ့ပြီးဖြစ်သည်။ ထိုသို့ပြုလုပ်ရန်သမတနက်ဆာက ဆီးရီးယားကို ဖိအားပေးခဲ့သည်။

ထိုလုပ်ငန်းအတွက် ငွေကုန်ကြေးကြ အလွန်များသည်။

တာဝန်ယူဆောင်ရွက်ရန်ယူဂိုစလပ်မှ 'အီနာဂိုပရိုဂျက်'က တာဝန်ယူဆောင်ရွက်သည်။ မြစ်နှစ်ခုမှစီးဆင်းနေသော ရေများကိုဂျော်ဒန်မြစ်ထဲသို့ စီးမဝင်စေပဲ လမ်းကြောင်းပြောင်း၍စီးဆင်းစေရန် တူးမြောင်းများကို တစ်ဆင့်ပြီးတစ်ဆင့်စတင်တူးဖော် ဆောင်ရွက်နေလေပြီ။

ထိုခြိမ်းခြောက်မှုသည် အစ္စရေးအတွက်ရေကုန်ရေခန်း တိုက်ခိုက်မှုတစ်ရပ်ဖြစ်နေသည်။ 'အဲဒီစီမံချက်နဲ့ ပတ်သက်တဲ့အချက်အလက်တွေကို အသေးစိတ်လိုချင်တယ်၊ ပုံစံတွေ အသုံးပြုတဲ့ပစ္စည်းတွေ၊ လုပ်ငန်းစတဲ့နေရာ အဲဒါတွေကို ဦးစားပေးဆောင်ရွက်ပါ' အသည်းအသန် အရေးတစ်ကြီးဖြစ်နေပြီ။

မော့ဆက်ခေါင်းဆောင်များသည် ကိုဟာန်ကိုပဓါနအကျဆုံး အားထားရသောအေးဂျင့်တစ်ယောက်အဖြစ် သတ်မှတ်ယူဆထားလိုက်ကြသည်။ ထိုယုံကြည်အားထားမှုကို ကိုဟာန်ကအကျိုးမဲ့ မဖြစ်စေခဲ့ပါချေ၊ သူ့အနေနှင့်ကံကြမ္မာက အရေးသာနေခိုက်ဖြစ်သည်။ သူ၏ရင်းနှီးသောအပေါင်းအသင်းဖြစ်သူ ကာနယ်ဟာတောင်းသည် ထိုစီမံကိန်းတို အကောင်အထည်ဖော်

ဆောင်ရွက်ရမည့် အဖွဲ့များကို အုပ်ချုပ်သူဖြစ်နေခဲ့သည်။

ထို့ကြောင့် ထိုစီမံကိန်းတစ်ရပ်လုံးနှင့် ပတ်သက်သောပုံစံနှင့် မူကြမ်းထုတ်လုပ်ထားသော အခြေအနေပြမြေပုံများကို ကာနယ်ဟာတောင်းက အားရကျေနပ်စွာ ကိုဟနကိုပြသခဲ့သည်။

'ဒီရေတွေဘယ်နေရာသွားသွား၊ အဲဒါကိုကျုပ်တို့အရေးမထားဘူး၊ အစွရေးတွေ ရေမရဖို့ကလိုရင်းပဲ'

ကာနယ်ဟာတောင်းက ရွှင်မြူးစွာ စိန်ခေါ်လိုက်သည်။

ထို့နောက်ဟာတောင်း၏ မိတ်ဆက်ပေးမှုဖြင့် ထိုစီမံကိန်းတွင် တာဝန်ယူကြီးကြပ်ကွပ်ကဲနေသူများကို ကိုဟန်ကသိရှိခဲ့ရသည်။ ထိုသူများထဲတွင်လုပ်ငန်းအစီအစဉ် စီစဉ်သူမစ်ရှယ်ဆာအကတ် ဆိုသောလက်ဘနွန်သား အင်ဂျင်နီယာတစ်ဦးနှင့် မြေတူးမြေညှိရာတွင် အသုံးပြုနေသော ဘူလ်ဒိုဇာ ယာဉ်များ၏ ပိုင်ရှင်မှူးဟမ်မက်ဘင် လင်ဒင် တို့လည်းပါဝင်ခဲ့သည်။

ဘင်လင်ဒင်က အမှန်တကယ် စီမံကိန်းစတင် အကောင်အထည် ဖော်ဆောင်ရွက်မည့် အချိန်ကာလနှင့် လုပ်ငန်းဆောင်ရွက်ကြမည့် အနေအထား၊ အခြေအနေတို့ကို ပြည့်ပြည့်စုံစုံ သိရမည်ဖြစ်ကြောင်း ကိုဟန်ကိုကတိပေးခဲ့သည်။

ကိုဟန်ကထိုနေရာဝန်းကျင်ကို သဘောကျကြောင်းနှင့် မကြာမီကာလတွင် စည်ကားလာနိုင်သဖြင့် သူ့အနေနှင့်မြေကွက်များ ဝယ်ယူလိုကြောင်း လွှတ်ကနဲ ပြောပုံမျိုးပြောလိုက်သည်။

'ဒါဆို ခင်ဗျားတို့အပါအဝင် ကျွန်တော်တို့ အကျိုးအမြတ်ဖြစ်လာနိုင်မှာပေါ့'

ကိုဟန်က ဆွယ်တရားဟောသည်။ ဘင်လင်ဒင်က ကျေနပ်သွားသည်။

'သိပ်ကောင်းတာပေါ့ဗျာ၊ ဒီနယ်မြေဒေသရဲ့ မြေပုံနဲ့ လုပ်ငန်းဆောင်ရွက်မယ့်ပုံကြမ်းတွေ ကျုပ်အိမ်မှာရှိသေးတယ်၊ အဲဒါတွေကိုခင်ဗျား ဘာသာ

လေ့လာကြည့်ရင်း ဘယ်မြေကွက်တွေကို ကြိုတင်ဝယ်ယူပြီး အရင်းအနှီးစိုက်ထုတ်ထားရင် ကောင်းမလဲဆိုတာ တိတိကျကျသိနိုင်မယ်'

ဘင်လင်ဒင် ကယုံကြည်စိတ်ချစွာပြောသည်။

ထို့နောက် စီမံကိန်းဆိုင်ရာ မြေပုံနှင့် ပုံကြမ်းများယူဆောင်လာ ပြီး ကိုဟန်၏လက်သို့အပ်ခဲ့သည်။ ထိုအခါကိုဟန်သည် အစ္စရေးနိုင်ငံအား ရေဖြတ်တောက်မည့် စီမံကိန်းတစ်ခုလုံးနှင့် ပတ်သက်သောနေရာ မြေပုံနှင့် ပုံကြမ်းများ၊ အချက်အလက်များ အပြည့်အစုံကို မိုက်ခရိုဖလင်ဖြင့် ရိုက်ယူထားလိုက်သည်။ မော့ဆင်ဌာနချုပ်မှ ပေးပို့ခဲ့ထားသော ကီစ္စတစ်ရပ်လုံးကို ဆောင်ရွက်ရန်သုံးလ အတွင်းပြည့်စုံစွာ ပေးပို့နိုင်ခဲ့လေသည်။

တူးမြောင်းစတင် ဖေါက်ရန်သတ်မှတ်နေရာ၊

ဖေါက်လုပ်စဉ် လုံခြုံမှုကာကွယ်ရေး အစီအစဉ်၊

အဆင့်ဆင့်လုပ်ဆောင်ရာတွင် ပြီးစီးရမည့်သတ်မှတ်နေ့ရက်များသာမက၊ လုပ်ငန်းများ၏အရှန်အဟုန်ကို တိုးမြှင့်လုပ်ဆောင်ရန် ရေများစုပ်ထုပ်နိုင်မည့် ရေစုပ်စက်အကြီးစားများ တပ်ဆင်ထားသည့်စခန်းများ အကြောင်းကိုပါ သတင်းပေးပို့နိုင်ခဲ့သည်။

ထိုအရေအသွေးကောင်းသော ရေစုပ်စက်အကြီးစားများဖြင့် ဆောင်ရွက်မည့်အကြောင်းကို မော့ဆက်ဌာနအနေနှင့် လုံးဝမသိရှိခဲ့သောကြောင့် ကိုဟန်အားအချက်အလက်တောင်းခံရာတွင် ထည့်သွင်းတောင်းခံခြင်း မပြုခဲ့ပါချေ။ သို့ရာတွင်ကိုဟန်ပေးပို့ခဲ့သောအခါကျမှ ထိုအချက်သည် သူတို့အတွက် အလွန်တရာအရေးပါသော အကြောင်းအရာတစ်ခုဖြစ်နေကြောင်း အံ့သြကျေနပ်စွာသိရှိသွားသည်။

၁၉၆၃ခု နိုဝင်ဘာလတွင် ကိုဟန်ခွင့်ထပ်မံရရှိသည်။

ပြီးခဲ့သောခွင့်ရက်၏ တစ်နှစ်ပြည့်မြောက်သော အချိန်ဖြစ်သည်။ မော့ဆက်အကြီးအကဲများက ကိုဟန်ကိုအပြည့်အဝစိတ်ရောလူပါ ချမ်းသာစွာဖြင့်အနားယူရန် ခွင့်ပြုလိုက်သည်။ စင်စစ်အားဖြင့် ကိုဟန်သည်အခြားတစ်ဦး

တစ်ယောက်နှင့်မှ နိူင်းယှဉ်အစားထိုးမရလောက်အောင် မော့ဆက်အတွက်
စွမ်းစွမ်းတမန် ဆောင်ရွက်နိုင်သူဖြစ်ကြောင်း အကြီးအကဲများက
ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်နေကြသည်။

အကယ်၍ ကိုဟန်နေရာတွင် သူ့လိုထူးချွန်သူတစ်ဦးကို ပို့နိုင်လိမ့်မည်။ သို့ရာတွင်ဆီးရီးယားသမတကြီးကိုယ်တိုင်က ယုံကြည်ကိုးစားခြင်းကို ခံယူနိုင်ရန်ဖြစ်စေ၊ ကာကွယ်ရေးဝန်ကြီးနေရာတွင် ရာထားသတ်မှတ်ခြင်းမျိုးဖြစ်စေ၊ ထိုအခြေအနေမျိုးသို့ ရောက်ရှိလိမ့်မည် မဟုတ်ပါချေ။

တကယ်တန်းအားဖြင့် ကိုဟန်သည်ဆီးရီးယားလူမျိုးများနှင့် ဒမတ်ကပ်မြို့တော်တစ်ခုလုံး၏ မျက်မှောက်တွင် အကောင်းဆုံးလူတော်တစ်ယောက် ဖြစ်နေလေသည်။

ထိုဖြစ်ရပ်သည် ကိုဟန်၏မယှဉ်သာသော အရည်အချင်းဖြစ်သည်။ ထို့ပြင် ကံကြမ္မာသည် ကိုဟန်အတွက်မျက်နှာသာ ပေးနေဆဲပင်။ ထို့ကြောင့် သူဆောင်ရွက်မှုများအားလုံး အဆင်ပြေချောမွေ့နေသည်။

××××××××××××××

ဤတစ်ကြိမ် တယ်လ်အဗီမြို့ရှိ သူ၏အိမ်သို့ ကိုဟန်ပြန်လာစဉ် ဇနီးအတွက် လက်ဆောင်ပစ္စည်းအချို့နှင့် သမီးလေးနှစ်ယောက်အတွက် ကလေးကစားစရာများကို ကုန်တိုက်ကြီးမှဝယ်လာခဲ့သည်။ လွန်ခဲ့သောနှစ်က သမီးလေးဆိုဖီအတွက်သာ ဝယ်သွားခဲ့သည်။ နောက်ထပ်တိုးနေသော သမီးလေးအိုင်ရစ် မွေးဖွားခဲ့ခြင်းကို လုံးဝမသိရှိခဲ့သဖြင့် လက်ဆောင်ဝယ်မသွားခဲ့ပါချေ၊ ထို့ကြောင့် ယခုအကြိမ်တွင် သမီးကြီးဆိုဖီနှင့်သမီးငယ်အိုင်ရစ်အတွက် အမှတ်တရလက်ဆောင်များ ကစားစရာအရုပ်ကလေးနှစ်ခု ဝယ်သွား

ခဲ့သည်။

သို့ရာတွင် ကိုဟန်၏တွက်ကိန်း လွဲချော်နေပြန်သည်။

ထိုအကြောင်းကို သူ၏အိမ်သို့ရောက်မှ သိလိုက်ရသည်။

အဘယ်ကြောင့်ဆိုသော်၊

နောက်ထပ်တတိယကလေးရရှိနေသည်ကို ကိုဟန်လုံးဝမသိရှိခဲ့သောကြောင့်ဖြစ်သည်။ ထို့ပြင် တတိယမွေးဖွားခဲ့သောကလေးက သားယောကျာ်းလေးဖြစ်နေသည်။ ထို့ကြောင့်ကိုဟန်အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။

ဇနီးနေဒီယာ၏ လက်ထဲမှသားလေးကို လွှဲပြောင်းယူသည်။

သားလေးကို အားရပါးရ နမ်းရှုံ့သည်။

'သားလေး၊ အဖေ့သားလေး၊ အဖေမျှော်လင့်ခဲ့ရတဲ့သားလေး၊ အခုမှပဲအဖေ့ဆန္ဒပြည့်ဝရတော့တယ်' ဟူ၍ထပ်ကာတလဲလဲ ပြောနေသည်။

ကိုဟန်အဖို့ စားချိန်နှင့်အိပ်ချိန်မှလွဲ၍ အများအားဖြင့် သားလေးကိုလက်ကမချတမ်း ချီပွေ့ထားလေ့ရှိသည်။ ထို့ကြောင့်ဇနီးဖြစ်သူ နေဒီယာပင် မနေနိုင်သဖြင့် သတိပေးတားမြစ်ရသေးသည်။

'ကလေးက အဲလိုမျိုးတစ်ချိန်လုံး ချီပွေ့နေရင်၊ ကလေးဖွံ့ဖြိုးကြီးထွားမှုကိုထိခိုက်စေနိုင်တယ်လို့ သူနာပြုဆရာမက ပြောဖူးတယ်ရှင့်၊ သူ့ဟာသူ ပုခက်ထဲမှာလွပ်လွပ်လပ်လပ် ကျယ်ကျယ်ပြန့်ပြန့် ကိုယ်လက်လှုပ်ရှားတဲ့သဘောမျိုး ခြေဆန့်လက်ဆန့်နေမှသာ သဘာဝအတိုင်း ဖွံ့ဖြိုးသန်မာနိုင်တယ်'

ထိုအခါမျိုးတွင် ကိုဟန်ကဇနီးကို မကျေမနပ်ပြန်ကြည့်သည်။

'ငါ့ သားလေးကို ငါချီရတာတောင် စည်းကမ်းချက်တွေနဲ့ ဘောင်ခတ်မလို့လား'

ကိုဟန်ကပြန်မေးသည်။

'ရှင့်သဘောပဲလေ၊ နောက်ပြီးရှင်တစ်ခု စဉ်းစားသင့်တာက ၊ သမီးငယ်အိုင်ရစ်က ငယ်သေးလို့မတွေးတတ်ဖူးပဲထား၊ သမီးကြီးဆိုဖီက

ဥ်းစားတတ်နေပြီ'

'အဲဒါ. . . ဘာဖြစ်လဲ၊ မင်း ဘာကိုဆိုလိုတာလဲ'

ကိုဟန်က မျက်လုံးပြူးကြီးဖြင့် ပြန်မေးသည်။

'သားလေးကို ရှင်ကအရမ်းအရေးပေးနေတော့သမီးလေးတွေ အပေါ်မှာ အချစ်လျော့သွားပြီလို့ထင်မြင်ယူဆခဲ့ရင် သမီးလေးနှစ်ယောက်ရဲ့ နုနယ်တဲ့နှလုံးသားကို ထိခိုက်နာကျင်စေလိမ့်မယ်'

နေဒီယာက အကျိုးသင့်အကြောင်းသင့် ရှင်းပြသည်။ ထိုအခါကျမှ ကိုဟန်သဘောပေါက်သွားသည်။

ထို့ကြောင့်သားလေးအတွက် အချိန်ပြည့်ကြင်နာယုယရာမှ သမီးအကြီးနှင့်အငယ်ကိုပါ အလှည့်ပေးသည့် သဘောမျိုးဖြင့် ကိုဟန်ကအတူတကွဆော့ကစားသည်။ ထို့ကြောင့်မျက်နှာညှိုးနေသော သမီးနှစ်ယောက်ပြန်လည်၍ကြည်လင်လန်းဆန်းစွာ ဆော့ကစားကြလေသည်။

xxxxxxxxxxxxxx

မြိတ်စာပေ

## အခန်း (၁၈)

ကိုဟာန်၏ သားလေးအမည်ကို 'ရှောလ်' ဟုမှည့်ခေါ်ထားသည်။

ဂျူးလူမျိုးတို့၏ ရိုးရာဓလေ့ထုံးစံအတိုင်း အရေပြားလှီးဖြတ်ပွဲသို့ သူ့မိတ်ဆွေအားလုံးကို ကိုဟာန်ကဖိတ်ခေါ် ကျွေးမွေးချင်သည်။ သို့ရာတွင်သူ၏အကြီးအကဲများက မော့ဆက်လျှို့ဝှက်အေးဂျင့်တို့ကို အစဉ်တစိုက်လျှို့ဝှက်ထားရမည်ဖြစ်သည်။ ထို့ကြောင့်အိမ်နီးချင်းဖြစ်သော အခြားသူများ၏အမြင်တွင်ထူးခြားသည့်လူစိမ်းများကို တွေ့ကြလျှင်၊ တစ်မျိုးတစ်မည်ထင်မြင်ယူဆနိုင်ကြောင်း၊ ထို့ပြင်ကိုဟာန်၏ လျှို့ဝှက်သောအလုပ်အကိုင်နှင့် ပတ်သက်၍ အကျိုးသက်ရောက်မှု မဖြစ်နိုင်ကြောင်း သတိပေးသည်။

ကိုဟာန်သည် အိမ်သို့ပြန်ရောက်စတွင် ပျော်ရွှင်နေသည်။

သို့ရာတွင် ရက်အနည်းငယ်ကြာသောအခါ၊ ဒမတ်စကပ်တွင် ဆောင်ရွက်ခဲ့ရသော စိတ်ပန်းမှုဒဏ်များကြောင့် သူ၏မူလသဘာဝ ပြောင်းလဲလာတော့သည်။ ထိုပြောင်းလဲမှုကို သူ၏မိသားစုက သိသိသာသာရိပ်မိလာကြသည်။

ကိုဟန်၏အမေသည် ငယ်စဉ်ကဆီးရီးယားတွင် နေထိုင်ခဲ့ဖူးသည်။ ထို့ကြောင့်ကိုဟန်ကလေးဘဝတွင် နှစ်ခြိုက်စွာစားလေ့ရှိသော ဟင်းတစ်မ ကိုချက်ကျွေးရန် ရည်ရွယ်၍မေးလိုက်သည်။

'မင်းငယ်ငယ်တုန်းက အရမ်းကြိုက်တဲ့ ဆီးရီးယားဟင်းစားမလာ အမေချက်ကျွေးမယ်'

'တော်ပါပြီဗျာ၊ အဲဒီ အဲဒီဆီးရီးယားဟင်းကို နေ့တိုင်းစားခဲ့ရ အရမ်းစိတ်ပျက်တယ်'

ကိုဟန်က လွှတ်. . ကနဲ ပြောလိုက်မိသည်။

သူသည်တည်ငြိမ်၍ စိတ်ရှည်သူဖြစ်သည်။ သို့ရာတွင် ထိုတည်ငြိ မှုများ မရှိတော့ပဲ၊ မကြာခဏစိတ်မရှည်သောလေသံများ၊ စကားလုံးမျ ပြောင်းလဲဖြစ်ပေါ်လာလေ့ရှိသည်။ သူ့အနေနှင့်ဥရောပတွင် သွားရောက် လုပ်လုပ်နေသည်. . . ဟုသူ၏မိသားစုကို လိမ်ညာ၍ အသိပေးထားခဲ့သည်

သို့ရာတွင် သူလွှတ်ကနဲ ပြောလိုက်သော. . .။

'တော်ပါပြီဗျာ၊ အဲဒီဆီးရီးယားဟင်းကို နေ့တိုင်းစားရလွန်းလို့ အရမ်း စိတ်ပျက်တယ်' ဟူသောစကားလုံးသည် အကယ်၍တစိမ်းတစ်ရံစံမျာ ရှေ့တွင်ပြောမိခဲ့ပါက အသက်အန္တရာယ်ဖြစ်စေနိုင်သည်။ ထိုသို့သော စကာ လုံးအမှားမျိုးကြောင့် အခြားသူစိမ်းများက ရိပ်မိသွားခဲ့လျှင် ကိုဟန်၏လျှို့ဝှက် အောင်ဂျင့်အလုပ်ကိုပါ ထိခိုက်နိုင်လိမ့်မည်။

တစ်ခါကလည်း ကိုဟန်က သူ့ညီမောရစ်အိမ်သို့ အလည်ရောက် သည်။ မောရစ်၏သမီးကို အရုပ်တစ်ခုလက်ဆောင်ပေးသည်။ ထိုအရုပ်လေ သည် ကိုဟန်ပါရီမြို့သို့ရောက်စဉ်က လာဖက်တေအနုပညာပြပွဲမှ ဝယ်ယူ ခြင်းဖြစ်သည်။ ထိုအရုပ်ကိုမြင်လိုက်သောအခါ သူ့ညီမောရစ်က. . .

'ဟာ. . . မကြာသေးခင်က ခင်ဗျားပါရီကို ရောက်သွားခဲ့သေးတ ကိုး' ဟူ၍သဘောရိုးဖြင့် မေးလိုက်သည်။

ကိုဟန်က မည်သို့ဖြေရမှန်းမသိ ဖြစ်သွားသည်။

ပြီတ်စာပေ

'ပါရီကို ငါမရောက်တာ အတော်ကြာပြီကွ'

သူကအမှတ်မထင်ဖြေလိုက်မိသည်။ သူ၏အဖြေက မောရစ်အတွက်
ဘဝင်မကျစရာ ဖြစ်သွားခဲ့သည်။

'ဒါဆို. . ပါရီက ဟောဒီလက်ဆောင်အရုပ်ကလေး၊ ခင်ဗျားဆီ ဘယ်
လိုလုပ်ပြီး ရောက်နေတာလဲ'

မောရစ်၏ ထပ်ဆင့်မေးခွန်းကြောင့် ကိုဟန်ထောင်း. . ကနဲ ဒေါသ
ပေါက်ကွဲသွားသည်။

'မင်းက ငါ့ကိုလူလိမ်လို့စွပ်စွဲတာလား၊ မင်းငါ့ကိုစစ်ကြောမေးမြန်း
စရာမလိုဘူးကွ၊ မင်းအလုပ်ကို မင်းဘာသာလုပ်'

ကိုဟန်က အော်ကြီးဟစ်ကျယ် ပြောလိုက်သည်။

စင်စစ်မှာ မောရစ်၏မေးခွန်းမှာ သမရိုးကျဖြစ်သည်။

ဒေါသဖြစ်စရာ အကြောင်းမရှိချေ။ သို့ရာတွင် ဒေါသဖြစ်ပွားခြင်းမှ
ကိုဟန်၏ပင်ကိုယ်သဘာဝ မဟုတ်ပါချေ။ အစဉ်သဖြင့် တည်ငြိမ်အေးချမ်း
သော ကိုဟန်၏စိတ်နေသဘောထားကို သိထားသောမောရစ်က သံသယဖြစ်
လာသည်။ ထိုအချိန်ကာလအတောအတွင်း၌ မောရစ်သည် တယ်လ်အဗီမြို့
ရှိမော့ဆက်ဌာနချုပ်တွင် ရေဒီယိုအသံဖမ်းသူတစ်ယောက်အဖြစ် တာဝန်ယူ
ဆောင်ရွက်နေဆဲဖြစ်သည်။

သို့ဖြစ်ရာ ဒမတ်စကပ်မှ ထိပ်သီးအေးဂျင့်တစ်ယောက်က မော့ဆက်
ဌာနချုပ်သို့ ထောက်လှမ်းရေးအတွက် အရေးကြီးသောသတင်းများ ပေးပို့နေ
ခြင်းကို သူကိုယ်တိုင်မကြာခဏ အသံဖမ်းခဲ့ရဖူးသည်။ သို့ရာတွင်မော့ဆက်
အဖွဲ့ဝင်များကို အကြီးအကဲများက လျှို့ဝှက်ထားသောကြောင့် ထိပ်သီးအေး
ဂျင့်မည်သူမှန်း မောရစ်မသိခဲ့ရပါချေ။

သို့ရာတွင် ဒမတ်စကပ်မှ ပေးပို့လိုက်သောသတင်းများနှင့်အတူ။

'သမီးလေးအတွက် ပျော်ရွှင်စရာ မွေးနေ့မင်္ဂလာပါ' ဟူသော
အကြောင်းအရာပါလာတတ်သည်။ ထိုနေ့သည် အစ်ကိုဖြစ်သူကိုဟန်၏ သမီး

အကြီး (သို့မဟုတ်) သမီးအငယ်၏ မွေးနေ့နှင့် တိုက်ဆိုင်နေသည်ကို မော
ရစ်က သတိပြုမိသည်။

ထိုမျှမကပဲ ကိုဟန်သည်တယ်လ်အဗီသို့ ပြန်ရောက်ရှိနေသည့် ခွင့်
ရက်များအတွင်း၌ ဒမတ်စကပ်မှ သတင်းပေးပို့နေကျ ထိပ်သီးအေးဂျင့်၏
ဆက်သွယ်မှု လုံးဝဆိပ်သုဉ်းနေသည်ကို သတိထားမိလာခဲ့သော မောရစ်သည်
သူ၏အစ်ကိုကိုဟန်သည် အစ္စရေးနိုင်ငံအတွက် အရေးပါသောထိပ်သီးအေး
ဂျင့်တစ်ယောက်ဖြစ်ကြောင်း လုံးဝနားလည် သဘောပေါက်ခဲ့သည်။

သူ့အနေနှင့် အကြီးအကျယ်ဝမ်းသာအားရဖြစ်ခဲ့သည်။

သူ့အစ်ကိုအပေါ်တွင် ပိုမို၍လေးစားဂုဏ်ယူမိသည်။

ကိုဟန်အကြောင်းကို သူပြောပြချင်လွန်းသဖြင့် အူယား အသည်း
ယားဖြစ်နေခဲ့သည်။ သို့ရာတွင် မောရစ်ကအတတ်နိုင်ဆုံး အပြောမိစေရန်
သူ့စိတ်ခါတ်ကိုသူ နိုင်နိုင်နင်းနင်း ထိန်းချုပ်ထားလိုက်သည်။ ထိုသို့ ကိုဟန်
အကြောင်းကို ရိပ်မိသူတစ်ယောက် ရှိသေးသည်။

ထိုသူသည် ကိုဟန်၏ညီတစ်ယောက်ဖြစ်သော အီဖရိမ်းဖြစ်သည်။
ကိုဟန်က သူ့ညီအီဖရိမ်းအတွက် ရှူးဖိနပ်တစ်ရံ လက်ဆောင်ဝယ်လာခဲ့သည်။
ထိုရှူးဖိနပ်၏ တန်ဖိုးကအလွန်ဈေးကြီးသည်။ ထိုဖိနပ်ကို တူရကီနိုင်ငံမှ ဝယ်
လာကြောင်း ကိုဟန်ကပြောပြခဲ့သည်။ အီဖရိမ်းက ဖိနပ်အတွင်းဘက်အောက်
ခံတွင် အာရေဗျဂဏန်းဖြင့် ဖိနပ်အရွယ်အစား၊ နံပတ်ရေးထိုးထားသည်ကို
တွေ့လိုက်ရသည်။ ထို့ကြောင့်တူရကီနိုင်ငံမှ ဝယ်လာသည်ဆိုသော ကိုဟန်၏
စကားကို မဖြစ်နိုင်ကြောင်း သိလိုက်သည်။

သို့ရာတွင် အီဖရိမ်းက နှုတ်ဆိတ်နေလိုက်သည်။

တစ်နေ့တွင် ကိုဟန်တို့မိသားစုအားလုံးဆုံမိကြသည်။ သူတို့အားလုံး
သည် အာရပ်စကားကို မွေးကတည်းက ပြောလာခဲ့ကြသူများဖြစ်သည်။
ထို့ကြောင့်မိသားစု ဆုံမိသောအခါ အာရပ်စကားဖြင့်သာ ပြောလေ့ရှိသည်။
သို့ရာတွင်အာရပ်စကားသည် ဒေသအလိုက် ပြောဆိုကြသောလေယူလေ

သိမ်း၊ အသံအနေအထားမှာ သိသိသာသာကြီး ကွဲပြားခြားနားသည်။ မိသားစု ပြောဆိုကြသော အသံနေအသံထားမှာ အီဂျစ်နိုင်ငံမှ အာရပ်စကားလုံးအသုံး အနှုန်းဖြစ်သည်။ သို့ရာတွင် ကိုဟန်တစ်ယောက်တည်း ထူးထူးခြားခြား ဆီးရီး ယားလေယူလေသိမ်း ဖြစ်နေသည်။ ထိုအကြောင်းကို ပထမဆုံးသတိပြုမိသူ မှာ ကိုဟန်၏အမေဖြစ်သည်။ သို့ရာတွင် ကိုဟန့်အမေသည် မောရစ်နှင့်အီ ဖရိမ်တို့နည်းတူ ရင်ထဲတွင် မြိုသိပ်ထားလိုက်သည်။

ကိုဟန်၏ဖနီးက ကိုဟန်၏ပြောင်းလဲနေခြင်းကို သိသည်။

အခြားသူများနှင့်စာလျှင် နေဒီယာက အသိဆုံးဖြစ်သည်။

ကိုဟန်သည် အများအားဖြင့် စိတ်ပင်ပန်းနေသည့် အသွင်သဏ္ဌာန် မျိုး ဖြစ်နေတတ်သည်။ တစ်ခါတစ်ရံ တစ်ယောက်တည်း ငေးငိုင်နေခြင်းမျိုး တစ်စုံတစ်ရာကို ဘဝင်မကျသည့် အမူအရာမျိုးတွေ့ရသည်။ သူသည်ဇနီးဖြစ် သူနေဒီယာ၏ အနီးတွင် အတူတကွရှိနေသော်လည်း သူ၏စိတ်က အဝေးသို့ ပျံ့လွင့်နေတတ်သည်။ နေဒီယာသည် ကိုဟန်မည်သည့်အလုပ်ကိုလုပ် ကြောင်း ယေဘုယျသဘောမျိုး ခန့်မှန်းနိုင်ခဲ့သည်။ သို့ရာတွင် အခြားသူများ ကို ပြောပြခြင်း မပြုခဲ့။

နေဒီယာသည် ကိုဟန်၏အမူအယာကို ကြည့်၍စိတ်မချမ်းမသာ ဖြစ်လာမိသည်။ သူမ၏လင်ယောကျာ်းဖြစ်သူသည် သားမယားတို့နှင့် ခွဲခွါရ မည့်အရေးကို တွေး၍စိတ်သောက ရောက်နေသည်ဟု ထင်မြင်ယူဆလိုက် သည်။ ထို့ကြောင့် ပြောရာပြောကြောင်း နှစ်သိမ့်လိုက်သည်။

'ရှင်. . . ဗျူနိုစ်အေရီစ်ကို မသွားခင်ကတည်းက ဘယ်လိုတာဝန်မျိုး ထမ်းဆောင်နေတယ်ဆိုတာ၊ ကျွန်မရိပ်မိနေပါတယ်၊ ဒါပေမယ့် ရှင်နဲ့ပတ်သက် လို့ကျွန်မတို့မိသားစုက လုံးဝစိတ်ချယုံကြည်ထားတယ်။ ရှင့်အနေနဲ့လည်း ကျွန် မတို့မိသားစုအတွက် ဘယ်လိုမှပူပင်ကြောင့်ကြစရာ မလိုပါဘူးရှင်၊ ကျွန်မ လည်း အစွရေးနိုင်ငံသူတစ်ယောက်ပါပဲ'

နေဒီယာက စကားအဆုံးတွင် ပြုံးပြလိုက်သည်။

မြိတ်စာပေ

ကိုဟန်နှင့်ပတ်သက်၍ မော့ဆက်ဌာနချုပ်မှ အကြီးအကဲများက ကိုဟန်ဆောင်ရွက်ချက်များသည် စိတ်ရောလူပါ အားသွန်ခွန်စိုက် ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်ထားကြသည်။ ကိုဟန်ကြာလျှင် စိတ်ဖိစီးမှုဝေဒနာ ဖြစ်တော့မည်ဟု ထင်မြင်ယူဆကြသည်။ ထို့ကြောင့်ခွင့်ရက်တိုးပေးခဲ့သည်။

အကယ်၍ကိုဟန်က ဒမတ်စကပ်သို့ ပြန်သွားလိုကြောင်းနှင့် အခြားတာဝန်တစ်ခုခုပြောင်းလဲ ထမ်းဆောင်လိုသည်ဟု ခွင့်တောင်းပါက မော့ဆက်အကြီးအကဲများအနေနှင့် ကန့်ကွက်ရန်အကြောင်းမရှိပါ။

ကိုဟန်သည် လုပ်သင့်သည်ထက် ပို၍လုပ်ဆောင်ခဲ့ပြီးပြီ။

သို့ရာတွင် ကိုဟန်က တာဝန်ကိုဦးစားပေးသူဖြစ်သည်။

'ကျွန်တော်ဒီတစ်ခေါက် ထပ်သွားရဦးမယ်၊ ဒမတ်စကပ်မှာ လုပ်စရာတွေကျန်သေးတယ်၊ အဲဒါတွေ ဆောင်ရွက်ပြီးတော့မှပဲ ပြန်လာတော့မယ်'

သူက မော့ဆက်အကြီးအကဲများကို ပြောပြလိုက်သည်။

ကိုဟန်ခွင့်ရက်စေ့ကာနီး အချိန်တွင် နေဒီယာတို့နှင့်အတူ အပျော်ခရီးထွက်ခဲ့ကြသည်။ ကေဆာရီယာမြို့ကလေးသို့ ဖြစ်သည်။ ထိုမြို့ကလေးသည် ပင်လယ်ကမ်းခြေတွင် တည်ရှိသည်။ ကိုဟန်တို့ဇနီးမောင်နှံသည် ကေဆာရီယာမြို့ကလေးတွင် ပျော်ရွှင်ကြည်နူးစွာဖြင့် ချစ်ချစ်ခင်ခင်နေခဲ့ကြသည်။ နေ့ရက်များသည် တစ်နေ့ပြီးတစ်နေ့ ကုန်မှန်းမသိ ကုန်ဆုံးသွားသည်။

သို့ဖြင့် . . ခွင့်ရက်ပြည့်တော့မည့် အချိန်ဖြစ်လာသည်။

ကေဆာရီယာမြို့တွင် နောက်ဆုံးညတွင် ကိုဟန်နှင့်နေဒီယာသည် ချစ်သူစုံတွဲတစ်တွဲပမာ၊ စထရက်တန် ရက်စတော့ရင့်သို့ ယှဉ်တွဲရောက်ရှိသွားသည်။ သူတို့နှစ်ယောက်သည် မယ်ဇစ်တာရန်းနီးယန်း ပင်လယ်ပြင်ကို မြင်ရသောစားပွဲတွင် နေရာယူလိုက်ကြသည်။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်ကြသည်။

ကိုဟန်သည် သူ့ဇနီးနေဒီယာကို မမှိတ်မသုန်ကြည့်နေသည်။

နေဒီယာက မီနူးကပ်မှ အစားအသောက်စာရင်းကို ဖတ်နေရာမှ 'ရှင့်အတွက် ဘာမှာပေးရမလဲ ဟင်' ဟုမေးလိုက်သည်။

'မင်းကြိုက်တာသာ မှာလိုက်ပါ၊ မင်းမှာတာကို တို့စားမယ်'

ကိုဟန်က အပြုံးသဲ့သဲ့ဖြင့် ပြောလိုက်သည်။

သူတို့အနီးသို့ စားပွဲထိုးတစ်ယောက် ရောက်ရှိရပ်တည်လာသည်။ နေဒီယာက ကိုဟန်နှစ်သက်စွာ စားလေ့ရှိသော အစားအစာများကို စာရွက်ဖြတ်ပိုင်းကလေးတွင် ရေး၍မှာလိုက်သည်။ ညစာမစားခင် ကိုဟန့်အတွက် ဘရန်ဒီနှင့် နေဒီယာအတွက် ဝိုင်အနည်းငယ်စီ သောက်ကြသည်။ ညစာကို မြိန်ယှက်စွာ စားကြသည်။

ညစာစားပြီးချိန်တွင် သူတို့နှစ်ယောက် အပူအပင်ကင်းစွာဖြင့် ပင်လယ်ရေပြင်၏ ညရှုခင်းကို ငေးမောကြည့်ရှုမိကြသည်။ ရေပြင်ကိုဖြတ်ကျော်၍ တိုက်ခိုက်လာသောလေသည် နေဒီယာ၏ဆံနွယ်များကို လှုပ်ရှားလွင့်ပျံ့စေသည်။

နေဒီယာက မျက်နှာပေါ်သို့ရောက်ရှိနေသော ဆံနွယ်များကို လက်ချောင်းကလေးများဖြင့် တစ်ချက်သိမ်း၍ သပ်တင်လိုက်သည်။ ထို့နောက် ကိုဟန်ဘက်သို့ အကြည့်တစ်ချက်ဝေ့ကြည့်လိုက်သည်။ ကိုဟန်ကသူမကို ပြုံးကြည့်နေသည်။

'မင်းနဲ့ငါ. . . ပထမဆုံး စတွေ့တဲ့ညကို ပြန်စဉ်းစားမိတယ်၊ အဲဒီတုန်းကမင်းဝတ်ထားတဲ့ ဝတ်စုံရဲ့ အရောင်ကိုတောင်မှ မှတ်မိနေသေးတယ်'

ကိုဟန်က စဉ်းစဉ်းစားစားဖြင့် ပြောလိုက်သည်။

'ဒါဖြင့် အဲဒီဝတ်စုံက ဘာရောင်လဲ ပြောလေ'

နေဒီယာက ကိုဟန်မှတ်မိသည်မှာ မှန်၊ မမှန် သိလို၍မေးသည်။

'မိုးပြာရောင် ဝတ်စုံလေးနဲ့ သေသေသပ်သပ် ဝတ်ဆင်ထားတယ်၊ အဲဒီညက မင်းသောက်တဲ့ဝိုင်အမျိုးအစားကိုပါ ပြောပြရဦးမလား'

ကိုဟန်က စိတ်ပါလက်ပါမေးသည်။

'ပြောကြည့်လေ'

နေဒီယာက ကြည်နူးသံဖြင့် တိုက်တွန်းလိုက်သည်။

'စပျစ်ဝိုင်. . . ဟုတ်လား'

'သိပ်ဟုတ်တာပေါ့၊ နောက်ရော အဲဒီစတွေ့တဲ့ညဉ့်က အကြောင်းနဲ့ ပတ်သက်ပြီး တခြားဘာတွေများ မှတ်မိနေသေးလဲ ပြောပြပါဦး'

'တို့ သေချာမှတ်မိနေတယ်၊ တို့မိတ်ဆွေ ကုမ္ပဏီပိုင်ရှင်ကြီးက မင်းနဲ့ တို့ကိုမိတ်ဆက်ပေးတယ်၊ ဒါပေမယ့် တို့နှစ်ယောက်က တော်တော်နဲ့စကား လက်ဆုံမကျဘူး၊ ဒါကြောင့်သူက တခြားစုံတွဲတွေ မနားတမ်းစကားပြောကြ တယ်။ မင်းနဲ့တို့ကတော့ တိတ်နေတာပဲ. . . လို့မှတ်ချက်ချတယ်၊ အဲဒီတော့ မင်းက 'ကျွန်မနဲ့ ကိုဟာန်ကစုံတွဲမှ မဟုတ်ပဲ' လို့ လွတ်ကနဲ ပြောပြီး၊ ရှက်သွေး ကြွသွားတဲ့ ပန်းနုရောင်မျက်နှာလေး ဖြစ်သွားတယ်၊ နောက်တော့ မင်းနဖူး ပေါ်ကို ဝေ့ကျလာတဲ့ ဆံနွယ်တွေကို လက်ညှိုးနဲ့သပ်တင်တယ်၊ ခုနတုန်းက မင်းလုပ်လိုက်တဲ့ ပုံစံမျိုး'

နေဒီယာသည် ကိုဟာန်အနေနှင့် သူမအပေါ်တွင်အလေးအနက်ထား ကြောင်း သိလိုက်ရသည်၊ ထို့ကြောင့်သူမ၏ ရင်ထဲတွင် တစ်သိမ့်သိမ့်ကြည်နူး လာမိသည်။ သူမက ကိုဟာန်၏လက်ချောင်းများကို ဆွဲယူဆုပ်ကိုင်လိုက်သည်။

'ရှင် အဲလိုမျိုး မှတ်မိနေတာကို ကျွန်မအရမ်းခံစားရတယ် သိလား'

နေဒီယာက မချင့်မရဲ ပြောလိုက်သည်။

'ကိုယ်မှတ်ထားတာကိုတော့ ပြောပြပြီးပြီ၊ မင်းကို ပထမဆုံးချစ် ကြောင်း ပြောတဲ့နေရာကိုကော မင်းမှတ်မိသေးလား'

ကိုဟာန်က သူမ၏မျက်လုံးအစုံကို ကြည့်၍မေးသည်။

'သိပ်မှတ်မိတာပေါ့၊ ရှင်နဲ့ကျွန်မ ဟာဇလီယာ ကမ်းခြေမှာပေါ့နော်၊ ရှင်က ကျွန်မနဲ့စုံတွဲဖြစ်သွားကြောင်းပြောပြီး 'ချစ်သူအဖြစ်လက်ခံနိုင်မလား' လို့မေးတယ်လေ၊ နောက်တော့ နိုက်ကလပ်မှာ စတွေ့တဲ့အချိန်ကစပြီး ကျွန်မ ကို ရှင့်ချစ်သူအဖြစ် အတွေးထဲမှာ စွဲစွဲမြဲမြဲ ချစ်ခဲ့တယ် လို့ပြောခဲ့တယ်လေ'

နေဒီယာက ဆွဲဆွဲငင်ငင် ပြောလိုက်ခြင်းဖြစ်သည်။

'မင်းနဲ့တို့ အဲလိုမျိုး အချိန်ပြည့် ချစ်ချစ်ခင်ခင် ပြန်နေချင်ပါတယ် ကွာ၊ မင်းနဲ့ကလေးတွေပါ အတူတူမခွဲမခွါတမ်း နေချင်ပါတယ်၊ ဒါပေမယ့် ဒီတစ်ခေါက်တော့ ပြန်သွားရဦးမယ်၊ တို့ပြန်လာရင်တော့ ဘယ်တော့မှမခွဲ တော့ဘူးနော်'

ကိုဟာန်က လှိုက်လှိုက်လှဲလှဲ ပြောသည်။

နောက်တစ်နေ့တွင် နှစ်ယောက်သားခွဲခွါကြရသည်။ နေဒီယာသည် ကိုဟာန်ပြောခဲ့သော စကားများကို အမှတ်ရကာ ရှိုက်ကြီးတစ်ငင် ငိုကြွေးနေ တော့သည်။

xxxxxxxxxxxxxx

ပြီတ်စာပေ

## အခန်း (၁၉)

အရှေ့ဦးသည် အနက်ရောင်ညဥ့်ကို တွန်းဖယ်လိုက်သည်။

ထိုအချိန်တွင် မိုးဖွဲဖွဲလေးများ ကျလာသည်။ ထိုနေ့သည် ၁၉၆၅ခုနှစ် ဇန္နဝါရီလ၏ နံနက်အာရုဏ်တက်ချိန်ဖြစ်သည်။ ကိုဟန်သည် သန်းခေါင်ကျော်သည့်တိုင်အောင် တယ်လ်အဗီရှိမော့ဆက်ဌာနချုပ်သို့ ထောက်လှမ်းရေးသတင်းများကို ပေးပို့နေခဲ့သည်။

သတင်းပို့ပြီးချိန်တွင် ခေတ္တနားလိုက်သည်။

မော့ဆက်မှ ပြန်ကြားချက်ကို စောင့်နေသည်။ ထိုသို့စောင့်ဆိုင်းရင်းဖြင့် ကုတင်ထက်ရှိ အိပ်ရာပေါ်တွင် ကျောဆန့်လဲလျောင်းလိုက်သည်။ သူ၏ကုတင်ဘေးဘက်တွင် အသံလွှင့်၊ အသံဖမ်းစက်ကလေး ရှိနေသည်။

လွန်ခဲ့သော ညနေက ကိုဟန်သည်သူ၏ မိတ်ဆွေဟာတောင်းနှင့် ညစာစားသောက်ခဲ့ကြသည်။ ထိုသို့စားသောက်ရင်း စကားစမြည်ပြောရာ

ဟာတောင်းထံမှ အရေးကြီးသော သတင်းတစ်ခုကို ကြားသိခဲ့ရသည်။ ထိုသတင်းမှာ သမတကြီးအယ်လ်ဟာဖက်ဇ်နှင့် ဆီးရီးယားလျှို့ဝှက်ထောက်လှမ်းရေးဦးစီးအရာရှိတို့သည် မဟာဗျူဟာသစ်တစ်ခုအတွက် ဆုံးဖြတ်ချက် ချခဲ့သည် ဟူ၍ဖြစ်သည်။

သူတို့က တစ်ကွဲတစ်ပြားစီဖြစ်နေသော ပါလက်စတိုင်း ဒုက္ခသည်လှုပ်ရှားမှုများကို ပေါင်းစု၍ အကြမ်းဖက်အဖွဲ့ကြီးတစ်ခုဖွဲ့ရန် ထိုအဖွဲ့ဝင်များကိုစစ်စခန်းများတွင် လျှို့ဝှက်သင်တန်းပေးပြီး အစ္စရေးတို့ကိုဆန့်ကျင်သောပျောက်ကျားများအဖြစ် တိုက်ခိုက်ခိုင်းရန် စီစဉ်ကြသည်။

'ကျုပ်တို့အနေနဲ့ အယ်လ်ဂျီးနီးယား ကြိုးပမ်းမှုနည်းလမ်းအတိုင်းဆောင်ရွက်ရမယ်၊ အာဖရိကမြောက်ပိုင်းမှာ နယ်ချဲ့ပြင်သစ်တွေကို သူတို့တိုက်ခိုက်သလို ဂျူးတွေကိုလည်း အဲဒီလို လုပ်ရမယ်'

ဟာတောင်းက အားရပါးရ ပြောခဲ့သည်။

ထိုသတင်းနှင့် ပတ်သက်၍ ကိုဟန်ထံမှပေးပို့သော အသေးစိတ်အကြောင်းအရာများကို မော့ဆက်ဌာနချုပ်မှတစ်ဆင့် အစ္စရေးဝန်ကြီးချုပ်ထံသို့အထူးဆက်သားဖြင့် အလျင်အမြန် အကြောင်းကြားလိုက်သည်။

ကိုဟန်က သူ့လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။

အချိန်အားဖြင့် နံနက်ရှစ်နာရီ ထိုးနေလေပြီ။

ကိုဟန်သည် လဲလျောင်းနေရာမှထ၍ စားပွဲပေါ်ရှိ အသံလွှင့်၊ အသံဖမ်းစက်၏ လက်ကိုင်ဘုကို ကိုင်လိုက်သည်။ အရာရာရှင်းလင်းကြောင်းအချက်ပြ ပို့ရန်နေရာအထိ လှည့်လိုက်သည်။ ထိုအချက်ပြပို့ရန်မှာ မော့ဆက်ဌာနချုပ်မှ ထုံးစံအတိုင်းဖြစ်သည်။

ရုတ်တရက်ကျယ်လောင်သော တံခါးခေါက်သံကြားရသည်။

ကိုဟန်ရှိနေသော လျှို့ဝှက်အခန်းကျဉ်းကလေး၏ တံခါးကိုကြမ်းတမ်းစွာခေါက်နေခြင်းဖြစ်သည်။ ကိုဟန်တစ်စုံတစ်ခု ပြုလုပ်ရန်အချိန်မရှိတော့ပါချေ၊ ထူထည်းသော သစ်သားတံခါးရွက်တစ်ခုလုံး ပျက်စီး၍အခန်းတွင်းသို့

ပုံကျသွားသည်။ ကိုဟန်အခန်းထဲသို့ ပြေးဝင်လာကြသည်။

သူတို့အားလုံး ရှစ်ယောက်။

လက်နက်ကိုယ်စီနှင့်၊

အရပ်ဝတ်အရပ်စားများ ဝတ်ဆင်ထားကြသည်။ ကိုဟန်ကသူ၏ အသံလွှင့်၊ အသံဖမ်းစက်ကို အဝတ်တစ်ထည်ဖြင့် ကပြာကယာဖုံးအုပ်လိုက်သည်။ သူ့အတွက် အရာရာနောက်ကျသွားလေပြီ။

ရောက်လာသူများထဲမှ နှစ်ယောက်ကသူ့ဘေးသို့ခုန်ဝင်သည်။

သူ၏နားထင်ဘေးတစ်ဘက်တစ်ချက်သို့ ပစ္စတိုသေနတ်ပြောင်းဝများဖြင့် ဖိကပ်ထောက်လိုက်ကြသည်။

'လုံးဝလှုပ်ဖို့ မကြိုးစားနဲ့တော့'

တစ်ယောက်က တင်းမာပြတ်သားစွာ ပြောသည်။

ထိုအခိုက်အတန့်တွင် ယူနီဖေါင်းဝတ် ပုဂ္ဂိုလ်တစ်ယောက်က ကိုဟန့်ဘေးသို့ချဉ်းကပ်လာသည်။ ကိုဟန်က မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။

ထိုသူကို ချက်ချင်းမှတ်မိလိုက်သည်။

ကာနယ် အာမက်ဆူဝီဒန်နီ ဖြစ်သည်။ ထိုသူသည် တန်ပြန်ထောက်လှမ်းရေးဌာန၏ ဦးစီးဖြစ်နေသည်။ ကိုဟန်က ကာနယ်အာမက်၏ တင်းမာသောမျက်နှာကြီးကို မြင်လိုက်ရသည်နှင့် သူ့စိတ်ကို ဒုံးဒုံးချလိုက်သည်။

မိမိအတွက် ပွဲသိမ်းသွားလေပြီ။

xxxxxxxxxxxxxxxxx

နောက်တစ်နေ့တွင် လက်ဘနွန်သတင်းစာများမှ သတင်းထောက်များက ကာနယ်အာမက်ဆူဝီဒန်နီကို အင်တာဗျူး လုပ်ကြသည်။

'ကာနယ်အာမက် ခင်ဗျား၊ ကာနယ်လ်အနေနဲ့ ကမဲလ်ကိုဘယ်အချိန်ကစပြီး ဘယ်လိုအကြောင်းကြောင့် သူလျှိုတစ်ယောက် ဖြစ်နေလိမ့်မယ်လို့

ယူဆခဲ့တာလဲ'

သတင်းထောက်တစ်ဦးက မေးသည်။

'အဲလိုမျိုး အတိအကျပြောလို့မရပါဘူး၊ ဒါပေမယ့် သူဟာမသက်ာစရာတစ်ခုမှ မလုပ်ခဲ့ဖူးဘူး၊ တကယ့်ကို ပိပိရိရိ အပြစ်ကင်းကင်းနေခဲ့တယ်။ အဲဒီအချက်က သူ့ကိုမသင်္ကာစရာ လူတစ်ယောက်လို့ ယင်မြင်ယူဆလိုက်ရတော့တာပဲ'

ကာနယ်အာမက်က သတင်းထောက်များအနေနှင့် သူ့စကားကို နားလည်နိုင်စွမ်းရှိမရှိ အကဲခတ်လိုက်သည်။ ထို့နောက်သူ၏ စကားကို ထပ်မံ ရှင်းပြသည်။

'လူတိုင်းလူတိုင်းဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အမှတ်တမဲ့ဖြစ်စေ။ အမှားအယွင်းတစ်ခုခု လုပ်လေ့လုပ်ထရှိပါတယ်။ ဒါဟာ သာမာန်ဖြစ်လေ့ဖြစ်ထရှိတဲ့ အကြောင်းအရာပါ၊ ဒါပေမယ့် ကမဲလ်ဟာ အကျင့်စာရိတ္တလဲ ကောင်းတယ်၊ လုပ်ငန်းမှာလည်းထူးချွန်တယ်၊ အမှာအယွင်းတစ်ခုမှ မလုပ်ခဲ့တဲ့အတွက် သူ့ကိုယ်သူ တင်းတင်ကြပ်ကြပ်ဘောင်ခတ်ထားလို့သာ အဲဒီလို အရာရာကိုထိန်းသိမ်းနိုင်တာ ဖြစ်ရမယ်။ လူတစ်ယောက်အနေနဲ့ အဲဒီလောက်ကြီးထိန်းချုပ်နိုင်တာဟာ သာမာန်အဆင့်မဟုတ်တော့ဘူး လို့စိတ်ဝင်စားစရာဖြစ်လာတယ်၊ အဲဒီအချိန်ကစပြီး သူ့ကိုကျုပ်လူတွေနဲ့ နောက်ယောင်ခံခိုင်းရတော့တာပါပဲ' ဟူ၍ ပိုင်နိုင်စွာပြောသည်။

ထို့နောက်ဆက်လက်၍ ရှင်းပြသည်။

'သူ့နောက်ကို နောက်ယောင်ခံလိုက်နေတာ လပေါင်းများစွာ ကြာခဲ့ပါပြီ၊ သူ့တိုက်ခန်းမှာ ဝင်ထွက်သွားလာကြသူတွေကို ကျုပ်လူတွေကမျက်ခြေမပြတ်စောင့်ကြည့်ခဲ့တယ်။ သူ့တိုက်ခန်းအမိုးပေါ်မှာ တပ်ဆင်ထားတဲ့ ရေဒီယိုအင်တင်နာကို ကျုပ်ကိုယ်တိုင်သတိပြုမိခဲ့ပါတယ်။ သူ့အပေါင်းအသင်းတွေ မိတ်ဆွေတွေရဲ့စာရင်းကို လေ့လာလိုက်တာနဲ့ အဲဒီပုဂ္ဂိုလ်တွေဟာ အင်မတန်မှ အရေးပါတဲ့ လူတွေဖြစ်နေတာကိုတွေ့ရတယ်၊ အဲဒီပုဂ္ဂိုလ်တွေဆီကရမယ့်

သတင်းတွေဟာ စပိုင်တစ်ယောက်အတွက် အင်မတန်အသုံးဝင်နေမယ် ဆိုတာ ကျုပ်သိခဲ့ပါတယ်။ နောက်တော့သူ့တယ်လီဖုန်းကို ကြားဖြတ်နား ထောင်ခဲ့တယ်။ သူ့စာတွေကိုလည်း ဖတ်ခဲ့ရပါတယ်၊ ဒါကြောင့်သူဟာ အင် မတန် အန္တရာယ်ပေးနိုင်တဲ့ စပိုင်တစ်ယောက်ဖြစ်နေတာကို သိလိုက်ရတော့ တာပါပဲ'

ကာနယ်အာမက်က နိဂုံးချုပ်လိုက်သည်။

စင်စစ်အားဖြင့် သူ့ကိုယ်သူ အမွန်းတင်ခဲ့ခြင်းသာဖြစ်သည်။

ဒမတ်စကပ်မြို့တော်တွင် သုံးနှစ်တိုင်တိုင်မော့ဆက်အေးဂျင့်အဖြစ် လှုပ်ရှားခဲ့သော ကိုဟန်အားမည်သူတစ်ဦးတစ်ယောက်ကမှ သင်္ကာမကင်း မဖြစ်ခဲ့ဖူးပါချေ၊ မည်သူကနောက်ယောင်ခံခြင်းလည်း မပြုခဲ့ပါ၊ မျက်ခြည်မ ပျက် စောင့်ကြည့်ခြင်းမျိုးလည်း မရှိခဲ့ဖူးပါ၊ ထို့ကြောင့် ကိုဟန်အနေနှင့်လုံးဝ ခြေလှမ်းမမှားခဲ့ပါချေ။

စင်စစ်အားဖြင့် ကိုဟန်နေထိုင်ရာ အဆောက်အဦးအနီးရှိ အိန္ဒိယသံ ရုံးသည် နယူးဒေလီမြို့သို့ အသံလွှင့်ပေးပို့ချက်များ ဆောင်ရွက်ရာ၌ အသံ လှိုင်းထဲတွင် တစ်ဂျီဂျီ၊ တစ်ဂွီဂွီအသံများ ဝင်နေလေ့ရှိကြောင်း၊ လွန်ခဲ့သော လပေါင်းများစွာက ဆီးရီးယားအာဏာပိုင်များထံသို့ တိုင်ကြားခဲ့ဖူးသည်။

သို့ရာတွင် ဆီးရီးယားအာဏာပိုင်များက ထိုသို့ဖြစ်ရခြင်းအကြောင်း အရင်းကို ရှာဖွေခဲ့ကြသော်လည်း ထိုအချိန်က အသုံးပြုခဲ့သော စက်ပစ္စည်း ကရိယာများသည် ခေတ်မမီသောကြောင့်၊ ဘာ့ကြောင့်ဖြစ်မှန်းအဖြေ မပေါ်ခဲ့ ပါချေ။

မည်သို့သော အကြောင်းကြောင့် လျှို့ဝှက်ချက်ပေါ်သနည်း။

ထိုဖြစ်ရပ် အတိအကျကို ယခုထက်ထိ မသိကြပါ။

သို့ရာတွင် ဆီးရီးယားတွင် ဆိုဗီယက်အကြံပေး အရာရှိများနှင့်(၂)နှစ် ကျော်မျှ လုပ်ကိုင်ဆောက်ရွက်နေကြသည်။ ထို့ကြောင့်ထိုအရာရှိများက တစ်စုံ တစ်ယောက်သည် အိန္ဒိယသံရုံးအဆောက်အဦးအနီးမှ တရားမဝင်သော

သတင်းများပေးပို့နေကြောင်း ဖြစ်နိုင်ကြောင်း ခန့်မှန်းအကြံပေးကြသည်။

နောက်ပိုင်းတွင် ကိုဟန်၏ရုံးခန်းအဆောက်အဦးနှင့် မျက်နှာဆိုင်တွင်တည်ရှိသော ဆီးရီးယားစစ်ဌာနချုပ်သို့ မော်စကိုမှ ခေတ်အမီဆုံးစက်တစ်ခုပေးပို့လိုက်သည်။ ထိုစက်သည် မိုဘိုင်းဒီတက်ရှင်း ယူနစ်တပ်ဆင်ထားသည်။

ထိုစက်ဖြင့် အသံလှိုင်းလမ်းကြောင်းရှာဖွေခဲ့ရာ ကိုဟန်၏သတင်းလွှင့်ထုတ်ပေးပို့ခြင်းကို ဖမ်းယူရရှိသည်။ သို့ရာတွင် ကိုဟန်ကသူပေးပို့သည့်သတင်းကို တိုတိုပြတ်ပြတ်သာပို့ခဲ့သောကြောင့် မည်သည့်နေရာမှ ပို့ကြောင်းတိတိကျကျ အသိနိုင်ခဲ့ကြပါချေ။

ထို့ကြောင့်ကိုဟန်အား ဖမ်းဆီးခြင်းမပြုမီ လွန်ခဲ့သောညဦးတွင် ကိုဟန်၏တိုက်ခန်းရှိသော အဆောက်အဦးနှင့်ကပ်လျက်တည်ရှိသော အခြားအဆောက်အဦးတွင်းသို့ ရုတ်တရက် ဝင်ရောက်၍ အခန်းစေ့ ရှာဖွေခဲ့ကြသေးသည်။

ထိုဖြစ်ရပ်ကို ကိုဟန်လုံးဝမသိခဲ့။

သူသာသိလျှင် သတိထား ဆင်ခြင်နိုင်လိမ့်မည်။

အခြားအဆောက်အဦးကို တန်ပြန်ထောက်လှမ်းရေးများက ဝင်ရောက်ရှာဖွေစဉ်ကဆိုလျှင် ထိုအဆောက်အဦးပတ်လည်တွင် အချက်ပေးသင်္ကေတအဖြစ်၊ တပ်ဖွဲ့ဝင်တို့၏ ကားမီးများလင်းထိန်နေခဲ့သည်။ သို့ရာတွင် ကိုဟန်က သူ့အခန်းထဲတွင်သာရှိနေပြီး ပြင်ပဝန်းကျင်ကို သတိမပြုခဲ့မိပါချေ။

ကိုဟန်အဖမ်းမခံရမီ လွန်ခဲ့သောနှစ်ညတွင် မော့ဆက်ဌာနချုပ်သို့ ကိုဟန်ကသူ့တွေ့ကြုံရသည့် အခြေအနေကို တင်ပြခဲ့သေးသည်။ သူသတင်းပေးပို့ချိန်တွင် ဖြစ်ရိုးဖြစ်စဉ် မဟုတ်သောလျှပ်စစ်မီးဖြတ်ထားခြင်းခံရကြောင်း ထို့ကြောင့် ဘက်ထရီဖြင့် အသုံးပြု၍ သတင်းပို့ခဲ့သည်။

ကိုဟန်အား ဖမ်းဆီးတော့မည့် ညဦးမတိုင်မီ နံနက်ပိုင်းတွင် သူနေထိုင်ရာဝန်းကျင်၌ လျှပ်စစ်မီးဖြတ်ထားခဲ့သည်။ ထို့ကြောင့်သူသည် ဘက်ထရီ

များကို အသုံးပြု၍ သတင်းပို့ခဲ့ရသည်။ ထိုအခါလျှပ်စစ်မီးဖြတ်ထားချိန်တွင် ထိုနေရာဝန်းကျင်၌ ကိုဟန်၏ အသံလွှင့်စက်တစ်ခုတည်းသာ အသံလွှင့်သတင်းပေးပို့နေကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

ထို့ကြောင့် ကိုဟန်နေထိုင်သော အခန်းတည်ရှိသည့် အဆောက်အဦးတစ်ခုလုံးကို တန်ပြန်ထောက်လှမ်းရေးသမားများက ပတ်ပတ်လည် နေရာယူ၍ဝိုင်းရံထားလိုက်ကြသည်။ အချို့က တိုက်ခေါင်မိုးပေါ်သို့ တက်ရောက်ရှာဖွေကြသည်။

ထိုအခါ ရေဒီယိုအသံလွှင့်စက်အတွက် တပ်ဆင်ထားသော ဧရိယာကြိုးကို တစ်ယောက်က မတော်တစ်ဆ တိုက်မိခဲ့သည်။ ထိုကြိုးသည် ကိုဟန်၏အခန်းထဲသို့ ပြတင်းပေါက်မှ တစ်ဆင့်ဝင်သွားသည်။ သို့ဖြင့်ကိုဟန်သည် လျှို့ဝှက်အေးဂျင့်တစ်ယောက်အဖြစ် ထောက်လှမ်းရေးသတင်းများ လွှင့်ထုတ်ပေးပို့နေသူဖြစ်ကြောင်း သိရှိလိုက်ရသည်။

သို့ရာတွင် တန်ပြန်ထောက်လှမ်းရေးသမားများက ကိုဟန်ကိုချက်ချင်းဝင်ရောက်ဖမ်းဆီးခြင်း မပြုသေးပဲ၊ အကြီးအကဲဖြစ်သူ ကာနယ်အာမက်ဆူဝီဒါနီ အားအကြောင်းကြားလိုက်သည်။

ကာနယ်အာမက်ကလည်း သမတကြီးအယ်လ်ဟာဖက်ဇ်ထံသို့ ထပ်ဆင့်သတင်းပို့လိုက်သည်။ ကိုဟန်သည် သမတကြီး၏ အရေးပေးခံနေရသူဖြစ်သောကြောင့် ကာနယ်အာဖက်အနေနှင့် သမတကြီးထံမှ ခွင့်ပြုချက်ကိုဦးစွာတောင်းခံလိုက်ရခြင်း ဖြစ်သည်။

သမတကြီးက အစပထမတွင် လုံးဝမယုံကြည်ချေ။

'မင်းတို့ပြောတာ သေချာရဲ့လားကွာ'

ဟူ၍ပြန်လည် မေးခွန်းထုတ်လိုက်သေးသည်။

'ကျွန်တော် မသေချာပဲနဲ့ သမတကြီးကို စိတ်အနှောက်အယှက်ဖြစ်အောင် မလုပ်ပါဘူး၊ သူ့အခန်းထဲက အသံလွှင့်စက်တစ်ခုထဲပဲ သတင်းပေးနေတယ်ဆိုတာ အထောက်အထား ခိုင်မာနေပါပြီ'

မြိတ်စာငံပ

ကာနယ်အာမက် ကပိုင်နိုင်စွာ ပြောလိုက်သည်။

သမတကြီး အကြီးအကျယ်အံ့ဩသွားသည်။

'ဖြစ်မှဖြစ်ရလေကွာ၊ ဒါဆိုရင် မင်းတို့ဆက်လုပ်မယ့် အစီအစဉ်က ဘယ်လိုလဲ'

သမတကြီးက စိတ်ထိခိုက်စွာ မေးလိုက်သည်။ သူ့အယုံကြည်ဆုံး၊ စိတ်အချရဆုံးဖြစ်နေသူက သူ့အပေါ်တွင် သစ္စာဖောက်သွားသည်. . . ဟူသောအတွေးကြောင့် ကျိတ်မနိုင်ခဲမရ ဖြစ်နေသည်။

'ကျွန်တော်အနေနဲ့ သူ့ကိုချက်ချင်း မဖမ်းပဲလွှတ်ထားကြည့်ရရင် ကောင်းမလားလို့ စဉ်းစားကြည့်မိတယ်'

ကာနယ်အာမက်က မတင်မကျပြောသည်။

'မင်းရည်ရွယ်ချက်က ဘာလဲ'

သမတကြီးက ချက်ချင်းပြန်မေးသည်။

'ဒီကိစ္စမှာ ကမဲလ်တစ်ယောက်တည်း ဖမ်းမယ့်အစား သူ့ကိုတယ်ကြက်သဘောမျိုးနဲ့ လွှတ်ထားလိုက်ရင် တခြားသူ့အပေါင်းပါတွေကိုပါ ဖော်ထုတ်ဖမ်းဆီးနိုင်ပါလိမ့်မယ်၊ သူနဲ့ပတ်သက်တဲ့ သစ္စာဖောက်တွေအားလုံး စာရင်းနဲ့တကွ တင်ပြနိုင်မှာပါ၊ သူ့ဆီဝင်ထွက်သွားလာနေကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ အရေးပါတဲ့ လူတွေကိုလည်း ကျွန်တော်စာရင်းပြုစုထားပါတယ်'

ကာနယ်အာမက်က ရေရေလည်လည် ရှင်းပြသည်။

သမတကြီးသည် အာမက်အကြောင်းကို သိထားသည်။

အာမက်သည် ပုဂ္ဂိုလ်ရေးအရ အမြတ်ထုတ်နိုင်ရန် ရည်ရွယ်ပြောဆိုနေကြောင်းကို သူသဘောပေါက်သည်။ ကမဲလ်နှင့် အကျွမ်းတစ်ဝင်ပေါင်းသင်းဆက်ဆံနေကြသော အရေးပါသူများထဲတွင် သမတကြီးကိုယ်တိုင်လည်း ပါဝင်နေသေးသည်။ ထို့ကြောင့် သမတကြီးအနေနှင့် အပြစ်မရှိသည့်တိုင်အောင် သူ၏နာမည်တွင် အစွန်းအထင်းတစ်ခု ဖြစ်သွားစေလိမ့်မည်။

သမတကြီးသည် တစ်ချိန်က ကမဲလ်ကို ဗျူနိုစ်အေရီစ်နှင့် ဂျော်ဒန်

နိုင်ငံသို့ စေလွှတ်၍စည်းရုံးစေခဲ့သည်။ အထူးယုံကြည်အားထားခဲ့သူဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးနေရာကိုပင် ရထားခဲ့သည်။ ထိုအကြောင်းအရာများကို မီးခိုးကြွက်လျှောက် ဖေါ်ထုတ်ခဲ့လျှင် ကာနယ်အာမက်သည် အကြီးအကျယ် နာမည်ရသွားနိုင်သည်။ အာမက်နာမည်ရသည်နှင့်အမျှ အယ်လ်ဟာဖက်ဇ် နာမည်ကျမည့် အလားအလာရှိနေသည်။

ထို့ကြောင့် သမတကြီးအယ်လ်ဟာဖက်ဇ်က. . .

'ကမဲလ်ကို ချက်ချင်းဖမ်းဖို့ ငါအမိန့်ပေးတယ်' ဟူ၍ ရုတ်တရက် ပြောလိုက်သည်။ ထို့နောက်ဆက်လက်၍

'အဲဒီကိစ္စနဲ့ ပတ်သက်လို့ ပြည်သူတွေကို ချက်ချင်းကြီးအသိမပေးနဲ့ ဦး၊ နောက်ပြီးဒါအမျိုးသားရေး အကျိုးစီးပွါးနဲ့ မပတ်သက်တဲ့ ကိစ္စတစ်ခုလို့ သတ်မှတ်ထားလိုက်' ဟုထပ်မံ ဖြည့်စွက် သတိပေးလိုက်သည်။

xxxxxxxxxxxxxxxx

မြိုတ်စာပေ

## အခန်း (၂၀)

ကာနယ်အာမက်သည် သမတကြီး၏ ခွင့်ပြုချက်ရရှိခဲ့သည်။

သူ့အဖွဲ့ဝင် ရှစ်ယောက်ကို သေချာစွာ ညွှန်ကြားသည်။

'မင်းတို့ ကမဲလ်အခန်းထဲကို ဖြစ်နိုင်တဲ့နည်းနဲ့ အမြန်ဆုံးဝင်ရမယ်။ ဒါပေမယ့် အတတ်နိုင်ဆုံး အရှင်ဖမ်းမိဖို့ ကြိုးစားရလိမ့်မယ်၊ သူသေသွားရင် သူနဲ့ပတ်သက်ဆက်နွယ်နေတဲ့သူတွေနဲ့ အဆက်ပြတ်သွားပြီး၊ လမ်းစပျောက်သွားနိုင်တယ်၊ ငါပြောတာ ရှင်းလား'

'ရှင်းပါတယ် ကာနယ်၊ ဒါပေမယ့် သူ့မှာရှိတဲ့လက်နက်နဲ့ ခုခံတိုက်ခိုက်ရင်ကော'

တန်ပြန်ထောက်လှမ်းရေးသမားတစ်ယောက်က ပြန်မေးသည်။

'ငါပြောတာကို မင်းသေချာသဘောမပေါက်ဘူး ထင်တယ်၊ သူ့ကို

အရှင်ဖမ်းချင်တယ်လို့သာ ငါသတိပေးခဲ့တာ၊ သူ့ကို မင်းတို့ကိုပြန်ပြီးခုခံတိုက်ခိုက်ရင် မင်းတို့ လက်နက်တွေကို အသုံးမပြုရဘူးလို့ ပြောတာမဟုတ်ဘူး၊ သေလောက်တဲ့နေရာကို မပစ်ဖို့သာ ပြောတာကွ'

'ဟုတ်ကဲ့၊ ကျွန်တော်သဘောပေါက်ပါပြီ ကာနယ်'

မေးခွန်းထုတ်သူက ဝန်ခံလိုက်သည်။

'ကဲ နောက်ထပ် ဘာမေးစရာ ကျန်သေးလဲ'

သူလူများက ငြိမ်သက်စွာ စဉ်းစားနေကြသည်။

ထိုအချိန်တွင် ကာနယ်အာမက် ကိုယ်တိုင်လည်း ကိုဟာန်နှင့်ပတ်သက်၍ အခြေခံအကြောင်းတရားကို ရေရေရာရာ မသိသေးပါချေ၊ ကမဲလ်ဆိုသူကို တယ်လ်အဗီမှ ငွေများများစားစားပေး၍ မိမိတို့နိုင်ငံမှ သတင်းများကို ဝယ်ယူနေသည် . . . ဟူ၍သာ ခန့်မှန်းမိသည်။

သို့ရာတွင် မည်သူ့အတွက် စပိုင်လုပ်နေကြောင်း တိတိကျကျ မသိရသေး။

ထို့ကြောင့် သူ့အဖွဲ့သားများအခန်းတံခါး ရိုက်ချိုးဖျက်ဆီး၍ ဝင်သွားပြီး အရာခပ်သိမ်းငြိမ်သက်သွားသောအခါကျမှ သူကအခန်းထဲသို့ ဝင်လိုက်သွားသည်။

တန်ပြန်ထောက်လှမ်းရေးသမား နှစ်ယောက်က ကိုဟာန်၏ဘေးတစ်ဘက်တစ်ချက်တွင် ရပ်တည်နေကြပြီး ကိုဟာန်၏နားထင်ကို ပစ္စတိုဖြင့် ထောက်ထားသည်ကို တွေ့လိုက်ရသည်။ သူဝင်သွားပြီးနောက် ကိုဟာန်ကို သူ၏အိပ်ရာပေါ်တွင် ပက်လက်လှန် အနေအထားဖြင့် သူလူနှစ်ယောက်က ချုပ်ထားကြသည်။

အာမက်က ကုတင်ဘေး ရပ်တည်လျက်ကိုဟာန်ကို ငုံ့ကြည့်သည်။

'ကဲ မင်းမလွတ်နိုင်တော့ပါဘူးကွာ၊ ငါမေးတာ ဖြေစမ်း'

သူကအောင်နိုင်သူ၏ လေသံဖြင့်ကျေနပ်အားရနေသည်။

ကိုဟာန်က သူ့ကိုယ်သူ သံဓိဋ္ဌါန်ချထားသည့် အသွင်သဏ္ဍာန်မျိုး ဖြစ်

နေသည်။

'မင်း ဘယ်သူလဲ'

အာမက်က မေးလိုက်သည်။

'ကျွန်တော်နာမည် ကမဲလ် အမ်မင် တားအက်ဘေးစ် ဖြစ်ပါတယ်'

ကိုဟန်က တည်ငြိမ်စွာ ဖြေလိုက်သည်။

'မင်း ဘယ်ကလာတာလဲ'

'ကျွန်တော်အာဂျင်တီးနားက လာခဲ့တဲ့ အာရပ်လူမျိုးတစ်ယောက်ပါ'

အာမက်၏အမေးကို သူကပြည့်ပြည့်စုံစုံ ပြောလိုက်သည်။

'ဟုတ်ရဲ့လား၊ မင်းပြောတာမှန် မမှန် စစ်ကြည့်ရဦးမှာပေါ့ကွာ'

သူကခြိမ်းခြောက်မှုပါဝင်သော အကြည့်ဖြင့် ပြောလိုက်သည်။

ကိုဟန်က ဘာမှပြန်မပြောချေ။ မျက်လွှာချထားသည်။

'စောင့်ကြည့်နေ၊ မင်းကသေရမယ့်ကောင်ဖြစ်နေပြီ၊ ဒါပေမယ့် မင်း မသေခင်မှာတော့ တို့မေးခွန်းတွေကို အမှန်အတိုင်းဖြေအောင်လုပ်ပြမယ် နားလည်လား' ဟု

ကိုဟန်က အာမက်ကို တစ်ချက်ပြန်ကြည့်သည်။

'ကျွန်တော် အမှန်အတိုင်းပြောနေတာပါပဲ'

ကိုဟန်အသံက တုန်ရင်ခြင်း အလျဉ်းမရှိပါချေ။

'အေး. . အမှန်အတိုင်းပြောတာ ဟုတ် မဟုတ် စမ်းကြည့်ရမှာပေါ့ ကွာ၊ မင်းရဲ့လျှို့ဝှက်ချက်တွေအားလုံးနဲ့ မင်းရဲ့အဆက်အသွယ်တွေကိုတစ်ယောက်မကျန် ဖေါ်ထုတ်မယ်၊ မင်းအမှန်အတိုင်းဝန်မခံပဲနေလို့ မရဘူးဆိုတာ သဘောပေါက်'

အာမက်က ရက်စက်တော့မည့် အသွင်ဖြင့်ပြောသည်။

ကိုဟန်က မတုန်မလှုပ် ကျောက်ဆစ်ရုပ်ပမာ ငြိမ်သက်နေသည်။

'အဲဒီအခါကျတော့ မင်းဘယ်လောက်ခေါင်းမာမလဲ ဆိုတာကြည့်ရသေးတာပေါ့၊ မင်းကိုယ်မင်းလူဖြစ်လာမိတာ မှားလေခြင်းလို့ နောင်တရ

စေ့မယ်'

အာမက်က ကျယ်လောင်စွာပြောနေသည်။

ထိုအခိုက်အတန့်တွင် သူ့အဖွဲ့သားများသည် ကိုဟန်၏အခန်းငါးခန်းကိုတစ်ခန်းပြီးတစ်ခန်းရှာရာမှ အသံလွှင့်စက်တစ်ခုကို အခြားအခန်းတစ်ခန်းမှ ရှာဖွေတွေ့ရှိသွားကြသည်။ ထိုအသံလွှင့်စက်သည် အလွန်တရာသေးငယ်ပြီး အစွမ်းထက်သည်။ ထိရောက်မှုရှိသည်။

ထိုအသံလွှင့်စက်ကို တွေ့ပြီးနောက် ယဒ်ဒလေ ရေမွေးနံ့သင်းနေသော ဆပ်ပြာမွေးတစ်တုံးကို ခါးဖြင့်ခွဲကြည့် စစ်ဆေးကြသည်။ ဆပ်ပြာခဲ၏အတွင်း၌ အခေါင်းတစ်ခုပြုလုပ်ထားပြီး၊ ထိုအခေါင်းထဲတွင် ပေါက်ကွဲနိုင်သော အရာဝတ္ထုအမှုန်များ စနက်တံအသေးစားနှင့် အဆိပ်ဆေးပြားများကို တွေ့ကြရသည်။

ဒိုင်းနမိုက်အချောင်းများနှင့် သူလျှိုလုပ်ငန်းဆိုင်ရာ ပစ္စည်းများလည်း တွေ့ရသည်။

'ကဲ အဲဒီပစ္စည်းတွေနဲ့ ပတ်သက်ပြီး မင်းဘာပြောချင်သေးလဲ၊ ဒါတွေကိုအသုံးပြုပြီး မင်းဘာကိုဖေါက်ခွဲမလို့လဲ'

အာမက်က အောင်နိုင်သူ၏ လေသံဖြင့်မေးသည်။

'အဲဒါတွေက အဖျက်လုပ်ငန်းအတွက် မဟုတ်ပါဘူး၊ တကယ်လို့ ကျွန်တော်မှာရှိနေတဲ့ ရေဒီယိုထရန်စ်မစ်တာ နှစ်ခုကိုဖျက်ဆီးဖို့ အချိန်ရရင် ဖျက်ဆီးပစ်ဖို့ အတွက်ပါ'

'မင်း အမှန်အတိုင်းပြောတာ ဟုတ်ပါ့မလား'

အာမက်က ထပ်မံမေးသည်။

'ဟုတ်ပါတယ်၊ ကျွန်တော်အမှန်အတိုင်းပြောတာပါ၊ ဒီပစ္စည်းတွေနဲ့ ပတ်သက်လို့ ခင်ဗျားတို့ ဘယ်နှစ်ခါပဲ မေးမေး၊ ဒီအဖြေကလွဲလို့ တခြားဘယ်လိုမှ ကျွန်တော်ပြောင်းလဲပြီး ဖြေနိုင်မှာ မဟုတ်ပါဘူး'

ကိုဟန်က အခိုင်အမာ ပြောလိုက်သည်။

လုံခြုံရေးအဖွဲ့ဝင်များသည် နောက်ထပ်(၇၂)နာရီလုံးလုံး ကိုဟန် အခန်းများကို တစ်လက်စမကျန် နှံ့နှံ့စပ်စပ် ရှာဖွေကြသည်။ နောက်ထပ် ဒါဇင်ပေါင်းများစွာသော လူအင်အားဖြည့်လျက် သူ၏အခန်းများတွင် ရှိရှိသမျှ အဝတ်အထည်များကို ဖြတ်ညှပ်ရှာဖွေကြသည်။ ပရိဘောဂပစ္စည်းများကို ရိုက်ချိုးကြသည်။

နောက်ဆုံးတွင် မျက်နှာကျက်တစ်ခုလုံးကို ဖြိုချသည်။

အခန်းနံရံများကိုလည်း ဖြုတ်ခွါဖျက်ဆီးရှာဖွေသည်။

သူတို့ရှာနေကြသည်မှာ ကိုဟန်နှင့်ဆက်သွယ်နေသော အခြားစပိုင်များ၏ စာရင်းကို ကိုဟန်ကတစ်နေရာရာတွင် လုံခြုံစွာထည့်ဖွက်ထားသည်ဟုထင်မြင်ယူဆခဲ့ကြသောကြောင့် ဖြစ်သည်။

သို့ရာတွင် သူတို့သည် မည်သည့်စာရင်းကိုမျှ မတွေ့ကြ။

စင်စစ်အားဖြင့် ကိုဟန်က တစ်ကိုယ်တော် လှုပ်ရှားသူ။

ထိုအကြောင်းကို သူတို့နားမလည်ကြပါချေ။ သူတို့က စပိုင်ဆိုသည်မှာ တစ်ယောက်နှင့်တစ်ယောက် သွယ်တန်းထားသော ဆက်စပ်မှုများဟု သတ်မှတ်ထားကြသည်။ ထိုသို့တစ်ဦးမှ တစ်ဦးသို့ ဆက်သွယ်သတင်းပေးခြင်းအားဖြင့် ပင်မအခြေခံသို့ သတင်းရောက်ရှိသွားသည်ဟု နားလည်ထားကြသည်။

ထိုသို့စစ်ဆေးရှာဖွေနေကြသည့် အခိုက်အတန့်တွင် သူတို့ကကိုဟန်ကို ကိုယ်ထိလက်ရောက် ညှင်းဆဲခြင်း မပြုကြပါချေ၊ ကာနယ်အာမက်နှင့် သူ၏တွဲဖက်ဖြစ်သူ လက်ထောက်အရာရှိအက်နန်တက်ဘာရာ တို့က ကိုဟန်ကို မေးခွန်းများ တစ်ခုပြီးတစ်ခု ထပ်တလဲလဲ မေးကြသည်။

မေးပြီးသား မေးခွန်းများ။

မမေးရသေးသော မေးခွန်းသစ်များ။

. . . စသည်ဖြင့် မဆုံးနိုင်အောင်မေးကြသည်။ ထိုသို့မေးရာတွင် ကာနယ်အာမက်က တစ်နာရီလုံးလုံး မေးခွန်းထုတ်သည်။ ကိုဟန်ကဖြေသည့်

အခါဖြေသည်။ ငြင်းသည့်အခါငြင်းသည်။ မေးခွန်းတစ်ချို့ကို မဖြေပဲ မသိ ကျိုးကျင် နေလိုက်သည်။

ကာနယ်အဲ့မက် မေးချိန်တစ်နာရီ ပြည့်သွားသည်။

ထိုအခါ အက်နန်တက်ဘာရာ၏ အလှည့်ဖြစ်သည်။ အက်နန်တက် ဘာရာက တစ်နာရီပြည့်သည့်တိုင်အောင် မေးခွန်းများ တစ်ခုပြီးတစ်ခုမေး သည်။ စင်စစ်အားဖြင့် ကိုဟန်ဖြေလိုက်သော အဖြေများကို အသံသွင်းထား ပြီး ပထမအဖြေနှင့် နောက်အဖြေ တူညီချင်းရှိမရှိပြန်လည် စစ်ကြည့်ကြသည်။ အဖြေချင်း မကိုက်ညီလျှင် ထပ်မေးသည်။

အဖြေချင်းထပ်တူထပ်မျှ ဖြစ်သွားလျှင် ထိုမေးခွန်းကို နောက်ထပ်မ မေးတော့ချေ။ စင်စစ်အားဖြင့် ကိုဟန်သည်သာမာန် အရပ်သားတစ်ယောက် မဟုတ်ပါချေ။ ထို့ပြင် ကြေးစားသတင်းပေးသူလည်း မဟုတ်ပါချေ။

စနစ်တကျ လေ့ကျင့်သင်ကြားထားသော မောင်ဆက်၏ထိပ်သီးအော ဂျင့်တစ်ယောက်ဖြစ်သည်။ ထို့ကြောင့် သူတို့သိချင် ကြားချင်သောအဖြေကို နာရီပေါင်းများစွာ စောင့်စားမေးမြန်းနေကြသော်လည်း ဘာတစ်ခုမှ မယ်မယ် ရရ မသိကြပါချေ။

တစ်ခါတစ်ရံ ဒေါသဖြင့် ချိန်းခြောက်မေးသည်။

တစ်ခါတစ်ရံ အပျော့ဆွဲဖြင့် ချိုသာစွာ အဖြေတောင်းသည်။ ထိုအမှု အရာများ လေယူလေသိမ်း အပြောင်းအလဲများကို ကြည့်၍ကိုဟန်က စိတ်ထဲ တွင် ကျိတ်၍ရယ်မောနေမိသည်။

'နောက်ထပ် အသံလွှင့်စက်တွေ ဘယ်မှာဖွက်ထားသေးလဲ'

ကျွန်တော် တစ်ယောက်အတွက်၊ ဒီစက်နှစ်ခုနဲ့ပဲ လုံလောက်ပါတယ်'

ကိုဟန်က မှန်မှန်ကန်ကန် ဖြေသည်။

သို့ရာတွင် သူတို့က မယုံကြပါချေ။

'ဒါဖြင့် တခြားအဆက်အသွယ်တွေဆီမှာလဲ မင်းလိုပဲစက်နှစ်လုံးစီ ရှိကြမှာပေါ့ ဟုတ်လား'

မမျှော်လင့်သော လျှပ်တစ်ပြက် မေးခွန်းမျိုးဖြစ်သည်။
'တခြားအဆက်အသွယ်တွေ မရှိပါဘူး'
'မရှိတာလား၊ မင်းမသိတာလား၊ မင်းသိလျက်နဲ့ မဖော်တာလား'
မေးခွန်းများက ဒရစပ် ဝင်လာသည်။
ကိုဟာန်က ဘာတစ်ခွန်းမှ ပြန်မဖြေ။
သူတို့ကို ငေးစိုက်ကြည့်နေလိုက်သည်။

xxxxxxxxxxxxxxxxx

ကိုဟာန်ကို အရုဏ်တက်ချိန် လွန်မြောက်သောနံနက်ခင်းတွင် ဖမ်းဆီးလာခဲ့ကြပြီးနောက် ညနေဘက်တွင် တန်ပြန်ထောက်လှမ်းရေးဌာနချုပ်တွင် ချုပ်ထားခဲ့ကြသည်။ ထိုအချိန်တွင် ကိုဟာန်၏ဘေးဘက်တွင် ရေဒီယိုအော်ပရေတာ အချို့ထိုင်နေကြသည်။

ဆီးရီးယားအရာရှိတစ်ယောက်က ကိုဟာန်၏လည်ပင်းကို ပစ္စတိုပြောင်းဝဖြင့် ဖိထောက်ထားသည်။ အာနယ်အာမက် ပြောပေးသော သတင်းပို့ချက်စာရွက်ကို ကိုဟာန်၏လက်ထဲတွင် ဖြန့်ကိုင်ထားစေသည်။ တစ်နည်းအားဖြင့် ဆီးရီးယားရှိ အခြားသူလျှိုအဖွဲ့ဝင်များကို အသေးစိတ် ဖော်ပြောစေရန် ရည်ရွယ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ၊

ကိုဟာန်က သူတို့ခိုင်းစေသည့်အတိုင်း သတင်းမှား ပို့လိုက်သည်။

ကာနယ်အာမက်နှင့် ရေဒီယိုအော်ပရေတာ အချို့က ကာနယ်သတင်းပို့ခိုင်းသည့်အတိုင်း တိတိကျကျ ပို့ခြင်းဟုတ်မဟုတ် စောင့်ကြည့်နေကြသည်။ ကိုဟာန်သတင်းပို့ပြီး ခေတ္တမျှ စောင့်ဆိုင်းနေကြသည်။

ထိုသတင်းပို့ချက်ကို တယ်လ်အဗီမှ လက်ခံရရှိကြောင်း ပြန်ကြားချက်

ထွက်ပေါ်လာသည်။ ကာနယ်အာမက်နှင့်ဆီးရီးယားတန်ပြန်ထောက်လှမ်းရေးသမားများ ပျော်သွားကြသည်။ သူတို့ပေးပို့လိုက်သော သတင်းမှားကို တယ်လ်အဗီမှ အမှန်အကန်ဟု ယူဆသွားပြီဟု ကျေနပ်နေကြသည်။

သို့ရာတွင် ကိုဟန်က အနေး၊ အမြန်နှင့် အဖြတ်ကိုပြောင်းလဲ သတင်းပို့လိုက်သည်။ ထိုသို့ပြောင်းလဲမှုမှာ ပိရိလွန်းသောကြောင့် စောင့်ကြည့်နားထောင်နေကြသူများ လုံးဝမရိပ်မိခဲ့ကြပါချေ။ ကာနယ်အာမက်၏ စာရွက်ပါ သတင်းအတိုင်းပို့လိုက်ခြင်းဖြစ်သော်လည်း မသိမသာဖြင့် သတင်းပို့နှုန်းနှင့် အဖြတ်အတောက် ပြောင်းလဲခြင်းကြောင့် တယ်လ်အဗီမှ သိရှိသွားသော သတင်းမှာ 'ကျွန်တော် အဖမ်းခံလိုက်ရပြီ' ဟူသောသတင်းပို့ချက်ဖြစ်သည်။

xxxxxxxxxxxxxxxxxxxxxx

## အခန်း (၂၁)

တယ်လ်အဗီရှိ မော့ဆက်ဌာနချုပ်တွင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ မော့ဆက်ဆက်သွယ်ရေးဌာန၏ အော်ပရေတာများက သူတို့၏ မာစတာ စပိုင်ထံမှပေးပို့သော သတင်းကို တိပ်ရကော်ဒါဖြင့် ဖမ်းယူထားခဲ့သည်။ ထိုအသံသွင်းတိပ်ခွေကို ထပ်ကာတလဲလဲဖွင့်၍ နားထောင်ကြသည်။

'မင်းတို့မှားနေတာ ဖြစ်မယ်ထင်တယ်'

ဒါးဗစ်ရှ်က အကြိမ်ကြိမ် ဖွင့်ခိုင်း၍ နားထောင်သည်။

ကိုဟာန်ထံမှ အဖမ်းခံရကြောင်း သတင်းရလျှင် ရချင်း ဒါးဗစ်ရှ်၏ အိမ်သို့သွားရောက် အကြောင်းကြားသည်။ ဒါးဗစ်ရှ်က ကမန်းကတန်း အဝတ်အစားလဲ၍ ဌာနချုပ်သို့ချက်ချင်း လိုက်လာသည်။

'ဒါ ဖြစ်နိုင်ပါ့မလား၊ မဖြစ်နိုင်ဘူး ထင်တယ်ကွာ၊ မင်းတို့အသံဖမ်းတာ တစ်ခုခုမှားများနေသလား'

သူက တပြစ်တောက်တောက် ပြောနေသည်။

ကိုဟာန်သည် အရာရာတွင် ပိရိသေသပ်ဆုံး အေးဂျင့်တစ်ယောက်

ဖြစ်သည်။ သူ့ကိုလုံးလုံးလျားလျား ယုံကြည်စိတ်ချထားခဲ့သည်။ ထို့ကြောင့် အသံဖမ်းဆိုင်ရာ ကျွမ်းကျင်သူများက ထိုသတင်းကို ပြန်လည်စစ်ဆေး၍ အတည်ပြုခဲ့ကြသည်။

'အယ်လီကိုဟန်သည် ဆီးရီးယားတို့၏ လက်ထဲတွင်အကျဉ်းသား ဖြစ်နေလေပြီ'

ကျွမ်းကျင်သော သူ၏စည်းဝါးစနစ်ကျသော သတင်းပို့ချက် အနေး အမြန်နှုန်းအရဖြစ်စေ၊ သတင်းကိုဖြတ်၍၊ ဖြတ်၍ ပို့ချက်အရဖြစ်စေ အမိပ္ပါယ် က တစ်ခုတည်း ဖြစ်သည်။ ယခုအခါတွင် သူ့အနေနှင့်စီရင်ခံရတော့မည့် လူတစ်ယောက်ဖြစ်နေကြောင်း သူ၏ဌာနချုပ်သို့ အသိပေးလိုက်ခြင်းပင်။

ဒါးဗစ်ရှိက မော့ဆက်အကြီးအကဲထံသို့ ဆက်သွယ်လိုက်သည်။

ဒမတ်စကပ်ရှိ သူတို့၏ထိပ်သီးအေးဂျင့်သည် ဆီးရီးယားတို့၏ လက် တွင်းသို့သက်ဆင်းကျရောက်သွားပြီ ဖြစ်ကြောင့်သတင်းပို့လိုက်သည်။ ရုတ်တ ရက်ထိုသတင်းကို ကြားသိလိုက်ရသော မော့ဆက်ခေါင်းဆောင်သည် အကြီး အကျယ် စိတ်ထိခိုက်သွားသည်။

'အဲဒီသတင်း သေချာရဲ့လားကွ'

မော့ဆက်ခေါင်းဆောင်က မေးလိုက်သည်။

သူအားထားနေရသော ထိပ်သီးအေးဂျင့်တစ်ယောက် လက်လွတ် ဆုံးရှုံးရတော့မည့် အခြေအနေသို့ ရောက်ရှိသွားခြင်းကို လက်မခံနိုင်အောင် ဖြစ်သွားသည်။ ထိပ်သီးအေးဂျင့်ဖြစ်သော ကိုဟန်သည် ဒမတ်စကပ်မှ ကာ ကွယ်ရေးဆိုင်ရာ အရေးကြီးသော သတင်းအချက်အလက်များကို တိတိကျကျ စာရွက်စာတန်းများ၊ မြေပုံများ၊ ပုံကြမ်းများ သာမက ဓါတ်ပုံရိုက်၍တစ်မျိုး၊ မိုက်ခရိုဖလင်ဖြင့် တစ်သွယ် နည်းလမ်းမျိုးစုံဖြင့် ပေးပို့ခဲ့သူဖြစ်သည်။

ထိုသူသည် ဖေါ်ပြပါအချက်အလက်များကို မည်သို့ခက်ခက်ခဲခဲ အသက်စွန့်၍ ရယူခဲ့ရကြောင်းကို မော့ဆက်ခေါင်းဆောင်က နားလည်သ ဘောပေါက်ထားသည်။ ထို့ကြောင့်မော့ဆက်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့

~ ဖြိုက်စာပေ ~

အစည်းအတွက် အရေးပါသော အေးဂျင့်တစ်ယောက် ဖမ်းမိသွားသောသ တင်းသည် သတင်းမှားများ ဖြစ်လေမလား . . . . . ဟုသံသယ မေးခွန်းဖြင့် မေးလိုက်ခြင်းဖြစ်သည်။

'သိပ်သေချာပါတယ် ချီဖ်၊ ကျွန်တော်လည်း အဲဒီသတင်းကြားကြား ခြင်း မယုံနိုင်လောက်အောင် ဖြစ်သွားခဲ့တယ်၊ ဒါကြောင့်အသံဖမ်းကျွမ်းကျင် တဲ့ အော်ပရေတာတွေနဲ့ တိတ်ကိုထပ်ကလဲလဲ ဖွင့်ကြည့်ပြီးမှ အဲဒီသတင်းကို အတည်ပြုခဲ့ရတာပါ'

ဒါးဗစ်ရှ်က အသံကိုထိန်း၍ ပြောလိုက်သည်။

သူ့အနေနှင့် ကိုဟန့်အပေါ်တွင် သံယောဇဉ်ရှိသူ ဖြစ်သည်။ ကိုဟန် ကိုအေးဂျင့်သင်တန်းတွင် ထူးချွန်အဆင့်မြင့် တစ်ယောက်ဖြစ်ကြောင်း သူသိ ထားသည်။ နည်းမျိုးစုံဖြင့် စစ်ဆေးပြီးမှ ထောက်ခံခဲ့ခြင်း ဖြစ်သည်။ ကိုဟန်ကို ပြည်ပသို့ စေလွှတ်၍ တာဝန်ထမ်းဆောင်စေရန် အကြံပြုခဲ့သူမှာလည်း မိမိပင် ဖြစ်သည်။

ကိုဟန် ဒမတ်စကပ်သို့ မသွားမီက ဂိုလန်ကုန်းမြင့်ဒေသသို့ နှစ် ယောက်သား ဂျစ်ကားတစ်စီးဖြင့် ရောက်ရှိခဲ့ကြသည်။

ထိုအချိန်အခါကဆိုလျှင် ထိုနေရာဒေသတွင် စစ်ပွဲ၏ ဒဏ်ရာဒဏ် ချက်များကို တွေ့ခဲ့ရသည်။ဆီးရီးယားတပ်များနှင့် မိမိတို့တပ်များ အကျိတ် အနယ်ရင်ဆိုင် တိုက်ခိုက်ခဲ့ရခြင်းနှင့် ဆီးရီးယားတို့၏ ခေတ်မီလက်နက်ကြီး များကို တာဝါဖစ်တောင်ထွတ်ပေါ်တွင် နေရာချထားပြီး အပေါ်စီးမှ တိုက်ခိုက် ခဲ့သဖြင့် မိမိတို့၏ ဂိုလန်နီတပ်မဟာ အနေနှင့် အသည်းအသန်ခုခံ တိုက်ခိုက် ခဲ့ရခြင်းကို ရှင်းပြခဲ့သည်။

'ဂိုလန်နီတပ်မဟာရဲ့ အနိုင်ရမှုဟာ မော့ဆက်ထောက်လှမ်းရေး သတင်းတွေပေါ်မှာ အခြေပြုခဲ့တယ်၊ ဒါ့ကြောင့်နောင်လာမယ့် စစ်ပွဲတွေရဲ့ အနိုင်အရှုံးဟာ မင်းဆီကရမယ့် သတင်းတွေပေါ်မှာ မူတည်လာနိုင်စရာဖြစ် နေပြီ၊ မင်း ဆီးရီးယား နိုင်ငံကို သွားရလိမ့်မယ်' ဟု ဒါးဗစ်ရှ်က ပြော

ခဲ့သည်။ ထိုအချိန်က ကိုဟန်သည် ငြိမ်သက်စွာ နားထောင်နေခဲ့ပြီး မည်သည့်မေးခွန်းကိုမှ မမေးခဲ့ကြောင်း ဒါးဗစ်ရှိက ပြန်လည်စဉ်းစားမိသည်။

'ဆီးရီးယားနိုင်ငံမှာ လှုပ်ရှားရမယ့် တာဝန်ဟာ မင်းနဲ့အသင့်တော်ဆုံးပဲ၊ မင်းကလွဲလို့ တခြားဘယ်သူမှ အောင်မြင်အောင် စွမ်းဆောင်နိုင်မယ့် အလားအလာမရှိဘူး' ဟူ၍ ဒါးဗစ်ရှိက သူပြောခဲ့သည့် စကားကို အမှတ်ရလိုက်သည်။ သူ့ယူဆချက်မှန်ကန်နေသည်။ ဆီးရီးယားတွင် ကိုဟန်သည် သမတကြီးကိုယ်တိုင်က ယုံစားအားကိုးခဲ့သော အဆင့်အထိရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ဂိုလန်ကုန်းမြင့်ဒေသရှိ ဆီးရီးယားတို့၏ လက်နက်တပ်ဆင်မှုများကို အသေးစိတ် အချက်အလက် အထောက်အထားများ ပြည့်ပြည့်စုံစုံ ရရှိခြင်း ကိုဟန်၏ သူမတူအောင် စွမ်းဆောင်နိုင်မှုဖြစ်သည်။

ထိပ်သီးအေးဂျင့် ကိုဟန်သည် အဖမ်းမခံရမီ နောက်ဆုံးအချိန်အထိ ပါလက်စတိုင်းပျောက်ကြားများကိစ္စကို ကြိုတင်သတင်းပို့ခဲ့သေးသည်။ မော့ဆက်အကြီးအကဲက ကိုဟန်အကြောင်းကို ဝန်ကြီးချုပ်ထံသို့ မိနစ်ပိုင်းအတွင်း အကြောင်းကြားခဲ့သည်။

ကိုဟန်သည်မော့ဆက်၏ ထိပ်သီးအေးဂျင့် ပီသကြောင်း ပြသနိုင်ခဲ့ခြင်းပင်။

xxxxxxxxxxxx

ဒမတ်စကပ်ရေဒီယိုမှ ဇန်နဝါရီလ(၂၄) ရက်နေ့ နံနက်ပိုင်းတွင် ကာနယ်အာမက်က ကိုဟန်အား တယ်လ်အဗီသို့ သတင်းတစ်ပုဒ် ပို့ခိုင်းသည်။ ထိုသတင်းမှာ. . .

ပြီတ်စာပေ

'အစ္စရေးနိုင်ငံဝန်ကြီးချုပ်နှင့် တယ်လ်အဗီရှိ လျှို့ဝှက်ထောက်လှမ်းရေးအကြီးအကဲအတွက် ကမဲလ်နှင့် သူ့မိတ်ဆွေများသည် ကျွန်ုပ်တို့ညှော်သည်များအဖြစ် ဒမတ်စကပ်တွင် ရှိနေကြပါသည်။

မကြာမီ သူတို့၏ ကံကြမ္မာကို သင်တို့ကြားသိရပါလိမ့်မည်။ ဆီးရီးယားတန်ပြန် ထောက်လှမ်းရေးအဖွဲ့ ဟူ၍ လက်မှတ်ရေးထိုးထားသောသတင်းဖြစ်သည်။

'အစ္စရေးစပိုင်တစ်ဦး ဖမ်းဆီးမိကြောင်း' သာမာန်သတင်းတစ်ပုဒ်အဖြစ် ကြေငြာခဲ့သည်။ ကိုဟန်အဖမ်းခံရသော သတင်းသည် မော့ဆက်အဖွဲ့အစည်းသာမက ဆီးရီးယားနိုင်ငံ၏ အဆင့်မြင့်ပုဂ္ဂိုလ်များလည်း တုန်လှုပ်သွားသည်။ စင်စစ်အားဖြင့်ဆီးရီးယား နယ်ဘက်စစ်ဘက်တွင် အရေးပါသောအရာရှိများသည် ကိုဟန်နှင့်ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံနေကြသူများသာဖြစ်သည်။'

ကိုဟန်သည် ထိုပုဂ္ဂိုလ်များထံသို့ ချဉ်းကပ်၍ မော့ဆက်ထောက်လှမ်းရေးအတွက် အကျိုးရှိမည့်သတင်းများကို ပါးနပ်ကျွမ်းကျင်စွာ နှိုက်ထုတ်ရရှိခဲ့သည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်များသည် ကိုဟန်အားအထင်ကြီးနေကြသော အချိန်ကာလဖြစ်နေသောကြောင့် ဖြစ်သည်။ အောင်မြင်သော စီးပွါးရေးသမားတစ်ယောက်အဖြစ်မှ သမတကြီး၏ အရေးပေးမှုဖြင့် ဝန်ကြီးတစ်နေရာသို့ပင် ရာထားခြင်းခံရသူလည်း ဖြစ်ခဲ့သည်။ ထို့ကြောင့်သူတို့အနေနှင့် ကိုဟန်သိလိုသော အကြောင်းအရာများကို အလွယ်တကူ ဖေါ်ပြောခဲ့ကြဖူးသည်။

သို့ဖြစ်ရာ ကိုဟန်၏အမှုက မိမိတို့အားပတ်လာမလား. . . ဟူသော အတွေးဖြင့် စိတ်ခြောက်ခြားနေကြခြင်း ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မိမိတို့နည်းတူ သမတကြီးကိုယ်တိုင်ပင်လျှင် ကိုဟန်အပေါ်၌ ရာနှုန်းပြည့် ယုံကြည်ခဲ့သည်။ ထို့ကြောင့် အကယ်၍ မိမိတို့ကို အမှုပတ်လျှင် သမတကြီးသည်လည်း မိမိတို့နည်းတူ ဖြေရှင်းရလိမ့်မည်။ ထိုဖြေရှင်းချက်မှာ မိမိတို့အတွက်လည်း အကျိုးဝင်၍ သက်သာရာ ရနိုင်ကြောင်း သိုတို့ကိုယ်သူတို့ ဖြေသိမ့်ထားလိုက်

ကြသည်။

ထိုသို့ စိတ်ဖြေထားသည့်အတိုင်းပင် သမတကြီးသည် သူနှင့်သူ့မိတ်ဆွေများအတွက် ကာကွယ်ပေးရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ သူသည် ကာနယ်ဆလင်မ်ဟာတောင်းနှင့် ကာနယ်ဆောလ်ဒယ်လီကို ကိုဟန်၏တိုက်ခန်းသို့ စေလွှတ်၍ ကိုဟန်နှင့်ပဏာမစုံစမ်း စစ်ဆေးရာတွင် ကူညီဆောက်ရွက်စေသည်။

'မင်းတို့နှစ်ယောက်စလုံးကတော့ ကမဲလ်ရဲ့တိုက်ခန်းအကြောင်းကို ဒမတ်စကပ်မြို့က လူတွေအားလုံးထက် ပိုပြီးသိနေကြမှာပါ'

သမတကြီးက ကာနယ်နှစ်ယောက်ကို ပြောလိုက်သေးသည်။

ထိုကာနယ်နှစ်ယောက်သည် ကိုဟန်၏အခန်းကို အပျော်အပါးအတွက် အကြာခဏအသုံးပြုခဲ့ကြကြောင်း သမတကြီးက ယခင်အချိန်ကတည်းက သတင်းရရှိခဲ့ပြီး ဖြစ်သည်။

ထိုသို့သမတကြီး၏ ကာနယ်နှစ်ယောက် ကူညီဆောက်ရွက်ရန် ရောက်ရှိလာခြင်းကို တန်ပြန်ထောက်လှမ်းရေးခေါင်းဆောက်ဖြစ်သူ ကာနယ်အာမက်က လုံးဝ ဘဝင်မကျခဲ့ပါချေ။ စိတ်အနှောက်အယှက် ဖြစ်နေခဲ့သည်။

သူ့ကိုယ်သူ အောင်နိုင်သူဟူ၍ ကြွေးဝါးခဲ့သော ကာနယ်အာမက်သည် သမတကြီးကိုယ်တိုင်စေလွှတ်လိုက်သော ကာနယ်ဆလင်မ်နှင့် ကာနယ်ဒယ်လီတို့ ရောက်လာကြသောအခါ သူ၏ဒေါသကို မြိုသိပ်လိုက်ရသည်။

'ကျုပ်တို့က ကမဲလ် စစ်ဆေးဖို့အတွက် အကူအညီပေးဖို့ သမတကြီးအမိန့်နဲ့ လာတာပါ'

ကာနယ်ဆလင်မ်က ဖော်ရွေစွာ ပြောသည်။

'ရပါတယ်ဗျာ၊ ရပါတယ်'

ကာနယ်အာမက်က ပေါ့ပေါ့ဆဆပြောသည်။

သို့ရာတွင် သူ့ရင်ထဲတွင် မကျေနပ်မှုက အစိုင်အခဲတစ်ခုဖြစ်နေသည်။

'ကျုပ်တို့ ကမဲလ်ကို ဒီနေရာမှာ ဆက်ထားမယ့်အစား ညတွင်းချင်း မြို့ပြင်ကို ခေါ်ထုတ်သွားကြမယ်။ မြို့ပြင်မှာရှိတဲ့ အမှတ်(၂၀)သံချပ်ကာ ကားတပ်ဌာနချုပ်မှာ အကျဉ်းသားအတွက် နေရာရှိတယ်၊ အဲဒီတပ်မမှာ လုံခြုံရေးအစီအစဉ် အင်မတန်မှ ကောင်းတယ်'

ကာနယ်ဆလင်မ်က သူတို့အစီအစဉ်ကို ရှင်းပြသည်။

ထို့ကြောင့်ကာနယ်အာမက်၏ အစီအစဉ်ပျောက်ဆုံးသွားသည်။

xxxxxxxxxxxxxxxxxxxxxxxxx

ကိုဟန်ကို ညတွင်းချင်းပင် သံချပ်ကာ ကားတပ်သို့ ခေါ်သွားခဲ့သည်။

ထိုသို့ခေါ်ဆောင်သွားကြောင်း သမတကြီးအား အကြောင်းကြားလိုက်သည်။ နောက်ထပ်နာရီ အနည်းငယ်မျှ ကြာသောအခါ သမတကြီး အယ်လ်ဟာဖက်ဇ်သည် စစ်စခန်းသို့ သူ၏ကားဖြင့် ရောက်ရှိခဲ့လေသည်။

စခန်းရုံးရှေ့တွင် သမတကြီး၏ ကားရပ်လိုက်သည်။

ကာနယ်အာမက်က ကားတံခါးဖွင့်ပေးသည်။

သမတကြီးက ကားပေါ်မှ ဆင်းလိုက်ရင်း. . .

'အကျဉ်းသား အခြေအနေ ဘယ်လိုလဲ' ဟုမေးလိုက်သည်။

'ဒီ အတိုင်းပါပဲ'

သမတကြီး၏မေးခွန်းကို ကာနယ်အာမက်က သဘောမပေါက်ပါချေ၊ ထို့ကြောင့် ဘာဖြေရမှန်း မသိပဲ ရောလိုက်သည်။ လက်နက်ကိုင် အစောင့်တစ်ယောက်က သမတကြီးကို အရိုအသေပြုသည်။

သမတကြီးသည် စခန်းရုံးရှိရာသို့ လျှောက်သွားသည်။ ရုံးခန်းထဲသို့ ဝင်လိုက်သောအခါ ကာနယ်အာမက်က ကပ်လျက်ပါလာသည်။ သမတကြီးက ဆိုဖါပေါ်တွင် ထိုင်လိုက်သည်။ ထို့နောက်ရုံးခန်းဝန်းကျင်ကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သည်။

~ မြိတ်စာပေ ~

'အကျဉ်းသားကို ခေါ်ခဲ့ရမလား ခင်ဗျား'

သမတကြီးက နှုတ်ဖြင့်မဖြေ၊ ခေါင်းငြိမ့်ပြသည်။

ဂါနယ်အာမက်က တံခါးပေါက်အပြင်ဘက်တွင် ရှိနေသော လက်နက်ကိုင်အစောင့်ကို အကျဉ်းသားခေါ်ခဲ့ရန် အမိန့်ပေးလိုက်သည်။ ထို့နောက် အခန်းပေါက်ဝ၌ပင် ရပ်နေသည်။ သူသည်သမတကြီးကို လေးလေးစားစား ဆက်ဆံနေရသော်လည်း သူ့ရင်ထဲတွင် အကျိတ်အခဲတစ်ခု ဖြစ်နေသည်။

သမတကြီးက တစ်ယောက်တည်း ထိုင်နေသည်။

အာမက် စေခိုင်းလိုက်သော လက်နက်ကိုင်အစောင့်သည် အခြားလက်နက်ကိုင်အစောင့်တစ်ဦးနှင့်အတူ ကိုဟန်ကို ခေါ်ဆောင်လာကြသည်။ ကိုဟန်က ထိုလက်နက်ကိုင် အစောင့်နှစ်ယောက်၏ အလည်တွင် ပါလာသည်။ သူတို့သည်သမတကြီး ရှေ့တွင်ရပ်တည် လိုက်ကြသည်။

သမတကြီးက လက်နက်ကိုင်အစောင့်နှစ်ယောက်ကိုလက်တစ်ဘက် ဝှေ့ယမ်း၍ ခပ်လှမ်းလှမ်းသို့သွားနေရန် အချက်ပြလိုက်သည်။ အစောင့်နှစ်ယောက်က ရုံးခန်းထောင့်သို့ လျှောက်သွားကြသည်။

သမတကြီးက ကိုဟန်ကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။

ကိုဟန်၏ အသွင်သဏ္ဌာန်မှာ ယခင်အခါများက တွေ့ခဲ့ဖူးသလို သပ်သပ်ယပ်ယပ် မရှိ၊ ညှင်းဆိုးဆိုးနှင့် ဆံပင်များ ပွယောင်းနေသည်။ မျက်တွင်းဟောက်ပက်နှင့် အရာခပ်သိမ်းကို ဥပေက္ခာပြုထားသည့် အမူအရာမျိုးတွေ့လိုက်ရသည်။

သမတကြီး ကိုဟန်ကို ထိုင်ခွင့်မပြုချေ။

ကိုဟန်က ရပ်လျက်သားဖြင့် သူ့ကိုငုံ့ကြည့်နေသည်။

လောလောဆယ်အားဖြင့် သမတကြီးက မည်သည့်အကြောင်းကစ၍ ပြောရမည်ကိုစဉ်းစားနေပုံရသည်။ ကိုဟန်ကို သမတကြီးက အာဂျင်တီးနားနိုင်ငံသား အာရပ်လူမျိုးတစ်ယောက်အဖြစ် ဗျူနိုစ်အေးရီစ်တွင် စတင်တွေ့

ရှိခဲ့သည်။ ဒမတ်စကပ်တွင် ထပ်မံဆုံစည်းခဲ့သောအခါ အခြားမည်သူနှင့်မှ မနှိုင်းယှဉ်နိုင်လောက်အောင် ယုံကြည်ကိုးစားခဲ့ကြောင်း သမတကြီးက စဉ်းစားမိသည်။

ကိုဟာန် ဥရောပသို့ ခရီးထွက်ရာမှ ပြန်လာစဉ် မိမိ၏ဇနီးအတွက် အဖိုးတန်သော သားမွေးအင်္ကျီတစ်ထည် လက်ဆောင်ဝယ်ပေးခဲ့ဖူးသည်။ ထိုသားမွေးအင်္ကျီကို မိမိ၏ဇနီးက ယခုထက်တိုင် မင်းပွဲစိုးပွဲများသွားသည့်အခါဖြစ်စေ၊ ညဉ့်ပါတီပွဲများ တက်ရောက်သည့်အခါမျိုး၌ဖြစ်စေ၊ အမြတ်တနိုးဝတ်ဆင်နေဆဲပင် ဖြစ်သည်။ ထိုအကြောင်းများကို ပြန်လည်စဉ်းစားမိလိုက်သောအခါ သမတကြီးအနေနှင့် ကြေကွဲခံပြင်းသော ဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။

'မင်းအပေါ်မှာ ငါအရမ်းသံယောဇဉ် ရှိခဲ့တယ်။ ငါ့ညီအရင်းတစ်ယောက်ရှိရင်တောင် အဲလိုမျိုးခင်တွယ်မှာ မဟုတ်ဘူး၊ ငါဟာသမတတစ်ယောက်ဖြစ်ပေမယ့် ငါနေတဲ့နန်းတော်မှာ ငါ့ကိုအချိန်အခါမရွေးလာတွေ့ခွင့်ပြုထားတယ်၊ လာတဲ့အခါတိုင်းမှာလည်း အရင်းနှီးဆုံးဆွေမျိုးသားချင်းတစ်ယောက်လို ဆက်ဆံခဲ့တယ်၊ ဒါတွေကိုတောင် မထောက်ပဲ မင်းငါ့အပေါ်မှာ သစ္စာဖေါက်ရက်တာ ငါအရမ်းရင်နာတယ် ကမဲလ်'

သမတကြီး ရင်ထုမနာ ပြောသည်။

'ငါသမတဖြစ်ပြီး မိုဟာဂျာရင်း နန်းတော်မှာ ပထမဆုံးညှိခံပွဲအခမ်းအနားလုပ်တော့ မင်းကိုဦးစားပေးဖိတ်ခဲ့တာကို မင်းမှတ်မိလား၊ အဲဒီပွဲကို တက်ရောက်လာကြတဲ့ မြို့မျက်နှာဖုံးဂုဏ်သရေရှိ လူတန်းစားတွေ စစ်ဘက်နယ်ဘက်အရာရှိကြီးတွေ အားလုံးထဲမှာ မင်းကိုအရေးအပေးဆုံးနဲ့ အမွှန်းတင်ခဲ့တာတွေ သတိရသေးလား'

သမတကြီးက စူးစူးရဲရဲ ကြည့်၍ပြောသည်။

သူပြောသမျှ အားလုံးအမှန်တွေချည်းဖြစ်ကြောင်း ကိုဟာန်နားလည်သဘောပေါက်သည်။ သို့ရာတွင် သူသည်မောဆက်ထိပ်သီးအေးဂျင့်တ

ယောက်အဖြစ်၊ သမတကြီးကို တမင်ချဉ်းကပ်၍ စစ်ဘက်နယ်ဘက်အရာရှိကြီးများထံမှ ထောက်လှမ်းရေးနှင့်စပ်လျဉ်းသော သတင်းများရယူလိုသောကြောင့်သာ ဖြစ်သည်။

'အဲဒီညွှန့်ခံပွဲ အခမ်းအနားမှာ မင်းနဲ့ ပတ်သက်ပြီး ငါပြောခဲ့တာတွေကို မင်းမှတ်မိချင်မှ မှတ်မိမယ်၊ ဒါပေမယ့် ငါကအလေးအနက် ပြောခဲ့တာဖြစ်တဲ့အတွက် အခုထက်ထိ မမေ့သေးဘူး၊ ငါပြောလိုက်တာက ဟောဒီကမဲလ်ဆိုတဲ့လူငယ်ဟာ ကျုပ်တို့နိုင်ငံကို ချစ်တဲ့နေရာမှာ ရှာမှရှားတဲ့ လူငယ်တစ်ယောက်ပဲ၊ သူ့ဟာသူလက်တင်အမေရိကားမှာ စီးပွါးရေးအောင်မြင်ဖြစ်ထွန်းတာအမှန်ပါ၊ ဒါပေမယ့် ကျုပ်တို့နိုင်ငံရဲ့စီးပွါးရေး အခြေအနေ ယိမ်းယိုင်နေတာကို တစ်ဖက်တစ်လမ်းက ကူညီမယ်ဆိုတဲ့စိတ်ဓါတ်နဲ့ ကြီးပွါးတိုးတက်နေတဲ့သူ့လုပ်ငန်းကြီး တစ်ခုလုံးကို စွန့်လွှတ်ပြီး ဒီနိုင်ငံကိုပြန်လာခဲ့တယ်။ သူဟာမျိုးချစ်စိတ်အရှိဆုံးလူငယ်တစ်ယောက်ပါ လို့ငါပြောခဲ့တယ်၊ နောက်ဆုံးမင်းကိုအစိုးရအဖွဲ့ထဲမှာ အရေးအကြီးဆုံးနေရာကို အုပ်ချုပ်ကွပ်ကဲဖို့ ဝန်ကြီးတစ်ယောက်အဖြစ်နဲ့ ရာထားခဲ့တာကို မင်းအသိပဲ၊ ဒါနဲ့တောင်မင်းက သစ္စာဖောက်ခဲ့တယ်၊ အဲဒါဘာကြောင့်လဲ'

သမတကြီးနှင့် ကိုဟန်မျက်လုံးချင်းဆိုင်၍ ကြည့်နေကြသည်။

အခန်းထဲတွင် တစ်မိနစ်ခန့် တိတ်ဆိတ် ငြိမ်သက်နေသည်။

လှုပ်ရှားမှုမရှိ၊ ပကတိ တိတ်ဆိတ်နေသည်။

မော့ဆက် ထိပ်သီးအေးဂျင့်က တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။

'သမတကြီး ကျွန်တော့်ကို ထင်နေသလို အာဂျင်တီးနားနိုင်ငံသား အာရပ်လူမျိုးတစ်ယောက် မဟုတ်ပါဘူးခင်ဗျား'

ကိုဟန်က နှစ်ယောက်သားကြားနိုင်ယုံမျှ ပြောသည်။

သမတကြီး အယ်လ်ဟာဖက်ဇ် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'ကျွန်တော် တယ်လ်အဗီက အယ်လီကိုဟန် ဖြစ်ပါတယ်'

~ ပြီးတော့စာပေ ~

ကိုဟန်က တစ်ခွန်းချင်း ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ပြောသည်။ သူ့အမူအရာက ပကတိတည်ငြိမ်နေသည်။ မည်သို့သော တုန့်ပြန်မှုမဆို ရဲရဲရင့်ရင့် ရင်ဆိုင်ရန် သံန္နိဋ္ဌာန်ချထားသည့် အသွင်သဏ္ဌာန်မျိုးဖြစ်သည်။

ကိုဟန်က နောက်ထပ်စကားတစ်ခွန်း ပြောလိုက်သေးသည်။

'ကျွန်တော်ဟာ အစ္စရေးတပ်မတော်က စစ်သည်တစ်ယောက် ဖြစ်ပါတယ်'

ကိုဟန်၏စကားသံက အလွန်ကာရာ မကျယ်လောင်ပါချေ။ သို့ရာတွင် သမတကြီးနားထဲတွင် ဗုံးတစ်လုံးအနီးကပ် ဖေါက်ခွဲသံ ကြားလိုက်ရသည့်ပမာ ကျယ်လောင်စွာ မြည်ဟိန်းသွားသည်ဟု ထင်မြင်ယူဆလိုက်လေသည်။

xxxxxxxxxxxxx

ပြီတ်စာပေ

## အခန်း (၂၂)

တန်ပြန်ထောက်လှမ်းရေးဌာန၏ အကြီးအကဲ ကာနယ်အာမက်ဆူဝီဒန်နီ ဒမတ်စကပ်ရှိ နိုင်ငံရေးပြိုင်ဘက်များကို ဖယ်ရှားရန်အကြံအစည်ကြီးကြီးမားမားဖြင့် ကြိုးစားအားထုတ်ခဲ့သည်။ သူ့ကိုယ်သူ ထင်ပေါ်ကျော်ကြားလာစေရန် အမွှန်းတင်သည့်အနေဖြင့် လက်ဘာနွန်သတင်းထောက်များကို ဖိတ်ခေါ်၍အင်တာဗျူး လုပ်ခွင့်ပြုသည်။ ထိုပွဲတွင် ကာနယ်အာမက်သည် သူ၏အရည်အသွေးများကို ထုတ်ဖော်ပြောဆိုခဲ့သည်။

ထို့နည်းတူ. . .

သမတကြီး အယ်လ်ဟာဖက်ဇ်သည် သူ့နည်းသူ့လမ်းအတိုင်း လက်ဘာနွန်သတင်းထောက်များကို ခေါ်ယူတွေ့ဆုံသည်။ သတင်းထောက်များ၏ မေးမြန်းချက်ကို သူပြောလိုသည့်အကြောင်းအရာများဖြင့် ဝေဝေဆာဆာဖြည့်စွက်ပေါင်းစပ် ဖြေကြားလိုက်သည်။ ဤနည်းဖြင့်သူနှင့်သူမိတ်ဆွေများအား အပြစ်တင်စရာ မဖြစ်အောင်လမ်းလွှဲပေးလိုက်ခြင်းဖြစ်သည်။

ပြီတ်စာပေ

အခြားသတင်းစာတိုက်မှ သတင်းသမားနှင့်သီးသန့် ဆွေးနွေးရာတွင် သမတကြီးက

'အခုဖမ်းဆီးခံထားရတဲ့ အကျဉ်းသားကို ကျုပ်ကိုယ်တိုင်တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ အစပထမတုန်းကဆိုရင် ကျုပ်တို့တန်ပြန်ထောက်လှမ်းရေးအဖွဲ့က သူ့ကို ကမဲလ်အမ်မင် တားအက်ဘေးစ် ဆိုတဲ့အာရပ်လူတော်လူကောင်းတစ်ယောက်လို့ ယုံကြည်စိတ်ချထားကြတယ်။ တကယ်တော့ သူ့ကို အဂျင်တီးနားမှာရှိတဲ့ အစ္စရေးအေးဂျင့်က ရွေးချယ်ပြီး ကျုပ်တို့နိုင်ငံကို စပိုင်လုပ်ဖို့ လွှတ်လိုက်တာပါ' ဟူ၍ပြောလိုက်သည်။

သမတကြီးက ပါးပါးနပ်နပ်ပြောသည်။ သူပြောခဲ့သည့်စကားထဲတွင် တန်ပြန်ထောက်လှမ်းရေးဌာန၏ အားနည်းချက်တစ်ခုကို ထောက်ပြလိုက်ခြင်းဖြစ်သည်။ စပိုင်တစ်ယောက်ကို အာရပ်လူတော်လူကောင်းတစ်ယောက်ဟူ၍ စိတ်ချယုံကြည်လိုက်ခြင်းမှာ ထိုဌာန၏ဆုံးဖြတ်ချက်မှားယွင်းမှုကို သိသိသာသာ ဖေါ်ထုတ်လိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် ထိုဌာန၏အကြီးအကဲ ကာနယ်အာမက်ကိုလည်း မသိမသာပြစ်တင်ဝေဖန်လိုက်ပြီးသား ဖြစ်သွားသည်။ ကာနယ်အာမက်က သူ့ကိုယ်သူ အမွှန်းတင်ခဲ့သမျှ ရေစုံမျောသွားစေသည်။

သမတကြီးက ဆက်လက်ပြောဆိုပြန်သည်။

'အဲဒီအကျဉ်းသားကို ကျုပ်စတွေ့လိုက်တဲ့ မိနစ်ပိုင်းအတွင်းမှာသူ့မျက်လုံးထဲကို နက်နက်ရှိုင်းရှိုင်းကြည့်လိုက်တာနဲ့ သူဟာဘယ်နည်းနဲ့မှ အာရပ်လူမျိုး မဟုတ်ဘူး ဂျူးတစ်ယောက်ဆိုတာ ကျုပ်သဲသဲကွဲကွဲ သိလိုက်တယ်၊ ဒါကြောင့် သူ့ကိုသတိထားဖို့ ကျုပ်ရဲ့လုံခြုံရေး အရာရှိတွေလက်ထဲ လွှဲပြောင်းအပ်လိုက်ရတယ်'

ဤစကားတစ်ခွန်းသည် သမတကြီးအတွက် အကျိုးသက်ရောက်စေသည်။

သမတကြီးက ဆက်လက်ရှင်းပြသည်။

'နောက်ပြီးတော့လည်း အဲဒီလူကို ကျုပ်ကိုယ်တိုင်မကြာခဏ ခေါ်တွေ့ပြီး စကားပြောကြည့်တယ်၊ သူ့ကိုယမကာတိုက်ပြီး သူ့ဆီက စကားတွေအစ်ထုတ်ဖို့ကြိုးစားကြည့်သေးတယ်၊ ဒါပေမယ့် အဲဒီလူက ယမကာသောက်ဖို့မပြောနဲ့ ကျုပ်တည်တဲ့ စီးကရက်တောင် မဖွာဘူး၊ သူ့ကိုယ်သူ အမှားအမှားအယွင်းမရှိအောင် တိတိကျကျ ထိန်းသိမ်းခဲ့တယ်၊ အကျဉ်းအကြပ်ထဲမှာ အခက်အခဲဆုံးအချိန်ရောက်နေတာတောင်မှ ရဲရဲရင့်ရင့်နဲ့ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်တယ်'

ကိုဟာန်အနေနှင့် စစ်စခန်းတွင် ရက်သတ္တပတ် ၄ပတ်တိုင်တိုင် နေခဲ့စဉ်က သူ့အတွက် အခက်အခဲဆုံးအကျဉ်းကြပ်ဆုံး အချိန်များဖြစ်ခဲ့သည်။ လေးပတ်လုံးလုံး စနစ်တကျညှဉ်းပမ်းစစ်ဆေးခဲ့ကြသည်။ ခံစား တုန့်ပြန်မှု မြန်ဆန်သော ခန္ဓာကိုယ်အစိတ်အပိုင်းများကို ထိထိရောက်ရောက် ပြုလုပ်စစ်ဆေးခဲ့သော်လည်း ကိုဟာန်ကလုံးဝမဖြုံခဲ့ပါချေ၊ ထိုသို့စပိုင်တစ်ယောက်ကို စစ်ဆေးသည့်ကာလအတွင်း တစ်ခါက ဂက်စတာပိုဟောင်းများနှင့် အက်စ်၊ အက်စ် အရာရှိဟောင်းများ ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခဲ့ကြသည်။

ထိုစစ်ဆေးမှုကို ကိုဟာန်က အသည်းအသန်ခံစားခဲ့ရသည်။

သို့ရာတွင် သူ့ကိုစစ်ဆေးသူများသည် မည်သည့်အဖြေမှမရ။

ထို့ကြောင့် သူတို့က လက်လျှော့ကြသည်။ စစ်ဆေးရင်းအသက်ဇီဝန်သာကြွေသွားမည်။ သူဟို့သိလိုသော အချက်အလက်များက လုံးဝထွက်မလာ၊ နောက်ဆုံးတွင် သာမာန်အကျဉ်းထောင်သို့ ပြောင်းရွှေ့နေရာချထားလိုက်ကြသည်။

ထိုအကျဉ်းထောင်တွင် ရာဇဝတ်မှုကျူးလွန်သူများကိုသာထည့်ထားလေ့ရှိသည်။ ကိုဟာန်ရောက်ရှိလာသောအခါ၊ ထောင်မှူးများက ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံကြသည်။ သို့ရာတွင် နာဇီဟောင်းများ၏ စစ်ဆေးမှုကို ခံနိုင်ရည်ရှိရှိ ကျော်ဖြတ်လာခဲ့သော ကိုဟာန်ကလုံးဝ မဖြုံခဲ့ပါချေ။

ထိုအခါထောင်မှူးများက သူ့ကိုအစွရေးမကောင်းဆိုးဝါးဟု ခေါ်ကြ

သည်။ အချို့ကလည်း ရဲရင့်သူ ဟူ၍အမည်ပေးလိုက်ကြသည်။

ကိုဟန်ကိုဖမ်းမိခဲ့ကြပြီး ဆိုးကျိုးသက်ရောက်မှုတစ်ခု ဖြစ်ပေါ်လာခဲ့သည်။ ထိုဆိုးကျိုးမှာ ဆီးရီးယား အမျိုးသား၊အမျိုးသမီးငါးရာကျော် အဖမ်းခံလိုက်ရသည်။

ထိုသူများထဲတွင် အစိုးရစက္ကရီတေရီများ၊ လေယာဉ်မယ်များနှင့် ကိုဟန်၏တိုက်ခန်းတွင် အပျော်ကျူးခဲ့ကြဖူးသော အမျိုးသမီးများလည်းပါဝင်ကြသည်။ အမျိုးသားများထဲတွင် မားဇီဇဟာ အယ်လ်ဒင်၊ ဂျော့ချ်ဆစ်ဖ် နှင့် ရှိတ်ခ် အယ်ဒ်အတ်ဒ် တို့ကိုလည်း ထောင်ထဲသို့ ထည့်သွင်းလိုက်ကြသည်။

တန်ပြန်ထောက်လှမ်းရေးတို့ တစ်စခန်းထလာကြသည်။ သူတို့၏ လုပ်ဆောင်ချက်များကို သူတို့ဖာသာ အမွှန်းတင်ကြသည်။ စပိုင်တစ်ယောက်ကို မည်မျှခက်ခက်ခဲခဲ ဖမ်းဆီးခဲ့ရကြောင်း၊ ထိုသို့မဖမ်းဆီးမီ မည်သို့စုံစမ်းစစ်ဆေးခဲ့ရကြောင်း၊ ဒမတ်စကပ်မြို့တော်တွင် လူ့ဂုဏ်တန်အသိုင်းအဝိုင်းတွင် ပိပိရိရိကျင်လည်ကျက်စားနေသော စပိုင်ကိုအလွယ်တကူ ဖော်ထုတ်နိုင်ခြင်းမဟုတ်ပဲ၊ လပေါင်းများစွာ နောက်ယောင်ခံလိုက်ခဲ့ရခြင်းနှင့်၊ တစ်ခါတစ်ရံ လမ်းစပျောက်သွားသော အတွေ့အကြုံများကို သူတို့ကိုယ်တိုင်ရေးသား၍ သတင်းစာများမှ တစ်ဆင့် ထည့်သွင်းဖော်ပြကြသည်။

စင်စစ်အားဖြင့် ထိုသို့ရေးသားလိုက်ခြင်းအားဖြင့် အယ်လီကိုဟန်၏ စွန့်စားလှုပ်ရှားမှုမှာ ပိုမိုပေါ်လွင်လာသည်။ ကိုဟန်၏အရည်အသွေးက ပိုမိုတောက်ပလာသည်။ မည်သို့ပင်ဖြစ်စေ၊ လပေါင်းများစွာ လျှို့ဝှက်လှုပ်ရှားနိုင်ခဲ့သော ကိုဟန်၏ဆောင်ရွက်မှုသည် အမြင့်ဆုံး အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့ကြောင်း ဖော်ပြလိုက်သည့်ပမာ ဖြစ်သွားသည်။

ထိုအကြောင်းနှင့်ပတ်သက်၍ အာရပ်နိုင်ငံ အများအပြားတွင် သတင်းပျံ့နှံ့သွားသည်။ လူတိုင်းစိတ်ဝင်စားသော အကြောင်းအရာတစ်ခု ဖြစ်လာသည်။ ကိုဟန်အား မမြင်ဖူးသူများက သူ၏ရုပ်ဆင်းသဏ္ဌာန်ကို မြင်ဘူးသူများအား မေးမြန်းကြသည်။ သူ့အကြောင်းကို သိလိုစိတ်ဖြစ်ပေါ်လာကြ

သည်။ သတင်းစာထဲတွင် ကိုဟန်၏အကြောင်း၊ တစ်စွန်းတစ်စ တစ်စိတ်တစ်ဒေသ ပါလာလျှင်၊ စိတ်လှုပ်ရှားစွာဖတ်ရှုကြသည်။ သူတို့၏ထင်မြင်ယူဆချက်များဖြင့် ပေါင်းစပ်ဖြည့်စွက်ကာ အကျယ်တစ်ဝင့် ပြောဆိုလေ့ရှိကြသည်။

သို့ဖြင့် ကိုဟန်သည် လူသိများသူ ဖြစ်လာသည်။

သူ့အကြောင်းကို ဘီရုဒ်မှသတင်းစာထဲတွင် ခံစားတင်ပြသည်။ ထိုသတင်းစာ၏ အမည်မှာ 'အယ်လ်ဟေဗက်' ဖြစ်သည်။

'ဒမတ်စကပ် ကက်ဘိနက်အဖွဲ့က မနက်ပိုင်းချလိုက်တဲ့ဆုံးဖြတ်ချက်ဟာ ညနေပိုင်းလည်းရောက်ရော၊ ကိုဟန်ကတယ်အဇီကို ပို့လိုက်ပါလေရော' ဟူ၍ရေးသားဖော်ပြခဲ့သည်။ လက်ဘနွန်နိုင်ငံမှ ဂျာနယ်ဆောင်းပါးရှင်တစ်ယောက်သည် ဒမတ်စကပ်မြို့အထိရောက်လာသည်။

သူက သက်ဆိုင်ရာ အာဏာပိုင်များနှင့်တွေ့ဆုံသည်။

ကျွန်တော် အယ်လီကိုဟန်နဲ့ တွေ့ဖို့လာခဲ့တာပါ'

'ခင်ဗျား ဘာကိစ္စနဲ့ တွေ့ချင်တာလဲ'

သက်ဆိုင်ရာ အာဏာပိုင်က မေးသည်။

'အခုအချိန်မှာ သူ့ကိုကျွန်တော်အပါအဝင် ပြည်သူတွေအတော်များများက စိတ်ဝင်စားနေကြပါတယ်၊ ဒါပေမယ့် သူ့အကြောင်းကို တခြားသူတွေရဲ့ ထင်မြင်ယူဆချက်တွေကိုသာ ဖတ်ခဲ့ကြရတာဖြစ်ပါတယ်၊ တစ်ချို့အကြောင်းအရာတွေက သူ့ကိုပြစ်တင်ဝေဖန်ထားတာ ဖြစ်ပေမယ့်၊ အများပြည်သူတွေရဲ့ အမြင်မှာ အမွန်းတင်သလို ဖြစ်နေတယ်၊ စပိုင်တစ်ယောက်ကို လူစွမ်းကောင်းတစ်ယောက် သဘောမျိုး မဖြစ်သင့်ပါဘူး'

'ဒါက မင်းတို့မီဒီယာသမားတွေ ဖွကြတာပဲ မဟုတ်လား'

အာဏာပိုင်က မကျေမနပ်နှင့် မေးသည်။

'အဲဒီလို ရေးသားသူထဲမှာ ကျွန်တော်မပါ ပါဘူး၊ သူတို့ရဲ့ရေးသားချက်တွေကိုလည်း ကျွန်တော်သိပ်ဘဝင်မကျခဲ့ပါဘူး၊ ဒါကြောင့်ကျွန်တော်ကိုယ်တိုင်ကိုယ်ကျ တွေ့ပြီးအင်တာဗျူး လုပ်ခွင့်တောင်းခံတာ ဖြစ်ပါတယ်'

မြိတ်စာပေ

ဂျာနယ်သမားက ရေရေလည်လည် ရှင်းပြသည်။

'ကောင်းပြီလေ၊ ကျုပ်တို့အချင်းချင်း တွေ့ဆုံဆွေးနွေးပြီးမှ၊ ခွင့်ပြုသင့် မပြုသင့် ဆုံးဖြတ်ကြမယ်၊ မနက်ဖြန် မနက်ကျရင် မင်းတစ်ခေါက်ထပ်လာခဲ့ပါ၊ တို့ရဲ့ဆုံးဖြတ်ချက် ဘာလဲဆိုတာ မင်းသိရမယ်"

အာဏာပိုင်က မရေမရာ ဖြေသည်။

ဂျာနယ်သမားက စိတ်ရှည်စွာဖြင့် . . .

'ကောင်းပါပြီ ခင်ဗျား၊ မနက်ဖြန် မနက်ကျရင် ကျွန်တော်တစ်ခေါက် ထပ်လာခဲ့ပါဦးမယ်၊ အကယ်လို့ခင်ဗျားတို့ ဖမ်းဆီးထားတဲ့ စပိုင်ကို တွေ့ခွင့်မပြုဘူးဆိုရင်တော့၊ အဲဒီလိုတွေ့ခွင့်မပြုရတဲ့အကြောင်းကို ကျွန်တော်တို့စာနယ်ဇင်းတွေထဲမှာ ခန့်မှန်းထင်မြင်ချက်တွေနဲ့ ဝေဝေဆာဆာဖော်ပြရပါလိမ့်မယ်၊ တကယ်လို့ အဲဒီခန့်မှန်းထင်မြင်ချက်တွေထဲမှာ လူကြီးမင်းတို့အနေနဲ့ ဘဝင်မကျစရာတွေ ပါနေရင်လည်း မတတ်နိုင်ပါဘူး၊ ကျွန်တော့်ကို တိတိကျကျ တွေ့ဆုံပြီး ရေးခွင့်မပေးခဲ့တဲ့ လူကြီးမင်းတို့ရဲ့ တာဝန်ပဲဖြစ်ပါတယ်'

. . . ဟုပြောလိုက်သည်။

သူ့လေသံက ပြတ်သားသည်။

မီဒီယာသမားတစ်ယောက်အနေနှင့် သက်ဆိုင်ရာတွင် တရားဝင်တွေ့ဆုံခွင့်တောင်းခဲ့ပါလျက် ခွင့်မပြုခဲ့လျှင် ထိုခွင့်မပြုရခြင်း အကြောင်းကို ရေးသားဖော်ပြခွင့်ရှိသည်။ ထိုအချက်ကို ကိုင်တွယ်၍ သတိပေးလိုက်ခြင်း ဖြစ်သည်။

'စိတ်ချပါ၊ မင်းတွေ့ချင်တဲ့ ဆန္ဒအတိုင်းဖြစ်အောင် ကျုပ်အတတ်နိုင်ဆုံးကြိုးစားပါ့မယ်'

ထိုပုဂ္ဂိုလ်က ကတိပြုလိုက်သည်။

xxxxxxxxxxxxx

နောက်တစ်နေ့နံနက်တွင် ဂျာနယ်သမားကို အယ်လီကိုဟန်နှင့် တွေ့ခွင့်ပြုလိုက်သည်။ သို့ရာတွင် ဂျာနယ်သမားနှင့်မတွေ့မီ သက်ဆိုင်ရာ အာဏာ

ပိုင်က အကျဉ်းထောင်ရှိထောင်မှူးကို ကြိုတင်မှာကြားခဲ့သေးသည်။

'ဒီနေ့မနက်ပိုင်းကျရင် လက်ဘနွန်က စာနယ်ဇင်းသမားတစ်ယောက် လာလိမ့်မယ်၊ တို့က အဲဒီတစ်ယောက်ကိုပဲ အယ်လီကိုဟန်နဲ့ တွေ့ခွင့်ပြုမှာပါ၊ နောက်ထပ်ဘယ်သူ့ကိုမှ ခွင့်ပြုမှာမဟုတ်တော့ဘူး'

'သူလာရင် ထုံးစံအတိုင်း အချိန်တစ်နာရီပဲ တွေ့ခွင့်ပြုမှာလားခင်ဗျား'

ထောင်မှူးက ပြန်မေးသည်။

'ဟုတ်တယ်၊တစ်နာရီပဲ ခွင့်ပြုမယ်ဆိုတာ သူ့ကိုကြိုပြောထားဦး'

'ကောင်းပါပြီခင်ဗျား'

'အဲ တစ်ခုရှိသေးတယ်၊ ဒီနေ့မနက်ပိုင်းမှာ အယ်လီကိုဟန်ကို ရေချိုးပြီးသား မုတ်ဆိတ်ရိပ်ပြီးသား၊ သန့်သန့်ရှင်းရှင်းဖြစ်နေပါစေ၊ နောက်ပြီး စာနယ်ဇင်းသမားနဲ့ မတွေ့ခင် အယ်လီကိုဟန်ကို မနက်စာ ဝဝလင်လင် ကျွေးထားရလိမ့်မယ်'

'ဟုတ်ကဲ့ပါ၊ သူ့ကို ခါတ်ပုံရိုက်ခွင့် ပြုရမှာလား'

'မပြုရဘူး၊ သူ့ကိုဓါတ်ပုံမရိုက်စေနဲ့'

'သူတို့မေးမြန်းပြောဆိုနေချိန်မှာ အနီးကပ်စောင့်ကြည့်ဖို့ လိုအပ်လားခင်ဗျား'

ထောင်မှူးက ရှင်းရှင်းလင်းလင်း ဖြစ်စေရန် မေးသည်။

'အနီးကပ်စောင့်ကြည့်ဖို့ မလိုပါဘူး၊ သူတို့ဘာသာ လွတ်လွတ်လပ်လပ် ပြောပါစေ၊ ဒါပေမယ့် စာနယ်ဇင်းသမားဆီမှာ မသက်ာစရာ ဘာပစ္စည်းမှ မပါစေနဲ့၊ သေချာရှာပြီးမှ အယ်လီရဲ့ အခန်းထဲကိုပို့လိုက်၊ မင်းတို့ကသူတို့ မမြင်အောင် သူတို့နဲ့ မနီးမဝေးမှာ ပုန်းခိုပြီးနေရာယူထားကြရင် ပိုကောင်းမယ်၊ ငါပြောတာရှင်းလား'

'ရှင်းပါတယ် ဆရာ'

ထောင်မှူးက ဖုန်းငုပြောရင်းမှာပင် ဦးခေါင်းငြိမ့်လိုက်လေသည်။

xxxxxxxxxxxxxxx

## အခန်း (၂၃)

ဂျာနယ်သမားနှင့် ကိုဟန်တွေ့ဆုံကြသည်။

ကိုဟန်၏ အကျဉ်းခန်းမှာ သန့်ရှင်းနေသည်။

ကိုဟန်အား သန့်သန့်ပြန့်ပြန့် သပ်သပ်ယပ်ယပ် ဝတ်ဆင်ပေးထားသည်။

'ကျန်းမာပါရဲ့လား အယ်လီကိုဟန်'

စာနယ်ဇင်းသမားက နှုတ်ခွန်းဆက်လိုက်သည်။

'ဟုတ်ကဲ့ ကျန်းမာပါတယ်၊ ခင်ဗျားကိုလည်း ကျန်းမာပါစေလို့ ဆုတောင်းပါတယ်'

ကိုဟန်က ပြေပြေပြစ်ပြစ် ပြောလိုက်သည်။ သို့ရာတွင် သူ့အသံက အက်တက်တက်ဖြစ်သည်။ တစ်ချိန်က ပြည့်ပြည့်ဖြိုးဖြိုးရှိခဲ့ဘူးသော ခန္ဓာကိုယ်သည် ယခုအခါတွင် အတော်ပင်ချောင်ကျနေလေပြီ။

သို့ရာတွင် သူ့မျက်လုံးအစုံက တောက်ပဆဲပင်။

'ခင်ဗျားကို ကျွန်တော်နဲ့ တွေ့ဆုံမေးမြန်းဖို့ အချိန်တစ်နာရီပဲ ရတယ်

မဟုတ်လား မိတ်ဆွေ'

ကိုဟန်က မွန်ရည်စွာ မေးလိုက်သည်။

စာနယ်ဇင်းသမားက ခေါင်းငြိမ့်ပြသည်။

'ဟုတ်ပါတယ်'

'ဒါဆို ကျွန်တော်နဲ့ ပတ်သက်လို့ ခင်ဗျားဘာများသိချင်ပါသလဲ'

'ကောင်းပါပြီ၊ ကျွန်တော်မေးချင်တာတွေကို မေးပါတော့မယ်၊ ဒါမေ မယ့် ခင်ဗျားအနေနဲ့ ကျွန်တော်မေးခွန်းကို မဖြေချင်တဲ့ အခါကျရင် မဖြေပဲ နေလို့ရပါတယ်၊ အဲဒါသဘောအတိုင်းပါ'

စာနယ်ဇင်းသမားက ပဏာမပျိုးလိုက်သည်။

ကိုဟန်က ခေါင်းငြိမ့်ပြသည်။

'ခင်ဗျား အခုလိုအေးဂျင့်တစ်ယောက်အဖြစ်နဲ့ ဒီနိုင်ငံကို ရောက်လာ ခဲ့တာဟာ၊ ခင်ဗျားအတွက် ဘယ်လိုအကျိုးသက်ရောက်မှု ရှိခဲ့ပါသလဲ'

'ခင်ဗျားမေးခွန်းက ဝေ့လည်ကြောင်ပတ်ဖြစ်နေတယ်၊ ဒါ့ထက်ပိုပြီး ရှင်းရှင်းလင်းလင်း မေးပါလားခင်ဗျား၊ ကျွန်တော်ကလည်း ပွင့်ပွင့်လင်းလင်း ဖြေလို့ရအောင်ပေါ့'

ကိုဟန်က တည်တည်ငြိမ်ငြိမ် ပြောသည်။

'ကောင်းပါပြီ၊ ကျွန်တော်သိချင်တာက စပိုင်တစ်ယောက်အတွက် အသက်စွန့်ပြီးဆောင်ရွက်ခအဖြစ် ငွေကြေးဖေါဖေါသီသီ သုံးနိုင်တယ်၊ များ များစားစားရတယ်လို့ ကြားဖူးတယ်၊ အဲဒါ ဟုတ်ပါသလား'

ကိုဟန်က သူ့ကိုစူးစူးရဲရဲ ကြည့်သည်။

'ကျွန်တော် ငွေကြေးအတွက် ထောက်လှမ်းရေးသမားလုပ်တာ မဟုတ်ပါဘူး'

'ဒါဆိုရင် စွန့်စွန့်စားစား လှုပ်ရှားဆောင်ရွက်ရတာမျိုးကို ဝါသနာ ပါလို့ပေါ့နော်၊ ဟုတ်ရဲ့လား'

စာနယ်ဇင်းသမားက ဖြည့်စွက်မေးသည်။

ပြီတ်စာပေ

'တစ်နည်းအားဖြင့် အဲလိုမျိုး ပြောရင်လည်းရပါတယ်၊ ကျွန်တော်က ရှုံးထိုင်တဲ့အလုပ်မျိုးထက် အခုလို အသက်စွန့်ပြီး လှုပ်ရှားဆောင်ရွက်ရတာကိုဝါသနာပါ ပါတယ်'

'ဒါဆို ခင်ဗျားအတွက် အသက်နဲ့ရင်းပြီး ဆောင်ရွက်ရတာ ထိုက်တန်ရဲ့လား'

'ကျွန်တော် ဆီးရီးယားနိုင်ငံကို ထွက်လာကတည်းက ကျွန်တော်တို့နိုင်ငံအစွန့်ရှည်ဖို့အတွက်၊ ကျွန်တော်တို့လူမျိုးတွေအားလုံး အနာဂတ်ကာလမှာ ဖွံ့ဖြိုးတိုးတက်ပြီး စိုးရိမ်ကြောင့်ကြ ကင်းစွာနေနိုင်ဖို့အတွက် ဦးစားပေးရည်မှန်းချက်ထားခဲ့ပါတယ်'

'အဲဒီ ရည်မှန်းချက်ကို ခင်ဗျားအနေနဲ့ အပြည့်အဝ အကောင်အထည်ဖော်နိုင်ခဲ့ပါသလား'

သတင်းထောက်က ကိုဟန်၏စကားဆုံးသွားသည်နှင့် တပြိုင်နက် လျှပ်တစ်ပြတ်မေးလိုက်ခြင်း ဖြစ်သည်။

'ကျွန်တော့် စွမ်းရည်ရှိသလောက် တစ်စုံတစ်ခုသော အတိုင်းအတာအထိ ဆောင်ရွက်နိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်'

ကိုဟန်က ချက်ချင်းပြန်ဖြေလိုက်သည်။

သတင်းသမားက ပြုံး၍ခေါင်းငြိမ့်ပြီး၊

'ခင်ဗျားဟာ အိမ်ထောင်ရှင်တစ်ယောက်လား၊ ဒါမှမဟုတ် တစ်ကိုယ်တည်းသမားလား' ဟူ၍မေးသည်။

'ကျွန်တော့်ဇနီးနဲ့ သားသမီး(၃) ယောက်ရှိပါတယ်၊ အဲဒီဇနီးနဲ့ သားသမီးတွေကို ကျွန်တော်ချစ်မြတ်နိုးပါတယ်၊ ဒါ့ကြောင့် ကျွန်တော်ခုနက ဖြေခဲ့တဲ့ 'ကျွန်တော်တို့ လူမျိုးတွေအားလုံး' ထဲမှာ ကျွန်တော်မိသားစု အပါအဝင် သာယာပျော်ရွှင်စွာ နေစေချင်တယ် ဆိုတဲ့သဘောနဲ့ ပြောခဲ့တာပါ'

ဒါဆိုရင် ခင်ဗျားဟာ နိုင်ငံအတွက် ကိုယ်ကျိုးစွန့်လွှတ်ပြီး အနစ်နာခံသူတစ်ယောက်လား'

~ ပြီးပါပြီ ~

သတင်းထောက်က ထပ်မေးသည်။

'ကိုယ့်ကိုယ်ကို အဲဒီလောက်ကြီး အမွှန်းမတင်လိုပါဘူး၊ ကျွန်တော် နိုင်ငံနဲ့လူမျိုးအတွက် အကျိုးရှိစေမယ့် ဆောင်ရွက်မှုဟာ တစ်နည်းအားဖြင့် နိုင်ငံသားတစ်ယောက်ဖြစ်နေတဲ့ ကျွန်တော်နဲ့ ကျွန်တော့မိသားစု အတွက် လည်း အကျိုးရှိအောင် ဆောင်ရွက်တာနဲ့ အတူတူပါပဲ'

ကိုဟာန်က စကားကို လိုအပ်သလို ဆွဲလှည့်ယူလိုက်သည်။

'ဒါပေမယ့် အခုခင်ဗျား စပိုင်တစ်ယောက်အနေနဲ့ အပြစ်ပေးတော့ မယ် အဲဒီပြစ်ဒဏ်ဟာ ခင်ဗျားရဲ့ အသက်အန္တရာယ် ဖြစ်စေနိုင်တဲ့အတွက် ခင်ဗျားအတွက် အကျိုးရှိပါ့မလား၊ နောက်ပြီး ခင်ဗျားနဲ့ပတ်သက်ဟဲ့ မိသားစု ကို အကျိုးရှိစေမယ် ဆိုတာကော ဖြစ်နိုင်ပါ့မလား'

စာနယ်ဇင်းသမားက ဆက်လက်မေးခွန်းထုတ်သည်။

'ကျွန်တော်ဟာ ကျွန်တော်ရဲ့အစ္စရေးနိုင်ငံအတွက် သစ္စာရှိစွာနဲ့ အသက်ပေးဆောင်ရွက်ရတာကို ဂုဏ်ယူပါတယ်၊ ကျွန်တော်မိသားစုကလည်း ကျွန်တော်အသက်ပေးဆောင်ရွက်ပြီး ဂုဏ်ရှိသောသေခြင်းနဲ့ သေသွားတဲ့အ တွက် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူနိုင်ကြပါလိမ့်မယ်'

သူကရဲရဲရင့်ရင့် ပြောလိုက်သည်။

သူ့ကိုကြည့်ရသည်မှာ သေဘေးကို စိုးရိမ်ကြောင့်ကြမှု မရှိ၊ ပကတိ တက်ကြွနေသည်။ စာနယ်ဇင်းသမားက သူ့ကိုငေးစိုက်ကြည့်နေသည်။ ထို အခိုက်အတန့်တွင် ထောင်မှူးက သူတို့မြင်ကွင်းထဲသို့ ရောက်ရှိလာသည်။

'အချိန်စေ့တော့မယ်'

ထောင်မှူးက သတိပေးသည်။

စာနယ်ဇင်းသမားက အယ်လီကိုဟာန်၏ လက်ကိုဆွဲယူ၍ အားရပါးရ ဆုပ်ကိုင်လှုပ်ရမ်းသည်။

'ခင်ဗျားကိုတွေ့ရတာ အရမ်းအားရပြီး ကျေနပ်စရာကောင်းပါတယ် ဗျာ၊ ခင်ဗျားစိတ်ဓါတ်ရှိတဲ့လူမျိုးတွေသာ နိုင်ငံတိုင်းမှာ ရှိနေကြမယ်ဆိုရင်

သိပ်ကောင်းမှာပဲ၊ တခြားလူတွေကို မပြောနဲ့၊ ကျွန်တော့်ကိုယ်ကျွန်တော် မေးခွန်းထုတ်ကြည့်မိတယ်၊ 'ခင်ဗျားလို နိုင်ငံအတွက် အသက်စွန့်နိုင်ပါ့မလား' လို့ပေါ့နော်၊ ကျွန်တော့်မှာ မျိုးချစ်စိတ်တော့ရှိပါတယ်၊ ဒါပေမယ့် အသက်စွန့်ရမယ့် အလုပ်ကို သာမာန်လူတွေ လုပ်နိုင်ဖို့မလွယ်ဘူး' ဟူ၍ သက်ပြင်းမောတစ်ချက်ဖြင့် ပြောလိုက်ပါသည်။

xxxxxxxxxxx

အစ္စရေးဝန်ကြီးချုပ် ကိုယ်တိုင် အယ်လီကိုဟန်အသက်ကို ကယ်ဆယ်နိုင်ရန် ကြိုးစားခဲ့သည်။ အစ္စရေးနိုင်ငံရှိ သတင်းစာအယ်ဒီတာများကို ခေါ်ယူတွေ့ဆုံ၍ ထိုဖြစ်ရပ်ကို အရေးမပါသည့်အသွင်မျိုး လျော့လျော့ပေါ့ပေါ့ရေးသားဖော်ပြကြရန် တောင်းဆိုခဲ့သည်။

'ခေတ်မီယဉ်ကျေးတဲ့ နိုင်ငံတွေမှာ စပိုင်တွေကိုအဆုံးစီရင်ခြင်း မပြုကြတော့ပါဘူး၊ စပိုင်တွေကို ဖလှယ်ကြတယ်၊ ဒါမှမဟုတ် ထောင်ထဲမှာ ခဏလောက်ထည့်ထားပြီး နောက်တော့ တိုးတိုးတိတ်တိတ် လွှတ်ပေးလိုက်ကြတယ်' ဟုဝန်ကြီးချုပ်က ရှင်းပြခဲ့ပါသည်။

အစ္စရေးအစိုးရသည် အေးဂျင့်တစ်ယောက်၏ အသက်ကို ကယ်ရန် နိုင်ငံရေးနည်းလမ်းများ၊ သံတမန်နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည်။ သံအမတ်အချင်းချင်းနှင့် အထက်တန်းအစိုးရအရာရှိကြီးများ စီးပွါးရေးသမားများနှင့် ဆီးရီးယားခေါင်းဆောင်ပိုင်းများကို ဆက်သွယ်၍ တောင်းပန်ပြောဆိုခဲ့ကြသည်။

ကိုဟန်၏အမှုကို အထူးစစ်ခုံရုံးဖြင့် ကြားနာမည့်အချိန်ကာလသို့ ရောက်ရှိခဲ့သည်။ ထိုအခါ တွန်းအားပေးဆောင်ရွက်မှု တိုးမြင့်လာသည်။ နိုင်ငံအချို့မှ ထိပ်တန်းရှေ့နေကြီးများသည် ကိုဟန်၏ အမှုတွင်ပါဝင်ဆောင်ရွက်လိုကြောင်း ဆီးရီးယားအစိုးရထံသို့ ကမ်းလှမ်းကြသည်။

ပြင်သစ်ရှေနေကြီး နှစ်ယောက်သည် ဒမတ်စကပ်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။ ထိုအမှုကို လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။ ထိုရှေနေကြီးနှစ်ယောက်အနက် ဂျက်မာစီယာသည် အယ်လ်ဂျီးရီးယား လွတ်လပ်ရေး တိုက်ပွဲဝင်သူများကို ပြင်သစ်နိုင်ငံတွင် ခုံရုံးတင်စစ်ဆေးရာ၌ တရားခံအကျိုးဆောင်အဖြစ် ဆောင်ရွက်ခဲ့ရာ အနိုင်ရရှိခဲ့ဖူးသည်။ ထို့ကြောင့်သူသည် အာရပ်များဘက်မှ ရပ်တည်သူဖြစ်ကြောင်း ဆီးရီးယားတို့က မှတ်ချက်ချခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ၊ စစ်ခုံရုံးတွင် စစ်ဆေးကြားနာခဲ့လေသည်။

အစ္စရေးတို့အနေနှင့် မိမိတို့၏အေးဂျင့်အတွက် အခြေအနေမကောင်းတော့ကြောင်း ရိပ်မိကြသည်။ ကိုဟာန့်ဘက်မှ မည်သူ့ကိုမျှ လိုက်ပါဆောင်ရွက်ခွင့် မပြုခဲ့ပါချေ၊ ရှေနေကြီး ဂျက်မာစီယာနှင့် သူ၏တွဲဘက်များကို အမှုစစ်ဆေးသည့် ရုံးခန်းသို့ပင် ဝင်ခွင့်မပြုပဲ ပိတ်ပင်တားမြစ်ခဲ့သည်။ ဥရောပနိုင်ငံအချို့မှ အစိုးရများ၏ တောင်းပန်ချက်ကိုလည်း လက်သင့်မခံခဲ့ကြပါချေ။

အဆိုးဆုံး ဖြစ်ရပ်က ဖြစ်နေဆဲပင်။

ခုံရုံးဥက္ကဋ္ဌအဖြစ် ကာနယ်ဒယ်လီ ဖြစ်သည်။ ကာနယ်ဟာတောင်းက ခုံရုံးအဖွဲ့ဝင် ငါးယောက်ထဲတွင် ပါဝင်ကြောင်း ကြေငြာခဲ့သည်။ သူတို့နှစ်ယောက်စလုံးသည် တစ်ချိန်က ကိုဟာန်နှင့် အကျွမ်းဝင်ပေါင်းသင်းဆက်ဆံခဲ့ကြသူများ ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ကိုဟာန်အပေါ်တွင် သက်သက်ညှာညှာစီရင်ဆုံးဖြတ်ခဲ့ပါက သူတို့နှစ်ယောက်စလုံး နာမည်ဆိုးဖြင့် ထိခိုက်တော့မည်မှာ သေချာသည်။ သမတကြီးက သူတို့နှစ်ယောက်ကို ရွေးချယ်လိုက်ရခြင်းမှာ သမတကြီးနှင့် သူတို့နှစ်ယောက်၏ဂုဏ်သိက္ခာကို ဆယ်တင်ရန်အတွက်ဖြစ်သည်။ ထို့ကြောင့်ကိုဟာန်ကို သက်ညှာ၍မရနိုင်တော့သော အခြေအနေမျိုးဖြစ်သွားတော့သည်။

ကိုဟာန်သည် တစ်ချိန်က သူတို့နှစ်ယောက်ကို အသုံးချလျက်

ထိပ်တန်းလျှို့ဝှက်သတင်းများကို နှိုက်ယူခဲ့သူဖြစ်သည်။ ထို့ကြောင့် ပြတ်ပြတ်သားသား စီရင်တော့မည်ဟု ရည်ရွယ်ခဲ့ကြသည်။

ထို့ကြောင့်ကိုဟန် သေရတော့မည်ဟု ရှင်းရှင်းလင်းလင်းဖြစ်နေသည်။

စစ်ဆေးကြားနာချက်များကို တံခါးပိတ်ဆောင်ရွက်ကြသည်။ အမှုစစ်ဆေးခြင်းကို ရုပ်သံကင်မရာဖြင့် မှတ်တမ်းတင် ရိုက်ကူးခဲ့သည်။ သို့ရာတွင် ပြသင့်ပြထိုက်သော အစိတ်အပိုင်းအချို့ကိုသာ ရွေးချယ်စီစစ်၍ ရုပ်မြင်သံကြားမှ ပြသခဲ့ကြသည်။

ကိုဟန်သည် ထောင်ထဲတွင် နှိပ်စက်စစ်ဆေးခံခဲ့ရသော်လည်း သူ့ကိုယ်သူ အပြည့်အဝထိန်းသိမ်းနိုင်သူ ဖြစ်ကြောင်း ပီပီပြင်ပြင်ပြသခဲ့သည်။ ခုံရုံးအဖွဲ့ဝင်က အယ်လီကိုဟန်ကို မေးခွန်းထုတ်သည်။

'ကာနယ်ဒယ်လီနဲ့ ကာနယ် ဟာတောင်းကို မင်းသိပါသလား'

ကိုဟန်က ထူးထူးခြားခြား ခေါင်းခါပြသည်။

'ကျွန်တော်လုံးဝ မသိပါ'

ဟုဖြေလိုက်သည်။ ထို့နောက် သူနှင့်အပေါင်းအသင်းဖြစ်ခဲ့ဖူးသော ဆီးရီးယားလူမျိုးများ၏ နာမည်တို့ကို အမှန်အကန် ထွက်ဆိုခဲ့သည်။

ကာနယ်ဒယ်လီနှင့် ဟာတောင်းတို့သည် ကိုဟန်နှင့် အကျွမ်းတဝင် ဆက်ဆံခဲ့ကြဖူးကြောင်းကို တယ်လ်အဗီရှိ မော့ဆက်အကြီးအကဲများကသိထားခဲ့ကြသည်။ သို့ရာတွင် ကိုဟန်က လုံးဝမသိကြောင်း ဖြေဆိုခဲ့သဖြင့် ကိုဟန်အတွက် သက်သက်ညှာညှာ စီရင်လိမ့်မည်ဟု ထင်မြင်ယူဆကြောင်း ပြင်သစ်ရှေ့နေနှစ်ယောက်က ယုံကြည်မျှော်လင့်ခဲ့ကြသည်။

ဂျော့ချ် ဆစ်ဖ်ကို စစ်ဆေးရာတွင်. . .။

'ကျွန်တော်အတွဲ အမျိုးသမီးနဲ့ သွားဖို့ သူ့အခန်းသော့ကို ရယူခဲ့ပါတယ်။ ဒါပေမယ့် သူ့အတွက်စပိုင်လုပ် မပေးခဲ့ပါဘူး၊ အဲဒီအခန်းကို ကျွပ်တစ်ယောက်တည်း အသုံးပြုခဲ့တာ မဟုတ်ပါဘူး'

ဟူ၍ဂျော့ချ် ဆစ်ဖ်က ထွက်ဆိုခဲ့သည်။

နောက်ဆုံးစကားပိုဒ်ကို ထွက်ဆိုစဉ် ခုံရုံးဥက္ကဌဖြစ်နေသူ ကာနယ် ဒယ်လီအား တည့်တည့်မတ်မတ် စူးစူးရဲရဲ ကြည့်၍ပြောလိုက်ခြင်း ဖြစ်သည်။

မေလ(၈)ရက်နေ့တွင် ကိုဟန်အား သေဒဏ်စီရင်လိုက်သည်။

သူ့ကိုကြိုးပေးသတ်ရန် ဆုံးဖြတ်ခဲ့သည်။ ကိုဟန်နှင့်အတူ ကြံရာပါ တစ်ယောက်အဖြစ် အယ်လ်ဒင်ကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် ငါးနှစ် ပြစ်ဒဏ်စီရင်ချက်ချသည်။

ထိုအချိန်မှစ၍ ကိုဟန်ကိုကယ်ဆယ်ရန် အသည်းအသန် အားထုတ် ကြသည်။

သူ၏ဇနီးနေဒီယာသည် ပါရီမြို့ရှိ ဆီးရီးယားသံအမတ်ကြီးထံသို့ အသနားခံရန်သွားခဲ့သည်။ သို့ရာတွင် သံအမတ်ကြီးက အတွေ့မခံခဲ့ပါချေ။ ထို့ကြောင့်နေဒီယာသည် ပုပ်ရဟန်းမင်းကြီး ဆဌမပြောက် ပေါလ်၊ဘယ်လ်ဂျီ ယန်နိုင်ငံဘုရင်မ၏ အမေဖြစ်သူ ဘုရင်မအဲလစ်ဇဘက် ၊ ကနေဒါနိုင်ငံဝန် ကြီးချုပ် ဂျွန်ဒိုင်ဖင်ဘက်ကာ စသော ပုဂ္ဂိုလ်များထံသို့ သွားရောက်အသနား ခံခဲ့သည်။

ထို့နောက် လူမှုရေးအသင်းအဖွဲ့များဖြစ်သော နိုင်ငံတကာကြက် ခြေနီအသင်းနှင့် အခြားအသင်းအဖွဲ့များ၊ ထင်ရှားသောပုဂ္ဂိုလ်များ၊ ဆီးရီးယား အာဏာပိုင်များထံသို့ သွားရောက်တွေ့ဆုံ၍ ကိုဟန်အား သက်သက်ညှာညှာ ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံခဲ့ကြသည်။

ဗျူနိုစ်အေရီစ်မှ ကက်သလစ်ဂိုဏ်းချုပ် အယ်လ်ဖရာဒို ဖယ်လ်စီး ယပ်စ် သည်သေကာနီးအချိန်သို့ ရောက်ရှိနေသည်။ သူကသေကာနီးလူတစ် ယောက်၏နောက်ဆုံးဆန္ဒကို လိုက်လျောသည့်အနေဖြင့် ကိုဟန်အား အသက် ချမ်းသာခွင့်ပြုပါရန် သမတကြီးအယ်လ်ဟာဖက်ထံသို့ ပုဂ္ဂလိက စာတစ်စောင်

ပေးပို့တောင်းပန်ခဲ့သည်။

အစ္စရေးနိုင်ငံ ရေဒီယိုကြေငြာချက်တွင် သူတို့ဖမ်းဆီးရမိသော ဆီးရီးယားစပိုင်များ၏ အမည်စာရင်းကို ဖတ်ပြခဲ့သည်။ အကယ်၍ကိုဟန်ကို လွှတ်ပေးမည်ဆိုပါက မိမိတို့လက်တွင် ဖမ်းဆီးရမိထားသော ဆီးရီးယားစပိုင်များကို အလဲအလှယ်သဘောမျိုး လွှတ်ပေးမည်ဟု ကြေငြာခဲ့သည်။

လွန်ခဲ့သောလ အနည်းငယ်က ညူရယ်လီရှိ အမေရိကန်ဆေးရုံတွင် သမတကြီးအယ်လ်ဟာဖက်သည် ကျောက်ကပ်ရောဂါဖြင့် တက်ရောက်ကုသ ခဲ့သည်။ ထိုကျောက်ကပ်ရောဂါကို ခက်ခက်ခဲခဲ ခွဲစိတ်ကုသပေးခဲ့သော ဒေါက်တာမောရစ်ကယ်စ်က သမတကြီးအယ်လ်ဟာဖက်ဇ်ထံသို့ စာတစ်စောင် ရေးသားပေးပို့ခဲ့သည်။

'ခင်ဗျားရဲ့ အသက်ကိုကျွန်တော်က ခင်ဗျားကိုပြန်ပေးခဲ့သလို ခင်ဗျား ကလည်းအယ်လီကိုဟန်ရဲ့ အသက်ကိုပြန်ပေးဖို့ ကျွန်တော်တောင်းပန်ပါ တယ်' ဟူ၍ဖြစ်သည်။

xxxxxxxxxxxx

မြတ်စာပေ

## အခန်း (၂၄)

ကွန်မြူနစ် နိုင်ငံအချို့ပင်လျှင်၊ ဒမတ်စကပ်သို့ 'တစ်ယူသန်
မလုပ်စေ ချင်ပါ' ဟူသော သဘောမျိုးမေတ္တာရပ်ခံခဲ့သည်။
မည်သို့ပင်ဖြစ်စေ ဒမတ်စ ကပ်သည် ကမ္ဘာတစ်ခုလုံးမှ
အသင်းအဖွဲ့များနှင့် ပုဂ္ဂိုလ်အသီးသီး၏ မေတ္တာ ရပ်ခံချက်များကို
နားမဝင်ခဲ့ပါချေ။
အယ်လ်ဟာဖက်ဇ်သည် နောက်ဆုံးအမိန့်ပေးရတော့မည်။
သို့ရာတွင် သူ့အနေနှင့် မတင်မကျဖြစ်နေခဲ့သေးသည်။
သူ့ပတ်ဝန်းကျင်တွင် နိုင်ငံရေးအားပြိုင်မှု ရှိနေသည်။ ကာနယ်အာ
မက်သည် မည်သည့်အားနည်းချက် အရိပ်လက္ခဏာကိုမဆို ပိုင်ပိုင်နိုင်နိုင်
ဆုပ်ကိုင်နိုင်ရန်စောင့်ကြည့်နေသည်။ အရေးသာသည်နှင့် တစ်ပြိုင်နက်

အာဏာကိုသိမ်းယူရန် ပြင်ဆင်နေသည်။ ဆီးရီးယားများအနေနှင့် ဂျော်ဒန်မြစ်ရေကြောင်းကို ပြောင်းလွှဲရန် စီမံချက်တစ်ခုအဖြစ် ဆောင်ရွက်စဉ် ၁၉၆၄ခုနှစ်နှိုဝင်ဘာလအတွင်း ထိုစီမံချက်နှင့် ပတ်သက်သောနေရာတစ်ခုလုံး မိနစ်အနည်းငယ်အတွင်း ပျက်စီးဆုံးရှုံးခဲ့ရသည်။ အစ္စရေးတို့က လက်နက်ကြီးများနှင့် ထိထိရောက်ရောက် ပစ်ခတ်ဖြိုခွင်းခဲ့ကြသည်။

ထိုဖြစ်ရပ်သည် ကိုဟန်၏ပယောဂ ဖြစ်သည်။

ဒမတ်စကပ်မှ သက်ဆိုင်ရာ အာဏာပိုင်များက သိခဲ့ကြသည်။ ထို့ကြောင့်စပိုင်ကိုဟန်အား သက်ညှာရန်မသင့်တော့ပါချေ။ မည်သို့ပင်ဖြစ်စေ တယ်အဗီမှ နောက်ဆုံးအကြိမ်ကြိုးပမ်းချက် တစ်ခုကို ပြုလုပ်ခဲ့ကြသေးသည်။ သမတကြီး အယ်ဟာဖက်ဇ်နှင့် အလွန်ရင်းနှီးသော ပြင်သစ်စစ်အရာရှိကြီးတစ်ယောက်သည် ဒမတ်စကပ်မြို့သို့ ရောက်လာခဲ့သည်။ ထိုပြင်သစ် အရာရှိကြီး၏ ဇနီးမှာလည်း ဆီးရီးယားအမျိုးသမီးတစ်ယောက် ဖြစ်နေသည်။

သူက ကိုဟန်၏အသက်ကို ဝယ်ယူရန် အဆင်သင့်ဖြစ်နေသည်။

ထိုသူ၏ အိတ်ထဲတွင် ဒေါ်လာတစ်သန်းတန် ချက်လက်မှတ်ပါသည်။

ထို့ပြင် ဆီးရီးယားနိုင်ငံသားများအတွက် ထရက်ကားများ၊ ဘူလ်ဒိုဇာများ၊ ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် ဆေးရုံကားများကို ပို့ပေးမည်ဖြစ်ကြောင်း ကတိပေးရေးသားထားသော စာတစ်စောင်လည်းပါသေးသည်။ အကယ်၍ လိုအပ်ခဲ့လျှင် စစ်လက်နက်ပစ္စည်းမဟုတ်သော အခြားပစ္စည်းများကို ထပ်မံဖြည့်စွက်၍ ပေးပို့ဦးမည်ဖြစ်ကြောင်း ပါရှိသည်။

ဤကမ်းလှမ်းချက် နောက်ကွယ်တွင် မော့ဆက်ရှိသည်။

မော့ဆက်အဖွဲ့ကြီးသည် သူတို့၏စပိုင်ကို အဆုံးရှုံးမခံ ဟူသော ယုံကြည်ခံယူချက်ကို ပြသလိုက်ခြင်းဖြစ်သည်။ သို့ရာတွင် သမတကြီးသည် ပြင်သစ်အရာရှိကြီးကို လုံးဝအတွေ့မခံခဲ့ပါချေ။ ထိုကမ်းလှမ်းမှု မအောင်မြင်သောအခါတွင် အစ္စရေးနိုင်ငံတွင်းမှ ပုဂ္ဂိုလ်အချို့၏ သဘောထားများ ကျယ်

လောင်စွာ ထွက်ပေါ်လာကြသည်။

သံတမန်နည်းလမ်းဖြင့် ဆောင်ရွက်မှု အရေးနိမ့်ခဲ့လျှင် ဆီးရီးယားတို့၏ အချက်အချာကျသော နေရာများကို စစ်ရေးအရ ပြင်းပြင်းထန်ထန် တိုက်ခိုက်ရန် သိမ်းငှက်အဖွဲ့က တင်ပြသည်။ ဆီးရီးယားအကြီးအကဲအချို့ကို ဖမ်းဆီး၍ ကိုဟန်နှင့် အလဲအလှယ်လုပ်ရန် အကြံပြုကြသည်။

သို့ရာတွင် ထိုအစီအစဉ်ကို အစ္စရေးအုပ်စုက ပယ်ချခဲ့သည်။

မေလ (၁၇) ရက်၊ ညဆယ်နာရီတွင် ဒမတ်စကပ်ရေဒီယိုမှ အသံလွှင့်ကြေညာခဲ့သည်။ မကြာမီအချိန်ကာလအတွင်း သေဒဏ်စီရင်ချက်ချထားသော သူလျှိုကို အယ်လ်မာဂျာရင်ပြင်တွင် ကြိုးဒဏ်စီရင်မည် ဟူ၍ဖြစ်သည်။ ထိုနေရာကို ရှေးယခင်အခါက ကြိုးဒဏ်စီရင်ခဲ့ဖူးသော အာဇာနည်ရင်ပြင်ဟု သတ်မှတ်ခဲ့ကြသည်။

နောက်ဆုံးကြိုးပမ်းချက်မှာ ပါရီမြို့ ဗာတီကန်တွင် အိပ်နေသော ပုပ်ရဟန်းမင်းကြီးအား ဖုန်းဖြင့်နှိုး၍ ကိုဟန်အားစီရင်မည့် သတင်းကိုပြောပြခဲ့ပြီး ဒမတ်စကပ်သို့ နောက်ထပ်မေတ္တာရပ်ခံရန် ကတိပေးသည်။ ဝန်ကြီးချုပ် ဂျော့ချ်ပွန်ပီဒူ ကလည်း ထိုသတင်းကို ပြင်သစ်သမတ ဒီဂေါအားနှိုး၍ ပြောခဲ့သေးသည်။

ထိုင်ခွားထုတ်မှုများက အရာမရောက်ခဲ့ပါချေ။

xxxxxxxxxxxx

မေလ(၁၈)ရက်နေ့ နံနက်အာရုံမတက်မီ ၂နာရီအချိန်။

ဒမတ်စကပ်မြို့၏ အယ်လ်မာဇာ ထောင်တံခါးကြီးနှစ်ရွက် ပွင့်သွားသည်။ ရင်ပြင်အတွင်းရှိ စစ်ယာဉ်များ၏ ရှေ့မီးလုံးများက လင်းထိန်လာသည်။ တစ်ကိုယ်တော် အကျဉ်းသားကို လက်နက်ကိုင်အစောင့် လေးယောက်ကခြံရံ၍ အဆင်သင့်ရှိနေသော လေးဘီးယာဉ်ရှိရာသို့ ဦးတည်ချောက်ခဲ့သည်။

ကိုဟန်သည် ရုတ်တရက် ယိမ်းယိုင်လဲကျသွားသည်။

အစောင့်များက ဆွဲထူ၍ယာဉ်ရှိရာသို့ တွန်းပို့ကြသည်။ ထပ်ကာတလဲလဲ ညှဉ်းပမ်းခံခဲ့ရသောကြောင့် အားအင်ဆုတ်ယုတ်ကာ သူ့ကိုယ်သူ မထိန်းနိုင်တော့ခြင်း ဖြစ်သည်။

သေဒဏ်ခံရတော့မည့် လူတစ်ယောက်၏ ဘဝနိဂုံးနောက်ဆုံးမိနစ်တွင် အားပေးနှစ်သိမ့်မှုပြုရန်အတွက် ဆီးရီးယားနိုင်ငံ၏ ရဟူဒီတရားဟောဆရာကြီး မစ်ဆင်အန်ဒါဘို ကအသင့်စောင့်ဆိုင်းနေသည်။ ထိုဆရာကြီးအသက်မှာ ရှစ်ဆယ်နှစ်ကျော်နေလေပြီ။ မုတ်ဆိတ်နှင့် ပါးသိုင်းမွေးများဆွတ်ဆွတ်ဖြူနေသော တရားဟောဆရာကြီးသည် ကိုဟန်ကိုကြည့်၍ သူ့ခံစားမှုကို မထိန်းနိုင်လောက်အောင် ဖြစ်သွားသည်။ ထို့ကြောင့် ရှိုက်ကြီးတစ်ငင်ငိုကြွေးလိုက်မိသည်။

ကိုဟန်က ဆရာကြီးကို စိတ်ထိန်းရန် ညင်သာစွာ ဖြောင်းဖြလိုက်သည်။

သူသည်သေရတော့မည့်အချိန်တွင် ဆုတောင်းရွတ်ဆိုခဲ့ပြီးဖြစ်သည်။ 'ထာဝရဘုရားသခင်၊ ကျွန်ုပ်၏အပြစ်များနှင့် ဖေါက်ဖျက်ကျူးလွန်ခြင်းအားလုံး အတွက်၊ ကျွန်ုပ်အားခွင့်လွှတ်ပါ' ဟူ၍ဖြစ်သည်။ ထို့နောက်ကိုဟန်သည် ရဟူဒီတရားဟောဆရာကြီးနှင့်အတူ ဆုတောင်းခဲ့သည်။

ကာနယ်အာမက်ဦးဆောင်သော ကားတန်းသည် ကိုဟန်အားတင်ဆောင်လာသော ဗင်ကားကိုစောင့်ကြပ်လျက် အယ်လ်မာဂျာရင်ပြင်သို့ မောင်းသွားကြသည်။

ကိုဟန်က သူ့ကိုမည်သည့်နေရာသို့ ခေါ်သွားကြောင်းသိထားသည်။

သူ့အားစီရင်ခြင်းကို ဆီးရီးယားလူမျိုးရာပေါင်းများစွာက မျက်မြင်သက်သေများအဖြစ် ကြည့်ရှုကြလိမ့်မည်။ ထိုနေရာသို့ဖြတ်သန်းသွားလာသူတိုင်း မြင်တွေ့စေရန် သူ၏ခန္ဓာကိုယ်ကို တွဲလောင်းဆွဲထားမည် ဖြစ်ကြောင်း

သူသိနေသည်။

သို့ရာတွင် ကမ္ဘာတစ်ဝှမ်းလုံးက သူ့အသက်ကိုကယ်ဆယ်ရန် မည်သို့လှုပ်ရှားဆောင်ရွက်ခဲ့သည်ကို သူမသိခဲ့ပါချေ။ ထိုဆောင်ရွက်ချက်များကို သူ့အားပြောမပြရန် ပိတ်ပင်တားမြစ်ထားခဲ့ကြသည်။

'သူ. . . ကြိုးစင်ကို လျှောက်သွားစဉ်မှာ၊ သူ့ကိုစွန့်ပစ်ထားကြတယ်လို့ ခံစားနေရတဲ့အသွင်သဏ္ဌာန်မျိုး ဖြစ်နေတယ်'

ပြင်သစ်ရှေ့နေကြီး ဂျက်မာစီယာက နောက်တစ်နေ့ကျမှ ပြောပြလိုက်သည်။

သို့ရာတွင် သူ့ကိုဗင်ကားဖြင့် ခေါ်လာချိန်တွင် မည်သို့သောခါးခါးသီးသီးမုန်းတီးသည့် အသွင်မျိုးဖြစ်မနေခဲ့ပါချေ၊ သူက ရဟူဒီတရားဟောဆရာကို

'ဘယ်သူ့အပေါ် မှာမှ အာဃာတ မရှိပါဘူးဗျာ၊ ဘယ်သူနဲ့မှလည်း ကြွေးမရှိခဲ့ပါဘူး' ဟူ၍ပြောခဲ့သေးသည်။ သူ့ကိုမသတ်မီ တစ်ညတွင် သူ၏ဇနီး နေဒီယာထံသို့ နှုတ်ဆက်စာတစ်စောင်ရေးရန် သက်ဆိုင်ရာသို့ ခွင့်တောင်းခဲ့ရာ သက်ဆိုင်ရာမှ ခွင့်ပြုခဲ့ကြပါသည်။ သို့ရာတွင် အာဏာပိုင်များက သူ့ကိုဟီဘရူးစာဖြင့် မရေးရန်ကန့်သတ်ထားသောကြောင့် သူကအာရပ်စာဖြင့် ရေးခဲ့သည်။ အခန်းကျဉ်းလေးထဲတွင် သစ်သားစာပွဲတစ်ခုနှင့် ရေးခဲ့ရခြင်း ဖြစ်သည်။

'ကျွန်ုပ်၏ ချစ်လှစွာသောဇနီး နေဒီယာနှင့် ကျွန်ုပ်၏ချစ်လှစွာသော မိသားစုအတွက်၊ မင်းတို့စည်းစည်းရုံးရုံးနေကြ စေချင်ပါတယ်။ ငါ့ကိုခွင့်လွှတ်ဖို့တောင်းပန်ပါတယ် နေဒီယာ၊ မင်းနဲ့သားသမီးတွေကို စောင့်ရှောက်ပါ၊ သူတို့လေးတွေကို မှန်မှန်ကန်ကန်လူလားမြောက်အောင် ပြုစုပျိုးထောင်ပါ၊ မင်းနဲ့ကလေးတွေအတွက် ဘာအကြောင်းကြောင့်မှ ချို့ယွင်းချက်မဖြစ်ပါစေနဲ့ ငါ့မိသားစုနဲ့ သင့်တင့်ကောင်းမွန်စွာနေပါ။ နောက်ပြီးမင်းအနေနဲ့ အိမ်ထောင်သစ်ပြုဖို့ ငါတိုက်တွန်းပါတယ်။ ဒါမှသာကလေးတွေဟာ ဖခင်မဲ့ဘဝနဲ့ ကြီးပြင်းမှာ မဟုတ်ပါဘူး၊ မင်းအဲလိုမျိုးအိမ်ထောင်ပြုဖို့အတွက် အပြည့်အဝလွတ်လပ်

ခွင့်ပြုခဲ့ပါတယ်။ ငါ့အတွက် ငိုကြွေးခြင်းနဲ့ အချိန်မဖြုန်းဖို့ မင်းကိုငါတောင်းပန်ပါတယ်၊ နောင်ရေးကိုသာ အစဉ်သဖြင့်စဉ်းစားပါ။ မင်းအတွက် ငါ့ရဲ့နောက်ဆုံးအနမ်းတွေ ပို့လိုက်ပါတယ်၊ သမီးကြီးဆိုဖီ၊ သမီးလေးအိုင်းရစ်နဲ့ သားငယ်ရှောလ်အပါအဝင် မိသားစုအားလုံးအတွက် နှုတ်ဆက်ခဲ့ပါတယ်'

အမှတ်တရဖြစ်တဲ့ ငါ့အဖေနဲ့ ငါ့ရဲ့ဝိညာဉ်အတွက် ဆုတောင်းပေးဖို့ မမေ့ပါနဲ့။

မင်းတို့အားလုံးအတွက် ငါ့ရဲ့နောက်ဆုံးအနမ်းတွေ ပေးဝေခဲ့ပါတယ်။

အယ်လ်ကိုဟန်(၁၈. ၅. ၁၉၆၅)

အယ်လ်မာဂျာ ရင်ပြင်၏ အလယ်တွင် လင်းထိန်နေသည်။

မီးလုံးကြီးများ ထွန်းထားသောကြောင့်ဖြစ်သည်။

ထောင်ပေါင်းများစွာသော အမျိုးသားများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များတို့သည် ကြိုးဒဏ်စီရင်ခြင်းကို မျက်မြင်ကိုယ်တွေ့ကြည့်ရှုရန် စုရုံးရောက်ရှိနေကြသည်။

ဒမတ်စကပ်ရေဒီယိုမှ ကြေငြာချက်ကို ကြားရပြီးနောက် လွန်ခဲ့သောနာရီအနည်းငယ်ကတည်းက မြို့တော်တစ်ခုလုံးမှ လူများရောက်လာကြခြင်းဖြစ်သည်။ မြို့တော်ဟောင်းမှ ဆင်းရဲသားများ၊ သပ်ယပ်စွာ ဝတ်ဆင်ထားသော ခေတ်မီရပ်ကွက်မှ လူဂုဏ်တန်များ စသည်ဖြင့် စုံလင်စွာတွေ့ရသည်။

အမျိုးသမီးအချို့တို့သည် လက်ဝတ်လက်စားများ ဝတ်ဆင်၍သားမွေးအကျီများပင် ဝတ်ဆင်လာကြသည်။ မကြာသေးမီက လှုပ်ရှားသွားလာနေကြသော ခြေသံများ တီးတိုးပြောသံများသည် ယခုအခါတွင် လုံးဝတိတ်ဆိတ်နေကြလေပြီ။

သံဆူးကြိုးများ၏ နောက်ဘက်တွင် ရာပေါင်းများစွာသောရဲများနှင့် စစ်သားများရှိနေကြသည်။ သူတို့က သတိဝီရိယထား၍ လူအုပ်ကြီးကို စောင့်ကြည့်နေကြသည်။ လူအုပ်ကြီးတစ်ခုလုံး ရှေ့ဆက်မတိုးနိုင်အောင် တားဆီးထားသော သဘောမျိုးဖြစ်သည်။

~ ပြီးတော့ ~

လုံခြုံရေးအရာရှိများနှင့် အရပ်ဝတ် ဝတ်ဆင်ထားသည့် ရဲစုံထောက်များက ထိုဧရိယာတစ်ခုလုံးကို ဝိုင်းရံထားသည်။ မည်သည့်နေရာတွင် မဆို စစ်သားအစောင့်များကို နေရာချထားသည်။ အိမ်ခေါင်မိုးများပေါ်တွင် ရှိသည်။ ဟိုတယ်ဝင်ပေါက်များတွင်လည်း နေရာယူထားသည်။ ရေဆိုးများစီးဆင်းရာ မြေအောက်ရေမြောင်းများထဲတွင်လည်း ရှိနေကြသည်။ ဆီးရီးယားများသည် အစ္စရေးတို့၏ ကလဲ့စားချေရန် လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်မည်ကို ကြောက်ရွံ့နေကြ သောကြောင့်ဖြစ်သည်။

ကိုဟန်က အရာရှိများ၏ တွဲခေါ်မှုကို လက်မခံ။

သေခြင်းကို မျက်နှာချင်းဆိုင်ရန် ကြိုးစင်ပေါ်သို့ လှေကားထစ်များမှ သူ့ဟာသူတက်သွားသည်။

ဂျာနယ်သမားများနှင့် ရုပ်မြင်သံကြား ရိုက်ကူးသူများကို သီးသန့်နေရာချထားသည်။ သူတို့၏အမြင်ကို ရေးသားဖော်ပြရာတွင် အကျဉ်းသား၏ မျက်နှာသည် မီးရောင်ထဲတွင် ဖြူဖတ်ဖြူလျော်ကြီး ဖြစ်နေသော်လည်း ပကတိ တည်ငြိမ်နေသည် ဟူ၍ဖြစ်သည်။

အက်ဘူ ဆလင်အမည်ရှိ ဒမတ်စကပ်မြို့၏ လက်မရွံ့အာဏာပါးကွက်သားကြီးသည် ကြီးမားတုတ်ခိုင်သော ကိုယ်လုံးကိုယ်ထည်နှင့် ဗိုက်ပူကြီးဖြစ်သည်။ နှုတ်ခမ်းမွေးထူထူကြီးက အောက်သို့ကုတ်ကျနေသည်။ သူက အဖြူရောင်ပိတ်အကြမ်းစား ဝတ်ရုံဖြင့် အကျဉ်းသားကိုဟန်ကို ဝတ်ဆင်ပေးလိုက်သည်။ သို့ရာတွင် ကိုဟန်၏လက်တွင် ချည်နှောင်ထားသော ကြိုးကို မဖြည်ခဲ့ပါချေ။

အာဏာပါးကွက်သားက ကိုဟန်ကိုမျက်နှာနှင့်ခေါင်းစွပ်အဝတ်ကို စွပ်ပေးရန်ပြုလုပ်သောအခါ ကိုဟန်ကငြင်းပယ်သည့်အမူအရာဖြင့် ဦးခေါင်းခါပြလိုက်သည်။ ထိုအချိန်တွင် ကိုဟန်၏အမြင်အာရုံထဲတွင် လွန်ခဲ့သော(၂၁)နှစ်က အင်္ဂလိပ်အရာရှိ ဟောဒ်မွှိုင်းအားလုပ်ကြံမှုဖြင့် ကြိုးဒဏ်စီရင်ခြင်းခံခဲ့ရသော လူငယ်နှစ်ဦးကို ပြန်လည်မြင်ယောင်မိသဖြင့် ထို့နည်းတူ မျက်နှာစွပ်

ရန်လက်မခံခဲ့ခြင်း ဖြစ်သည်။

ကိုဟန်ရပ်နေသော နေရာရှိကြိုးစင်အဖုံးတံခါး ဖွင့်ကျသွားသည်။ သူသေဆုံးချိန်မှာ နံနက်သုံးနာရီ သုံးဆယ်ငါးမိနစ် ဖြစ်သည်။

သေဒဏ်စီရင်သော အမိန့်စာရွက်ကို ကိုဟန်ဝတ်ထားသော ပိတ်ဖြူဝတ်ရုံပေါ်တွင် ပင်အပ်ဖြင့် တွယ်ပေးလိုက်သည်။ နောက်ထပ်ခြောက်နာရီအတွင်း ဆီးရီးယားလူမျိုးထောင်ပေါင်းများစွာတို့သည် တွဲလောင်းကျနေသော ကိုဟန်၏ခန္ဓာကိုယ်ကို ကြည့်ရှုဖြတ်သန်းသွားကြသည်။

ကိုဟန်အားကြိုးဒဏ်စီရင်ခြင်းကို ဒမတ်စကတ်ရုပ်မြင်သံကြားမှ ထပ်တလဲလဲပြသခဲ့သည်။ နော်ကခံတီးလုံးအဖြစ် စစ်ချီတီးလုံးသံ ထည့်သွင်းထားသည်။ နိုင်ငံတစ်ဝှမ်းလုံးတွင် အသံချဲ့စက်မှတစ်ဆင့် ထိုဖြစ်ရပ်ကို လွှင့်ထုတ်ကြေငြာခဲ့သည်။

နောက်ပိုင်းတွင် ဆီးရီးယားအာဏာပိုင်များက ကြိုးကိုဖြတ်သည်။ သက်မဲ့ခန္ဓာကိုယ်ကို တိတ်တဆိတ် သယ်ဆောင်သွားကြသည်။ ဒမတ်စကတ်ရှိ ဂျူးသချိုင်းတွင် လျှို့ဝှက်စွာ မြှုပ်နှံလိုက်ကြသည်။

xxxxxxxxxxx

အစ္စရေးနိုင်ငံရှိ ဘာသာရေးအဆောက်အဦးတိုင်းတွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ဆုတောင်းရွတ်ဆိုကြသည်။ ကိုဟန်၏ဇနီးနေဒီယာ၏ တိုက်ခန်းသို့ ရဟူဒီတရားဟောဆရာကြီးကိုယ်တိုင် သွားရောက်၍ ဆုတောင်းပွဲတစ်ခုပြုလုပ်ပေးသည်။ ဒေးဗစ်ဘင်ဂူရီယန် ဦးဆောင်၍အလေးအနက်ပြုသော အထိမ်းအမှတ်ချီတက်ပွဲတစ်ခုကို တယ်လ်အဗီမြို့တွင် ကျင်းပခဲ့သည်။

မြို့တိုင်းရှိ အချက်အချာကျသော ရပ်ကွက်မှလမ်းများကို မူလအမည်ပြောင်းလဲ၍ အယ်လီကိုဟန်လမ်းဟု မှည့်ခေါ်တပ်ဆင်ကြသည်။ သစ်တော

ဒုပ်များနှင့် ပန်းဥယာဉ်များကိုလည်း ရည်စူး ကိုဟန့်အမည် ပေးကြသည်။

နေဒီယာသည် သူမ၏လင်ယောကျ်ားအား ကြိုးပေးသည့်မြင်ကွင်းကို ရုပ်သံထဲမှ သေသေချာချာမြင်တွေ့လိုက်ရသည်။ ထိုအခါသူမအနေနှင့် မိမိကိုယ်ကိုအဆုံးစီရင်ရန် ကြိုးစားခဲ့သေးသည်။ သို့ရာတွင် ဆေးရုံသို့ပို့၍ သူမ၏အသက်ကို ကယ်တင်နိုင်ခဲ့သည်။

နောက်ပိုင်းတွင် ပြည်ပစာနယ်ဇင်းသတင်းထောက်များက နေဒီယာကို ဖြစ်ပွါးခဲ့သောဖြစ်ရပ်များအတွက် ကျေနပ်မှု ရှိမရှိ မေးမြန်းခဲ့ကြသည်။

'ကျွန်မတို့ အစိုးရဟာ အေးဂျင့်တစ်ယောက်အတွက် ကမ္ဘာမှာ ရှိရှိသမျှအစိုးရတွေအားလုံးထက်ပိုပြီး ဆောင်ရွက်ခဲ့ပါတယ်'

နေဒီယာက တင်းမာပြတ်သားစွာ ဖြေလိုက်သည်။

သူမသည် ကိုဟန်၏ နောက်ဆုံးစာကို ရရှိခဲ့သည်။

ကိုဟန်မှာသည့် အကြောင်းအရာများအနက်(အိမ်ထောင်သစ်ပြုရန်မှတစ်ပါး) ကျန်အချက်အလက်များအားလုံးကို လိုက်နာဆောင်ရွက်ခဲ့သည်။ ထိုစာသည် ယနေ့ထက်တိုင် သူမထံတွင် ရှိနေဆဲပင်။

မောဆက်အေးဂျင့်များသည် သေဆုံးသွားသောသူတို့၏ အပေါင်းအသင်းကိုဟန်အတွက် သီးသန့်ဆုတောင်းပွဲ အခမ်းအနားကလေးတစ်ခု ကျင်းပပြုလုပ်ခဲ့ကြသည်။ မကြာသေးမီကမှ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့တွင် အကြီးအကဲဖြစ်လာသူ မီယာအမစ်က မိန့်ခွန်းအဖြစ် တိုတိုနှင့်လိုရှင်းရှင်း ပြောကြားခဲ့သည်။

'ကျုပ်တို့အလုပ်မှာ ရှိနေကြတဲ့လူတွေဟာ ကိုယ်ပိုင်လူမှုရေး ကန့်သတ်ချက်တွေရှိနေကြတာကို ပြန်လည်သတိရလေ့ရှိပါတယ်။ အယ်လီကိုဟန်ကတော့ အဲလိုမျိုးသဘောထားကို လုံးဝလက်မခံပါဘူး၊ သူဟာအတော်ဆုံး အပြည့်စုံဆုံးကိုသာ ဆောင်ရွက်တတ်ပဲ့ လူစားဖြစ်ပါတယ်၊ သူလုပ်ရမယ့် တာဝန်ကို လုပ်သင့်တာထက် ပိုပြီးစွမ်းဆောင်ချင်သူ ဖြစ်ပါတယ်။ သူဟာ

တခြားဘယ်သူထက်မဆို ရွှေကိုပိုရောက်နေသူပါ။

သူဟာ ကျုပ်တို့အားလုံးထဲမှာ အမြင့်မြတ်ဆုံး တစ်ယောက်ဖြစ်ပါတယ်'

××××××××××××××

ပြီတ်တပေ

## အခန်း (၂၅)

တယ်လ်အဗီမြို့တော်နှင့် မနီးမဝေးတွင် ရွာတစ်ရွာရှိသည်။

ထိုရွာ၏အမည်ကား ကီဖာ ဟဘက်ဖြစ်သည်။

သေးငယ်၍ ချို့တဲ့သောရွာကလေးတွင် နေထိုင်ကြသူ အများစုမှာ ဟက်ဆီဒစ်လူမျိုးများ ဖြစ်ကြသည်။ သူတို့သည် ဘာသာရေးကိုင်းရှိုင်းသူများ ဖြစ်ပြီး လယ်ယာလုပ်ကိုင်၍ အသက်မွေးဝမ်းကြောင်း ပြုလုပ်ကြသည်။

ကီဖာ ဟဘက်ရွာကလေးတွင် ရဟူဒီဘာသာရေး အဆောက်အဦး တစ်ခုရှိသည်။ ထိုအဆောက်အဦးလေးသည် ရွာကလေးနည်းတူ သားသား နားနားမရှိပါချေ။

မျက်နှာကြက်တစ်ပြင်လုံး အပေါက်များဗလပွ ဖြစ်နေသည်။ အဆောက်အဦးတွင်းရှိ ခုံတန်းလျားများကို အချောမကိုင်သော ပျဉ်ကြမ်းများ ဖြင့်သာပြုလုပ်ထားသည်။ စာကလေးများသည် မျက်နှာကြက်ဟောင်းလောင်း

ပေါက်များမှ ပျံသန်းကာ ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက် ဖြင့် သူတို့၏ ဆန္ဒအတိုင်း လွတ်လွတ်လပ်လပ် ဖြစ်နေကြသည်။ မျက်နှာကြက် နှင့်ခေါင်မိုး စပ်ကြားတွင် စာကလေးသိုက်အများအပြား တည်ရှိနေသည်။ ထိုစာသိုက်များ တွင် ဥများ၊ အကောင်ပေါက်စများရှိပြီး စာကလေးများ၏အသံများကို စဉ် ဆက်မပြတ် ကြားနေရသည်။

ထိုအဆောက်အဦးတွင် တံခါးပေါက်တစ်ခုရှိသည်။

တံခါးရွက်တွင် လက်နက်ကိုင်တာဝန်ကျဇယား ကပ်ထားသည်။ ဘာသာရေးကြည်ညိုကိုင်းရှိုင်းသော ရွာသားများသည် သူတို့ရွာကိုသူတို့ ကာကွယ်ရန် အနက်ရောင်ကုတ်အကျီဖါးလျားကြီးများ ဝတ်ဆင်ကာ ပခုံးပေါ် တွင် စက်သေနတ်များကို လွယ်၍ကင်းလှည့်ကြရသည်။ အခြားသူများက လယ်ယာမြေထဲတွင် အလုပ်လုပ်နေကြစဉ် သူတို့က ကျေးရွာ၏လုံခြုံရေးကို တာဝန်ယူ ဆောင်ရွက်နေကြခြင်းဖြစ်သည်။ ထိုလက်နက်ကိုင် ရွာသားများ က လယ်မြေထဲတွင် အလုပ်လုပ်ကြသည့်အခါမျိုးတွင်လည်း ကျန်ရွာသား အချို့က လယ်မြေထဲမှ ထွက်၍အလှည့်ကျ လက်နက်ကိုင်၍ ကျေးရွာကာ ကွယ်ရေးကို ဆောင်ရွက်ကြရသည်။

ရွာကလေး၏ အသွင်သဏ္ဌာန်မှာ အေးချမ်းသာယာနေသည်။

ထိုအေးချမ်းသာယာမှုကို သူတို့ကထိန်းသိမ်းစောင့်ရှောက် နေကြရ သည်။ ထိုရွာကလေးတွင် ဓါးမဦးချ အစဉ်တစ်စိုက် နေထိုင်လာကြသူများ သည် တစ်ယောက်နှင့်တစ်ယောက် ဆွေမျိုးရင်းခြာများသဖွယ် ခင်မင်ရင်းနှီး စွာ ဆက်ဆံပေါင်းသင်း နေထိုင်ကြသည်။

ရွာ၏ ထုံးတမ်းစဉ်လာ ဓလေ့များအတိုင်း အေးအတူပူအမျှ နေထိုင် ခဲ့ကြသည်။ ရွာသူရွာသားအချင်းချင်း အကူအညီလိုအပ်လျှင်လည်း ဆောင် ရွက်ပေးလေ့ရှိသည်။ ထို့ကြောင့် ကီဖာဟာဘက် ရွာကလေးသည် အကြီးအ ကျယ် ဖွံ့ဖြိုးခြင်း မရှိသော်လည်း သူတို့ရွာသူရွာသားများ စိုက်ပျိုးကြသော လယ်ယာမြေထွက် သီးနှံများကို ချိုးချန်၍ သင့်တင့်လျောက်ပတ်စွာ စား

သောက်ကြသည်။ တစ်ခါတစ်ရံ ပိုလျှံသောသီးနှံ လယ်ယာထွက်ကုန်များကို မြို့သို့သွားရောက် ရောင်းချလေ့ရှိသည်။ ထိုရောင်းရငွေဖြင့် အိမ်ထောင်သုံး ပစ္စည်းအချို့ဖြစ်စေ၊ အဝတ်အထည်လေးများဖြစ်စေ၊ ဝယ်ယူ၍ ပြန်ခဲ့ကြ သည်။

– နှစ်ပေါင်းများစွာ ထိုသဘာဝအတိုင်း ငြိမ်းချမ်းစွာ နေထိုင်ခဲ့ကြသည်။

သို့ရာတွင် အပြောင်းအလဲတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

ထိုနေ့သည် ၁၉၇၇ခုနှစ် ဇူလိုင်လ ၂၉ရက်နေ့ ဖြစ်သည်။

ကီဖာဟာဘက်ရွာကလေး၏ ဘုရားဝတ်ပြုရာ အဆောက်အဦးလေး ထဲတွင် သားသားနားနား ဝတ်စားဆင်ယင်ထားသော ဧည့်ပရိသတ်များဖြင့် ပြည့်နေသည်။ ထိုအဆောက်အဦးလေး၏ ဘေးပတ်လည်နေရာအနှံ့အပြား တွင် အရေးပါသော ပုဂ္ဂိုလ်များစီးလေ့ရှိသည့် မော်တော်ကားများ စီရီရပ်ထား သည်ကို တွေ့ရသည်။

'အားမစ်ဇ်ဘာ' အမည်ရှိ ဘာသာရေးပွဲတစ်ခုဖြစ်သည်။

ယေဘုယျအားဖြင့် ထိုအချိန်ကာလသည် ပျော်ရွှင်စရာ ဖြစ်သည်။ အကြီးအကျယ် ပျော်ရွှင်နေခဲ့ကြသည်။ ထုံးတမ်းစဉ်လာအရ ဂျူးလူငယ်တစ် ယောက်သည် လူကြီးတစ်ယောက်အဖြစ်သို့ ရောက်ရှိခြင်း အထိမ်းအမှတ်အ ဖြစ် ကျင်းပသော ဘာသာရေးပွဲ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဤဘားမစ်ဇ်ဘာ အချိန်ကာလသည် အခြားပွဲတော် များနှင့်မတူ၊ တစ်မူထူးခြားနေသည်။ ကီဖာဟာဘက်ရွာကလေးရှိ ဟက်ဆီဒင် ဂျူးများသည် ဂျူးလူငယ်(၁၀၀)ကို နှစ်စဉ်ဖိတ်ခေါ်၍ ဂျူးလူကြီးအဖြစ်သို့ ရောက်ရှိခြင်း အထိမ်းအမှတ်ပွဲကို ကျင်းပလေ့ရှိသည်။ ထိုလူငယ်များသည် အစ္စရေးနိုင်ငံ တစ်ဝှမ်းမှ ရောက်ရှိလာကြခြင်း ဖြစ်သည်။

သို့ရာတွင် ထိုလူငယ်အားလုံး ကြေကွဲဘွယ် ဖြစ်ရပ်များနှင့် တွေ့ကြုံ ခဲ့ကြသူများ ဖြစ်ခဲ့ကြသည်။

တိုက်ပွဲများတွင် ကျဆုံးခဲ့ကြသော ဖခင်တို့၏ သားများဖြစ်နေကြ

သည်။

ထိုအခမ်းအနားပွဲကို ဇူလိုင်လတွင် ကျင်းပသည်။

ဇူလိုင်လ (၂၉)ရက်သည် အလွန်ပူပြင်းသော နေ့ဖြစ်သည်။ နေရောင်ခြည်သည် မိုးကောင်းကင်မှ မြေပြင်သို့မညှာမတာ ကျရောက်နေသည်။ အခမ်းအနားပွဲသို့ တက်ရောက်လာကြသူတိုင်းသည် ခန္ဓာကိုယ်နွမ်းနယ်မှုကိုသာမက စိတ်ညှိုးနွမ်းမှုကိုလည်း ခံစားနေကြရသည်။

အဆောက်အဦးတွင်း၌ လူများက တိတ်ဆိတ်စွာ ထိုင်နေကြသည်။

သို့ရာတွင် သူတို့ဦးခေါင်းပေါ်တွင်ရှိသော စာကလေးများက ခေါက်တုန့်ခေါက်ပြန် လူးလာပျံသန်းနေကြသည်။ ထိုစာကလေးများသည် အောက်တွင်ရှိသော လူများကိုကြောက်ရွံ့ထိန့်လန့်ခြင်းမရှိကြ၊ သူတို့၏နေ့စဉ် သဘာဝအတိုင်း အော်မြည်လှုပ်ရှား ပျံသန်းသွားလာနေကြခြင်း ဖြစ်သည်။

ထိုနေ့တွင် လူငယ်(၈၆) ယောက်ကို လူကြီးအဖြစ်သို့ ဆောင်ရွက်သည့်အခမ်းအနား၌ တိုးရ. . . ကျမ်းစာကို ရှေးထုံးစဉ်လာအရ ရွတ်ဖတ်သည်။ ထိုရွတ်ဖတ်သံကို လူငယ်များက အာရုံစိုက်၍ နားထောင်နေကြသည်။

ထိုလူငယ်အများစုသည် သူတို့ဖခင်များကို မမြင်ဘူးကြပါချေ။

အချို့က အဖေဆုံးချိန်တွင် တစ်ခါလည်းပင် မပြည့်သေးသောကြောင့် အဖေ၏မျက်နှာကိုပင် မမှတ်မိကြပါချေ။

'တိုးရ' ကျမ်းစာ ရွတ်ဖတ်မှု ပြီးဆုံးသွားသည်။

ထိုအခိုက်အတန့်တွင် လူငယ်တစ်ယောက် ရှေတိုးလာသည်။

စင်စစ်အားဖြင့် သူ့မွေးနေ့သို့ရောက်ရန် ၂လလိုသေးသည်။ ရှေလာမည့်စက်တင်ဘာလ ကျမှသာ မွေးနေ့သို့ ရောက်မည်ဖြစ်သည်။ သို့ရာတွင် လူကြီးအဖြစ် သတ်မှတ်ပွဲ ကျင်းပချိန်တွင် သူ့ကိုထည့်သွင်း ပေါင်းစပ်ထားသည်။

ထိုလူငယ်အတွက် အထူးအခွင့်အရေးပေးထားခြင်း ဖြစ်သည်။

သူ့ကိုအခြားလူငယ်များထက်ပို၍ အခွင့်အရေးပေးရခြင်းမှာ ထိုပွဲ၏

နိဂုံးတွင် ခလေ့ထုံးစံအရ စကားပြောရန် သူ့ကိုရွေးချယ်ထားသောကြောင့် ဖြစ်သည်။

ထိုလူငယ်သည် ပိန်ပိန်ပါးပါး သွယ်သွယ်လျလျ ဖြစ်သည်။

သူ့ကိုကြည့်ရသည်မှာ သန်စွမ်းပုံမရ၊ အားနည်းနေပုံမျိုး ဖြစ်နေသည်။

သူ့အမေက သူ့ကို'ရှိုင်း' ဟု ချစ်မြတ်နိုးစွာ ခေါ်လေ့ရှိသည်။ ရှိုင်း၏ အဓိပ္ပါယ်မှာ ဟီဘရူးဘာသာအရ 'လက်ဆောင်' ဟူ၍ဖြစ်သည်။

သူ့အမေ၏ အသက်နှင့်အမျှ ချစ်ခဲ့ရသော သေဆုံးသူလင်ယောကျ်ား၏ 'သက်ရှိလက်ဆောင်မွန်' တစ်ခုဖြစ်နေသည်။ ရှိုင်း၏အမေသည် လင်ယောကျ်ားဖြစ်သူနှင့် နောက်ဆုံးတွေ့ခဲ့ရသော ဖြစ်ရပ်ကို လွမ်းမောနာကျင်စွာ အမှတ်ရနေဆဲ ဖြစ်သည်။ ထိုအချိန်တွင် သားငယ်လေးကို လင်ယောကျ်ားက လက်ကမချတန်း ချီပွေ့နမ်းရှုံ့လေ့ရှိသည်။

သူမ၏လင်ယောကျ်ားသည် တယ်လ်အဗီသို့ နောက်ဆုံးအခေါက်အဖြစ် ၁၉၆၄ခုနှစ် အောက်တိုဘာလ အတွင်း၌ဖြစ်သည်။ ထိုအချိန်ကဆိုလျှင် ရှိုင်း၏အသက်မှာ (၁၄)ရက်သားမျှသာ ရှိသေးသည်။ ရှိုင်းမွေးဖွားခဲ့သည့် အကြောင်းကို သူမ၏လင်ယောကျ်ားဖြစ်သူ ကိုဟန်အားလုံးဝအသိ မပေးနိုင်သေးချေ။ လင်ယောကျ်ားသည် ပြည်ပနိုင်ငံတစ်နိုင်ငံသို့ သွားရောက်အလုပ်လုပ်နေကြောင်းကိုသာ သာမာန်အားဖြင့် သိထားသည်။

နေဒီယာ စပ်စုသောမိန်းမ အမျိုးအစားမဟုတ်။

ထို့ကြောင့်ကိုဟန် အလာကိုသာ စောင့်မျှော်နေမိသည်။

သူမ၏မျှော်လင့်ချက်အတိုင်း ကိုဟန်ပြန်ရောက်လာသည်။

ကိုဟန်သည် အိမ်အပြန်ခရီးတွင် လက်ဆောင်များပါလာလေ့ရှိသည်။ ဇနီးနှင့်သမီးနှစ်ယောက်အတွက်သာ ပါလာသောကြောင့် နေဒီယာက ပြုံးလိုက်မိသည်။ သူမ၏အပြုံးကို ကိုဟန်က သဘောမပေါက်ပါချေ။

'သမီးကြီးဆိုဖီအတွက် ဟောဒီဝက်ဝံရုပ်၊ ဒါကသမီးငယ် အိုင်ရစ်အတွက် မစ်ကီးမောက်စ်ရုပ်ကလေး'

✤ ပြီတ်စာပေ ✤

'ကစားစရာ အရုပ်တစ်ခုလိုသေးတယ် ထင်တယ်'

နေဒီယာက အပြုံးသဲ့သဲ့ဖြင့် ပြောလိုက်သည်။

'ဒီမှာ သမီးနှစ်ယောက်အတွက် တစ်ယောက်တစ်ခုစီလေ'

ကိုဟာန်က နေဒီယာကို အကဲခတ်ရင်း ပြောသည်။

'ရှင် ဒီမှာခဏလေးစောင့်'

နေဒီယာက အိမ်အတွင်းခန်းထဲ ဝင်သွားသည်။ ထိုအခိုက်အတန့်တွင်သမီးကြီးဆိုဖီနှင့် သမီးငယ်အိုင်ရစ်တို့ကို ကိုဟာန်၏မိခင်ကြီးက ခေါ်လာသည်။ မြေးအဖွားသုံးယောက်တို့ အပြင်မှပြန်လာခြင်း ဖြစ်သည်။

'သား ဘယ်တုန်းက ပြန်ရောက်တာလဲ ကိုဟာန်'

မိခင်ဖြစ်သူက မေးသည်။

'အခုပဲ ရောက်ပါတယ် အမေ'

ကိုဟာန်က လက်ဆောင်ပါလာသော အရုပ်ကလေးနှစ်ခုကို သမီးနှစ်ယောက်၏ လက်ထဲသို့ ထည့်ပေးလိုက်သည်။ ကလေးနှစ်ယောက်က ကစားစရာအသစ်ရ၍ ပျော်ရွှင်စွာဆော့ကစားနေသည်။ ကိုဟာန်က ပီတိဖြင့်ကြည့်နေလိုက်သည်။

ထိုအချိန်တွင် အိမ်ထဲမှ နေဒီယာပြန်ထွက်လာသည်။

သူမ၏လက်ထဲတွင် ကလေးငယ်တစ်ယောက် ပါသည်။

နီတာရဲ ကလေးလေးကို ဖလန်နယ်အဝတ်ဖြင့် ထွေးပွေ့ထားသည်။

'အဲဒီကလေးက. . . .'

ကိုဟာန်က သူ့အနားသို့ ရောက်လာသော ကလေးကိုလက်ညှိုးထိုး၍ မယုံရဲ ယုံရဲဖြင့် နေဒီယာကို ကြည့်လိုက်သည်။ ထိုအကြည့်မှာ မေးခွန်းထုတ်သောအကြည့်မျိုး. . .

နေဒီယာက အားရပါးရ ပြုံးနေသည်။

'ဟုတ်ပါတယ်၊ ရှင့်ရဲ့ကလေး၊ ဒီတစ်ခါတော့ သားယောကျ်ားလေး ရှင့်'

~ ပြီတ်စာပေ ~

နေဒီယာက ဂုဏ်တက်စွာ ပြောလိုက်သည်။

ကိုဟန်၏ရင်ထဲတွင် အတိုင်းမသိဖြစ်ပေါ်လာသော ပီတိအရှိန်သည် သူ့တစ်ကိုယ်လုံးရှိ သွေးကြောများအားလုံးထဲသို့ စိမ့်ဝင်ပြန့်နှံ့ သွားခဲ့သည်။

'သားယောက်ျားလေး ဟုတ်လား ပေးစမ်းပါဦး'

ကိုဟန်က နေဒီယာ၏ လက်ထဲမှ ကလေးကိုလှမ်းယူသည်။ ထို့နောက် သားလေး၏မျက်နှာတစ်ပြင်လုံးကို အထပ်ထပ်အခါခါ နမ်းသည်။ ထိုအချိန်တွင် အဖေဖြစ်သူသည် သားဇောဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လျော့သွားသည်။ သူ၏ဇနီး သူ၏အမေနှင့် သမီးနှစ်ယောက်ကို လုံးဝသတိမမူ မိတော့။

ကလေးက ခြေကလန် လက်ကလန် လှုပ်ရှားနေသည်။

'သားလေး၊ အဖေ့သားလေး၊ အဖေမျှော်လင့်ခဲ့ရတဲ့သားလေး၊ အခုမှပဲ အဖေ့ဆန္ဒပြည့်ဝရတော့တယ်' ဟူ၍ ထပ်ကာတလဲလဲ ပြောသည်။

သူ၏အသံက ကတုန်ကယင် ဖြစ်နေသည်။

ကိုဟန်သည် စားချိန်နှင့် အိပ်ချိန်မှလွဲလျှင် တစ်ချိန်လုံး သားလေးကို လက်ကမချတမ်း ချီပွေ့ထားလေ့ရှိသည်။ ထို့ကြောင့် နေဒီယာက အကျိုးသင့် အကြောင်းသင့် ရှင်းပြရသေးသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ သားလေး ရှိုင်း လူမှန်းသိလာသော အချိန်တွင် သူ့အဖေအကြောင်းကို အမေက ပြောပြခဲ့သည်။

'မင်း အဖေက မင်းကိုအရမ်း အစွဲအလန်းကြီးတာပဲ သားရဲ့။ မနက်မိုးလင်းလို့ အိပ်ရာက နိုးပြီး မျက်စိနှစ်လုံးပွင့်လိုက်တာနဲ့ ပထမဆုံး မေးလိုက်တဲ့ စကားက 'သားလေးရော၊ သားလေး အိပ်တုန်းလား၊ မထသေးဘူးလား'တဲ့

ဒါကြောင့် အမေက မင်းအဖေကို 'ဒီလောက်အဖြစ်သည်းနေရင် တစ်ချိန်လုံး ချီပွေ့ထားတဲ့အတွက် ကလေးဖွံ့ဖြိုးကြီးထွားမှုကို ထိခိုက်စေနိုင်တယ်။သူ့ဟာသူ ပုခက်ထဲမှာ လွတ်လွတ်လပ်လပ် ကျယ်ကျယ်ပြန့်ပြန့်နဲ့ ကိုယ်လက်လှုပ်ရှား လေ့ကျင့်သလိုမျိုး ခြေဆန့်လက်ဆန့်နေမှသာ သဘာဝအတိုင်း

ဖွံ့ဖြိုးမှာ' လို့ပြောရသေးတယ်။

ဖခင်မရှိခိုက်အချိန်တွင် မိခင်ဖြစ်သူက သားကိုမှတ်မှတ်ရရ ပြောပြလေ့ရှိသည်။

'အဲဒီလို ပြောလိုက်တာနဲ့ အမေ့ကိုမကျေမနပ်နဲ့ ကြည့်တယ်။ နောက်ပြီးသားလေးကို ချစ်ရတာကိုတောင်မှ စည်းကမ်းတွေနဲ့ ဘောင်ခတ်တယ်လို့ အမေ့ကို အပြစ်တင်သေးတယ် သားရဲ့'

ရှိုင်းသည် အသက်ငယ်သော်လည်း အမေ၏ပြောပြချက်ဖြင့် သူ့အပေါ်တွင် သူ့အဖေကမည်မျှ ချစ်မြတ်နိုးကြောင်း နားလည်နေသည်။ အမေက အိမ်ထောင်ထိန်းသိမ်းမှုကိစ္စများပြီးဆုံးလျှင် သားလေးရှိုင်းနှင့်အတူ စကားစမြည် ပြောလေ့ရှိသည်။

အမေပြောသော စကားဆယ်ခွန်းတွင် ကိုးခွန်းက အဖေ့အကြောင်းများသာဖြစ်သည်။ ထိုအချိန်တွင် ရှိုင်း၏အစ်မနှစ်ယောက်က ဖွားအေကြီးနှင့်အတူ အပြင်သို့ပါသွားသည်။ အဖေ၏အမေသည် တစ်ခါတစ်ရံ မြေးမလေးနှစ်ယောက်ကို အိမ်သို့ခေါ်သွားတတ်သည်။

ရှိုင်းက ငယ်သေးသဖြင့် သူ့အမေနှင့်သာ အနေများသည်။

'မင်းအမေက သားကိုအရေးပေးလွန်းတော့ အမေကဝင်ပြောရတယ် သမီးလေးအိုင်းရစ်က ငယ်သေးလို့နားမလည်ပေမယ့်၊ သမီးကြီးဆိုဖီက ကလေးပေမယ့်စဉ်းစားတတ်နေပြီ၊ အဖေဟာသမီးကို ချစ်မှချစ်ရဲ့လားဆိုတဲ့ အတွေးမျိုးတွေ ဝင်လာနိုင်တယ်။ ဒါဆိုရင် သမီးလေးရဲ့ နုနယ်တဲ့နှလုံးသားလေးကို ထိခိုက်နာကျင်စေလိမ့်မယ်. . . . လို့ပြောတော့မှ သဘောပေါက်သွားတယ်'

သူ့အမေက အဖေ့အကြောင်းနှင့် ပတ်သက်၍ပြောသည့်အကြိမ်ပေါင်းက မရေတွက်နိုင်ပါချေ။ သို့ရာတွင် သူသည်မည့်သည့်အခါမှ ရိုးအီသွားလေ့မရှိခဲ့ပါချေ။

အမေက ငေးငေးငိုင်ငိုင်ဖြင့် တွေဝေနေလျှင် ရှိုင်းက အမေ့အနီးသို့

တိုးကပ်သွားသည်။ အမေ့မေးစေ့ကို ကိုင်လှုပ်လေ့ရှိသည်။ ထိုအခါကျမှ သူမ ဘေးတွင်ရှိုင်းရောက်နေသည်ကို သတိထားမိသည်။

'သား ရောက်နေတာတောင် မသိလိုက်ဘူး'

နေဒီယာက မျက်ဝန်းထဲမှ မျက်ရည်စများကို သားမမြင်စေရန် ကပြာကယာသုတ်သည်။ သို့ရာတွင် သားကမြင်သွားပြီးဖြစ်သည်။

'မေမေ ဘာတွေစဉ်းစား နေတာလဲဟင်'

'ဘာရယ်လို့ မဟုတ်ပါဘူး သားရယ်'

နေဒီယာက မရေမရာဖြေသည်။ သို့ရာတွင် အမေစဉ်းစားနေသည်မှာ အဖေ့အကြောင်းကလွဲလို့ အခြားအကြောင်းအရာ မဖြစ်နိုင်ကြောင်း ရှိုင်းကသိနေသည်။

××××××××××××××

'ဘားမစ်ဇ်ဗာ' ဘာသာရေးပွဲတော်တွင် ခါတိုင်းနှင့်မတူပဲ အပြောင်းအလဲတစ်ခု ဖြစ်နေသည်။ 'ရှိုင်း'အမည်ရှိလူငယ်ကြောင့်ဖြစ်သည်။ ရှိုင်းဆိုသော အမည်မှာ မိသားစုနှင့် အခြားရင်းနှီးသူများက ခေါ်လေ့ရှိသော အမည်တစ်ခုမျှသာ ဖြစ်သည်။

စင်စစ်အားဖြင့် သူ၏အမည်က ရှောလ် ကိုဟန်။

သူ၏ဖခင်မှာ မော်ဆက်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ကြီး၏ ထိပ်သီးအေးဂျင့်တစ်ဦးဖြစ်သည်။ ရှောလ်ကိုဟန်အား လူငယ်ဘဝမှ လူကြီးအဖြစ်သို့ အသိအမှတ်ပြုပွဲတွင် ပါဝင်မည့်သတင်းကိုရရှိခဲ့ကြသော မော်ဆက်အေးဂျင့်အများအပြားသည် ဤနေရာသို့ ရောက်ရှိလာကြခြင်းဖြစ်သည်။

ထို့ကြောင့်ဤပွဲတွင် ခါတိုင်းထက်ပို၍ အမျိုးသားဦးရေများပြားနေသည်။

မော့ဆက်အေးဂျင့်များကို ရှောလ်ကိုဟန်၏ မိသားစုက မသိကြပ

ချေ။

ထို့နည်းတူ ကိုဟန်၏မိသားစုအကြောင်းကို ကြားသိနေရသော မော့ဆက်အေးဂျင့်များကလည်း ရှောလ်ကိုဟန်၏မိသားစုများကို ရင်းရင်းနှီးနှီး မြင်ဖူးသိကျွမ်းခြင်း မရှိခဲ့ပါချေ။ မည်သို့ပင်ဖြစ်စေ ဆီးရီးယားနိုင်ငံ ဒမတ်စကပ်မြို့တော်တွင် အယ်လီကိုဟန် ထိပ်သီးအေးဂျင့်အဖြစ်နှင့် တာဝန်ယူဆောင်ရွက်ခြင်းမပြုမီကတည်းက ခင်မင်ခဲ့ကြဖူးသူများ၊ ဌာနတစ်ခုတည်းတွင်ပူးတွဲတာဝန်ယူဆောင်ရွက်ခဲ့သူများလည်း ဤပွဲသို့ ရောက်ရှိနေကြသည်၊ အချို့ဆိုလျှင်မော့ဆက်အဖွဲ့အစည်းအောက်တွင် အေးဂျင့်အဖြစ် ရောက်ရှိနေသော်လည်း အယ်လီကိုဟန်ကို မတွေ့ဖူးကြချေ။သို့ရာတွင် အယ်လီကိုဟန်၏ တစ်ကိုယ်တော်အေးဂျင့်အဖြစ် သက်စွန့်ဆံဖျား လှုပ်ရှားမှုများနှင့် အရေးပါသော သတင်းများပေးပို့နေခြင်းကို ကြားဖူးနေကြသည်။ ထို့ကြောင့် ကိုဟန်ကို မော့ဆက်လျှို့ဝှက်ထောက်လှမ်းရေးအေးဂျင့်တိုင်းက မမြင်ဖူးသော်လည်း ကြားဖူးခြင်းဖြင့် သိကျွမ်းသူတစ်ယောက်ပမာ ဖြစ်နေကြသည်။

နောက်ဆုံးအနေနှင့် အယ်လီကိုဟန်က 'သူအဖမ်းခံလိုက်ရ ဖြစ်ကြောင်း'အသံလွှင့်ပြောကြားချိန်တွင် မော့ဆက်ဌာနချုပ်ရှိနေကြသော အခြားအဖွဲ့ဝင်များသည်လည်း ဤပွဲသို့တက်ရောက်လာကြသည်။ သူတို့အားလုံးသည် အယ်လီကိုဟန်ကို ကြိုးဒဏ်စီရင်ခဲ့ချိန်တွင် ကိုဟန်၏မိသားစုနှင့် ထပ်တူထပ်မျှ စိတ်ထိခိုက်ခဲ့ကြသူများ ဖြစ်သည်။

ထို့ကြောင့် ကိုဟန်၏မျိုးဆက်သစ်တစ်ဦးဖြစ်သူ၊ ရှောလ်ကိုဟန်အား လူငယ်ဘဝမှ လူကြီးအဖြစ်သို့ ပြောင်းလဲအသိအမှတ်ပြုသော 'ဘားမစ်ဇ်ဗား' ပွဲသို့မပြစ်မနေ တက်ရောက်ခဲ့ကြသည်။

ရှောလ်ကိုဟန်သည် အညိုရောင်မျက်လုံးတစ်စုံနှင့် ဖြစ်သည်။

သူ. . ပရိသတ်ရှေ့သို့ ထွက်လာစဉ် မရွံ့မရဲ ဖြစ်နေပုံရသည်။

~ ပြီးပါပြီ ~

ရှောလ်၏ လက်ထဲတွင် စာရွက်ကလေးတစ်ရွက် ကိုင်ထားသည်။ ထိုစာရွက်တွင်ပါရှိသော စာကိုသူကိုယ်တိုင် ရေးသားထားခြင်းဖြစ်သည်။ လူငယ်ကလေးတစ်ယောက် အသံလေး ကတုန်ကယင်နှင့် ပြောနေသည်ကို လူကြီးပရိသတ်က အာရုံစိုက်၍ နားထောင်နေကြသည်။

'ကျွန်တော်. . . တခြားကလေးတွေ အားလုံးလိုပဲ ဖြစ်ချင်ပါတယ်၊ ကျွန်တော့်အဖေကိုလည်း သာမာန်လူတစ်ယောက်ပဲ ဖြစ်စေချင်ပါတယ်။ အာဇာနည်တစ်ယောက် မဖြစ်စေချင်ပါဘူး၊ ကျွန်တော်အဖေဟာ သာမာန်လူတစ်ယောက် ဖြစ်ခဲ့ရင် အခုအချိန်အထိ အသက်ရှင်နေဦးမှာပါ၊ ဒါဆိုရင် တခြားအဖေတွေလိုပဲ ကျွန်တော်တို့နဲ့ အတူတူနေကြရမှာပါ။

အဖေ့အကြောင်းရေးထားကာ မှန်သမျှ ကျွန်တော်ဖတ်ခဲ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် အဖေဘာတွေလုပ်ခဲ့တယ် ဆိုတာတွေကိုလည်း ဖတ်ရပါတယ်။ အဖေ့အကြောင်းနဲ့ ပတ်သက်တဲ့ စာအုပ်တွေ၊ ဆောင်းပါးတွေ၊ ဓါတ်ပုံတွေအားလုံး ကျွန်တော်စုဆောင်း သိမ်းဆည်းထားပါတယ်။ ဒါပေမယ့် အခုအချိန်မတိုင်ခင်က ဆိုရင်အဖေ့အကြောင်း ပြောဖို့နှုတ်လေးနေမိပါတယ်။ အဖေ့နာမည်ကို ထည့်ပြောခဲ့ရင် အမေဟာအခုထက်ထိ စိတ်ထိခိုက်နေတုန်းပဲဖြစ်ပါတယ်'

သူက ပြောရင်းနှင့် အရှိန်ရလာသည်။

သူ့အသံက တုန်ယင်ခြင်းအလျင်းမရှိတော့။

အညိုရောင်မျက်လုံးအစုံက ပရိသတ်ကို ရဲရဲတင်းတင်းကြည့်၍ ဆက်လက်ပြောဆိုလိုက်သည်။

'အခုအချိန်ကစပြီး သားအဓိဋ္ဌာန်ပြုပါတော့မယ်။ သားကတိပေးပါတယ် အဖေ၊ သားရဲ့ဘဝတစ်လျောက်လုံး အဖေ့ဆန္ဒ မချွတ်ယွင်းစေရပါဘူး။ အစ္စရေးနိုင်ငံနဲ့ အမျိုးသားရေးအတွက် သားရဲ့အင်အားရှိသမျှ၊ ခိုင်မြဲတဲ့သစ္စာနဲ့ သားရဲ့တာဝန်ကို ဆက်လက်ထမ်းဆောင်မှာပါ'

အဆောက်အဦးတစ်ခုလုံး တိတ်ဆိတ်သွားသည်။

မြိတ်စာပေ

လှုပ်ရှားမှုလုံးဝမရှိပဲ ငြိမ်သက်နေကြသည်။
ပရိသတ်အားလုံး စိတ်ထိခိုက် ဆို့နင့်နေကြသည်။
ရှောလ်က ဆက်လက်၍. . . ။
'ချီးကျူးလေးစားခဲ့ကြတဲ့ အာဇာနည်တစ်ယောက်ရဲ့ သစ္စာရှိတဲ့ သားတစ်ယောက် ဖြစ်စေ့ရပါစေ့မယ်၊ အဖေ့လိုဖြစ်အောင် သားကြိုးစားပါ့မယ်၊ ဒါဟာသားရဲ့ကတိ ဖြစ်ပါတယ်'

xxxxxxxxxxxxxx

ပရိသတ်ထဲတွင် ဂုဏ်အရှိဆုံးဖြစ်သော ဝန်ကြီးချုပ် မီနာချမ် ဘီဂျင်သည် ရှောလ်၏စကားပြီးဆုံးသည်နှင့် တပြိုင်နက် အသံထွက်၍ ငိုကြွေးခဲ့သည်။ ထို့နောက်သူသည် ကိုယ်ကိုကိုင်းညွတ်၍ ရှောလ်၏ပါးနှစ်ဘက်ကို နမ်းသည်။ ရှောလ်က အခြားထင်ရှားကျော်ကြားသူများ ဖြစ်ကြသည့် အစ္စရေး စစ်ဦးစီးချုပ် မော့တာဂွာနှင့် ကာကွယ်ရေးဝန်ကြီး အီဇာ ဝစ်ဇမင်းတို့ကို လက်ဆွဲနှုတ်ဆက်လိုက်သည်။

ဝန်ကြီးချုပ် ဘီဂျင်က ရှောလ်ကိုသူ၏ ကိုယ်ရေးအထုပ္ပတ္တိဖြစ်သော The revolt အမည်ရှိစာအုပ်တစ်အုပ် လက်ဆောင်ပေးခဲ့သည်။ ထိုစာအုပ်ကို ဂုဏ်ယူစွာဖြင့် သူ့အမေအားပြသခဲ့သည်။

သို့ဖြင့် အခမ်းအနားပွဲ ပြီးဆုံးသွားသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်ပရိသတ်များသည် အဆောက်အဦး၏ အပြင်ဘက်သို့ထွက်ခဲ့ကြသည်။ ကြည်ညိုကြသော ဟက်ဆီဒင်မ် လူကြီးများသည် ဧည့်ပရိသတ်အတွက် စားပွဲများပြင်ဆင်၍ ဧည့်ခံကျွေးမွေးကြသည်။ ထိုသို့စားသောက်ပွဲရှိရာသို့ လျှောက်သွားကြစဉ် အစ္စရေးအကြီးအကဲတစ်ဦးက ရှောလ်ကို 'မင်း ဘယ်လိုအားကစားမျိုး

ဝါသနာပါသလဲ၊ မင်းအဖေ ကိုဟန်ကတော့ ဘောလုံးပွဲကြည့်ဖို့ ဝါသနာပါတယ်ကွ' ဟုမေးလိုက်သည်။

'ကျွန်တော်က ဘတ်စကက်ဘော ကစားရတာကို ပိုပြီးသဘောကျပါတယ်'

ကိုဟန်က သိမ်မွေ့စွာပြုံး၍ ပြောလိုက်သည်။

အဆောက်အဦး ပြင်ပရှိ စားသောက်ပွဲတွင် ဧည့်သည်များက ကော့ညက်နှင့်ဗော်ဒကာ ယမကာများကို သောက်ကြသည်။ သီဆိုကခုန်သူများနှင့် အတူဝင်ရောက်သီဆို ကခုန်ကြသည်။ မူလဝမ်းနည်းခြင်းနေ့ရက်ကို ဖြတ်သန်း၍ အနာဂတ်အတွက် မျှော်လင့်ချက်အသစ် တစ်ရပ်ထွက်ပေါ်လာတော့မည်။ သူတို့သည် သားနားခြင်းမရှိသော အဆောက်အဦး ဝန်းကျင်ရှိ ကွင်းပြင်ထဲတွင် ကခုန်ကြရင်း ဂျူးပွဲတော်၏ ကျော်ကြားသော စကားလုံးများဖြင့် ရေးဖွဲ့ထားသော သီချင်းကို စုပေါင်းသီဆိုကြလေသည်။

xxxxxxxxxxxxxxxxxx

မြီတ်စာပေ

## ဤစာအုပ်ကို ရေးသားပြုစုကြသူများ

လျှို့ဝှက်စွာ လှုပ်ရှားဆောင်ရွက်ခဲ့ရသော မော့ဆက်ထောက်လှမ်းရေး အဖွဲ့အစည်း၏ဖြစ်ရပ်မှန် အကြောင်းအရာတစ်ခုဖြစ်သည်။ ထိုဖြစ်ရပ်ကို ဆယ်စုနှစ်(၃)ခုနီးပါး လျှို့ဝှက်ထားခဲ့ပြီးမှ ဖေါ်ထုတ်ရေးသားပြုစုခဲ့ရသော စာအုပ်ဖြစ်သည်။

မော့ဆက်ထောက်လှမ်းရေးသည် အစဉ်သဖြင့် လျှို့ဝှက်စွာ လှုပ်ရှားဆောင်ရွက်ခဲ့ရသည်။ ထိုဖြစ်ရပ်ကို ဘက်မြက်သော စာပေပညာရှင် ယူရီဒန်နှင့် အယ်လီလန်ဒေါတို့က ရေးသားပြုစုခဲ့ကြသည်။

ယူရီဒန်သည် **NINETY MINUTE AT ENTEBBE** ဖြစ်ရပ်ကိုတွဲဖက်ရေးသားရာမှ အောင်မြင်ထင်ရှားလာသူ ဖြစ်သည်။ သူ့ကိုတယ်လ်အဗီမြို့တွင် မွေးဖွားခဲ့ပြီး တိုက်ခိုက်ရေးသမားအဖြစ်နှင့် စာနယ်ဇင်းသမားအဖြစ်တို့ကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ အစ္စရေးနိုင်ငံ၏ အကြီးကျယ်ဆုံး **MA' ARIV** သတင်းစာတိုက်တွင် လပေါင်းများစွာ အယ်ဒီတာတစ်ယောက်အဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ ယခုအခါတွင် သူသည်ထောက်လှမ်းရေးနှင့် ပတ်သက်သော ဖြစ်ရပ်များကို ရေးသားပြုစုနေသူ ဖြစ်သည်။

အယ်လီ လန်ဒေါသည် အစ္စရေးနိုင်ငံ၏ အမျိုးသားရေးစစ်ပွဲအချို့တွင်လေထီးတပ်သားအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ဖူးသည်။ စစ်မှုထမ်းအဖြစ်မှ အနားယူခဲ့ပြီးနောက Fmaarub သတင်းစာတိုက်ကြီးတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်နေသည်။

သူတို့နှစ်ယောက်နှင့်အတူ။ဒေလီဟာရယ် သတင်းစာ၏ နယ်လှည့်အယ်ဒီတာဖြစ်သော ဒင်းနစ် အိုက်ဆင်ဘာဂ်က ပူးတွဲ၍ **THE EXPLOSIVE INSIDE STORY** ဟု အမည်ပေးထားသောဤစာအုပ်ကို ရေးသားပြုစုခဲ့ကြခြင်း ဖြစ်သည်။

ပြီတ်စာပေ

စာပေကလောင်ရှင်များ...သို့

# လျှို့ဝှက်သည်းဖို... မှခင်းဝတ္ထုများ

နှင့်

# ဂမ္ဘီရဆန်းကြယ်... ဝတ္ထုတိုများ

မြတ်စာပေ

မှ လ စဉ် ထုတ် ဝေ သွား မည် ဖြစ် ပါ သည် ။

ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်မှ စာပေကလောင်ရှင်များ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။

ရွေးချယ်ခံရသော ဝတ္ထုစာမူများအတွက် ထိုက်တန်သော စာမူခများ စာတိုက်မှတစ်ဆင့် ပေးပို့မည်ဖြစ်ပါသည်။ စာမူရှင်များက ဆယ်သွယ်ရန် လိပ်စာအပြည့်အစုံရေးပေးပါ။

**မှတ်ချက်** - အခြားမဂ္ဂဇင်းတိုက်များသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်ပူးတွဲပါရှိရပါမည်။

**ဆက်သွယ်ရန်** - **မြတ်စာပေ**

အမှတ် ၁၉၀၊ ၃၁လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၇၀၄၄၉၀